


7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


# ၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com


TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၃၄) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ၊ ဗုဒ္ဓဟူး ၊ (အောက်တိုဘာ ၃၀ ၊ ၂၀၁၃)



အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၀ ဇူလိုင်လ ၂၇ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ရောက်ရှိခဲ့စဉ်က တွေ့ရစဉ် Prakash SINGH/ AFP

# အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယခုထိ ဩဇာရှိတုန်းလား

**အောင်သူရ၊ အိဖြူလွင်၊ ရန်မျိုးနိုင်**

လွန်ခဲ့သောလပေါင်း ၃၁လက အငြိမ်းစားယူသွားခဲ့သူတစ်ဦး၏မကြာမီကပြောစကားတစ်ခွန်းကြောင့် နိုင်ငံရေးစိတ်ဝင်စားသည့်ပြည်သူများကြား ဂယက်ရိုက်သွားခဲ့သည်။ သာမန်အငြိမ်းစား တစ်ဦးပြောလျှင် ဘာမျှမထူးဆန်းသော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း)ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ပြောစကားကြောင့် ယခုလိုဂယက်ရိုက်ခဲ့ခြင်းဖြစ်သည်။ အချပ်ပို I »

# အလုပ်မရှိသူများ၊ ကျွမ်းကျင်လုပ်သားရှား

**အေးမြတ်သူ**

ကမ္ဘာပေါ်တွင် နောက်ဆုံးပေါ်ထွက်လာသော ဈေးကွက်သစ်ဟု တင်စားခံနေရသည့် မြန်မာ့ဈေးကွက်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက် ပြည်တွင်း၌ကျွမ်းကျင်လုပ်သားရှားပါးမှုမှာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် အခြေခံလုပ်သား လိုအပ်ချက်ဖြည့်ဆည်းရန် လွယ်ကူသော်လည်း ထိပ်ပိုင်းစီမံခန့်ခွဲမှုအရာရှိ ကျွမ်းကျင်ဝန်ထမ်းများကိုမူ လိုအပ်သလောက်ရရှိရန် ခက်ခဲနေသဖြင့်ပြည်ပရောက်မြန်မာများ၊ နိုင်ငံခြားသားများကိုပင် ရှာဖွေနေရပြီဖြစ်ကြောင်း ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်နေသည့် ကုမ္ပဏီများက ပြောသည်။

စာမျက်နှာ ၈ »

# အနုပညာရှင်များ ပရိသတ်ကို အကြွေးမဆပ်ရသေးပါ

**အေးသူစံ၊ ကြူကြူဟန်၊ဖွဲ့ညက်**

ဘယ်နိုင်ငံတွင်မှ မရှိသေးသည့် ကမ္ဘာကိုပင် တင်ပို့နိုင်သည့် စိတ်ဝင်စားဖွယ် ဇာတ်လမ်းပေါင်းများစွာက မြန်မာအနုပညာဖန်တီးသူတို့၏ လက်တစ်ကမ်းတွင် ရှိနေပါသည်။ လွန်ခဲ့သည့်တစ်နှစ်ခွဲက ဆင်ဆာကန့်သတ်ချက် ဖြေလျှော့ပေးပြီးသည့်နောက် သမိုင်းနှင့်ချီသော မြန်မာပြည်တွင်းဖြစ်ရပ်မှန် ဇာတ်လမ်းများစွာက သူတို့ကိုကိုင်တွယ်ဖန်တီးမည့်သူများအား အသင့်စောင့်ကြိုနေသော်လည်း မြန်မာ့ရုပ်ရှင်ကမှု အများကြိုက် ဖန်တီးမှုဝက်ပါထဲမှ ရုန်းမထွက်နိုင်သေးပါ။**အချပ်ပို H »**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဂျပန်ကားနှင့်အနောက်တိုင်းကားတို့၏ အားစမ်းပွဲ

**မိုးညို**

ဆူးလေဆိပ်ကမ်းသို့နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးတစ်စီး တရွေ့ရွေ့ဆိုက်ကပ်လာသည်။ သင်္ဘောဝမ်းထဲတွင်မူမော်ဒယ်မြင့်ကားအစီးပေါင်းများစွာကို အစီအရီတွေ့ရသည်။ **ဆောင်းပါးအပြည့်အစုံ စာ-၃ »**

# နေတိုးဖမ်းမိရေး ဆုငွေထုတ်ရန်မရှိ

**ငြိမ်းချမ်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၈**

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်နေမှုများကို ဟန့်တားရန်အတွက် ရန်ကုန်၊ မန္တလေး၊ တောင်ငူဗုံးပေါက်ကွဲမှုများကို စေခိုင်းပြီး စစ်ကိုင်းမြို့ နှစ်နေရာတွင် ကိုယ်တိုင်ဗုံးထောင်ဖောက်ခွဲခဲ့သူ လွတ်မြောက်နေသော တရားခံနေတိုးအား **အချပ်ပို J »**

**အင်တာဗျူး**



**NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မြန်မာ့နိုင်ငံရေးလမ်းကြောင်းပေါ်တွင် ပထမခြေလှမ်းစတင်နိုင်ရန် တွန်းအားပေးခဲ့သူ တစ်ဦးဖြစ်သူ ဝါရင့်နိုင်ငံရေးသမားဟောင်း ဦးထွေးမြင့်နှင့် တွေ့ဆုံခြင်း**

စာမျက်နှာ ၂၀ »





သင့်မိသားစုနှင့်အတူ ဒီသီတင်းကျွတ်မှာ
အရသာရှိပြီး လန်းဆန်းစေတဲ့
Coca-Cola နဲ့
ဂါရဝပြုရအောင်
Coca-Cola
၇၀၀
ကျပ်
COCA-COLA is a registered trademark of The Coca-Cola Company. ©2013 The COCA-COLA company.

# ဂျပန်ကားနှင့်အနောက်တိုင်းကားများ၏အားစမ်းပွဲ




akamaihd.net

**မိုးညို**

ဆူးလေဆိပ်ကမ်းသို့နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောကြီးတစ်စီး တရွေ့ရွေ့ဆိုက်ကပ်လာသည်။ လှိုင်းလုံးကြီးများကြား သင်္ဘောပေါ်တွင် မော်ဒယ်မြင့်ကားအစီးပေါင်းများစွာကို အစီအရီတွေ့ရသည်။

ဆိပ်ကမ်းနှင့် သင်္ဘောကို ဆက်သွယ်လိုက်သည့် သံမဏိတံတားပေါ်မှ နောက်ဆုံးပေါ်မော်ဒယ်မြင့်အရောင်အသွေးစုံကားတစ်စီးပြီးတစ်စီး သင်္ဘောပေါ်မှ တစ်ဆင့် ဆိပ်ကမ်းကုန်လှောင်ရုံအတွင်းသို့ မောင်းဝင်လာကြသည်။

စစ်အစိုးရလက်ထက်က မြန်မာနိုင်ငံကို နှစ်ပေါင်းများစွာစီးပွားရေးပိတ်ဆို့ထားသည့် အနောက်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှ တိုက်ရိုက်တင်သွင်းလာသော အသစ်စက်စက်ကားများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အစိုးရသစ်တက်ပြီးတစ်နှစ်ကျော်အကြာ ကားတင်သွင်းမှု မူဝါဒများကိုဖြေလျှော့ပေးပြီးနောက် ပြည်ပမှ နာမည်ကြီးကားအရောင်းပြခန်းအများစု ရန်ကုန်တွင်လာရောက်ဖွင့်လှစ်ပြီး ဈေးကွက်နေရာရယူရန် ပြင်ဆင်လာနေကြပြီ ဖြစ်သည်။

အိုင်ဗီအို၊ ဖို့ဒ်၊ မာစီးဒီးဘင့်ဇ်၊ ကေအိုင်အေ၊ ချက်ဗလက်၊ မာဇဒါ၊ မစ်ဆူဘီရှိ၊ ဘီအမ်ဒဗလျူ၊ ဟွန်ဒိုင်း စသောကုမ္ပဏီများက ရန်ကုန်တွင် အရောင်းပြခန်းဖွင့်လှစ်ရန် အစိုးရထံမှခွင့်ပြုချက်ရရှိထားသည်။ အချို့မှာ စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။

ကမ္ဘာကျော်ကားကုမ္ပဏီအများစုမှာ အမေရိကန်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ကိုရီးယားစသောနိုင်ငံအများစုမှဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ မြောက်မြားစွာဖြင့် စတင်လုပ်ဆောင်ရန် ပြင်ဆင်နေကြသည်။ ကုမ္ပဏီများမှာ မြေဈေးကြီးသော ရန်ကုန်မြို့မှ အချက်အချာကျသည့်နေရာများတွင် လက်ဦးမှုရယူပြီး အရောင်းပြခန်းများပင် စတင် ဖွင့်လှစ်နေပြီဖြစ်သည်။

အချို့ကုမ္ပဏီများကမော်တော်ယာဉ်ဆိုင်ရာဝန်ဆောင်မှု ဈေးကွက်ဖြင့်ချဉ်းကပ်လာကြပြီး ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သော နစ်ဆန်းကားကုမ္ပဏီကမူ ပဲခူးတွင် စက်ရုံထောင်ပြီး ကားထုတ်လုပ်ရန် အစိုးရထံမှ ခွင့်ပြုချက်ပင်ရရှိနေပြီဖြစ်သည်။

"ကျွန်တော်တို့ကားတွေက ဂျပန်ကားတွေကိုကောင်းကောင်းယှဉ်နိုင်မှာပါ။ ဈေးကိုလည်း လက်လှမ်းမီတဲ့ အထိရောင်းချပေးမှာပါ"ဟု ဖို့ဒ်ကားကုမ္ပဏီ၏ မြန်မာပြည်ကိုယ်စားလှယ်အဖြစ် ရရှိထားသည့် Diamond Star ကုမ္ပဏီမှ ဦးကိုကိုကြီးကပြောသည်။

ကမ္ဘာကျော်ကားကုမ္ပဏီအများစုမြန်မာနိုင်ငံတွင်လာရောက်ဖွင့်လှစ်နိုင်ရေးအတွက်ပြည်တွင်းမှ ထိပ်သီးအင်အားကြီးကုမ္ပဏီအချို့ကကိုယ်စားလှယ်အဖြစ်လုပ်ကိုင်ကြသည်ကိုတွေ့ရသည်။

ဖို့ဒ်ကားကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ် ပြည်တွင်းမှ ဒိုင်းမွန်းစတားကုမ္ပဏီက ရရှိပြီး၊ မာစီးဒီးဘင့်ဇ်၏ ကိုယ်စားလှယ်အဖြစ် ဂရန်းရှိုင့်ရယ်ဝီစကီ ထုတ်လုပ်သောIBTCကုမ္ပဏီ၊ကိုရီးယားနိုင်ငံမှနာမည်ကြီး ကေအိုင်အေကားကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် SSSကားကုမ္ပဏီ၊ အမေရိကန်ချက်ဗလက်ကားကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် AA Pacific Group၊ ဂျပန်မစ်ဆူဘီရှိကားအရောင်းပြခန်းနှင့် ဂျာမနီဘောက်စ်ဝွန်ကားဆားဗစ်စင်တာ၏ ကိုယ်စားလှယ်အဖြစ် ရိုးမကုမ္ပဏီနှင့် အီတလီနိုင်ငံမှ SCANIA ကားကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်အသီးသီးက ကိုယ်စားလှယ်

စာမျက်နှာ ၁၄ »




U'JAZZ လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီမိန်စုံ၊ ဘောင်းဘီ၊ အနွေးထည်၊ မိုးကာအင်္ကျီ၊ ဦးထုပ်နှင့် အိတ်များကို အမြို့မြို့အနယ်နယ်ရှိ SUPERMARKET များ၊ STORE ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.34 · OCTOBER 30 , 2013

## CRIME မှုခင်းသတင်း CORNER

### ဆိုင်ကယ်ခိုးသူအား ပြည်သူများဝိုင်းဝန်းဖမ်းဆီးပြီး ရဲလက်အပ်

**အောင်သစ်လွင်၊ ဖွဲ့မာန်**

**ဟသ်ာတ၊ အောက်တိုဘာ-၂၆**

လမ်းမပေါ်တင် ဇက်သော့ခတ်ကာရပ်ထားသည့် ဆိုင်ကယ်ကို ခိုးယူသွားသော လူတစ်ဦးအား ရပ်ကွက်မှပြည်သူများ ဖမ်းဆီးထိန်းသိမ်းကာ သက်ဆိုင်ရာရဲစခန်းသို့ အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

ဟသ်ာတမြို့၊ လယ်တီကွင်းရပ်ကွက်၊ အင်းဂ်ပိုလ်လမ်းရှိ မုန့်ဟင်းခါးဆိုင်ရှေ့တွင် ဇက်သော့ခတ်ကာ ရပ်တန့်ထားသော ဆိုင်ကယ်အား အမျိုးသားတစ်ဦးက ခိုးယူသွားခဲ့ခြင်းဖြစ်ပြီး ခိုးယူခံလိုက်ရကြောင်း သိသည်နှင့်တစ်ပြိုင်နက်ရပ်ကွက်သူ ရပ်ကွက်သားများမှ လိုက်လံရှာဖွေဖမ်းဆီးခဲ့ကြကြောင်း ဒေသခံများက ပြောသည်။

"ရပ်ကွက်က ဖမ်းပြီးလာပို့တယ်ဆိုတာ မှန်ပါတယ်။ အဲဒီအမှုကိုစစ်နေတုန်းပါပဲ။ ဒီမြို့မှာ အဲဒီလိုဆိုင်ကယ်ပျောက်တာတွေ ခဏခဏ ဖြစ်နေတဲ့အတွက် အခုခိုးတဲ့သူက အရင်အမှုတွေနဲ့ ဆက်စပ်မှုရှိလားဆိုတာ သေချာစစ်ဆေးနေပါတယ်" ဟု ဟသ်ာတမြို့နယ် အမှတ်(၁)ရဲစခန်းမှ စခန်းမှူးကပြောသည်။

ဆိုင်ကယ်ခိုးယူသူမှာ ဟသ်ာတမြို့၊ ယုန်တလင်းကျေး ရွာနေထိုင်သူဖြစ်ကာ ၎င်းအား စစ်ဆေးနေဆဲဖြစ်ပြီး ယခင်ဖြစ်ပွားခဲ့သော ဆိုင်ကယ်ပျောက်ဆုံး မှုများနှင့် ဆက်စပ်မှုရှိမရှိသေချာပြော၍ မရသေးကြောင်း အဆိုပါ စခန်းမှူးက ပြောသည်။

"အရင်ကလည်း အဲဒီလိုပျောက်တာတွေရှိလို့ ရဲစခန်းသွားတိုင်ပေမယ့် ဖမ်းမိတယ်ဆိုတာရှားတယ်။ အခုတောင် ရပ်ကွက်က လူတွေဝိုင်းဖမ်းလို့ မိတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဟသ်ာတမြို့တွင် နှစ်လအ တွင်း ဆိုင်ကယ်ပျောက်ဆုံးမှုငါးမှုဖြစ်ပွားခဲ့သော်လည်း ယခုတိုင်ဖမ်းဆီးရမိမှု မရှိသေးကြောင်း သတင်းရရှိသည်။

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ပေါ်တွင် ဆိပ်ကမ်းခြောက်ခု တည်ဆောက်ရန် စီစဉ်

**မောင်တာ**

**မန္တလေး၊ အောက်တိုဘာ-၂၆**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် အဓိကအရေးပါသည့် ဧရာဝတီနှင့် ချင်းတွင်းမြစ်နှစ်စင်းပေါ်တွင် ကွန်တိန်နာများကိုင်တွယ်လုပ်ကိုင်နိုင်သည့်ပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်း ခြောက်ခုတည်ဆောက်နိုင်ရန် စီစဉ်နေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။



*ဧရာဝတီမြစ်အတွင်းရှိ ရေယာဉ်များ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လက်ရှိဧရာဝတီနှင့် ချင်းတွင်းမြစ်ပေါ်တွင်ဆိပ်ကမ်း ၄၀၀ ကျော်ရှိပြီး ၎င်းဆိပ်ကမ်းများမှာ ကွန်တိန်နာများကိုင်တွယ်လုပ်ကိုင်နိုင်ခြင်းမရှိပေ။ ပြည်တွင်းကုန်စည်များ အဆင်ပြေလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရန်နှင့် ပြည်တွင်း ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဧရာဝတီနှင့် ချင်းတွင်းမြစ်ပေါ်တွင် ကွန်တိန်နာဆိပ်ကမ်းများ တည်ဆောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးကပြောသည်။

ကွန်တိန်နာဆိပ်ကမ်းများကို ဧရာဝတီမြစ်ပေါ်တွင် လေးခုနှင့် ချင်းတွင်းမြစ်ပေါ်တွင် နှစ်ခု တည်ဆောက်မည်ဖြစ်သည်။ ဧရာဝတီမြစ်ပေါ်တွင် ဗန်းမော်၊ မန္တလေး၊ ပခုက္ကူနှင့်မြင်းခြံမြို့များ၊ ချင်းတွင်းမြစ်ပေါ်တွင် မုံရွာနှင့် ကလေးမြို့များတွင်တည်ဆောက်ရန်စီစဉ်နေသည်။ မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆိပ်ကမ်းအသစ်များ တည်ဆောက်ခြင်းသည် အရေးပါပြီး ရေယာဉ်များကုန်စည်ပိုမိုတင်ဆောင်နိုင်ရန်နှင့် ဆိပ်ကမ်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်ကာ ဆိပ်ကမ်းများ တည်ဆောက်ရန်စီစဉ်ခြင်းဖြစ်ကြောင်း ဦးထွန်းလွင်ဦးကဆိုသည်။

ကွန်တိန်နာဆိပ်ကမ်းများ တည်ဆောက်နိုင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA)တို့ ပူးပေါင်းကာ အကြိုဖြစ်နိုင်ခြေလေ့လာမှုများပြုလုပ်နေသည်။ သို့သော် ဆိပ်ကမ်းများကို ၂၀၁၅ ခုနှစ် နောက်ပိုင်းမှသာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ လတ်တလောတွင် မန္တလေးမြို့၌ ဆိပ်ကမ်း တည်ဆောက်ရန် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် ထိခိုက်မှုရှိ၊ မရှိလေ့လာနေပြီး ဆိပ်ကမ်းတည်ဆောက်မည့် မြေနေရာကို အကြမ်းဖျင်း ရွေးချယ်ပြီးဖြစ်ကြောင်း ဦးထွန်းလွင်ဦးကပြောသည်။

"ဆိပ်ကမ်းဆောက်လုပ်ဖို့အတွက်တော့ကုမ္ပဏီတွေနဲ့ဆက်လက်ညှိနှိုင်းရဦးမှာပါ။ အခု အကြိုဖြစ်နိုင်ခြေလေ့လာမှုကိုတော့ JICA က သူ့စရိတ်နဲ့ သူလာလုပ်ပေးတာပါ" ဟု ဦးထွန်းလွင်ဦးကပြောသည်။

ဆိပ်ကမ်းများတည်ဆောက်မှုကြောင့် မြစ်ကြောင်းပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝများအပေါ် ထိခိုက်မှုရှိမည်မဟုတ်ကြောင်း မန္တလေးမြို့ ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်မည့် ဆိပ်ကမ်းအတွက် EIA၊ SIA စစ်တမ်းကောက်ယူနေသည့် Royal Three Servicesမှ ဦးတင်အောင်မိုးကပြောသည်။ သို့သော် ဆိပ်ကမ်းများကြောင့် မြစ်ရေညစ်ညမ်းမှုရှိမည်ဖြစ်ပြီး ရေဆိုးသန့်စင်စွန့်ထုတ်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောသည်။



Life
7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# အနာဂတ်ကို စိန်ခေါ်နေသည့် ပြဿနာ

နွေရင့်မင်း

မြန်မာနိုင်ငံ၏ နေရာဒေသအများစုရှိစားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များသို့ရောက်လျှင် ပျက်သုဉ်းနေတဲ့ လူ့အရင်းအမြစ်များ၊ အရွယ်မရောက်သေးသူများ၊ စီမံပေးတဲ့ ဝန်ဆောင်မှုအပေါ် မလုံမလဲခံစားမှုများ၊ ဒါမှမဟုတ် မချိတင်ကဲရင်နင့်မှုများ တစ်ခုခုတော့ ခံစားရလိမ့်မည်ဟု ထင်ပါသည်။

သည်ရက်ပိုင်းအတွင်းထိုင်နေကျမဟုတ်သည့် လက်ဖက်ရည်ဆိုင်များဘက်ရောက်မိသည်။ ပထမဆိုင်မှာက(၁၀)နှစ်အရွယ်နှင့်(၁၂)အရွယ်ဝန်းကျင်ဆိုင်အကူလုပ်သားလေးများသာဖြစ်နေသည်။

'ဘာသောက်မလဲ'ဟုအကြမ်းအိုးလာချရင်းမေးသည့် လူငယ်လေးက အတော်ပင် ငယ်သေးသည်။ မူလတန်းပညာကို ဆုံးခန်းတိုင်မသင်ခဲ့ရ။ ကျပ်တည်းလှသည့် စီးပွားရေးပေါ်တွင် ရပ်တည်နေ




သည့် အမေလုပ်သူ အတင်းထည့်လိုက်သည့်အတွက် ဒီမြို့ငယ်လေးသို့မလိုက်ချင်ဘဲ လိုက်လာရသည်ဆိုသည်။ သူ၏ နေရပ်က ရန်ကုန်မြို့၊ ဆင်ခြေဖုံး မြို့နယ်လေး၏အစွန်အဖျားရပ်ကွက်ကဟုဆိုသည်။

သူနှင့်အရွယ်တူ ဝန်ထမ်းလေးများကလည်း စားပွဲဝိုင်းအသီးသီးမှာ မလှမ်းချင်လှမ်းချင် ခြေလှမ်းများဖြင့် ဝန်ဆောင်မှုပေးနေကြသည်။ ကလေးငယ်များ၏ မျက်ဝန်းအားလုံးက ပင်ပန်းနွမ်းနယ်မှုကြောင့် ရီဝေနေသည်။ ကောင်တာစားပွဲထိုင် ဆိုင်ရှင်ဖြစ်ဟန်တူသူလူ၏လက်ထဲက အနီအနက်နှစ်ပင်လိမ် ဝိုင်ယာကြိုးဖြင့်ကောင်တာစားပွဲကို ရိုက်ခတ်သံက နေးကန်နေသည့်ခြေလှမ်းများကိုသွက်လက်သွားစေခဲ့သည်။ အမှိုက်လှည်းနေသည့် ချာတိတ်ဆတ်ခနဲတုန်သွားတာကိုပင် သတိပြုမိလိုက်သည်။

သူတို့ဝိုင်ယာကြိုးရိုက်ခတ်သည့်ဒဏ်ရာ၊ ဒဏ်ချက်များ မည်မျှရင်းနှီးနေသည်ကို သွက်လက်မြန်ဆန်သွားသည့် ခြေလှမ်းများကသက်သေပြနေသည်။ အဖြူအစိမ်းဝတ်စုံ၊ ခေါင်းလောင်းသံများနှင့် ရင်းနှီးရမည့် အနာဂတ်များ အစားဝိုင်ယာကြိုးရိုက်သံအပေါ် ရင်းနှီးနေသည့် အနာဂတ်များက စိန်ခေါ်နေသည်။

နောက်တစ်ဆိုင်မှာ တွေ့သည်က ကလေးဝန်ထမ်းညီအစ်ကိုနှစ်ယောက်ဖြစ်သည်။ ယခင်တွေ့နေကျလူငယ်လေးက (၁၂)နှစ်ခန့်ရှိမည်ထင်သည်။ ကျသင့်ငွေများကိုမတွက်ချက်တတ်သည့်အခါမှ မော့ကြည့်တော့ ယခင်က လူငယ်လေးမဟုတ်မှန်းသိရသည်။ မျက်နှာချင်းဆင်တူသဖြင့် မေးကြည့်မှ ယခင်လူငယ်လေး၏ ညီဖြစ်ကြောင်းသိသည်။ အသက်က (၉)နှစ်၊ မနေ့ကမှ ထပ်ရောက်လာသည်ဟုဆိုသည်။

မျိုးဆက်တစ်ခုက အဆိုးနွံထဲမှ မထွက်နိုင်မီ နောက်မျိုးဆက်ပါ ထပ်ဆင်းနေရသည်။လတ်တလော မိသားစုစားဝတ်နေရေးက အဆိုးအကောင်းခွဲခြားမပေးနိုင်သည့် အနေအထားတစ်ရပ်သို့တွန်းပို့နေသလိုဖြစ်သည်။

**စာမျက်နှာ (၇)သို့**



7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# နိုင်ငံ့ဂုဏ်ရည် ပ/ဒုအဆင့် ချီးမြှင့်ငွေ တိုးမြှင့်ရေး စီးပွားရေး ပိုမိုတိုးတက်လာချိန်တွင် ဆောင်ရွက်ပေးမည်

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ ၂၇**

နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေ တိုးမြှင့်ရေးကို နိုင်ငံစီးပွားရေး ပိုမိုတိုးတက်လာချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပြောကြားသည်။

အဆိုပါ ဖြေကြားလွှာကို အောက်တိုဘာ ၂၈ ရက်တွင်ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးသို့ သဝဏ်လွှာ ပေးပို့ခဲ့ခြင်းဖြစ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လွှတ်တော်သို့ အသိပေး ပြောကြားခဲ့ခြင်းဖြစ်သည်။

အထက်ပါအကြောင်းအရာကို အောက်တိုဘာ ၁၄ ရက်က ကျင်းပသောအမျိုးသားလွှတ်တော်တွင် ကနဦးထည့်သွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း သမ္မတထံတင်ပြပြီး ပြန်လည်ဖြေကြားရန် ဦးခင်အောင်မြင့်က ဆုံးဖြတ်သဖြင့် ဒုတိယအကြိမ်သဝဏ်လွှာပို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

သာမန်ဝန်ထမ်းပင်စင်များ တိုးမြှင့်ပေးနေပြီး အဆိုပါပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေမှာ တစ်လလျှင် ကျပ် ၃၀၀၊ ကျပ် ၆၀၀ သာ ရှိနေသဖြင့် ဦးစားပေး ဆောင်ရွက်သင့်ကြောင်း ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းကပြောကြားသည်။




## ကြက်ပင်စိမ်း

ဒီတစ်ပတ်တော့ ကြက်သားဟင်းကို ပုံမှန်စားနေကျမဟုတ်တဲ့ ပုံစံမျိုးနဲ့ ခပ်စပ်စပ်လေး ချက်ထားပါတယ်။

ကြက်သား ၁၅ ကျပ်သား၊ ပင်စိမ်းနှစ်ပင်၊ သံပရာသီးတစ်ခြမ်း၊ ငရုတ်သီးစိမ်းအနည်းငယ်နဲ့ မဆလာပဲ လိုပါတယ်။

ကြက်သွန်ဖြူ၊ နီ ဆီသတ်ကို ပုံမှန်အတိုင်းပဲ မဆလာနဲ့ ဆီသတ်ပါမယ်။ ပြီးရင် အရသာနယ်ထားတဲ့ ကြက်သားကိုထည့်ပါ။ ပြီးရင် အသားအုပ်ရုံ ရေထည့်ပြီး အုပ်ထားပါ။ ရေခန်းရင် နောက်တစ်ရေထည့်ပါ။ နောက်တစ်ရေထည့်ပြီး နှစ်မိနစ်လောက် ထားပြီးရင် သံပရာသီးနှစ်စိတ်လောက် ညှစ်ထည့်လိုက်ပါ။ ပင်စိမ်းရွက်လေးတွေလည်း ထည့်အုပ်ပါမယ်။ ငရုတ်သီးစိမ်း ထက်ခြမ်းလှီးထားတာ ထည့်ပါ။ ပြီးရင် တစ်မိနစ်လောက်အုပ်ပြီး ဆီပြန်ရင် အနံ့အရသာကောင်းတဲ့ ကြက်ပင်စိမ်းဟင်းလျာ သုံးဆောင်လို့ရပါပြီ။









စာမျက်နှာ (၅)မှ

## အနာဂတ်ကို စိန်ခေါ်နေသည့် ပြဿနာ

လမ်း ပေါ်တွင်ကစားနေသည့် ကလေးများကိုငေးကြည့်နေသည့်ဆိုင်ဝန်ထမ်းကလေးငယ်တွင် လွတ်လပ်ခြင်းကိုငတ်မွတ်သည့်ဒဏ်ရာများကိုအတိုင်းသားမြင်နေရသည်။ သူလိုကလေးမျိုး များစွာရှိနေလိမ့်မည်။ နောက်ပြဿနာတစ်ခုကိုညွှန်းဆိုပြပါမည်။ ဥရောပဘောလုံးရာသီ၏ ချန်ပီယံလိဂ်ဘောလုံးပွဲစဉ်များကို အားလုံးသိပါသည်။ ညဉ့်နက်ပိုင်းတွင် ကျင်းပသဖြင့်လက်ဖက်ရည်ဆိုင်များလည်းညပိုင်းအချိန်များထိဖွင့်လှစ်ပါသည်။ သည်အခါပြဿနာက ဆိုင်ဝန်ထမ်းကလေးငယ်များ၏ အလုပ်ချိန်ဖြစ်သည်။

ညဉ့်နက်ပိုင်းရောက်လာသဖြင့် တစ်နေ့လုံးနွမ်းနယ်ခဲ့သည့်ကလေးငယ်များ သဘာဝအတိုင်းအိပ်ချင်လာသည်။ ပြီးခဲ့သည့်ညဉ့်နက်ပိုင်းပွဲစဉ်အချိန်မှာ ဆိုင်ရှေ့အမှောင်ကွယ်တွင်မှီပြီးအိပ်ပျော်နေသည့်ကလေးငယ်ကို ဆိုင်ရှင်ကရိုက်နှက်အပြစ်ပေးသည်။ မိဘအသိုင်းအဝိုင်းကြားတွင် နွေးထွေးစွာအိပ်စက်ရမည့်အရွယ်များ၊ ခိုးကြောင်ခိုးဝှက်အိပ်ခြင်းကို အပြစ်ပေးခံနေရသည့် စိတ်ခံစားမှုများက စိုးရိမ်ဖွယ်ဖြစ်နေပါသည်။

ဩစတြေးလျနိုင်ငံ အခြေစိုက် (Walk Free Foundation)က အောက်တိုဘာလ ၁၇ ရက်တွင် ပထမအကြိမ်ထုတ်ပြန်သည့်ကျေးကျွန်ပြုမှုဆိုင်ရာစစ်တမ်း (The Global Slavery Index 2013) တွင် ကျေးကျွန်သဖွယ်ခိုင်းစေမှုအဆိုးဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံက နံပါတ်(၉)နေရာကဖြစ်သည်။ လူကုန်ကူးခံရမှု၊ အဓမ္မအလုပ်ခိုင်းစေခံရမှု၊ အတင်းအကျပ်ထိမ်းမြားလက်ထပ်ခံရမှုနှင့်ကလေးငယ်များကို အလုပ်ခိုင်းစေမှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျေးကျွန်သဖွယ်ခိုင်းစေခံရသူပေါင်း သုံးသိန်းရှစ်သောင်းလေးထောင်ခန့်ရှိသည်ဟု ဆိုပါသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံများက ထိပ်ဆုံးပိုင်းတွင်နေရာယူပြီး မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ် အထက်တွင် ကပ်လျက်လိုက်ပါလာသည်။ မြန်မာရွှေ့ပြောင်းလုပ်သားအများစု သွားရောက်လုပ်ကိုင်နေပြီး လတ်တလောပြဿနာများစွာကြုံတွေ့နေသည့် မလေးရှားနိုင်ငံပင် ကျွန်ပြုခိုင်းစေမှုအဆိုးဆုံး ၁၀ နိုင်ငံစာရင်းတွင်မပါလာ။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်များ မည်မျှပင်ပြုပြင်ပြောင်းလဲခဲ့သည်ဟုဆိုနေဆိုနေ အခြေခံလူတန်းစားများက အဆိုပါအပြောင်းအလဲများကို မခံစားရသေးပါ။ အလုပ်လက်မဲ့ပြဿနာ၊ စားဝတ်နေရေးကျပ်တည်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုက အထက်ပါညွှန်းကိန်းတွင်ဖော်ပြခဲ့သည့် အခြေခံအကြောင်းတရားများကို ဖြစ်ပေါ်စေပါသည်။

တရုတ်အမျိုးသားများနှင့် ထိမ်းမြားလက်ထပ်ရန် အဓမ္မရောင်းချခံရမှုများလည်း ခပ်စိပ်စိပ်ဖြစ်နေသည်။ ယိုးဒယားငါးဖမ်းစက်လှေများပေါ် လုပ်ကိုင်ရန် အတင်းအကျပ် ရောင်းချမှုများလည်း သတင်းများကဖော်ပြနေသည်။ ပြည်ပနိုင်ငံများတွင် အကူအဖြစ်သွားရောက်လုပ်ကိုင်နေသူအမျိုးသမီးငယ်များလည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှု စသည့် အကြောင်းခြင်းရာများက ယနေ့ဆင်းရဲမွဲတေမှု၏ အဓိကဆိုးကျိုး ဖြစ်နေပါသည်။

အစိုးရသစ်လက်ထက် ဆင်းရဲမွဲတေမှုလျှော့ချရေးစီမံကိန်းများချမှတ်ဆောင်ရွက်သော်လည်း တကယ့်လက်တွေ့အကျိုးရလဒ်က ဆင်းရဲတွင်းမှလွတ်မြောက် သွားသူတစ်ဦးမျှ လက်ညှိုးထိုးစရာမရှိ။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု ထိထိရောက်ရောက်မရှိသလို အခြေခံစားဝတ်နေရေးပြဿနာများလည်း ယခင်အတိုင်းဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ အစီရင်ခံစာအပေါ်၊ အစည်းအဝေး အခမ်းအနားများအပေါ်၊ ပရိုဂျက်တာများအပေါ်သာ ရောက်ကုန်ကြသည်။

ပြည်တွင်းတွင်ဖြစ်ပေါ်နေသည့် အရွယ်မရောက်သေးသူအမျိုးသမီးငယ်များ အဓမ္မပြုကျင့်ခံနေရမှုများက မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကိုယ်ကျင့်တရားအောက်ဆုံး ရောက်နေသူများအတော်များများရှိနေကြောင်း သက်သေခံနေသည်။ ယခင်က ဖျက်ဆီးခံခဲ့ရသည့် လူ့အဖွဲ့အစည်း၏ စာရိတ္တနှင့် ကိုယ်ကျင့်တရားများကို အနာဂတ်လူငယ်များဖြင့် အစားထိုးအသွင်ပြောင်းရန် မဖြစ်မနေလိုအပ်နေချိန်တွင် လူငယ်များ၏ အနာဂတ်များက ချောင်ထိုးခံနေရသည်။

ကလေးစစ်သားအသုံးပြုသည့် မြန်မာအပါအဝင် ငါးနိုင်ငံကို စစ်ရေးအထောက်အပံ့မပေးကြောင်း အောက်တိုဘာ ၃ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ စာအုပ်စာပေများနှင့် ယဉ်ပါးရမည့် အသက်အရွယ်များက လက်နက်များကိုပွေ့ဖက်နေရလျှင်တော့ ရှေ့ဆက်မလှုပ်နိုင်တော့ပါဘူး။

စာသင်ခန်းများအတွင်းဖြတ်သန်းရမည့် နုပျိုသောအချိန် ကာလများက လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်များတွင် အလုပ်အကျွေးပြုနေရသည်။ တိုးတက်လာသည့်နည်းပညာများအပေါ် တက်ကြွစွာလျှောက်လှမ်းရမည့် ခြေလှမ်းများက ညစ်ပတ်နံစော်နေသည့်အမှိုက်ပုံများဆီ ဦးတည်သွားနေကြဦးမည်ဆိုလျှင် နိုင်ငံတည်ဆောက်ရေးအတွက် ရင်လေးစရာကောင်းသည်။

လန်ဒန် (SOAS) တက္ကသိုလ်မှ ပါမောက္ခခန်း (Khan)က နိုင်ငံတည်ဆောက်ရေး (State Building) တွင် မအောင်မြင်ရသည့် အကြောင်းရင်း (State Failure) နှင့် ပတ်သက်သော အချက်နှစ်ချက်ထောက်ပြဖူးသည်။ မလုပ်သင့်သည်များကို လုပ်ခြင်း (Errors of Omission) နှင့် လုပ်သင့်သည့်အချက်များကို မလုပ်ခြင်း (Errors of Commission) ဟုဆိုပါသည်။

နိုင်ငံတည်ဆောက်ရေးဆောင်ရွက်မှုများတွင် အထက်ပါအချက်များအရေးကြီးပါသည်။ လုပ်သင့်သည့် အချက်အလက်များနှင့် မလုပ်သင့်သည့်အချက်အလက်များကို ကွဲပြားခြားနားစွာကြည့်သင့်ပါသည်။ မည်သည့်အားကစားပွဲများ၊ မည်သည့်ပြိုင်ပွဲများကို လက်ခံကျင်းပနိုင်သည်ဖြစ်စေ မည်သို့သောအစည်းအဝေးပွဲများ လက်ခံကျင်းပနိုင်သည်ဖြစ်စေ အခြေခံကြသည့်လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကို မေ့လျော့ထားလျှင် အမှန်တကယ် ဖွံ့ဖြိုးမှုကိုမလိုလားသလိုဖြစ်နေ သည်။

နိုင်ငံတစ်ခု၏ အလားအလာသည် အဆိုပါနိုင်ငံရှိ လူငယ်များအပေါ် မှီတည်နေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူသားအရင်းအမြစ်တိုးတက်ရေးအဓိကဆောင်ရွက်နေသည်ကို မျှော်ကြည့်နိုင်ရပါမည်။ အခုရေတွင်းတူး၊ အခုရေကြည်သောက်ခြင်းမဟုတ်ပါ။ စနစ်တကျပြုစုပျိုးထောင်ခြင်း အသီးအပွင့်များကိုခံစားနေရခြင်းဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်အောင် ခရီးများစွာလျှောက်ရန် အခုမှတာစူနေရသည့် နိုင်ငံတစ်ခုအတွက် လူငယ်များအရေးက များစွာ အရေးကြီးနေပါသည်။ အနာဂတ်ကို အဓိကစိန်ခေါ်သူဖြစ်လာမည့် လူငယ်များ၏အရေးကို လျစ်လျူရှုမထားဘဲ ပညာရည်ပြည့်ဝသော၊ စွမ်းဆောင်ရည်ထက်မြက်သော လူသားအရင်းအမြစ်တစ်ခုပေါ် ထွန်းအောင်၊ အရောင်လက်နေသော ကျောက်ပွင့်ကလေးများဖြစ်အောင် စနစ်တကျပြုစုပျိုးထောင်ဖို့ အရေးတကြီးလိုအပ်နေကြောင်းပါ။



7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

မျက်နှာဖုံးမှ

# အလုပ်မရှိသူများ ကျွမ်းကျင်လုပ်သားရှား

ယင်းပြဿနာကို ဖြေရှင်းရန် ပြည်တွင်းပြည်ပကုမ္ပဏီအများစုက ၂၀၁၂ ကတည်းကစတင်ကာ အလုပ်အကိုင်ပြပွဲများ ကျင်းပပြီး ဝန်ထမ်းလိုအပ်သူနှင့် အလုပ်ရှာသူကြား ပေါင်းကူးရန်ကြိုးပမ်းလာခဲ့သည်။ ထို့အပြင် ၂၀၁၃ ဩဂုတ်၌စင်ကာပူတွင်ပင် အလုပ်အကိုင်ပြပွဲ သွားရောက်ကျင်းပ၍ ကျွမ်းကျင်လုပ်သားများရရှိရန် ကြိုးပမ်းနေကြသည်။

လက်ရှိပြည်တွင်းလုပ်သားဈေးကွက်တွင် လုပ်ငန်းခွင်အတွင်း အတွေ့အကြုံရှိသော ကျွမ်းကျင်ဝန်ထမ်းများရရှိရန်ထက် ဘွဲ့ရကျောင်းဆင်းအလုပ်သင်ဝန်ထမ်းနှင့် ရုံးစာရေးအဆင့်ရှိ အောက်ခြေဝန်ထမ်းများကိုသာ ရှာဖွေရရှိမှု လွယ်ကူနေသည်။ ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်ကြောင့် ယခုနှစ်အတွင်းမှစ၍ အလုပ်သင်ဝန်ထမ်းတစ်ဦးအားလစာငွေအနိမ့်ဆုံးကျပ်ခုနစ်သောင်းနှင့် အထက်ပေးလာသကဲ့သို့ကျွမ်းကျင်ဝန်ထမ်းအဆင့်ရှိ မန်နေဂျာရာထူးအတွက် ကျပ်ငွေတစ်သိန်းခွဲဝန်းကျင်မှကျပ်သိန်း၃၀ကျော်အထိပေးကာအလုပ်ခေါ်ဆိုမှုများရှိလာသည်ဟု ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက ဆိုသည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ကျော်ရှိသည့်အနက် အမှန်တကယ်အလုပ်လုပ်နိုင်သည့်ဦးရေ ၃၂ သန်းခန့်ရှိပြီး အလုပ်လက်မဲ့နှုန်းထား ၁၀ သန်းနီးပါးရှိနေကာ ပြည်ပသို့သွားရောက်လုပ်ကိုင်သောမြန်မာအလုပ်သမားဦးရေမှာသုံးသန်းခန့်ရှိကြောင်း အစိုးရ၏ကိန်းဂဏန်းများက ဆိုသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ အလုပ်လုပ်နိုင်သော အရွယ်အုပ်စုတွင် အလုပ်လက်မဲ့ပြဿနာကြီးမားနေပြီး အထူးသဖြင့် ဘွဲ့ရလုပ်ငန်းအတွေ့အကြုံမရှိသူများ အလုပ်ရရန် ခက်ခဲနေချိန်မှာပင် အလုပ်ရှင်များ၊ နိုင်ငံတကာကုမ္ပဏီများအတွက် ကျွမ်းကျင်ဝန်ထမ်းရရှိရန် ခက်ခဲနေခြင်းဖြစ်သည်။

အလုပ်အကိုင်ရှာဖွေနေသော နုပျိုသည့်အင်အားစုမှာ ၂၀ ရာစုခေတ်လုပ်ငန်းခွင်ဝင်ရန် အခြေခံလိုအပ်ချက်ဖြစ်သော ကမ္ဘာသုံး အင်္ဂလိပ်ဘာသာစကားနှင့် ကွန်ပျူတာကိုကျွမ်းကျင်စွာ အသုံးမပြုနိုင်ခြင်းကြောင့် အလုပ်အကိုင်ရရန် ခက်ခဲနေသည်။ ထို့အပြင်အလုပ်အကိုင် ရှာဖွေနေသော ဘွဲ့ရလူငယ်များတွင် သင်တန်းဆင်းလက်မှတ်များ အမြောက်အမြားရှိသော်လည်း လက်တွေ့တွင် တတ်ကျွမ်းခြင်းမှုမရှိခြင်းက အဓိက ပြဿနာပင်။

"အဓိက,ကတော့ သူတို့ဘက်မှာ အားနည်းတာက ဘာသာစကားနဲ့ office ပိုင်းဆိုရင် ကွန်ပျူတာအသုံးပြုမှုပိုင်းအားနည်းတယ်။ အင်တာနက်ဖေ့စ်ဘွတ်ခ်မှာ စာရိုက်နိုင်သလောက်နဲ့ မရဘူး။ ကျွမ်းကျင်ဖို့လိုတယ်"ဟု CDC အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ ဦးလင်းကျော်ထွန်းက ပြောသည်။

ထို့အပြင် ပြည်တွင်းအလုပ်ခေါ်ကြော်ငြာအများစုမှာလုပ်ငန်းအတွေ့အကြုံ၊ အသက်အရွယ်၊ ပြင်ပသင်တန်းလက်မှတ်များကို မကြာခဏ တောင်းခံလေ့ရှိခြင်းကြောင့် အလုပ်အကိုင်ရှာဖွေသူအများစုအတွက် အခက်အခဲတစ်ခုဖြစ်လာကြောင်း သိပ္ပံဘွဲ့ရ အမျိုးသားတစ်ဦးက ပြောသည်။

"ဒီနိုင်ငံက ဘွဲ့ရတွေကို ဘွဲ့လက်မှတ်ပေးမယ့်အစား လုပ်ငန်းအတွေ့အကြုံလက်မှတ်ပဲ ပြောင်းပေးရင် ပိုကောင်းမယ်"ဟု အသက် (၂၆)နှစ်အရွယ်ရှိ အလုပ်ရှာဖွေနေသူ အမျိုးသမီးတစ်ဦးက သူ၏ အမြင်ကို ပြောသည်။

ထို့အပြင် ဆယ်စုနှစ်ငါးစုတိုင် ညံ့ဖျင်းလှသော ပညာရေးစနစ်အောက်တွင် ပညာသင်ယူခဲ့ရသူများမှာ လုပ်ငန်းခွင်ဝင်ရန် ကျောင်းသင်ပညာရေးက အသုံးပြုမရ၍ လုပ်ငန်းအတွေ့အကြုံနှင့် ပြင်ပသင်တန်းများမှ သင်ယူတတ်ကျွမ်းလာမှုများကို ဦးစားပေးနေရကြောင်း အလုပ်အကိုင်ရေးရာကျွမ်းကျင်သူများက ပြောသည်။

"အလုပ်လာလျှောက်သူတွေရဲ့ အားနည်းချက်က သူတို့ဘာလုပ်ရမှန်းမသိဘူး။ ဘွဲ့ရမျိုးစုံပါတာပဲ။ သူတို့အများဆုံးရတဲ့ အလုပ်က office staff ပိုင်းပဲ၊ ရုံးအောက်ခြေပိုင်းပဲ ရကြတာများတယ်"ဟု Device ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ အထွေထွေမန်နေဂျာ ဦးစိုးညွန့်က ပြောသည်။

ကုမ္ပဏီများမှ လုပ်သားရှာဖွေပါက မန်နေဂျာရာထူးအောက်ရှိအခြေခံဝန်ထမ်းများရရန် လွယ်ကူသော်လည်း ကျွမ်းကျင်ဝန်ထမ်းရှာဖွေပါက အချိန်ကြန့်ကြာမှုများရှိခြင်းကြောင့်ပြည်ပရောက် ကျွမ်းကျင်မြန်မာအလုပ်သမားများကို ခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်သည်။




ထို့ကြောင့် နိုင်ငံတကာလုပ်ငန်းအတွေ့အကြုံရှိသော ကျွမ်းကျင်လုပ်သား အများစုရှိရာ စင်ကာပူနိုင်ငံရောက် မြန်မာအလုပ်သမားများကို ကျွမ်းကျင်လုပ်သားများအဖြစ် ခေါ်ယူရန် လုပ်ငန်းရှင်များက စိတ်ဝင်စားလာသည်။

ပြည်တွင်းနှင့် နိုင်ငံတကာကုမ္ပဏီများက ငွေကုန်ကြေးကျခံကာ ပထမဆုံး အလုပ်အကိုင်ပြပွဲကို စင်ကာပူနိုင်ငံတွင် ယခုနှစ်ဩဂုတ်လက သွားရောက်ကျင်းပခဲ့သည်။ ထပ်မံ၍ နိုဝင်ဘာလတွင် ကျင်းပရန်လည်း စီစဉ်နေသည်။ ပထမအကြိမ်အဖြစ် စင်ကာပူတွင် အလုပ်အကိုင်ပြပွဲကျင်းပခဲ့ရာ အလုပ်လျှောက်သူဦးရေ နှစ် ထောင်ကျော်ရှိသည်။ သို့သော် အလုပ်ခန့်အပ်သည့် လုပ်သားစာရင်းကို အတိအကျထုတ်ပြန် ခြင်းမရှိသေးသော်လည်း ပြပွဲမှ ကုမ္ပဏီအချို့ ကျွမ်းကျင်ဝန်ထမ်းများရခဲ့သည်။

ဒုတိယအကြိမ် ကျင်းပပြုလုပ်မည့်ပြပွဲကို စင်ကာပူနိုင်ငံရှိ ပင်နီဆူလာပလာဇာတွင် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ယခင်ပထမအကြိမ် ပါဝင်ပြသခဲ့သည့် ကုမ္ပဏီအရေအတွက်ထက် နှစ်ဆတိုးလာသည်။ အင်ဂျင်နီယာအလုပ်အကိုင်နှင့် ပတ်သက်သော အလုပ်နေရာအတွက် ဦးစားပေးခေါ်ဆိုသွားရန်ရှိသည်ဟုလည်း သိရသည်။ ထိုအချက်က ကျွမ်းကျင်လုပ်သားရှားပါးမှု ပိုကြီးမားလာကြောင်း ထင်ရှားသောသာဓကဖြစ်သည်။

"အဓိက,ကတော့ အရည်အချင်းကောင်းကောင်းရဖို့ ပညာအရည်အချင်းကောင်းကောင်းရမယ့်သူ လိုချင်လို့ပါဝင်ခဲ့တာ"ဟု စင်ကာပူအလုပ်အကိုင်ပြပွဲတွင် ပါဝင်ပြသမည့် Mega Lifesciences ကုမ္ပဏီ မှ HR မန်နေဂျာဦးထွန်းစည်သူက ပြောသည်။

ဩဂုတ်လက ကျင်းပခဲ့သော စင်ကာပူပြပွဲတွင်စင်ကာပူရောက် မြန်မာအလုပ်သမား အများစုက ၎င်းတို့သည် ပြည်တွင်း ကုမ္ပဏီများထံ လုပ်ကိုင်မည်ဆိုပါက ၎င်းတို့ကို စင်ကာပူနိုင်ငံတွင်ရရှိသည့် လစာနှုန်းထားနီးပါးပေးရန် တောင်းခံမှုများရှိခြင်းကြောင့် ကုမ္ပဏီအများစုမှာ လတ်တလောအချိန်ထိ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးလျက်သာရှိသေးသည်။

"အစ်မဒီမှာ ဟိုမှာသွားခေါ်မယ့် ရာထူးမျိုးကို ခေါ်ကြည့်ပြီးပြီ။ အဲဒါ ဘယ်လိုကြောင့်လဲ မသိဘူး။ အစ်မတို့လိုချင်တဲ့ပုံကို ဖော်နိုင်မယ့် ဂရပ်ဖစ်ကောင်းကောင်းလိုချင်တာ။ လူရှာတာ နှစ်လကျော်လောက်ကြာနေပြီ။ ဒါပေမဲ့ သူတို့ကြေညာတာ ကြည့်လိုက်ရင် မြန်မာပစ္စည်း မြန်မာကုမ္ပဏီမှန်းသိသာလွန်းတယ်။ အစ်မတို့က နိုင်ငံတကာ မဂ္ဂဇင်းရင်တောင် ယိုးဒယားနဲ့စင်ကာပူလောက်တော့ အရည်အသွေးမီချင်တာ။ အဲဒါရဖို့အတွက် အခု Job Fair ကို ပါဝင်ဖြစ်ခဲ့တာ"ဟု MMRD ကုမ္ပဏီမှ ဆက်ဆံရေးအရာရှိ ဂျက်ဆီကာမြင့်သင်းက ပြောသည်။

ပြည်တွင်းကုမ္ပဏီအများစုအနေဖြင့် လုပ်ခလစာပေးစနစ်နှင့်ပတ်သက်၍ ၎င်းတို့ကျွမ်းကျင်မှုပေါ် မူတည်၍ ပေးမည်ဖြစ်သော်လည်း ပြည်တွင်းတွင် ရရှိနိုင်မည့် နှုန်းထားနှင့် နှိုင်းယှဉ်၍သာ ပေးသွားမည်ဖြစ်သည်။ စင်ကာပူရောက် ကျွမ်းကျင်လုပ်သားများအနေဖြင့် ပျမ်းမျှအားဖြင့် လုပ်ခလစာငွေကျပ် ၁၂ သိန်းနှင့်အထက် ရရှိရန်တောင်းဆိုကြသည်။

စင်ကာပူရောက် မြန်မာဝန်ထမ်းများမှာ အမိနိုင်ငံသို့ပြန်လာ၍ အလုပ်လုပ်ကိုင်လိုသော်လည်း လက်ရှိစင်ကာပူတွင် ရသောလုပ်ခလစာနီးပါးရရှိရန်နှင့် လက်ရှိဝင်ရောက်လာသောပြည်ပရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းခိုင်မာမှုရှိ မရှိမှာ မြန်မာနိုင်ငံရေးနှင့် ဆက်စပ်နေ၍ အခြေအနေကို စောင့်ကြည့်နေကြောင်း စင်ကာပူရောက် မြန်မာအချို့က ပြောသည်။

"အစ်မတို့ကတော့ လစာပိုင်းကိုတော့ သူတို့ဟိုမှာ ရသလောက်ကြီးတော့ မပေးနိုင်ဘူး။ သူတို့ရတဲ့လစာက ဟိုမှာနေစရိတ်ဖယ်ရတယ်။ ဒီမှာလုပ်ရင် နေစရိတ်မဖယ်ရဘူး။ ကိုယ့်မိဘဆွေမျိုးတွေနဲ့လည်း အတူနေရမယ်။ လစာကိုလည်း ကျွမ်းကျင်မှုအပေါ် မူတည်ပြီး ညှိနှိုင်းပြီးတော့ ပေးမှာပေါ့။ ကမ္ဘာ့ကုမ္ပဏီတွေနဲ့ နှိုင်းယှဉ်တော့ အားနည်းချက်ရှိတာပေါ့"ဟု ဂျက်ဆီကာမြင့်သန်းက ဆက်လက်၍ ပြောသည်။

ထို့အပြင် ပြည်တွင်းကုမ္ပဏီများမှာပြည်ပကုမ္ပဏီများနှင့် အပြိုင်လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားရရှိရန် ပြည်ပသို့ သွားရောက်ခေါ်ယူရသော်လည်း ဝန်ထမ်းများကို နိုင်ငံတကာကုမ္ပဏီများနှင့်အပြိုင် လုပ်ခလစာနှုန်းထားတိုးမြှင့်ခန့်အပ်ရန်မလွယ်ကူနိုင်ကြောင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့မှ သုံးသပ်ပြောကြားသည်။

ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများသို့ လာရောက်အလုပ်အပ်သူများတွင် ၉၀ ရာခိုင်နှုန်းမှာ ကုမ္ပဏီများဘက်မှ ဝန်ထမ်းခေါ်ယူခြင်းဖြစ်ကာ ကျန် ၁၀ ရာခိုင်နှုန်းမှာ အလုပ်ရလိုသူများက လျှောက်လွှာလာတင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ထို့အပြင် ယခုနောက်ပိုင်းတွင် ကုမ္ပဏီအသစ်များ ဝင်ရောက်လာမှုကြောင့် လုပ်ငန်းအတွေ့အကြုံရှိလုပ်သားများကို ဦးစားပေးကာ ခေါ်ယူလာကြသည့်အတွက် အတွေ့အကြုံမရှိသေးသည့် လုပ်သားများအတွက် အလုပ်အကိုင်ရွေးချယ်မနေဘဲ ရရှိသည့်အလုပ်နေရာများတွင် ဝင်ရောက်လုပ်ကိုင်ရန် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက အကြံပြုသည်။

"များသောအားဖြင့် အလုပ်ခေါ်ရင် ကုမ္ပဏီတွေဘက်က ကန့်သတ်ချက်တွေနဲ့ ခေါ်လာကြတယ်။ အများစုက လုပ်ငန်းအတွေ့အကြုံဦးစားပေးလာတယ်။ certificate တွေ ပါလာပေမယ့်လည်း အလုပ်ပေါ်မှာရွေးချယ်မှုတွေများရင် အလုပ်ရဖို့လည်း မလွယ်ဘူး။ ကုမ္ပဏီတွေဘက်ကတော့ ကျွမ်းကျင်လုပ်သားရပြီဆိုရင် ခန့်တာအရင်ကထက်မြန်လာတယ်။ အရင်လိုအင်တာဗျူးတွေ သိပ်မလုပ်တော့ဘူး"ဟု Market Care မှ ဒါရိုက်တာဦးအောင်မြင့်က ပြောသည်။

"ကုမ္ပဏီတွေဘက်က တော်တော်များများ ရွေးချယ်စရာသိပ်မရှိတော့ဘူး။ ကျွမ်းကျင်ဝန်ထမ်းတွေ့ရင် ခန့်လိုက်ရတာပဲ။ အလုပ်ကပေါပေမယ့် လုပ်သားဦးရေက ဒီလောက်ပဲ။ အလုပ်သမားပေါတာ အောက်ခြေအဆင့်လောက် လုပ်သားပဲပေါတာ။ အမြင့်ပိုင်းကျတော့ ဒီလောက်ပဲဖြစ်နေတယ်"ဟု Perfect Link မှ ဦးဒိသာမြင့်က ပြောသည်။

လုပ်ငန်းအတွေ့အကြုံမရှိသေးဘဲ အလုပ်ရှာဖွေသူလုပ်သားအများစုမှာ အလုပ်ချိန်များလျှင် မလုပ်လိုခြင်း၊ လုပ်ခလစာငွေများများရလိုခြင်း၊ ရရာအလုပ်မလုပ်လိုဘဲ အလုပ်ရွေးလွန်းခြင်း၊ မိမိလုပ်ကိုင်လိုသည့် လုပ်ငန်းအမျိုးအစားကို သေချာသိရှိမှုမရှိခြင်းတို့မှာ အဓိကပြဿနာဟု အလုပ်အကိုင်ဈေးကွက် ကျွမ်းကျင်သူများက ပြောသည်။ ထို့ကြောင့် လုပ်ငန်းအတွေ့အကြုံနည်းပါးချိန်တွင် ရရာအလုပ်ကို လုပ်ကိုင်ပြီး အတွေ့အကြုံများလာရန် သင့်ယူသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်များက အကြံပြုသည်။

## ၂၀၁၃ အောက်တိုဘာ ၃၀မှ နိုဝင်ဘာ ၅ ရက်ထိ

## မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်ပြင်အခြေအနေ

ဘင်္ဂလာပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာနိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အနောက်ပိုင်းနဲ့ တောင်ပိုင်းတွေမှာ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အများအားဖြင့် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်မှာလည်း မုန်တိုင်းဖြစ်နိုင်ခြေ ဆက်လက်လျော့နည်း နေနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

တနင်္သာရီကမ်းရိုးတန်းနဲ့ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၃ ပေမှ ၅ ပေအထိရှိနိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေမှ ၂ ပေခန့် ရှိနိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များဟာ 30° C - 32°C နဲ့ ကျန်ပြည်နယ်နဲ့တိုင်းဒေသကြီး အထက်ပိုင်းမှာ 16° C - 29° C ရှိနိုင်ပါတယ်။

### မိုးတိမ်တောင် အခြေအနေ။

မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပါတယ်။ ဖြစ်ပေါ်ရန် သေချာမှု ၃၀ ရာခိုင်နှုန်းရှိပါတယ်။

### မိုးရွာသွန်းနိုင်မှုအခြေအနေ။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် မိုးအနည်းငယ်နေရာကွက်ကျား သုံးရက်မှ လေးရက်ခန့်နဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးများတွင် လေးရက်မှ ငါးရက်ခန့် မိုးအသင့်အတင့် ထစ်ချုန်းရွာနိုင်ပါတယ်။ ရွာရန်ရာနှုန်း ၆၀-၈၀ ရာခိုင်နှုန်း ရှိပါတယ်။

ဒေါက်တာထွန်းလွင် (MCCW)

Health
7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# လက်ရှိလူနာများအား အစားထိုး ရွှေ့ပြောင်းရမည့် ဆေးရုံများ တည်ဆောက်ပြီးမှသာ ရန်ကုန် ဆေးရုံကြီးကို အဆင့်မြှင့်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

မင်းရဲကျော်စွာလမ်းရှိ ယခင်စွမ်းအင်ဝန်ကြီးရုံးနေရာတွင် ပြန်လည်တည်ဆောက်နေသည့်ဆေးရုံပြီးစီးပါက အသည်းရောဂါဌာန၊ အဆုတ်နှင့် ရင်ခေါင်းခွဲစိတ်ဌာနနှင့် ဆီးနှင့်ကျောက်ကပ်ဌာနရှိလူနာများကို စတင်ရွှေ့ပြောင်းမည်ဖြစ်သည်။

ထို့နောက် ကျန်လူနာများအတွက် သူနာပြုတက္ကသိုလ်အနီးအနားတွင် ခုတင် ၁၀၀၀ ဆန့် ဆေးရုံကြီး တည်ဆောက်ရန် အဓိကစီမံချက်ရေးဆွဲ၍ စီစဉ်နေကြောင်း ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်ရေးကော်မတီဝင် ဒေါက်တာတင်မျိုးဝင်းက ပြောသည်။

ရန်ကုန်ဆေးရုံကြီး၏ လူနာများရွှေ့ပြောင်းနိုင်မည့် ခုတင် ၁၀၀၀ ဆန့် ဆေးရုံတည်ဆောက်ရန် နိုင်ငံတော်မှ ငွေကျပ် ငါးသန်းချထားပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်ရန် ဂျပန်အလှူရှင်များက ကမ်းလှမ်းထားပြီး ဒေါ်အောင်ဆန်းစုကြည် ယခုလ ၂၃ ရက်က ဗြိတိန်ဝန်ကြီးချုပ်၊ ဗြိတိန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးတို့နှင့် တွေ့ဆုံစဉ် ရန်ကုန်ဆေးရုံကြီးအဆင့်မြှင့်တင်ရန် ဗြိတိန်က ကူညီမည်ဟုသတင်းထုတ်ပြန်လိုက်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ရန် ပြီးခဲ့သည့်နှစ်အတွင်းကဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ပြီး လွှတ်တော်မှ သဘောတူညီမှုရရှိခဲ့သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံတွင် လူနာအများဆုံးတက်ရောက်ကုသသည့် ဆေးရုံကြီးဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိကာ နေ့စဉ် လူနာ ၁၂၀၀ ကျော် တက်ရောက် ကုသနေသည်။



လက်ရှိကာလတွင် တွေ့မြင်ရသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ပုံ - နစ်ကီ

# ကျန်းမာရေးဝန်ကြီးဌာန ဖြည့်စွက်ရန်ပုံငွေ ကျပ် ၂၉ ဘီလီယံကျော် တောင်းခံ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ယခုဘဏ္ဍာနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ဖြည့်စွက်ရန်ပုံငွေကျပ် ၂၉ ဘီလီယံကျော် တောင်းခံခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ အစီရင်ခံစာတင်သွင်းရာတွင် ဗဟိုအဖွဲ့အစည်း ခြောက်ခု၊ ဝန်ကြီးဌာန ၃၀၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း ၁၂ ခု၊ စည်ပင်သာယာရေးကော်မတီ ၃ ခု စုစုပေါင်း အဖွဲ့အစည်း ၅၁ ခုတို့က ခွင့်ပြုရန်ပုံငွေ တောင်းခံခဲ့ခြင်း ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနရှိ ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသန(အောက်)၊ ဆေးသုတေသန(အထက်)၊ ဆေးသိပ္ပံပညာ၊ တိုင်းရင်းဆေးဦးစီးဌာနတို့မှ ကျေးလက်ကျန်းမာရေးဌာနများ ဆောက်လုပ်ရန်၊ စက်ပစ္စည်းများဝယ်ယူရန်၊ ဝန်ထမ်းလစာ၊ လုပ်ငန်းအသုံးစရိတ်စသည်တို့ အတွက် တောင်းခံခြင်းဖြစ်ကြောင်း ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုဆွေး နွေးချက်တွင် ပါရှိသည်။

ထိုတောင်းခံမှုတွင် ကျန်းမာရေးဦးစီးဌာနက တောင်းခံသည့် ကျေးလက်ကျန်းမာရေးဌာနများ ဆောက်လုပ်ရန် ငွေလုံးငွေရင်းများတွင် ဆောင်ရွက်ဆဲလုပ်ငန်းများအတွက် အထူးလိုအပ်ချက်သာ ခွင့်ပြုရန် ဆောင်ရွက်မည့် လုပ်ငန်းသစ်များအတွက် မည်သည့်နေရာတွင် ဆောင်ရွက်မည်နှင့် အရေအတွက်၊ ဝယ်ယူမည့် စက်ပစ္စည်း အမျိုးအစားများကို စိစစ်ရန် သုံးသပ်ထားသည်။

ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးရန်ပုံငွေအဖြစ် ကျပ်သန်းပေါင်းလေးသိန်းကျော်ကို ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

မူလခွင့်ပြုထားသော ပြည်ထောင်စုတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ စုစုပေါင်းသုံးငွေအဖြစ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရခွင့်ပြုထားသည့်ငွေများမှာ စုစုပေါင်းငွေကျပ်၁၇,၃၁၂ ဒသမ ၈ ဘီလီယံ ဖြစ် သည်။






# Health

7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

## သွေးအတွင်း သကြားဓာတ်ပမာဏ မြင့်မားမှုနှင့် မှတ်ဉာဏ်ချို့ယွင်းမှု ဆက်စပ်မှုရှိ

**ဘာလင်၊အောက်တိုဘာ-၂၅**

သွေးအတွင်း သကြားဓာတ်ပမာဏမြင့်မားသော လူများသည် ဆီးချိုသွေး ချိုရောဂါများ မရှိလျှင်ပင် မှတ်ဉာဏ်ချို့ယွင်းမှုဖြစ်နိုင်ခြေပိုများသည်ဟု ဂျာမနီသုတေသနပညာရှင်များက ပြောကြားသည်။

သွေးအတွင်းသကြားဓာတ်ပမာဏ လျော့နည်းသူများသည် မှတ်ဉာဏ်စစ်ဆေးမှုများတွင် ရလဒ်ကောင်းများ ရနိုင်ခြေပိုများသည်ဟု ဂျာမနီသုတေသနပညာရှင်ဒေါက်တာအက်နက်စ်ဖလိုးက ပြောကြားသည်။

ဂျာမနီသုတေသနပညာရှင်များသည် ဆီးချိုသွေးချိုရောဂါမရှိသော(သို့မဟုတ်)ယင်းရောဂါဖြစ်နိုင်ခြေမရှိသော အသက်(၆၃)နှစ်အရွယ် လူ ၁၄၁ ဦးအနေဖြင့် နာရီဝက်အတွင်း စကားလုံး ၁၅ လုံးကို မှတ်မိနိုင်စွမ်းရှိ၊ မရှိစစ်ဆေးခဲ့ကြသည်။

ကိုယ်အလေးချိန်များလွန်းသော၊ တစ်နေ့လျှင် အရက်သုံးပက်ကျော်သောက်သော၊ ယခင်ကတည်းက မှတ်ဉာဏ်ချို့ယွင်းသော လူများကို မစစ်ဆေးခဲ့ပေ။ သုတေသနပညာရှင်များသည် မှတ်ဉာဏ်ပိုင်းဆိုင်ရာတွင် အဓိကကျသော ဦးနှောက်၏ ဟစ်ပိုကမ်းပက်စ်(hippocampus)၏ အရွယ်အစားကို တိုင်းတာနိုင်ရန်အတွက်လည်း စစ်ဆေးခံရသူ ၁၄၁ ဦးတို့၏ ဦးနှောက်များကို ဓာတ်မှန်ရိုက်ခဲ့သည်။

ဂျာမနီသုတေသနပညာရှင်များ၏ လေ့လာမှုများအရ သွေးအတွင်း သကြားဓာတ်ပမာဏ လျှော့ချနိုင်လျှင် အသက်ကြီးရင့်ချိန်တွင် မှတ်ဉာဏ်အားကျဆင်းမှုနှင့် မှတ်ဉာဏ်ချို့ယွင်းမှုများကို ကြိုတင်ကာကွယ်ရာရောက်သည်ဟု အကြံပြုခဲ့သည်။ ကယ်လိုရီစားသုံးမှုပမာဏ လျှော့ချခြင်းနှင့် ကိုယ်လက်လေ့ကျင့်ခန်းများ တိုးမြှင့်လုပ်ဆောင်ပေးခြင်းတို့သည် သွေးအတွင်း သကြားဓာတ်ပမာဏမြင့်မားမှုကို လျော့ကျစေနိုင်သည်ဟု ဂျာမနီသုတေသနပညာရှင်များက ပြောကြားသည်။

*—Ref: UPI*

## ဒီချုပ်ကျန်းမာရေးကွန်ရက် ဘားအံတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖွဲ့စည်းထားသည့် ကျန်းမာရေးကွန်ရက်မှ နိုဝင်ဘာလအတွင်း ဘားအံမြို့တွင်အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

နိုဝင်ဘာ ၃ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် အခမဲ့ဆေးကုသမှုများဆောင်ရွက်မည်ဖြစ်ပြီး သားဖွားမီးယပ်ဆရာဝန်များ၊ မျက်စိဆရာဝန်များ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များ၊ သွားနှင့်ခံတွင်းဆရာဝန်များစသည့် အထွေထွေရောဂါများအတွက်ဆေးဝါးကုသမည်ဖြစ်သည်။

"လူနာဦးရေဘယ်လောက်ရှိမလဲတော့မသိသေးဘူး။ အရင်ကသွားခဲ့တဲ့ခရီးတွေမှာ လူနာ လေးထောင်လောက်အထိ ကုသပေးခဲ့တာတွေရှိတယ်"ဟု ကျန်းမာရေးကွန်ရက်၏ ဥက္ကဋ္ဌဒေါက်တာတင်မျိုးဝင်းကပြောသည်။

ကျန်းမာရေးကွန်ရက်ကို ယခုနှစ်ဖေဖော်ဝါရီလခန့်၌စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီးရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအပါအဝင် ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်း အတွင်းရှိ မြို့နယ်များနှင့် ပြည်နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။

ထိုကွန်ရက်သည် အခမဲ့ဆေးကုသခြင်းများ၊ လူထုကျန်းမာရေးအသိပညာပေးခြင်း၊ကျောင်းကျန်းမာရေး ပညာပေးခြင်းတို့ကို ဆောင်ရွက်သွားမည့်အပြင် ဆရာဝန်များ၏ စဉ်ဆက်မပြတ်လေ့လာရေးနှင့်အရည်အသွေးမြင့်မားရေးတို့အတွက် ဆေးပညာသင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားဖွယ်ရှိသည်ဟု သိရသည်။

## အဆိပ်နှင့်တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်မည့်ဥပဒေကြမ်း ကျင်းပဆဲလွှတ်တော်တွင် ဆွေးနွေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကတင်သွင်းသည့် အဆိပ်များအက်ဥပဒေနှင့်တိုင်းရင်းဆေးဝါးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်သောအစီရင်ခံစာကို ယခုကျင်းပနေဆဲပြည်သူ့လွှတ်တော်တွင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကော်မတီ၏ အစီရင်ခံစာအပေါ် ဆွေးနွေးလိုသူမရှိပါက ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးမှ သဘောတူညီသည်ဟု သက်ရောက်သည့်အတွက် ဥပဒေကြမ်းကို ဥပဒေအဖြစ် အတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်သမ္မတလက်မှတ်ထိုးရန် သမ္မတထံပေးပို့မည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာခန့်က ပြဋ္ဌာန်းထားသည့် အဆိပ်များအက်ဥပဒေကို ယခုပြင်ဆင်သည့်ဥပဒေကြမ်းတွင်ခေတ်နှင့် လျော်ညီစေသည့်ပြစ်ဒဏ်များအစားထိုးထားခြင်းဖြစ်ကြောင်းသိရသည်။ ထို့အတူတိုင်းရင်းဆေးဝါးဥပဒေတွင်လည်း ခေတ်နှင့်လိုက်လျောညီထွေမရှိတော့သည့်စကားရပ်များနှင့် ပြစ်ဒဏ်များကို ပြင်ဆင်ထားခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်မှသတင်းရရှိသည်။

ထိုဥပဒေကြမ်းများကို ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဩဂုတ်လအတွင်းက နိုင်ငံပိုင်သတင်းစာများ၌ဖော်ပြခဲ့သည်။

ထိုဥပဒေကြမ်းများပြင်ဆင်ခြင်းအပြင် မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေ၊ ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာဥပဒေ စသည်တို့ကို ပြင်ဆင်ခဲ့ပြီးဖြစ်သည်။







Regional
7Day News Journal
Vol.12, No.34 • OCTOBER 30 , 2013

# ကလေးမြို့နယ်ရှိ လူငယ်များကြား မူးယစ်ဆေးသုံးစွဲမှုများလာဟုဆို

**ဖွဲ့မာန်**

**ရန်ကုန်၊ အောက်တိုဘာ- ၂၆**

တမူးခရိုင်၊ ကလေးမြို့နယ်ဒေသတွင်း ကျေးရွာကြီးများရှိ လူငယ်များကြားတွင် မူးယစ်ဆေးဝါးပျံ့နှံ့မှုနှုန်း မြင့်မားနေပြီး ပျမ်းမျှလူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါးသုံးစွဲနေကြပြီဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များထံမှ သတင်းရရှိသည်။

အဆိုပါ အရေအတွက်ကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ဒေသတွင်း နေထိုင်သူ လူငယ်အရေအတွက်နှင့် မူးယစ်ဆေးဝါးသုံးစွဲနေသည်ဟု စစ်ဆေးတွေ့ရှိရသောလူငယ်အရေအတွက်ကို အကြမ်းဖျင်းအချိုးချကာ တွက်ချက်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။

ကလေးနှင့် တမူးခရိုင်အတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်မှုများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ အထူးစစ်ဆင်ရေးတစ်ရပ်အနေဖြင့် စစ်ဆေးအရေးယူဆောင်ရွက်ပြီးနောက်ပိုင်း အဆိုပါမြို့နယ်အတွင်း ကျေးရွာများရှိ လူငယ်များကြား မူးယစ်ဆေးဝါးများ ယခုကဲ့သို့ ပိုမိုစိမ့်ဝင်လာခြင်းဖြစ်ကြောင်း အဆိုပါဒေသရှိကျေးရွာ အုပ်ချုပ်ရေးမှူးများက ပြောကြားသည်။

"မူးယစ်ဆေးဝါးသုံးတဲ့သူတွေအရင်ကတည်းက ရှိတာပါ။ ဒါပေမဲ့ အခုမြို့ထဲမှာ အဖမ်းအဆီးတွေ ပိုပြီးများလာတဲ့အချိန်မှာ ကျေးရွာထဲမှာ မူးယစ်ဆေးသုံးတဲ့သူတွေပိုများလာတယ်။ အရောင်းအဝယ်တွေလည်း ရဲတင်းလာတယ်။ ဒီနှစ်သီတင်းကျွတ်မှာဆိုရင် ဖြောက်အိုးတွေထဲထည့်ပြီးတောင် ရောင်းဝယ်လာတာတွေ စစ်ဆေးဖမ်းဆီးမိတယ်"ဟု ပေါက်တောကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါဒေသတွင်း ပျံ့နှံ့နေသော မူးယစ်ဆေးဝါးအများစုမှာ အိန္ဒိယနိုင်ငံနှင့် ချင်းပြည်နယ်ဘက်မှ အများဆုံးဝင်ရောက်လာခြင်းဖြစ်ပြီး မူးယစ်အထူးအဖွဲ့နှင့် သက်ဆိုင်ရာခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့တို့ ပူးပေါင်းကာ အထူးစစ်ဆင်ရေးတစ်ရပ်အနေဖြင့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးသောကြောင့် မူးယစ်ဆေးဝါးများမှာ ပျံ့နှံ့နိုင်ခြင်းမရှိတော့ဘဲ အဆိုပါဒေသတွင်းရှိ ကျေးရွာများသို့ ပျံ့နှံ့စိမ့်ဝင်သွားခြင်း ဖြစ်နိုင်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောသည်။

"အိန္ဒိယနယ်စပ်နဲ့ နီးတဲ့အတွက် အရင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေက အဲဒီဒေသမှာရှိခဲ့တယ်။ အခုနောက်ပိုင်း အဖမ်းအဆီးတွေများပြီး အဲဒီဒေသက ထွက်ပေါက်တွေအကုန်လုံးကို ပိတ်ပစ်လိုက်တော့ မူးယစ်ဆေးဝါးတွေက အဲဒီဒေသမှာရှိတဲ့ ကျေးရွာတွေထဲ စိမ့်ဝင်သွားတာဖြစ်နိုင်ပါတယ်။ အခုလည်း ကျေးရွာတွေထဲထိဆင်းပြီးဖမ်းဆီးမှုတွေလုပ်နေပါတယ်"ဟု အဆိုပါရဲအရာရှိက ပြောသည်။

ကလေးမြို့နယ်အတွင်းရှိ ပေါက်တော၊ ကမွန်းခြံ၊ အင်းတင်၊ နတ်မြောင်းအစရှိသော ကျေးရွာများတွင် မူးယစ်ဆေးဝါးများ ပိုမိုပျံ့နှံ့လျက်ရှိကာ ကျေးရွာများရှိလူငယ်၊ လူလတ်ပိုင်းအရေအတွက်၏ ၂၀ ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါးများရောင်းဝယ်သုံးစွဲနေကြပြီး အဆိုပါကျေးရွာအားလုံးမှာ လူဦးရေတစ်ထောင်ကျော်ရှိသော ရွာကြီးများဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

အဆိုပါကလေးနှင့် တမူးခရိုင်ဒေသများတွင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ်ဦးဆောင်ကာ အထူးစီမံချက်များဖြင့် ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

# ယင်းမာပင် အိမ်ခြံမြေဈေး ခုန်တက်ပြီး ဝယ်လိုအား လျော့နည်းလာ

**မျိုးမင်းဦး**

**ယင်းမာပင်၊ အောက်တိုဘာ- ၂၆**

ယင်းမာပင်မြို့အား ခရိုင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်လိုက်သည့်နောက်ပိုင်း မြင့်တက်သွားသော ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ အိမ်ခြံမြေဈေးကွက်သည် အောက်တိုဘာလကုန်ပိုင်းတွင် ရောင်းလိုအားများပြီးဝယ်လိုအားလျော့နည်းသွားကြောင်း ယင်းမာပင်မြို့ဒေသခံ အိမ်ခြံမြေရောင်းဝယ်သူများက ပြောသည်။



*ယင်းမာပင်မြို့အဝင်တွေ့ရစဉ်*

"ခရိုင်အဆင့်မြို့ သတ်မှတ်လိုက်တဲ့အချိန်မှာ ယင်းမာပင်မြို့ပေါ်က အိမ်ခြံမြေတွေ သာမကဘူး။ အနီးပတ်ဝန်းကျင်က ယာမြေတွေမှာ အရောင်းအဝယ် ပိုဖြစ်လာတယ်။ အိမ်ခြံမြေဈေးအနေနဲ့ ပြန်ကြည့်တော့ နှစ်ဆ၊ သုံးဆအထိ တက်သွားတယ်။ ခရိုင်အဆင့်ရုံးအဆောက်အအုံတွေ စီမံကိန်း မစတင်သေးတာရော မြို့ပတ်လမ်းဖောက်လုပ်မှုကလည်း လျာထားအဆင့်ပဲဆိုတော့ အိမ်ခြံမြေဝယ်ယူသူတွေက ဒီအချိန်မှာ အခြေအနေစောင့်ကြည့်နေတဲ့အနေအထား ဖြစ်နေတယ်" ဟု ယင်းမာပင်မြို့ အိမ်ခြံမြေရောင်းဝယ်သူတစ်ဦးက ပြောသည်။

ယင်းမာပင်မြို့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက "မြို့လယ်လမ်းမဘေးဆိုရင် အရင်နှစ်ကဈေးထက် နှစ်ဆတက်သွားတယ်။ ယာမြေတွေဆိုရင် အရင်နှစ်တုန်းက ကျပ် ခုနစ်သိန်းကနေ ဆယ်သိန်းကျပ်ဝန်းကျင်ရှိတဲ့မြေတွေက အခုသိန်းတစ်ရာကျော်အထိ အရောင်းအဝယ်ဖြစ်တယ်။ မြေဝယ်သူတွေ စောင့်ကြည်တဲ့အချိန်ဆိုပေမယ့် အနီးပတ်ဝန်းကျင်က ယာမြေတွေလည်းကြိုက်ရောင်းကြိုက်ဝယ်တော့ အရောင်းအဝယ် ဖြစ်လာတယ်။ မြေငှားခန့်မှန်းထားတွေတော့ ဈေးငြိမ်သွားတယ်။ ခရိုင်ရုံးအဆောက်အအုံတွေ၊ မြို့ပတ်လမ်းဖောက်လုပ်မှုတွေ ပြီးစီးတဲ့အချိန် စီမံကိန်း အနီးပတ်ဝန်းကျင်က မြေကွက်တွေ ဈေးခုန်တက်သွားနိုင်တယ်" ဟု ဆိုသည်။

ယင်းမာပင်မြို့တွင် မြို့လယ်လမ်းမကြီးဘေး ပေ ၄၀×၆၀ မြေကွက်တစ်ကွက်လျှင် ယခင်ကျပ်သိန်း ၁၀၀၊ ၁၅၀ ဝန်းကျင်ရှိပြီး ယခုကျပ်သိန်းသုံးရာကျော်၊ ယင်းမာပင်မြို့ပတ်လမ်းမဘေးပေ၄၀×၆၀မြေကွက်တစ်ကွက်လျှင်ယခင်ကျပ်ဆယ်သိန်းကျော်သာရှိခဲ့ရာမှ ယခုကျပ်သိန်း ၃၀ ဝန်းကျင်၊ မြို့ဆင်ခြေဖုံးရပ်ကွက်များတွင်ယခင်နှစ်အတွင်းကျပ် ၁၅ သိန်း၊ သိန်း ၂၀ ဝန်းကျင်မှ ယခု ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၈၀ အထိ၊ အနီးပတ်ဝန်းကျင်ယာမြေတစ်ဧကလျှင် ယခင် ကျပ် ခုနစ်သိန်းမှ ၁၀ သိန်းဝန်းကျင်ရှိခဲ့ရာမှ ယခုကျပ်သိန်း ၁၀၀ မှကျပ်သိန်း ၁၂၀ ဝန်းကျင်အထိ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရှိရသည်။

ဝါတွင်းကာလတစ်လျှောက်လုံး ခရိုင်မြို့အဆင့်တိုးမြှင့်သတ်မှတ်ပြီးချိန်တွင် အရောင်းသွက်ခဲ့သော အိမ်ခြံမြေများသည် အောက်တိုဘာလကုန် ရက်ပိုင်းအတွင်း အိမ်ခြံမြေဝယ်ယူသူ အနည်းငယ်သာရှိပြီး မြေယာ ဝယ်ယူရန် လေ့လာသူ ပိုမိုများပြားလာကြောင်း ယင်းမာပင်မြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013



ပျူမြို့ဟောင်းတစ်နေရာတွင်မြင်ရသော လုံခြုံရေးဝန်ထမ်းတစ်ဦး
ဓာတ်ပုံ- ဇော်မင်းထိုက်

# ပျူမြို့ဟောင်းကိုထိန်းသိမ်းရန် လုံခြုံရေးဝန်ထမ်းများချထား

**ဇော်မင်းထိုက်**

**ရန်ကုန်၊**
**အောက်တိုဘာ-၂၇**

ပျူမြို့ဟောင်းရှိယဉ်ကျေးမှုအမွေအနှစ်များကာကွယ်စောင့်ရှောက်ရန်နှင့် လာရောက်လည်ပတ်သူခရီးသွားများ လုံခြုံမှုရှိရန်နှင့်အကူအညီရရှိရန်တို့အတွက် လုံခြုံရေး ဝန်ထမ်းများ ဖွဲ့စည်းချထားကြောင်း ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ သတင်းရရှိသည်။

အောက်တိုဘာလဆန်းမှစ၍ သရေခေတ္တရာရှေးဟောင်းမြို့တွင် လုံခြုံရေးဝန်ထမ်း ၁၄ ဦးနှင့် ဗိဿနိုးမြို့ဟောင်းတွင် ၁၀ ဦးချထားပြီးဖြစ်ကြောင်း၊ ဟန်လင်းမြို့ဟောင်းတွင်မူ ချထားခြင်းမရှိသေးကြောင်း၊ လုံခြုံရေးဝန်ထမ်းများမှာလက်ရှိတွင်နေ့စားအဖြစ်ခန့်ထားခြင်းဖြစ်ပြီး နောက်ပိုင်းတွင် တရားဝင်လခစားများအဖြစ်ခန့်အပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"လုံခြုံရေး ဝန်ထမ်းတွေကို လက်နက်ကိုင်ဆောင်ခွင့် ပေးမထားပါဘူး။ နောက်ထပ်ခန့်ဖို့ကတော့ဌာနကပဲအခြေအနေပေါ်မူတည်ပြီး ရာထူးအဆင့်ဆင့်တက်သွားနိုင်တယ်"ဟု ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပျူမြို့ဟောင်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုံခြုံရေးဝန်ထမ်းတစ်ဦးက "အောက်တိုဘာ ၁၁ ရက်နေ့ကစပြီး သင်တန်းတက်ရတယ်။ ၁၀ ရက်ကြာတယ်။ ဘွဲ့ရလူငယ်တွေများတယ်။ အရမ်းအသက်ကြီးတဲ့သူတွေကိုတော့မခန့်ဘူး။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကိုစောင့်ရှောက်ကာကွယ်ရမှာကို စိတ်ပါဝင်စားလို့ ဝင်လုပ်တာပါ"ဟုဆိုသည်။

ပြည်မြို့အနီးရှိ သရေခေတ္တရာမြို့ဟောင်းတွင် ပျူမြို့ဟောင်းထိန်းသိမ်းကာကွယ်ရေးလုံခြုံရေးဝန်ထမ်းများအပြင်သရေခေတ္တရာပြတိုက်အနီး မော်ဇာရဲကင်းနှင့် မြို့ဟောင်းဇုန်အတွင်း အောင်မြင်ဗာဟုဘုရားအနီးတွင် လုံခြုံရေးရဲကင်းများထားရှိကြောင်းသတင်းရရှိသည်။

# ဟုမ္မလင်းမြို့နယ်တွင် ၈၈ မျိုးဆက် ကျောင်းသားများ စာပေဟောပြောမည်

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ-၂၈**

ဟုမ္မလင်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ကြီးမှူး၍ ဟုမ္မလင်းမြို့ပေါ်နှင့် ကျေးရွာများတွင် ၈၈ မျိုးဆက်သစ်ကျောင်းသားများ၏ စာပေဟောပြောပွဲအခမ်းအနားများကို နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သတင်းရရှိသည်။

"ဟုမ္မလင်းမြို့နယ်အတွင်း ၈၈ မျိုးဆက်သစ်ကျောင်းသားများရဲ့ စာပေဟောပြောပွဲ အခမ်းအနားကိုဂျင်မီ၊ ကိုမင်းကိုနိုင်နဲ့အတူ စာရေးဆရာ ညီမင်းညိုတို့ ဟောပြောမှာဖြစ်ပါတယ်"ဟု ဟုမ္မလင်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးမှ အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဟောပြောပွဲများကိုနိုဝင်ဘာ ၂ ရက်တွင် နမ့်တောရွာ၊ နိုဝင်ဘာ ၃ ရက်တွင် ရွှေတွင်းရွာ၊ နိုဝင်ဘာ ၄ ရက်တွင် ထိန်ကုန်းရွာ၊ နိုဝင်ဘာ ၅ ရက်တွင် ပင်ခုတ်ရွာနှင့် နောင်ပိုအောင်ရွာ၊ နိုဝင်ဘာ ၆ ရက်တွင် ဖောင်းပြင်မြို့၊ နိုဝင်ဘာ ၈ ရက်တွင် ဟုမ္မလင်းမြို့တို့၌ အသီးသီး ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# e-Government အထောက်အကူပြု ဌာနဆိုင်ရာဝန်ထမ်းများအား အင်တာနက်အီးမေးလ်အခမဲ့ သင်ကြား

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ-၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ပူးပေါင်းဖွင့်လှစ်သည့်e-Government အထောက်အကူပြုဌာနဆိုင်ရာဝန်ထမ်းများအား အင်တာနက်အီးမေးလ် အခမဲ့သင်တန်းကို အောက်တိုဘာ ၂၆ ရက်မှ စတင်ကာ စစ်ကိုင်းတိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းနှင့်ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၌ ဖွင့်လှစ်ခဲ့သည်။

One More
၂၀၁၃ ၊ စက်တင်ဘာလ

၁၄,၀၀၀ ဦး
၁၄,၀၀၀,၀၀၀ ကျပ်

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ တောင်ရှေ့ကျေးရွာအုပ်စု၊ မန့်ဒုံကျေးရွာအနီးရှိ ပန်းပျိုးလက် ပရဟိတဂေဟာသို့ ကျပ်သိန်း (၂၀)။
၂။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဂျမိုင်ကောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံ မိဿဟာယမျက်မမြင်ကျောင်းသို့ ကျပ် (၁၀) သိန်း။
၃။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင်းရှိ နေရဥ္စရာ မြစ်ရေကြီးမှုကြောင့် ရေဘေးဒုက္ခကြုံခဲ့ကြသူများသို့ ကျပ် (၂၅) သိန်း။
၄။ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ရွာလုံးကျွတ်ရွှေ့ပြောင်းရသော ရှစ်အိမ်တန်းကျေးရွာသို့ ကျပ် (၂၅) သိန်း။
၅။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်ရှိ အုတ်ရစ်ကုန်းကျေးရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ကျပ်သိန်း (၂၀)။
၆။ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့ရှိ ရွှေကျင်ဂျားကျောင်း ဘုန်းတော်ကြီး သင်ပညာရေးကျောင်းသို့ ကျပ်သိန်း (၂၀)။
၇။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်။ သန်ဒင်းရပ်ကွက်ရှိ ရွှေရတနာ သီလရှင်သင်ပညာရေးကျောင်းသို့ ကျပ်သိန်း (၂၀)။

One More သို့ ဆက်သွယ်လိုပါက ၀၉ ၇၃၀ ၉၆၆၇၂၊ ၀၉ ၄၂၀ ၀၂၄၈၄၃၊ ၀၉ ၅၀၇၉၆၇၈

COMING SOON!!! မကြာမီ ကျင်းပမည်

AGRI LIVESTOCK '13
MYANMAR INTERNATIONAL AGRICULTURE, FEED & LIVESTOCK SHOW
2 - 4 DECEMBER 2013
TATMADAW HALL, YANGON
MYANMAR

မြန်မာ့ အကြီးအကျယ်အခမ်းနားဆုံး
စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲကြီး

MYANMAR'S BIGGEST INTERNATIONAL AGRICULTURE, GRAINS, FEED & LIVESTOCK PRODUCTION EXHIBITION

Tatmadaw Hall, Yangon
2-4 December 2013

Opening Hours :
9.00am - 5.00pm

www.ambexpo.com

Organised by:
AMB EVENTS GROUP
AMB EVENTS REP. OFFICE
Tel: 01-254765
Mobile: 09420701651
may@ambexpo.com

MBC
YGN :09 256037466 , 09 8650711 , 01 534773 , 01 525994 .
MDY : 09 5118861 , 09 444010994 , 09 450022930 .
NPT :09 401643360, 09 2150398.

Mini Point Of Sale System
Special Offer သီတင်းကျွတ်ကာလအထူးအစီအစဉ်
လူကြီးမင်းတို့၏လုပ်ငန်းတွင် နေ့စဉ် တိကျမှန်ကန်သောစာရင်းများအားလုံးကို လွယ်ကူလျှင်မြန်စွာ ထုတ်ပေးနိုင်သော Mini POS (Point of Sale) System
မြန်မာ | English
အထူးအားသာချက်များ.....
- ကုန်ပစ္စည်းလက်ကျန်မှန်မမှန်ချက်ချင်းသိရှိနိုင်ခြင်း ။
- နေ့စဉ် ၊အပတ်စဉ် ၊လစဉ် အရောင်းအဝယ်စာရင်းများကိုလိုသလိုထုတ်ယူနိုင်ခြင်း ။
- ပစ္စည်းအုပ်စုအလိုက် ၊တစ်ခုချင်းစီအလိုက်အရှုံးအမြတ်ကိုနေ့စဉ်သိရှိနိုင်ခြင်း ။



Price 300,000 Ks
NOVEMBER လကုန်အထိသာ
Check in Online : http://www.mbccentre.com

ဝန်ထမ်းအလိုရှိသည်
အင်တာနက်ဂျာနယ်အတွက် အောက်ဖော်ပြပါ ဝန်ထမ်း အလိုရှိသည်။
❖ ဘာသာပြန် ကျား / မ (၁) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနိုင်ရမည်။
- နည်းပညာပိုင်းဆိုင်ရာနှင့် ကျွမ်းဝင်သူဖြစ်ရမည်။
- အသက်(၃၀)နှစ်အောက် ဖြစ်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ တို့နှင့်အတူ (15.11.2013) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဒိုင်းမွန်းကွန်ဒို (E)၊ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊
(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၁၂၈၈၇

7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013



# နားလည်မှုဖြင့် နယ်စပ်ဖြတ်ကျော် သွားလာနေကြသည့် နယ်စပ်ဂိတ်များ ပိတ်ထား

**မောင်ကံ**

**မောင်တော၊ အောက်တိုဘာ- ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မောင်တောမြို့နယ်မြောက်ပိုင်းနှင့် တောင်ပြိုလက်ဝဲမြို့နယ်ခွဲရှိ နားလည်မှုဖြင့် နယ်စပ်ဖြတ်ကျော် သွားလာနေကြသည့်နယ်စပ်ဂိတ်များပိတ်ထားကြောင်း သတင်းရရှိသည်။

"မောင်တောမြို့နယ်မြောက်ပိုင်းကျေးရွာတွေမှာ ဓားပြမှုတွေ မကြာခဏ ဖြစ်ပွားခဲ့တဲ့ အချိန်ကစပြီးပိတ်ထားတာဖြစ်ပါတယ်။ လူဝင်၊ လူထွက်ကိုလုံးဝ တားထားတဲ့သဘောပါ။ အရင်တုန်းကတော့ နားလည်မှုနဲ့ တစ်ဖက်နဲ့တစ်ဖက် နယ်စပ်ဖြတ်ကျော်သွားလာမှုတွေရှိခဲ့ပါတယ်။ ပြီးတော့ ရန်ကုန်နဲ့ဒေသအချို့မှာ ဗုံးပေါက်ကွဲမှုတွေဖြစ်ခဲ့တာကြောင့် ပိုပြီး တင်းတင်းကျပ်ကျပ် ပိတ်ထားတာဖြစ်ပါတယ်" ဟု ငါးခူရ ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်သို့ နယ်စပ်ဖြတ်ကျော်သွားလာရန် လွယ်ကူသည့်မောင်တောနတ်မြစ်ကမ်းချောင်းပေါက်များတွင် ရဲတပ်ရင်း ကင်းစခန်းများကိုချထားပြီး အဆိုပါကင်းစခန်းများတွင် နိုင်ငံခြားသားများတရားမဝင် ဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့(မကဖ) ဝန်ထမ်းနှစ်ဦးကိုလည်း ပူးတွဲ တာဝန်ချထားကြောင်း သိရသည်။

လာမည့် ဒီဇင်ဘာလတွင် ကျင်းပမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း လူဝင်၊ လူထွက်ကိစ္စရပ်များရှုပ်ထွေးလာနိုင်ကြောင်း သိရသည်။

ယင်းသို့နားလည်မှုဖြင့် သွားလာနေကြသည့် နယ်စပ်ဂိတ်များကို ပိတ်ထားသော်လည်း နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်သွားလာရန် တရားဝင်ခွင့်ပြုထားသည့်မောင်တောမြို့၊ အမှတ်(၁)အဝင်/အထွက်စခန်းမှ နယ်စပ်ဖြတ်ကျော်သွားလာမှုမှာ ပုံမှန်အတိုင်း ရှိနေကြောင်း မောင်တောမြို့ခံတစ်ဦးက ပြောသည်။

# တန်ဆောင်မုန်းလပြည့်နေ့တွင် ဖိုလ်ဝင်တောင် ဘုရားပွဲတော်ကျင်းပမည်



*ဖိုလ်ဝင်တောင် နယ်မြေ အဝင်မုခ်ဦးကို တွေ့ရစဉ်* ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၂၆**

ဖိုလ်ဝင်တောင်ရှေးဟောင်းယဉ်ကျေးမှုဒေသဗုဒ္ဓပူဇနိယပွဲတော်ကို လာမည့် နိုဝင်ဘာ ၉ ရက်မှ ၁၇ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း ဖိုလ်ဝင်တောင်ရှေးဟောင်းယဉ်ကျေးမှုဒေသဂေါပကအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

"ဖိုလ်ဝင်တောင်ဘုရားပွဲလို့ဆိုပေမယ့် ဖိုလ်ဝင်ရှင်မရိုးရာနတ်ပူဇော်ပွဲလည်းဖြစ်ပါတယ်။ ဒီဒေသက တောင်သူတွေကဖိုလ်ဝင်ရှင်မရိုးရာနတ်ကို တန်ဆောင်မုန်းလဆန်း ၁၃ ရက်ကစပြီး လှည်းဝိုင်းကြီးတွေနဲ့ လာရောက်ပူဇော်ပသကြတယ်။ ကျေးရွာအလိုက်ပေါင်းမိုးလှည်းဝိုင်းကြီးတွေ ဝိုင်းဖွဲ့ပြီး လာသမျှသံဃာတော်တွေကိုဆွမ်းဆက်ကပ်တယ်။ လာတဲ့ဧည့်သည်တွေကို ကျွေးကြမွေးကြတယ်။ ညပိုင်းဆိုရင် ဝိုင်းဖွဲ့ပြီးဆိုကြ၊ တီးကြ၊ ပျော်ကြပါးကြတယ်။ မိရိုးဖလာအညာခလေ့နွားလှည်းဝိုင်းကြီးတွေကိုဒီပွဲတော်မှာတွေ့နိုင်သေးတယ်" ဟု ဖိုလ်ဝင်တောင်ရှေးဟောင်းယဉ်ကျေးမှုဒေသဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။ ဖိုလ်ဝင်တောင် ဘုရားပွဲတော်ကာလအတွင်း ဖိုလ်ဝင်တောင်ရိုးတစ်လျှောက်နေထိုင်ကျက်စားသည့် မျောက်များလုံးဝ ပျောက်ကွယ်သွားသဖြင့် ဖိုလ်ဝင်ရှင်မရိုးရာနတ်က မျောက်များအားဖွက်ထားသည်ဟု ခေတ်အဆက်ဆက် အယူအဆများ ရှိခဲ့သည်။ အဆိုပါ ဘုရားပွဲတော်ကို ယင်းမာပင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်အတွင်း ဆရာတော်ကြီးများ သြဝါဒခံယူ၍ ကျင်းပခြင်းဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့နံနက်ပိုင်းတွင်မြို့နယ်သုံးမြို့နယ်အတွင်း ပင့်သံဃာ အပါး တစ်ရာကျော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

# သဘာဝမှိုများ မုံရွာဈေးကွက်သို့ အဝင်များ

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၂၇**

မုံရွာခရိုင်နှင့် ယင်းမာပင် ခရိုင်အတွင်း အလေ့ကျသဘာဝအတိုင်း ပေါက်ရောက်သော မှိုများမုံရွာဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကြောင်း မုံရွာမြို့မှ ကုန်စိမ်းရောင်းဝယ်သူများက ပြောသည်။

"မှိုက သုံးပွင့် တစ်စည်း စည်းထားတယ်။ အငုံလေးတွေဆိုလျှင် တစ်ထောင်ဖိုး ငါးစည်း၊ ခြောက်စည်း ရောင်းတယ်။ မှိုအပွင့်ဆိုလျှင် တစ်ထောင်ဖိုးကို ခြောက်စည်းကနေ ခုနစ်စည်းအထိ ရောင်းတယ်။ အချိန်နဲ့ ရောင်းတဲ့သူတော့ ရှိတယ်။ နည်းတာပေါ့။ တစ်ပိဿာကို ငါးထောင်ဝန်းကျင်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်။ အခုရောင်းတဲ့ မှိုတွေက ယင်းမာပင်မြို့နယ်ဖိုလ်ဝင်တောင်တန်းကနေ လာရောင်းတာပါ" ဟု ဖိုလ်ဝင်တောင် ဒေသခံ မှိုရောင်းချသူတစ်ဦးက ပြောသည်။

ဘုတလင်မြို့နယ်မှ မုံရွာဈေးကွက်သို့ လာရောက်ရောင်းချသည့် မှိုရောင်းချသူ တစ်ဦးက "ဒီမှိုက ရာသီစာပါ။ အများဆုံးကတော်သလင်း လကုန်ကနေ သီတင်းကျွတ် အထိ ပေါက်လေ့ရှိတယ်။ မှိုကျင်းတွေကို ညအချိန် မှိုရှာပြီး နံနက်ခင်း မုံရွာဈေးကွက်ကို တက်ရောင်းတာပါ။ ဒီဒေသမှာ ပေါက်တဲ့မှိုမျိုးတွေက မှိုဖြူ၊ မှိုအုန်းနက်၊ ငှက်စွေ၊ မှိုကြက်တောင် စတဲ့ မှိုတွေကို ရောင်းကြတယ်"ဟု ဆိုသည်။ မုံရွာမြို့နယ်၊ အရာတော်မြို့နယ်တို့တွင်လည်း ညအချိန် သဘာဝမှိုရှာဖွေသူများဖြင့် စည်ကားလျက်ရှိပြီး ဒေသတွင်း စားသုံးရန် သာမက ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ကြောင်း မုံရွာမြို့ပေါ်ရှိ မှိုရောင်းချသူများက ပြောသည်။ သဘာဝမှိုတစ်ပိဿာလျှင် ကျပ်သုံးထောင်မှ ငါးထောင်ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

NetzAuto
Service Center
BETTER AUTO LIFE
ဂျပန်နိုင်ငံမှအဆင့်မြင့်နည်းပညာနှင့်အရည်အသွေးမြင့်ဝန်ဆောင်မှုကိုကျွမ်းကျင်ဝန်ထမ်းများကမိမိကိုယ်ပိုင်ကားကဲ့သို့သဘောထားပြီးတိကျမှန်ကန်စွာဖြင့်ဆောင်ရွက်ပေးနေပါသည်။
နိုဝင်ဘာလအထူး Promotion အစီအစဉ်အနေဖြင့်
၁.အင်ဂျင်ဝိုင်/Filter အသစ်လဲလှယ်ခြင်းအတွက် ဝန်ဆောင်မှုလက်ခ **(အခမဲ့)**
၂.ကားတစ်စီးလုံးစက်ပေါလစ်တိုက်ခြင်းအတွက် ကားရေဆေးခြင်း (၃) ကြိမ် **(အခမဲ့)**
၃.ကားတစ်စီးလုံးအားကွန်ပျူတာဖြင့်စစ်ဆေးခြင်းအတွက် **၂၀% Discount**
ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
အမှတ်(၄၇၈/၄၇၉)၊သံသုမာလမ်းမကြီးဘေး၊အောင်သုခလမ်းကြီးပွားရေးရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉ ၃၁၁၃၃၄၉၅ ၊ ၀၁ ၅၆၄၂၆၆ (နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ၊ ပိတ်ရက်မရှိ)



ဗုဒ္ဓ မဓမ္မ သံဃ
နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၂) ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) - ၉ သိန်း၊ (စရိတ်ငြိမ်း)
(၁၅) ရက်ခရီး-(သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ+တပ်ချ်မဟာ) -၁၀သိန်း (စရိတ်ငြိမ်း)
(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
ဗုဒ္ဓဂယာ တွင် ဘုရားဖူးများ မဟာဗောဓိစေတီသို့ အချိန်မရွေးသွားရောက်ဖူးမြော်နိုင်ရန်အတွက် ၂ မိနစ်ခန့် လမ်းလျှောက်လျှင်ရောက်သော Hotel တွင် တည်းခိုနိုင်ရန် စီစဉ်ထားရှိပါသည်။
သီရိလင်္ကာ + ဘန်ကောက် (၇) ရက် – (၁၂.၅) သိန်း (Nov-15) ထွက်မည်။
ဘန်ကောက် + ကမ္ဘောဒီးယား (၆) ရက်ခရီး – ၉.၅ သိန်း၊ ဘန်ကောက် (၆) ရက်ခရီး – ၇ သိန်း
အောက်တိုဘာလမှမေလဆန်းအထိပို့ဆောင်ပေးနေပါသည်။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ဒုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။
၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊၀၉-၄၀၁ ၇၄၄၄၀၄ ၊ ၀၉-၄၂၈ ၂၁၇၂၅၁

OPEN NEXT MONTH! နောက်လ တွင်ကျင်းပမည်။
MYANENERGY'13
INTERNATIONAL POWER & ELECTRICAL ENGINEERING SHOW
26-28 NOVEMBER 2013 • TATMADAW HALL • YANGON, MYANMAR
မြန်မာ့ အကြီးကျယ်ဆုံး နိုင်ငံတကာ စွမ်းအင်လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းများ ဆိုင်ရာ နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
MYANMAR'S BIGGEST INT'L POWER & ELECTRICAL ENGINEERING SHOW
TATMADAW HALL, YANGON
26-28 NOV 2013
Opening Hours
09.00am - 17.00pm
Co-located with:
MYANMAR INFRASTRUCTURE '13
Organised by:
AMB EVENTS GROUP
AMB EVENTS REP. OFFICE
Tel: 01-254765
Mobile: 0973183148
saung@ambexpo.com

7Day NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

စာမျက်နှာ ၃ မှ

## ဂျပန်ကားနှင့် အနောက်တိုင်းကားများ၏ အားစမ်းပွဲ

ဖြင့် စတင်လုပ်ကိုင်ခွင့်များ ရရှိထားပြီဖြစ်သည်။

သို့ရာတွင် ပြည်တွင်းမှ အင်အားကြီးကုမ္ပဏီများ ဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်၊ ထူးထရေဒင်း၊ မက်စ်မြန်မာစသော ကုမ္ပဏီများမှာ အမေရိကန် အစိုးရ၏ အရေးယူ ပိတ်ဆို့ခံထားရသောကြောင့် ကိုယ်စားလှယ်အဖြစ် လက်ဦးမှုမရယူနိုင်ခဲ့ပေ။

အဆိုပါ ကားအရောင်းပြခန်းများ ပြည်တွင်း၌ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် အများစုက အမည်ပြောင်း လျှောက်ထားပြီး မူလကုမ္ပဏီ နာမည်ကို အသုံးပြုမှုနည်းပါးကြောင်း ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဆင့်က ပြောကြားသည်။

“တချို့ကုမ္ပဏီတွေက တိုက်ရိုက်ကိုယ်စားလှယ်ရတာမဟုတ်ဘူး။ ကြားမှာ နိုင်ငံ တစ်နိုင်ငံရှိတယ်။ အဲဒီနိုင်ငံက တစ်ဆင့် ကိုယ်စားလှယ်ပြန်ရတာ” ဟု ၎င်းက ပြောသည်။

ထို့ကြောင့် ကမ္ဘာကျော်ကားကုမ္ပဏီများမှာ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာပြီး ကားဈေးကွက်တွင် နေရာ အရင်ဦးထားခြင်းသာဖြစ်နိုင်ကာ ဈေးကွက်ဝေစုရရန်မှာ ဆက်လက်ယှဉ်ပြိုင်ရဦးမည်ဖြစ်ကြောင်း ကားအရောင်းပြခန်းပိုင်ရှင်အချို့က ဆိုသည်။

“သူတို့က ဒီမှာ နေရာလာဦးထားရုံပဲရှိတာ။ ဈေးကွက်ကိုတော့ ဝင်လုကြရမှာ” ဟု လဝန်းကမ္ဘာကားအရောင်းပြခန်းမှ အရောင်းမန်နေဂျာကပြောသည်။

အစိုးရသစ်လက်ထက် တွင် မကြာခဏ ပြောင်းလဲနေသည့် ကားတင်သွင်းမှု မူဝါဒများကြောင့် ပြည်ပမှလာရောက်ဖွင့်လှစ်မည့် ကားကုမ္ပဏီကြီးများနှင့် ယှဉ်ပြိုင်ရန် ပြည်တွင်းကားအရောင်းပြခန်းများအင်အားနည်းနေသည်ဟု ကားအရောင်းပြခန်းပိုင်ရှင်များက ပြောသည်။

ရန်ကုန်တွင် မြေဈေးကြီးမှု၊ ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတမှု၊ ယာဉ်အိုယာဉ်ဟောင်းအပ်သော ကားရှားပါးလာမှု၊ ကားအရောင်းပြခန်း အရေအတွက်များပြားလာမှု၊ တင်သွင်းလာသည့် ယာဉ်များအပေါ် အခွန်ကောက်ခံမှု များပြားနေမှုတို့ကြောင့် ပြည်တွင်း ကားပြခန်းအများစု ရေရှည်တွင်ဆုံးရှုံးမှုများနေကြောင်း မော်တော်ယာဉ်တင်သွင်း ထုတ်လုပ်ရောင်းချဖြန့်ဖြူးသူများအသင်းမှ အသင်းဝင် ဦးအောင်နိုင်စိုးက ပြောကြားသည်။

“ပြည်တွင်းမှာ သွင်းလာတဲ့ ကားကများနေပြီး ဝယ်မယ့်သူပဲ မျှော်နေရတာ” ဟု ပြည်တွင်းကားလုပ်ငန်းများ၏ လက်ရှိ အခြေအနေကို ပြောသည်။

ထို့ကြောင့် အရေအတွက်များပြီး အလုပ်မဖြစ်သေးသည့် ပြည်တွင်း ကားဈေးကွက်တွင် ကမ္ဘာကျော်ကား ကုမ္ပဏီကြီး များ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာမှုကို လက်ပိုက်ကြည့်ရှုနေရဆဲဖြစ်သည်။

သို့သော်နိုင်ငံလူထုမှာ အရိုးစွဲနေသည့် ဂျပန်ကားအစွဲအလမ်းကြောင့် ဂျပန်ကားအများစုသည် ပြည်တွင်းမှ အရောင်းပြခန်းများ၊ ပွဲစားတန်းများတွင် ဇာတ်လိုက်ဖြစ်နေဆဲဖြစ်သည်။ ကမ္ဘာကျော်ကားများထက်ဈေးနှုန်းသက်သာပြီး များစွာအဆင်ပြေသဖြင့် ဝယ်ယူသူက ပုံမှန်ထက် လျော့နည်းသွားမည် မဟုတ်ကြောင်း မော်တော်ယာဉ် ရောင်းဝယ်သူများအသင်းမှ ပြန်ကြားရေးတာဝန်ခံ ဦးမင်းဦးက ပြောသည်။

“ဂျပန်ကားတွေက မြန်မာပြည်နဲ့ မစိမ်းဘူး။ ရောင်းပန်းလှတုန်းပဲ”ဟု ၎င်းက ပြောသည်။

ယခုဆိုလျှင် ရန်ကုန်အပါအဝင် မြို့ကြီးအချို့တွင် ပါမစ်မလိုဘဲ တင်သွင်းနိုင်သည့် ပရိုဘောက်စ်၊ ဟွန်ဒါဖစ်၊ အေဒီဗန်၊ နစ်ဆန်း၊ ပက်ဆိုဒန်မီယိုကား၏ အရောင်းအဝယ်မှာ ပမာဏအများဆုံးဖြစ်နေကြောင်း ကားဈေးကွက်နှင့်ပတ်သက်၍ ဦးမင်းဦးက သုံးသပ်ပြောကြားသည်။

ထို့ကြောင့် ဂျပန်ကားဈေးကွက်၏ လွန်ဆွဲမှုများ အလွန်ကမ္ဘာကျော်ထိပ်သီးကားကုမ္ပဏီများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် အစိုးရက မျှတသော စီမံခန့်ခွဲမှုအချို့ကို ပြုလုပ်ပေးနေကြောင်း မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်အိုယာဉ်ဟောင်းစနစ်ဖြင့် တင်သွင်းလာသည့် ကားအစီးရေ ၁၀၀ ကျော်ကို အရောင်းပြခန်းများ၌ ရောင်းချနိုင်ပါက ၂၀၀၈ မော်ဒယ်အထက် ကားများကို တင်သွင်းခွင့်ပေးမည်ဖြစ်ကြောင်း အစိုးရက လုပ်ငန်းရှင်များအား အခွင့်အရေး ပေးခဲ့သည်။

ထို့အပြင် ၂၀၁၄ ခုနှစ်တွင် Brand Newကားများ ရောင်းချခွင့်ပြုရန် စီစဉ်နေပြီဖြစ်ကြောင်းလည်းသတင်းရရှိသည်။

ထို့ကြောင့် ပြည်တွင်းမှ ကားအရောင်းပြခန်းနှင့် ပြည်ပမှ ကားကုမ္ပဏီတို့အကြား ဈေးကွက်ပြိုင်ဆိုင်မှုတွင်အစိုးရ၏ မူဝါဒများ က အသက်ဖြစ်သည်ဟု ပြည်တွင်း မှ ကားလုပ်ငန်းရှင်များကဆိုသည်။

လက်ရှိ နိုင်ငံခြားကားကုမ္ပဏီအများစုမှာ အရောင်းပြခန်း မဖွင့်လှစ်မီကြိုတင်မှာယူရောင်းချမှုများ၊ မူရင်းစက်ရုံမှ ထုတ်သည့် ကားများကို စာရင်းပေး မှာယူရောင်းချပေးခြင်းများ ပြုလုပ်၍ ပြည်တွင်းဈေးကွက်ဝေစုကိုစတင်ရယူနေပြီဖြစ်သည်။

“စီးပွားကူးသန်းက မီနီအရောင်းပြခန်းအနေနဲ့ပဲ လတ်တလောဖွင့်ခွင့်ပေးထားတာ” ဟု မာစီးဒီးဘင့်ဇ်ကားကုမ္ပဏီကိုယ်စားလှယ်ရရှိသူ IBTC မှဦးအောင်မိုးကျော်ကပြောသည်။ မြန်မာနိုင်ငံ၌ ကားအသစ်စက်စက်ကို အရောင်းပြခန်းတွင် သီးသန့်ရောင်းချခွင့် မပြုသေးဘဲ မီနီအရောင်းပြခန်းအဖြစ်သာ ခွင့်ပြုပေးထားနိုင်ခဲ့သည်။ ယခုနှစ်ကုန်မှသာ ကားအရောင်းပြခန်း ဖွင့်လှစ်ခွင့်ပေးအပ်မည်ဖြစ် သည်။

ထို့ကြောင့် ပြည်တွင်း၌ နေရာရယူထားပြီး ဖြစ်သည့် ဂျပန်ကားအများစုနှင့် ကမ္ဘာ့ထိပ်သီးကားကုမ္ပဏီတို့၏ အားစမ်းပွဲကို ၂၀၁၃ ခုနှစ်အကုန် ၂၀၁၄ ခုနှစ်တွင် အစိုးရက တာလွှတ်ပေးတော့မည်ဖြစ်သည်။

## ရမ်းဗြဲရှိ လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ပိတ်ပင်ခံရ

**မောင်ကံ**

**ရမ်းဗြဲ၊ အောက်တိုဘာ-၂၇**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့တွင် အောက်တိုဘာ ၂၅ ရက်က ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ စီစဉ်ကျင်းပသည့် လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ပုဒ်မ ၁၄၄ထုတ်ထားသည့်အတွက် သင်တန်းမဖွင့်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးက ပိတ်ပင်လိုက်ကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၂၅ရက်မှ စတင်ကာခြောက်ရက်ကြာ ကျင်းပမည့် လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးသို့ အသိပေးပြီးမှပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းပထမနေ့အပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်မပြုလုပ်ရန် ခေါ်ယူတားမြစ်လိုက်ခြင်းဖြစ်ကြောင်း သင်တန်းစီစဉ်သူတစ်ဦးက ပြောသည်။

ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှာ ရခိုင်ပြည်နယ်အတွင်း လူမှုကူညီရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုလည်း ရခိုင်ပြည်နယ်အတွင်းပုဒ်မ ၁၄၄ထုတ်ပြန်ထားသည့် စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူမြို့နယ်များ၌ ကျင်းပပြုလုပ်ပြီးဖြစ်သည်။


## အ.ထ.က(၂)ဒဂုံ(မြို့မ)ကျောင်းသား/သူဟောင်းများ မိတ်ဆုံညစာ စားပွဲ

အ. ထ. က(၂)ဒဂုံ(မြို့မ)ကျောင်းသား/သူဟောင်းများ၏ မိတ်ဆုံညစာ စားပွဲအား ၈. ၁၁. ၂၀၁၃(သောကြာနေ့)ညနေ၅နာရီမှစ၍ အ. ထ. က(၂)ဒဂုံကျောင်းဝင်း အတွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိတ်ဆုံစားပွဲ လက်မှတ်များကို အောက်ပါကျောင်းသား၊ ကျောင်းသူဟောင်းများထံတွင်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ရရှိသောရန်ပုံငွေများအား(၂၅)ကြိမ်မြောက်ငွေရတုအာစရိယပူဇော်ပွဲနှင့် သက်ကြီးဆရာ၊ ဆရာမများစောင့်ရှောက်မှုရန်ပုံငွေအတွက် လှူဒါန်းပါမည်။

| | | | |
|---|---|---|---|
| ကိုအောင်မိုးသိန်း(၁၉၇၉) | ၀၉-၅၀၇၀၃၄၂ | မဆွေမျိုးမြင့်(၁၉၈၀) | ၀၉-၅၇၇၄၀၉ |
| မစာဆို(၁၉၈၄) | ၀၉-၅၀၈၇၀၄၄ | မစပါယ်(၁၉၈၅) | ၀၁-၂၂၄၇၄၄ |
| မနေဇာဇော်လွင်(၁၉၈၅) | ၀၉-၅၄၀၁၃၄၃ | မသန္တာစိုး(၁၉၈၅) | ၀၉-၅၁၃၂၂၀၂ |
| ကိုသီဟလွင်(၁၉၈၅) | ၀၉-၅၁၅၃၂၈၀ | မခင်မိုးလွင်(၁၉၈၆) | ၀၉-၅၁၅၈၃၅၂ |
| ကိုဝင်းအောင်(၁၉၈၇) | ၀၉-၇၃၀၉၀၁၂၅ | မမြမြကြွယ်(၁၉၈၈) | ၀၉-၅၁၅၄၈၂၆ |
| ကိုဇညား(၁၉၉၀) | ၀၉-၄၃၁၃၀၇၇၈ | ကိုအောင်လင်းမြင့်(၁၉၉၃) | ၀၉-၅၁၈၉၁၃၂ |
| ကိုစိန်မင်း(၁၉၉၄) | ၀၉-၇၃၀၇၇၃၀၇ | ကိုဝါဆို(၁၉၉၄) | ၀၉-၇၃၀၄၀၃၅၄ |
| ကိုစိုင်းနေမျိုးဝမ်း(၁၉၉၆) | ၀၉-၈၆၁၃၂၁၇ | ကိုကျော်မင်းဟန်(၁၉၉၉) | ၀၉-၇၃၁၆၀၉၃၆ |
| ကိုတင်မောင်မောင်ထွန်း(၂၀၀၀) | ၀၉-၅၀၅၆၉၉၈ | မခင်ဝတ်ရည်ဦး(၂၀၀၂) | ၀၉-၇၃၀၀၅၇၃၃ |
| ကိုဝေဖြိုး(၂၀၀၆) | ၀၉-၅၁၈၈၇၁၇ | မယုမွန်မြင့်(၂၀၀၇) | ၀၁-၃၈၃၇၃၇ |
| မဖြိုးသန္တာအောင်(၂၀၀၈) | ၀၉-၅၀၈၅၇၈၈ | မကြည်ဖြူ(၂၀၀၉) | ၀၉-၇၃၁၂၂၇၉၄ |
| ကိုရဲသီဟမင်း(၂၀၁၂) | ၀၉-၄၂၀၀၁၂၇၂၈ | ကိုဟန်သီဟ(၂၀၁၃) | ၀၉-၃၁၁၂၀၁၅၂ |
| ကိုမင်းရန်ပိုင်ဟိန်း(၂၀၁၃) | ၀၉-၄၅၀၀၃၈၃၅၁ | | |



## အလုပ်သင်ဘာသာပြန်အလိုရှိသည်

ဆက်သွယ်ရန်လိပ်စာ-တိုက်(၁၄)၊ အခန်း(၁၀)၊ နှင်းဆီလမ်း၊ တာမွေ။
Ph- 01 299596, 09 73132513.

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အင်္ဂလိပ်စာ စိတ်ပါဝင်စားသူဖြစ်ရမည်။
- ဘာသာပြန်ဘာသာရပ်ကိုသင်ကြားလေ့ကျင့်ပေးမည်။
- မိမိအရည်အချင်းပေါ်တွင်မူတည်၍ အကျိုးခံစားခွင့်ရှိသည်။

စိတ်ပါဝင်စားသူများသည် အထက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်း၍ CV အပြည့်အစုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။



## ဝန်ထမ်းအလိုရှိသည်

❖ **စက်ဆရာ (4 Unit)** ကျား (၂) ဦး

- 4-Unit ပုံနှိပ်စက်ကျွမ်းကျင်စွာရိုက်နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိရမည်။
- ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။
- ညပိုင်းအလုပ်ဆင်းနိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံပေါ်မူတည်ပြီး လစာ ညှိနှိုင်းပေးပါမည်။


လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ ရပ်ကွက် ထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထား မိတ္တူတို့နှင့်အတူ (၁၅.၁၁.၁၃) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

7Day Dailyသတင်းစာ
ဒိုင်းမွန်းကွန်ဒို (E)၊ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊
(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

**Education**

7 DAY NEWS JOURNAL

Vol.12, No.34 • OCTOBER 30 , 2013



ဒေါ်အောင်ဆန်းစုကြည် ဥရောပခရီးစဉ်အတွင်း ဗြိတိန်ဝန်ကြီးချုပ်နှင့်အတူ တွေ့ရစဉ်

PAUL HACKETT/REUTERS

# ကျန်းမာရေးနှင့် ပညာရေးအတွက် စတာလင်ပေါင်သန်း ၅၀ ဗြိတိန် ကူညီမည်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည့် ကျန်းမာရေးနှင့် ပညာရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုများတွင် ပံ့ပိုးရန် ဗြိတိန်အစိုးရက စတာလင်ပေါင်သန်း ၅၀ ကူညီမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စဂျက်စတင်းက ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စဂျက်စတင်းတို့နှင့် အောက်တိုဘာ ၂၃ ရက်တွင် တွေ့ဆုံပြီးနောက် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗြိတိန်အစိုးရက ချမှတ်ထားသော နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးမူဝါဒအရ ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာနက မြန်မာနိုင်ငံနှင့် ဆက်သွယ်ပူးပေါင်း၍ အကူအညီပေးသွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ပါရှိသည်။

ယခုပံ့ပိုးကူညီမှု အစီအစဉ်အရ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ခုတင် ၁၅၀၀ ဆံ့ ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်ရေးအတွက် ငွေကြေးများထောက်ပံ့ ကူညီသွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက အောက်တိုဘာ ၂၃ ရက်တွင်ပြောကြားထားသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်းနေထိုင်သောပြည်သူများအားလုံး တန်းတူညီမျှဖြစ်စေမည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက်လည်း ကူညီသွားမည်ဖြစ်ကြောင်း ဒေးဗစ်ကင်မရွန်းက ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ ဗြိတိန်နိုင်ငံ ငါးရက်ခရီးစဉ်အတွင်း မြန်မာနိုင်ငံအတွင်း လူငယ်အလုပ်လက်မဲ့ များပြားနေမှု၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်တိုင်းရင်းသားအားလုံးပါဝင်နိုင်မှုတို့ လိုအပ်နေသေးကြောင်း ဗြိတိန်ဝန်ကြီးချုပ် နှင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည်။

ပြီးခဲ့သည့်ဇူလိုင်လက သမ္မတဦးသိန်းစိန် ဗြိတိန်နိုင်ငံသို့ ရောက်ရှိစဉ်က ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းနှင့်တွေ့ဆုံအပြီး ဗြိတိန်က မြန်မာနိုင်ငံအား စတာလင်ပေါင်သန်း ၃၀ ထောက်ပံ့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ယခု ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင်မူ စတာလင်ပေါင် သန်း ၅၀ အထိ တိုးမြှင့်ထောက်ပံ့မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာ ၂၅ ရက်၊ မွန်းလွဲပိုင်းတွင် လန်ဒန်မြို့နှင့် မိုင် ၃၀ အကွာ၌ရှိသည့် ဆင်းဟတ်စ် ဗြိတိန်တော်ဝင်စစ်တက္ကသိုလ်တွင် စစ်ပညာသင်ကြားနေသော ဗိုလ်လောင်းအမျိုးသား၊ အမျိုးသမီးများနှင့် တွေ့ဆုံ၍ မိန့်ခွန်းပြောကြားခဲ့ပြီး အောက်တိုဘာ ၂၆ နှင့် ၂၇ ရက် နှစ်ရက်တွင် ဗြိတိန်နိုင်ငံ၌ အနားယူမည်ဖြစ်သည်။

# ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်ရှိ ဘာသာရပ်အချို့ လျှောက်ထားသူ နည်းပါးနေ

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

လာမည့်ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်မည့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ရှိ ဘာသာရပ်အချို့အား စိတ်ဝင်စားလျှောက်ထားသူကျောင်းသားနည်းပါးနေကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးက ပြောသည်။

ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ လေ့ကျင့်ပျိုးထောင်မည့်အစီအစဉ်ဖြင့် နှစ်ပေါင်းများစွာ ပိတ်ထားသော ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ဘာသာရပ် ၂၀ အတွက် ကျောင်းသား ၁၅ ဦးစီ လက်ခံသင်ကြားရန် လျှောက်လွှာခေါ်ယူခဲ့ခြင်းဖြစ်သည်။

"လျှောက်လွှာခေါ်ယူခဲ့တဲ့အခါ အချို့သောဘာသာရပ်တွေမှာ စိတ်ဝင်စားလျှောက်ထားသူနည်းပါးတာကို တွေ့ရပါတယ်။ တချို့ဘာသာရပ်တွေက ၁၅ ယောက်ပဲသတ်မှတ်ထားပေမယ့် ၁၇၊ ၁၈ ယောက်ဖြစ်နေတာကို ထည့်သွင်းထားရတာ ရှိပါတယ်။ အဲဒါတွေကို ဆက်လက်အကောင်အထည်ဖော် ထည့်သွင်းထားပါတယ်။ တိုးချဲ့ပြီးတော့လည်း ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ဦးဇော်ဌေးက ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမတွင် ပြုလုပ်သော ပညာရေးဆွေးနွေးပွဲ၌ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်နှစ်ခုတွင် တက်ရောက်ခွင့်ရရှိရန် အခြေခံအမှတ် သတ်မှတ်ချက်မှာ မြင့်မားလျက်ရှိပြီး အချို့ဘာသာရပ်များအား စိတ်ဝင်စားလျှောက်ထားသူ သိသိသာသာ နည်းပါးနေခြင်းဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

"မနုဿဗေဒဘာသာရပ် ဆိုရင် လျှောက်ထားတဲ့သူ တစ်ယောက်ပဲရှိတယ်လို့ ကြားတယ်။ ရှေးဟောင်း သုတေသနပညာလည်း စိတ်မဝင်စားကြဘူး။ ဒဿနိကဗေဒလည်း လျှောက်ထားတဲ့သူနည်းတယ်လို့ သိရတယ်" ဟု ပညာရေးကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင် တက်ရောက်ခွင့်ရရှိရန် တက္ကသိုလ်ဝင်တန်းအမှတ် ၄၃၀ အနည်းဆုံးရရှိမည်ဖြစ်သောကြောင့် ကျောင်းသားများအနေဖြင့် အခြားအသက် မွေးဝမ်းကျောင်းတက္ကသိုလ်များရွေးချယ်မှုများ ရှိနေခြင်းဖြစ်သည်။




NAING GROUP TOWER II
MIXED USE CONDOMINIUM
ရန်ကုန်မြို့ရဲ့ နှလုံးသားနေရာ
ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
နှစ်ခါမရနိုင်တဲ့ မဟာအခွင့်အရေး
ရန်ကုန်မြို့လယ် အချက်အချာကျသည့် နေရာတွင် အိမ်ခန်းရှာဖွေနေသူများ၊ ရုံးခန်းဖွင့်လှစ်လိုသူများ အတွက် စိတ်ကျေနပ်မှု အပြည့်အဝရရှိစေမည့် ဘက်စုံသုံး mixed use အဆင့်မြင့်ကွန်ဒို ဖြစ်ပါသည်။
ရန်ကုန်မြို့၏ အထင်ကရ Traders Hotel, Sakura Tower, ဗိုလ်ချုပ်အောင်ဆန်းဈေး ဆူးလေစေတီ၊ မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံ တို့နှင့် လက်တစ်ကမ်းအကွာတွင် တည်ရှိပါသည်။
မြေအောက်ကားပါကင် (၄၄ - စီး)၊ တယ်လီဖုန်းလိုင်း၊ အင်တာနက်လိုင်း၊ (၂၄) နာရီ ကိုယ်ပိုင်မီး စသည့် ပံ့ပိုးမှုများအပြင် gymnasium, food court, function hall, restaurant, beauty salon များလည်း ထည့်သွင်းပေးထားပါသည်။
တစ်လွှာ - (၁) ခန်း၊ တစ်လွှာ - (၄) ခန်း၊ တစ်လွှာ - (၈) ခန်း ပုံစံဖြင့် ဖွဲ့စည်းထားသောကြောင့် မိမိနှင့် ကိုက်ညီ သင့်တော်သည့် အခန်းများကို နေအိမ်၊ ရုံးခန်းဘက်စုံ သုံးရန်အတွက် စိတ်ကြိုက် ရွေးချယ် နိုင်ပါသည်။
NAING GROUP CAPITAL
NAING GROUP
Unique Stable Advanced
09 5112136, 09 43109582, 09 73066635, 09 425011444, 09 425011555, 09 8303463.
No.(72), Corner of U Wisara Road & Chin Twin Road, Kamayut Township, Yangon.
No.(77), 78th Street (Between 36th & 37th st), Maha Aung Myay Township, Mandalay.
6 FLOOR
8 ROOMS
15% SAVE
သင်ကြိုက်တဲ့ အခန်းကို ယခုပဲ ရွေးချယ်လိုက်ပါ

# ငါးကြိမ်မြောက် အလုပ်အကိုင်ပြပွဲ ဒီဇင်ဘာတွင် ကျင်းပမည်

**အေးမြတ်သူ**

**ရန်ကုန်၊ အောက်တိုဘာ-၂၈**

မြန်မာနိုင်ငံတွင် ပဉ္စမအကြိမ်မြောက် အဖြစ် အလုပ်အကိုင်ပြပွဲကို ဒီဇင်ဘာလအတွင်း ထပ်မံ၍ပြုလုပ်ကျင်းပသွားမည်ဟု မြန်မာလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းမှ အလုပ်အမှုဆောင်ဦးသန်းစိုးကပြောသည်။

အဆိုပါအလုပ်အကိုင်ပြပွဲကို ရန်ကုန်မြို့ရှိတပ်မတော်ခန်းမ၌ လာမည့် ဒီဇင်ဘာ ၂၀ ရက် မှ ၂၂ ရက်ထိ ၃ ရက်ကြာပြုလုပ်မည်ဖြစ်ပြီး နံနက် ၉နာရီမှ ညနေ ၅ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပြပွဲတွင် ပြခန်းပေါင်း ၁၃၁ ခန်းပါဝင်မည်ဖြစ်ကာ ပြခန်းတစ်ခန်းလျှင် ကျပ်နှစ်သိန်းမှ ကျပ်သုံးသိန်းခွဲထိသတ်မှတ်ထားပြီး ပါဝင်ပြသမည့်ကုမ္ပဏီအရေအတွက် အမည်စာရင်းကို တရားဝင်ထုတ်ပြန်ပြောဆိုခြင်းမရှိသေးကြောင်း သတင်းရရှိသည်။




*တပ်မတော်ခန်းမတွင်ပြုလုပ်ခဲ့သော အလုပ်အကိုင်ပြပွဲတစ်ခု* ဓာတ်ပုံ-နစ်ကီ

ပြီးခဲ့သည့်နှစ်မှစ၍ ယခုနှစ်ထိအလုပ်အကိုင်ပြပွဲပေါင်း ငါးခုပြုလုပ်ကျင်းပခဲ့သည့်အနက် မြန်မာလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက လေးကြိမ်ပါဝင်ခဲ့ပြီး အလုပ်သမားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ကောင်းမြတ်သူပြည်တွင်းအလုပ်အကိုင်အေဂျင်စီမှ တစ်ကြိမ်ပြုလုပ်ကျင်းပခဲ့သည်။

"အခုစွန့်ဦးက စတုတ္ထအကြိမ်လုပ်မယ့် အလုပ်အကိုင်ပြပွဲ (Job Fair)ကို ဒီဇင်ဘာ ၂၀၊ ၂၁ နှင့် ၂၂ ရက်တို့မှာ လုပ်မယ်။ ဘယ်ကုမ္ပဏီတွေပါလဲ ဆိုတာတော့ ပြောလို့မရသေးဘူး"ဟု အလုပ်အမှုဆောင်ဦးသန်းစိုးက ပြောသည်။

ပြည်တွင်း၌ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် မေလပိုင်းမှစ၍ အလုပ်အကိုင်ပြပွဲများပြုလုပ်လာကြပြီး အဆိုပါပြပွဲတွင် အလုပ်ရှာသူလုပ်သားများအနေဖြင့် အလုပ်ရှင်ထံ အလုပ်လျှောက်လွှာများ လျှောက်ထားနိုင်သည်။ ထို့အပြင် အလုပ်ရှင် အလုပ်သမားတိုက်ရိုက်တွေ့ဆုံကာ အင်တာဗျူးများပြုလုပ်၍ အလုပ်ရှင်မှသဘောကျနှစ်သက်ပါက တိုက်ရိုက်အလုပ်ခန့်ထားမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

အလုပ်အကိုင်ပြပွဲသို့အလုပ်လျှောက်သူအများစုမှာ လုပ်ငန်းအတွေ့အကြုံမရှိသေးသော ဘွဲ့ရကျောင်းဆင်းလုပ်သားများ အများဆုံးပါဝင်ကာ ၎င်းတို့အနက်အင်ဂျင်နီယာကျောင်းဆင်းလုပ်သားအရေအတွက် ပိုများသည်။ ပျမ်းမျှအားဖြင့် ပြပွဲအတွင်းလာရောက်ကြည့်ရှုသူဦးရေတစ်သောင်းနှင့်အထက်ရှိခဲ့ပြီး အလုပ်လွှာပေါင်းထောင်နှင့်ချီရရှိခဲ့ကြောင်းသတင်းရရှိသည်။

ပြပွဲအတွင်းသို့ အလုပ်လာလျှောက်ထားသူ အများစုသည် လုပ်ငန်းအတွေ့အကြုံမရှိသည့်အပြင် မိမိလျှောက်ထားလိုသည့်အလုပ်နေရာကို သေချာစဉ်းစားထားခြင်းမရှိဘဲ ရရာအလုပ်နေရာတွင် လုပ်ကိုင်လိုကြသည်။ ထို့အပြင်အလုပ်လာရောက်လျှောက်သူများသည်း ပြပွဲရှိကုမ္ပဏီများကိုသာ ဦးစားပေးအလုပ်လျှောက်ထားကြောင်း သတင်းရရှိသည်။

အလုပ်အကိုင်ပြပွဲပြုလုပ်လာမှုနှင့် ပတ်သက်၍ လက်ရှိပြည်တွင်းတွင် ကျွမ်းကျင်ဝန်ထမ်းအဆင့်ဝန်ထမ်းရရှိရန် ရှားပါးလာသည့်အတွက် ပြည်ပတွင်လည်း အလုပ်အကိုင်ပြပွဲများ ကျင်းပ၍ ပြည်ပရောက် ကျွမ်းကျင်မြန်မာအလုပ်သမားများ သွားရောက်ခေါ်ဆိုလျက်ရှိသည်။ လက်ရှိပြည်တွင်းလုပ်သားဈေးကွက်တွင် ယခုနှစ်ပိုင်းမှစ၍ ကုမ္ပဏီများမှအလုပ်သင်ဝန်ထမ်း တစ်ဦးလျှင် လစာငွေကျပ်ခုနစ်သောင်း နှင့် အထက်ပေးလာကြောင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှသတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအမြန်အလိုရှိသည်**

ကောက်/ဖြောင့်/ညှပ်ကျွမ်းကျင် - မ(၅)ဦး

ခေါင်းလျှော်၊ လက်သည်းအလှပုံဖော်ကျွမ်းကျင် - မ (၅) ဦး။

ဆက်သွယ်ရန်- ဖုန်း-၀၉ ၇၃၀ ၂၇ ၂၉၃

---

**ဝန်ထမ်းအလိုရှိသည်**

Marketing မ (၂) ဦး

ဖုန်း-၀၁ ၈၆၀၄၀၈၁

---

**ဝန်ထမ်းအလိုရှိသည်**

ညပိုင်းဂျာနယ်ဖြန့်ချိရေး ကျား (၁၀) ဦး

နေ့ပိုင်းရုံးဝန်ထမ်း ကျား/မ (၁၀) ဦး

ဖုန်း-၀၉ ၇၃၀၀၁၇၅၀

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၃) ဦး လိုင်သာယာတွင်။ သန့်ရှင်းရေး (မ) လသာမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်တို့တွင် အလုပ်လုပ်ရန်။

ဖုန်း-၀၁ ၃၇၃၀၀၁

---

**ဝန်ထမ်းအလိုရှိသည်**

Manager(ဖုန်းဆိုင်အတွက်) မ (၁)ဦး

Software & Hardware

အရောင်းဝန်ထမ်း ကျား (၁) ဦး

(ဖုန်းဆိုင်အတွက်) မ (၄) ဦး

အရောင်းဝန်ထမ်း

(မြောက်ဒဂုံဖုန်းဆိုင် အတွက်) မ (၂) ဦး

ဖုန်း-၀၉ ၅၀၁၀၈၈၃

---

**သူရိယဝင်းကုမ္ပဏီလီမိတက်**

ရုံးဝန်ထမ်း မ (၂) ဦး

အရောင်းဝန်ထမ်း ကျား (၃) ဦး

ရုံးကားဝန်ထမ်း ကျား (၆) ဦး

လုံခြုံရေး ကျား (၃) ဦး

ဖုန်း-၀၁ ၅၂၃၇၄၂

---

**ဝန်ထမ်းအလိုရှိသည်**

Facebook Fashion တွင်တာဝန်ထမ်းဆောင်ရန် မအရောင်းဝန်ထမ်း (၃) ဦး အလိုရှိသည်။

ဖုန်း-၀၉ ၄၅၀၀၀၉၂၀၈

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းအလိုရှိသည်။

ဖုန်း-၀၉ ၇၃၀၀၁၇၅၀

---

**F&B Company**

Projectmanager M/F (1) Post

Eng,Jap,Myan ရေးဖတ်ပြော။

Account & Legal ကျွမ်းရမည်။ CV ကို အင်္ဂလိပ်နှင့် ဂျပန်နှစ်မျိုးဖြင့် ပို့ရမည်။

ဖုန်း-၀၁ ၄၅၀၀၁၅၇၁၇

---

**ဝန်ထမ်းအလိုရှိသည်**

အချိန်ပိုင်းအထွေထွေဝန်ထမ်း မ (၁) ဦး ရိုးသားကြိုးစားသော အချိန်ပိုင်းအထွေထွေလုပ်နိုင်သူကို ဦးစားပေးမည်။

ဖုန်း-၀၉ ၇၃၀၁၀၁၄၄

---

**အလိုရှိသည်**

TV DVDကျွမ်းကျင်စွာ ပြုပြင်နိုင်သူ(၁) ဦး

ဖုန်း-၀၉ ၁၁၃၃၈၄၂၀

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Waitress (6) Posts

Cashier F (1) Post

စာရင်းကိုင် F (1) Post

ခေါက်ကိုင် (2) Posts

Sushi Bar အကူ (1) Post

ပန်းကန်ဆေး (1) Post

ဖုန်း-၀၉ ၄၉၃၈၄၁၉၀

---

**ဝန်ထမ်းအလိုရှိသည်**

အင်္ဂလိပ်စာကျွမ်းကျင်စွာ ရေးသားနိုင်သော အငြိမ်းစားဝန်ထမ်းအလိုရှိသည်။ အလုပ်ဆင်းစရာ မလိုပါ။ အိမ်တွင်နေပြီး လုပ်နိုင်သည်။

ဖုန်း-၀၉ ၅၀၁၈၃၂၉

---

**ဝန်ထမ်းအလိုရှိသည်**

Air Con ကျွမ်းကျင် (၃) ဦး

Helper (၅) ဦး

အလုပ်သင်ဝန်ထမ်း (၅) ဦး

အမှတ်(၂၆/၃)၊ အခန်း (၀၀၄)၊ သုမင်္ဂလာအိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်။

ဖုန်း-၀၉ ၅၁၈၇၁၃၂

---

**ဝန်ထမ်းအလိုရှိသည်**

Medical Officer (2) Posts

Assistant Medical Officer (6) Posts

ရွှေဗဟိုဆေးရုံ။

ဖုန်း-၀၁ ၅၄၄၀၉၀

---

**အလိုရှိသည်**

အလုပ်သင်စာရင်းကိုင် အလိုရှိသည်။

လစာ+ဘောနပ်။

ဖုန်း-၀၉ ၄၂၁၁၁၅၃၃၁

---

**ဝန်ထမ်းအလိုရှိသည်**

၁။ အထည်ညှပ်သမား (၂) ဦး

၂။ ကလေးဝတ်အထည်ချုပ်ရုံ (သို့) တစ်ဦး ချင်းယူချုပ်လိုသူများ

၃။ အရောင်းဝန်ထမ်း မ (၂) ဦး

ဆက်သွယ်ရန် -(ပ-၂၁၁)၊ မင်္ဂလာဈေး။

ဖုန်း-၀၉ ၇၃၀၄၃၁၅၈

---

**ဝန်ထမ်းအလိုရှိသည်**

Technician (For Computer and Network) ကျား (၂) ဦး

ရုံးအကူဝန်ထမ်း ကျား/မ (၂) ဦး

အရောင်းဝန်ထမ်း ကျား/မ (၂) ဦး

ဖုန်း-၀၁ ၃၇၄၈၅၇

---

**အမြန်အလိုရှိသည်**

Foreign Mission တွင် တာဝန်ထမ်းဆောင်ရန် အတွင်းရေးမှူး (secretary) အမျိုးသမီး (၁) ဦးအမြန်အလိုရှိသည်။ ကွန်ပျူတာနှင့် အင်္ဂလိပ်စာကျွမ်းကျင်သူဖြစ်ရမည်။ Email:tztztz78@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းအလိုရှိသည်။ ဒိုင်နာကားကျွမ်းကျင်စွာမောင်းနိုင်သော ယာဉ်မောင်း (၁) ဦးလစာညှိနှိုင်း။

ဖုန်း-၀၁ ၂၉၁၁၅၁

---

**အလိုရှိသည်**

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင် အုတ်တံတိုင်းခတ်ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် လက်ခစားအလုပ်သမားအဖွဲ့လိုက်အလိုရှိသည်။

ဖုန်း-၀၉ ၄၉၃၁၅၉၅၃

---

**ဝန်ထမ်းအလိုရှိသည်**

ကျား/မ ဆံပင်ညှပ်ကျွမ်းကျင်သူ မ(၅) ဦး

ခြေသည်း၊ လက်သည်းပန်းချီဆွဲ (၅) ဦး။

ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၄၃၁၉၆၅၈၈

---

**ဝန်ထမ်းအလိုရှိသည်**

Marketing အတွေ့အကြုံရှိသူ

ကျား (၇) ဦး၊ မ (၅) ဦး

အင်္ဂလိပ်စာကျွမ်းကျင် မ (၂) ဦး

လစာကောင်းပေးမည်။

အောင်သမာဓိ အိမ်၊ခြံ၊ မြေ

အကျိုးဆောင်။

ဖုန်း-၀၁ ၅၁၁၀၅၃

---

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် မ (၃) ဦး

ဖုန်း-၀၉ ၄၃၀၆၅၈၁၂

---

**ဝန်ထမ်းအလိုရှိသည်**

အချက်အပြုတ်ကျွမ်းကျင်

(ယိုးဒယား၊ တရုတ်၊ ရှမ်း)

မီးဖိုချောင်အကူ/ပန်းကန်ဆေး

စားပွဲထိုး။

၅၅၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ ရန်ကုန်။

ဖုန်း-၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**

လက်ထောက်မန်နေဂျာ ကျား (၂) ဦး

Coordinator မ (၂) ဦး

Security (လုံခြုံရေး) ကျား (၂) ဦး

ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၇၃၂၁၃၆၀၃

---

**ဝန်ထမ်းအလိုရှိသည်**

1. Sale & Marketing Manager M/F (1)

2. Sale & Marketing M/F (3)

3. Assistant Sale Supervisor F (1)

4. Sales & Incheck F (1)

5. Sale Girl F (5)

6. Store Account F (3)

PH: 01 559433

---

**ဝန်ထမ်းအလိုရှိသည်**

မကြာမီဖွင့်လှစ်မည့် JAPANESE STEAK RESTAURANT ၌ တာဝန်ထမ်းဆောင်မည့် (Waiteress)အမျိုးသမီးဝန်ထမ်း (၃) ဦး၊ (Cashier) အမျိုးဝန်ထမ်း (၂) ဦး

ဖုန်း-၀၉ ၄၂၀၂၄၃၅၀၃

---

**ဝန်ထမ်းအလိုရှိသည်**

Receptionist (3)Male (2) Female

Husekeeping (2) Male/Female

Waiter/Waitress (2) Male/Female

Security (3) Male

Driver (2) Male

PH: 01 525001

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Inbound Operation Manager (1)

Outbound Operation Manager (1)

Inbound Operation Staff (1)

Outbound Operation Staff (1)

Air Ticketing Staff (1)

PH: 951 667725

---

**MGM Hotel**

1. Recepition (3) Posts

2. Driver (2) Posts

3. Housekeeping (5) Posts

4. Accounting (2) Posts

PH:09 5505811

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# မြန်မာ့ပင်လယ်ပြင်မှ စွမ်းအင်ကဏ္ဍအောင်မြင်မှုများ


**သက်ထွန်းဇော်**

နေရာကားမြန်မာ့နိုင်ငံမုတ္တမကမ်းလွန်ပင်လယ်ပြင်နေရာ တစ်ခု။

မြန်မာ့ ရေနံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ထိုင်းနိုင်ငံ၏ ရေနံကုမ္ပဏီတစ်ခုဖြစ်သော PTTEP မှတူးဖော်နေသည့်အောင်သခ်တွင်း အမှတ်-၃။

သည်နေရာတွင်PTTEPရေနံကုမ္ပဏီမှ မနှစ်က ရှာဖွေရေးတွင်း အောင်သခ် အမှတ်-၂ ကို တူးဖော်ခဲ့ပြီး ထုံးကျောက်လွှာအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့များစွာ တွေ့ရှိခဲ့ပြီး ဖြစ်သည်။ သဘာဝဓာတ်ငွေ့သိုက်၏ ပမာဏကို ခန့်မှန်းနိုင်ရန်အတွက်PTTEPကတွေ့ရှိပြီး အခြေအနေများအပေါ် ထပ်မံစိစစ်မှုများ ပြုလုပ်သည်။ နောက်ထပ်ရှိနိုင်မည့် အနေအထားများကို စနစ်တကျ လေ့လာခဲ့သည်။ လိုအပ်သောတိုင်းတာမှုများပြုလုပ်ခဲ့ပြီး တွင်းသစ်နေရာများ ဖော်ထုတ်ခဲ့သည်။ အခြေအနေကို စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြကာ ပညာရှင်များက တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ စွမ်းအင်ဝန်ကြီးဌာန၏ အတည်ပြုမှုဖြင့် ယခုနှစ်အတွက် တွင်းနေရာလေးတွင်း ထပ်မံသတ်မှတ်ကာ တူးဖော်ရေးလုပ်ငန်းများ အတွက် အချိန်ယူပြင်ဆင်ခဲ့သည်။ Operator ဖြစ်သော PTTEP သည် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၏ ရာသီဥတုကောင်းမွန်သည့်အချိန်ကိုချိန်ကိုက်၍ တွင်းတူးဖော်မှုအကြိုလုပ်ငန်းများ ပြီးစီးအောင်ပြင်ဆင်မှုများ အဆင့်ဆင့် ပြုလုပ်ခဲ့သည်။ တွင်းတူးဖော်မည့်လုပ်ငန်းအခြေအနေနှင့် အသင့်လျော်ဆုံးဖြစ်မည့် တွင်းတူး စက်အမျိုးအစားကိုရအောင် ရွေးချယ်ခဲ့သည်။ တွင်းတူးစက်အမည်က “ဟာကြူလီ”၊ အမျိုးအစားက ခြေထောက်ပါသည့် Jack-up အမျိုးအစားဖြစ်သည်။ ရေတိမ်ပိုင်း အသုံးပြုရန် အကောင်းဆုံးအမျိုးအစား တွင်းတူးစက်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် ပထမဆုံး အကဲဖြတ်တွင်း အမှတ်-၄ ကို တူးဖော်ခဲ့သော်လည်း အောင်မြင်မှုအနည်းငယ်သာရှိခဲ့သည်။ သို့နှင့် နောက်ထပ် တွင်းအမှတ်-၅၊ ၆၊ ၃ တို့ကို ဆက်တိုက် ဆိုသလို တူးဖော်ခဲ့သည်။ ရာသီဥတုကမိုးတွင်းဖြစ်၍ တွင်းတူးစက်တွင် တာဝန်ယူရသော ဝန်ထမ်းလုပ်သားများအတွက် အခက်အခဲများစွာ ကြုံရသည်။ ဒီကြားထဲက မဟာစင်အမည်ရှိမုန်တိုင်းတစ်ခုက မေလအတွင်းတွင်ဝင်ရောက်လာပြန်သေးသည်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူတို့ အလုပ်များရသလို တွင်းတူးစက်ပေါ်ရှိ ဝန်ထမ်းများမှာလည်း စိုးရိမ်စိတ်တွေ များနေခဲ့ကြရသည်။ ကုသိုလ်ကံကြောင့် မဟာစင်မှာ မကြာမီပင် မိမိတို့ မြန်မာ့ပင်လယ်ပြင်နှင့် ဝေးရာဆီမှ ကွေ့ဝိုက်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆီသို့ ဝင်ရောက်သွားခဲ့သည်မို့ ရင်အေးကြရသည်။ မည်သို့ပင်ဆိုစေ မုန်တိုင်းအဖျားခတ်သည့်အတွက် ကြုံတွေ့ရသော မိုးဒဏ်၊ လေဒဏ်ကတော့ မလွှဲမရှောင်ခံခဲ့ကြရသေးသည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ဘယ်လိုမှ တိတိကျကျ ခန့်မှန်းရန်မလွယ်ကူပါ။ ကျွန်တော်တို့ကံကောင်းသည်ဟုဆိုရပါမည်။




သည်လိုနှင့်ပင် တွင်းအမှတ် ၅ နှင့် ၆ တို့တွင် ထုံးကျောက်လွှာအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့များစွာ စမ်းသပ်ရရှိခဲ့ပြန်သည်။ အနောက်ဘက်မှ အရှေ့မြောက်ဘက်ဆီသို့ ကျယ်ပြန့်စွာ တည်ရှိနေသည့် ထုံးကျောက်လွှာများ၏ ဘူမိအနေအထားကို ကောင်းစွာသိလိုက်ရပြန်သည်။ ပိုမိုကံကောင်းသည်က ထုံးကျောက်လွှာအောက်ရှိအောက်ခံကျောက်အမျိုးအစားထဲတွင်သဘာဝဓာတ်ငွေ့ခိုအောင်းနေကြောင်း တွေ့ရပြန်သည်။ ဒါကကျွန်တော်တို့တိုင်းပြည်အတွက် ကောင်းမွန်သောရလဒ်တစ်ခုပင်ဖြစ်သည်။ ယခင်ကာလများက မကြုံဖူးခဲ့သည့် အသစ်တွေ့ရှိမှု တစ်ခုဟု ဘူမိဗေဒပညာရှင်များက သတ်မှတ်ကြသည်။ မြန်မာ့ရေနံရှာဖွေရေးလုပ်ငန်းအတွက် အလွန်ထူးခြားသည့် သမိုင်းသစ်တစ်ခုဟုပင် ဆိုရမည်ဖြစ်သည်။ ဒီလို ရေနံသိုက်မျိုး ကြီးကြီးမားမား တွေ့ရပါက တိုင်းပြည်အတွက် အားထားစရာ အခွင့်အလမ်းကောင်းတစ်ခုကို ရလိုက်ခြင်းဖြစ်လာနိုင်သည်။ မည်သို့ဆိုစေ ယခုတွေ့ရှိမှုက နိုင်ငံ့အနာဂတ်အတွက် အားတက်စရာတစ်ခုပင်။ ကျွန်တော်တို့ တိုင်းပြည်ကံကောင်းပါစေဟုဆုတောင်းမိသည်။

ဇွန်လထဲရောက်လာခဲ့ပြီမို့ မိုးက ခပ်စိပ်စိပ်ရွာသွန်းနေပြီ။ ပင်လယ်ပြင်တွင် လှိုင်းတို့က တလှုပ်လှုပ်နှင့် ရင်ထိတ်စရာ ဖြစ်လာသည်။ တစ်ခါတစ်ရံ လှိုင်းအမြင့်က ၃ မီတာလောက်အထိ ရောက်လာတတ်သည်မို့ လုပ်ငန်းထင်သလို ခရီးမရောက်ဖြစ်ရသည်။ ပစ္စည်းချမည့် သင်္ဘောများကပ်မရ၊ ရဟတ်ယာဉ်အတက်အဆင်းမှာ ရာသီဥတုအခြေအနေကြည့်ရနှင့် ပိုမို ဂရုစိုက်ကြရသည်။ အထူးသဖြင့် တွင်းတူးစက်ပေါ်မှ Safety Officer မှာ အလုပ်များနေတော့သည်။ လုပ်ငန်းတိုင်းတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။

အောင်သခ်တွင်း အမှတ်-၃ ကိုဇွန် ၂၇ ရက်တွင် စတင်တူးဖော်ခဲ့သည့် အနက်ပေ ၈,၀၀၀ ခန့်အထိ အောင်မြင်စွာ တူးဖော်ခဲ့ပြီး နောက်သေနတ်ဖောက်စမ်းသပ်မှုပြုလုပ်ကာ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၂၆ ကုဗပေသန်းခန့်နှင့်လေဆီထွက်ရှိကြောင်းတွေ့ရသည်။ ထုံးကျောက် လွှာထဲတွင် ခိုအောင်းနေကြောင်း သိရပြီး အောက်ခံ ကျောက်လွှာထဲတွင်လည်း သဘာဝဓာတ်ငွေ့နှင့် လေဆီစမ်းသပ်ရရှိခဲ့သည်။

PTTEP သည် မြန်မာ့ကမ်းလွန်တွင် နောက်ထပ်အောင်မြင်မှု ရရှိခဲ့ပြန်ပြီဖြစ်သည်။ လက်ရှိဆောင်ရွက်နေသည့် ဇောတိကစီမံကိန်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သတ်မှတ်ချိန်အတိုင်း ပြီးစီးစေရန် ဆောင်ရွက်နေသည်။ ၂၀၁၄ ခုနှစ် ဆန်းပိုင်းတွင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု စတင်တော့မည်။ ယခုအောင်သခ်အမည်ရှိ တွင်းများမှလည်း ထူးခြားသော အောင်မြင်မှု သမိုင်းမှတ်တိုင်ထူနိုင်ခဲ့သည်။ လာမည့်နှစ်အတွင်း အကဲဖြတ်တွင်းများ ထပ်မံတူးဖော်ကာ စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် သဘာဝဓာတ်ငွေ့သိုက်ပမာဏကို တွက်ချက်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အောင်သခ်စီမံကိန်းမှ ထွက်ရှိလာမည့် သဘာဝ ဓာတ်ငွေ့များကို ပြည်တွင်းလိုအပ်ချက်အတွက် သုံးစွဲသွားရန် စွမ်းအင်ဝန်ကြီးဌာနက စီမံထားသည်။ အနာဂတ်နိုင်ငံတော်အတွက် လိုအပ်မည့် စွမ်းအင်ပမာဏကို ထပ်မံတွေ့ရှိလာမည့် စီမံကိန်းများမှ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနမှ ကုန်းပိုင်း၊ ရေပိုင်း နှစ်ခုလုံးတွင် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းရှာဖွေလျက်ရှိသည်။

**စာမျက်နှာ(၃၂)သို့**

OPEN NEXT MONTH! နောက်လ တွင်ကျင်းပမည်။
MYANAUTO 2013
INTERNATIONAL AUTO, AUTO PARTS, ACCESSORIES, SERVICE AND REPAIR EQUIPMENT EXHIBITION
မြန်မာ့ အကြီး ကျယ်အခမ်းနားဆုံး ယာဉ် အပိုပစ္စည်းများ နှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဆိုင်ရာ နိုင်ငံတကာစက်မှုကုန်စည်ပြပွဲကြီး
MYANMAR'S BIGGEST INT'L AUTO PARTS,ACCESSORIES, SERVICE & REPAIR EQUIPMENT EXHIBITION
20-22 November 2013 • Tatmadaw Hall, Yangon
Opening Hours : 9.00am - 6.00pm
www.myanauto.com
Gold Sponsor: CEAT
Silver Sponsor: PRIME AUTO One-Stop Automobile Aftermarket Solution
Organised by: AMB EVENTS GROUP
AMB EVENTS REP. OFFICE
Tel: 01-254765
Mobile: 09423697412
saw@ambexpo.com

7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013



# ရခိုင်ပြည်နယ်အတွင်း တစ်မြို့လုံး လျှပ်စစ်မီးသုံးနိုင်သည့်မြို့ မရှိသေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ်ရှိမြို့များတွင် လက်ရှိကာလအထိ တစ်မြို့လုံးလျှပ်စစ်မီးသုံးစွဲနိုင်သည့် မြို့တစ်မြို့မှ မရှိသေးသည့်အပြင် စီမံကိန်းများ အကောင်အထည်ဖော်ရန် နှောင့်နှေးမှုများဖြစ်ပေါ်နေရကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါပြည်နယ်တွင် မြို့နယ်ပေါင်း ၁၁ ခုကျော်ရှိပြီး မည်သည့်မြို့မှ လျှပ်စစ်မီးအပြည့်အဝ မရရှိခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရစီမံကိန်းများအပြင် တရုတ်ချေးငွေဖြင့် ၅၀ မဂ္ဂါဝပ် ထုတ်လုပ်ရန် စီစဉ်နေကြောင်း သိရသည်။

သို့သော်တရုတ်ချေးငွေဖြင့် စီမံကိန်းတည်နေရာရွေးချယ်ရာတွင် အငြင်းပွားမှုများဖြစ်ပေါ်နေ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်နေရကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းမှာ တရုတ်နိုင်ငံ၏ ချေးငွေကန်ဒေါ်လာ ၅၇ သန်းဖြင့် မဂ္ဂါဝပ် ၅၀ ထွက်ရှိမည့် သဘာဝဓာတ်ငွေ့စက်ရုံစီမံကိန်းအတွက် အငြင်းပွားနေရသဖြင့် လွှတ်တော်တင်သည့်အဆင့်၌ပင် ရပ်နားထားရပြီးစီမံကိန်းအကောင်အထည်မပေါ်ဘဲဖြစ်နေရကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို ယခင်က မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ တည်ဆောက်ရန် လျာထားသော်လည်း ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့သို့ ပြောင်းရွှေ့ရန် စီစဉ်ရာတွင် မွန်ပြည်နယ်ဘက်မှ လွှတ်တော်ကိုယ်စားလှယ်က ကန့်ကွက်မှုကြောင့် အကောင်အထည် မဖော်နိုင်ဘဲ ဖြစ်နေရကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူကပြောသည်။

မွန်ပြည်နယ်တွင် ၂၃၀ မဂ္ဂါဝပ်နှင့် ၁၂၀ မဂ္ဂါဝပ်စီမံကိန်း အသစ်များ တည်ဆောက်မည်ဖြစ်၍ ထိုပြည်နယ်အတွက် လုံလောက်သည့်အပြင် အခြားပြည်နယ်များထိ ဖြန့်ဖြူးနိုင်မှုရှိခြင်းကြောင့် ပြောင်းရွှေ့ရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် အတွင်းမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးက ပြည်နယ်အစိုးရ သိက္ခာကျဆင်းမည်စိုးခြင်းကြောင့် အပြောင်းရွှေ့မခံနိုင်ကြောင်း ကန့်ကွက်ထားသဖြင့် စီမံကိန်းအကောင်အထည်မဖော်နိုင်ဘဲဖြစ်နေရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

---

# ကမ္ဘာ့ရေကြောင်းအဖွဲ့အစည်း မြန်မာနိုင်ငံရှိ ရေကြောင်းဆိုင်ရာ လုပ်ငန်းများ စစ်ဆေးမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံရှိရေကြောင်းနှင့် သက်ဆိုင်ရာလုပ်ငန်းများကို ကမ္ဘာ့ရေကြောင်းအဖွဲ့အစည်းIMOကနိုဝင်ဘာတွင် အကြို လာရောက်စစ်ဆေးမည်ဟု သတင်းရရှိသည်။

IMOကသတ်မှတ်ထားသည့် ရေကြောင်းဘက်ဆိုင်ရာ ကိစ္စရပ်များကို IMO မှ အဖွဲ့ဝင် နိုင်ငံများအားလုံး လိုက်နာမှုရှိ၊ မရှိ ၂၀၁၄ တွင် စစ်ဆေးမည်ဖြစ်ရာ မြန်မာနိုင်ငံသည်လည်း IMO အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက်လာရောက် စစ်ဆေးမည် ဖြစ်သည်။

ရေကြောင်းဘက်ဆိုင်ရာ ပညာရေး၊ ဆိပ်ကမ်းဝင်ထွက်မှုစနစ်များ၊ ရေကြောင်း ဥပဒေရပ်များ၊ ရေကြောင်းဘက်ဆိုင်ရာ လုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များကို IMO မှ သတ်မှတ်ထားသည်နှင့်အညီ လုပ်ဆောင်စေရန် အကြိုစစ်ဆေးမှုများ လာရောက်ပြုလုပ်မည်ဟု ရေကြောင်းညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူးက ပြောသည်။

"ဒီအကြိုစစ်ဆေးမှုလုပ်တဲ့အချိန်မှာ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ထားရင်၊ ၂၀၁၄ နောက်ပိုင်းမှာ တကယ်မဖြစ်မနေ လာစစ်မယ့်အချိန်ကျရင် ကိုယ့်နိုင်ငံမှာ လိုအပ်ချက်တွေ သိပ်မရှိနိုင်တော့ဘူး" ဟု ဒုညွှန်မှူးက ပြောသည်။

ထိုသို့ စစ်ဆေးရာတွင် IMO က သတ်မှတ်ထားသည့် အချက်များကို နိုဝင်ဘာဒုတိယပတ်တွင် IMO မှ ပညာရှင်များက ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပြီး အကြို စစ်ဆေးမှုများပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy Y | 103,000 |
| Galaxy S Advance | 240,000 |
| Galaxy Express | 265,000 |
| Galaxy Grand(GSM) | 290,000 |
| Galaxy S3 | 390,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 570,000 |
| Galaxy Mega 5.8 | 360,000 |
| Galaxy Note II | 480,000 |
| Galaxy Tab3 7" | 337,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

**Sony**

| Model | Price |
|---|---|
| Xperia Z | 480,000 |
| Xperia J | 175,000 |
| Xperia P | 230,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 5 (64 GB) | 820,000 |
| iPhone 5 (32 GB) | 750,000 |
| iPhone 5 (16 GB) | 650,000 |
| iPhone 5c(16 GB) | 670,000 |
| iPhone 5s (16 GB) | 980,000 |

**Huawei**

| Model | Price |
|---|---|
| Y 300 | 950,000 |
| G 510 | 120,000 |
| C 8813D | 135,000 |
| G 520 | 120,000 |
| G 610s | 149,000 |
| G 700 | 215,000 |
| Ascend P6 | 325,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 185,000 |
| Y 300c (CDMA) | 100,000 |

အောက်တိုဘာ(၂၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 445,000 |
| Panasonic(LCD) | 32SC4S | 278,000 |
| Sony (LED) | 32EX33 | 345,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Samsung | 19PTIX | 190,000 |
| Hitachi | 190W | 262,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 195,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 280,000 |
| Mitsubishi | 1.0HP(Heavy) | 235,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၆)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၆)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၄၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

အောက်တိုဘာ(၂၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Oct (23) | 814 | 920 | 920 | 930 |
| Oct (24) | 814 | 920 | 920 | 930 |
| Oct(25) | 814 | 920 | 920 | 930 |
| Oct(26) | 814 | 920 | 920 | 930 |
| Oct(27) | 814 | 920 | 920 | 930 |
| Oct(28) | 814 | 920 | 920 | 930 |
| Oct(29) | 814 | 920 | 920 | 930 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **HP** | |
| Intel Core i3 2.4 GHz, 2 GB DDR3, 500 GB HDD, HD , 14" | 377,000 |
| Intel Core i51.7GHz,6 GB DDR3,500 GB HDD, HD,14" | 645,000 |
| Intel Core i7 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 703,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1TB HDD,15.6" | 1,066,000 |
| **Acer** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, HD, 14" | 451,000 |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, 14" | 577,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HHD, 14" | 619,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1TB HDD ,14" | 775,000 |
| **MSI** | |
| Intel Core i3 2.5 GHz, 4GB DDR3, 500 GB HDD, HD, 14" | 460,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 500 GB HDD, 15.6" | 648,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 750GB HDD,17.3" | 813,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 1 TB HDD,15.6" | 1,047,000 |

7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# “NLD ဟာ အစက တပ်ပေါင်းစုသဏ္ဍာန်ရှိပေမယ့် ပါတီဖြစ်သွားတဲ့အခါကျတော့ တစ်နိုင်ငံလုံး တစ်မျိုးသားလုံး တိုင်းရင်းသားပေါင်းစုံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အားနည်းသွားတယ်လို့ ယူဆတယ်”

## NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မြန်မာ့နိုင်ငံရေးလမ်းကြောင်းပေါ်တွင် ပထမခြေလှမ်းစတင်နိုင်ရန် တွန်းအားပေးခဲ့သူ တစ်ဦးဖြစ်သူ ဝါရင့်နိုင်ငံရေးသမားဟောင်း ဦးထွေးမြင့်နှင့် တွေ့ဆုံခြင်း

သီဟ

**ရှစ်ဆယ့်ရှစ်ကနေ ယနေ့ အချိန်အထိ ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းလာတဲ့ နိုင်ငံရေးခရီးစဉ်အပေါ်မှာ ဘဘ ဘာများပြောချင်ပါသလဲခင်ဗျ။**

သူတောက်လျှောက်လျှောက်လှမ်းခဲ့တဲ့ နိုင်ငံရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးအတွက် သူပြောခဲ့တဲ့ မိန့်ခွန်းတွေက အများကြီးပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကဏ္ဍက ပြည်တွင်းသာမက ပြည်ပနိုင်ငံတွေကပါ လေးစားလောက်တဲ့ အနေအထားမှာ ရှိပါတယ်။ အဲဒီတော့ သူ့ကဏ္ဍက မြန်မာနိုင်ငံ အပြောင်းအလဲဖြစ်ရေး ပြောင်းလဲတိုးတက်ဖို့ ဖွံ့ဖြိုးဖို့ အရေးမှာ သူက ထောက်ခံမှုအရဆုံးပဲလို့ ပြောချင်ပါတယ်။

**ရှစ်ဆယ့်ရှစ်ကနေ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင်အထိ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးခရီးလမ်းက ခက်ခဲခဲ့ပေမယ့် ပြည်သူ့လက်ခုပ်သံက မစဲခဲ့ဘူး။ ဒါပေမဲ့ ကြားဖြတ်ရွေးကောက်ပွဲအပြီး လွှတ်တော်ထဲရောက်သွားပြီး နောက်ပိုင်းမှာ ပြည်သူတွေကြားထဲကနေ ဝေဖန်သံ၊ မကောင်းပြောသံတချို့ ထွက်လာတာတွေအပေါ် ဘဘ ဘယ်လိုမြင်ပါသလဲ။**

အဲဒါကတော့ အပေါ်ယံအမြင်လောက်ပဲ တခြားသူတွေလည်း အဲဒီလိုပဲ ပြောနေကြတာပါ။ သူနဲ့ သမ္မတကြီးဦးသိန်းစိန်နဲ့ တွေ့ဆုံခဲ့ပြီးနောက်လည်း အကြိမ်ကြိမ်အခါခါ တွေ့ခဲ့တယ်။ အဲဒီမှာ သူတို့နှစ်ဦးချင်းသာသိတဲ့ ကိစ္စတွေဆိုတော့ သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည် ဘယ်လို နားလည်မှုတွေရခဲ့တယ်။ ဘယ်လိုပူးပေါင်းဆောင်ရွက်မယ်ဆိုတာတွေကို ဒေါ်အောင်ဆန်းစုကြည်ကလည်း ထုတ်မပြောဘူး။ သမ္မတကြီးကလည်း ထုတ်မပြောဘူး။ ဒါပေမဲ့ ခန့်မှန်းယူရတာတော့ သမ္မတဦးသိန်းစိန်နဲ့တွေ့ဆုံပြီးမှ ကြားဖြတ်ရွေးကောက်ပွဲဝင်ခဲ့တာပဲ။ အဲဒီအခါကျတော့ မြန်မာ့နိုင်ငံရေးလောကမှာ နှစ်ပေါင်းငါးဆယ်ကျော်ခြောက်ဆယ်နီးပါး စစ်တပ်ကပဲ လွှမ်းမိုးခဲ့တာ၊ စစ်ဗိုလ်ချုပ်တွေပဲ လွှမ်းမိုးခဲ့တာ၊ အခုလည်း တကယ့်တကယ်ကတော့ သူတို့ပဲ လွှမ်းမိုးဆဲပါ။ အဲဒီတော့ ဘဘရဲ့ အယူအဆက တပ်မတော်ခေါင်းဆောင်တွေနဲ့ လက်တွဲဆောင်ရွက်မှသာ အောင်မြင်မှုရလိမ့်မယ်လို့ယုံကြည်ပါတယ်။ အခု ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုတဲ့ စစ်ဗိုလ်တွေက သဘောမတူရင် ဘာမှလုပ်လို့ရမှာမဟုတ်ဘူး။ တပ်မတော်နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတနဲ့ အဲဒီလို နားလည်မှုရမှသာ ပိုမိုကောင်းမွန်တဲ့ အခြေအနေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။



ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

**ရှစ်ဆယ့်ရှစ်အရေးအခင်းနောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်သာ မြန်မာ့နိုင်ငံရေးထဲ ဝင်မလာရင် မြန်မာ့နိုင်ငံရေးက ဘယ်လိုအခြေအနေဖြစ်မယ်လို့ ဘဘသုံးသပ်သလဲ။**

လူကြီးတစ်ယောက်အနေနဲ့၊ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် မဖြစ်ခဲ့တဲ့ကိစ္စက အဲဒီလိုဖြစ်လာရင် ဘာဖြစ်မလဲလို့ မှန်းပြောတာ ထုံးစံမရှိဘူး။ မဖြစ်ခဲ့တဲ့ကိစ္စက မဖြစ်ခဲ့တဲ့ကိစ္စပဲ ဘယ်လိုပြောနိုင်မလဲ။

**နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာပြီးတဲ့နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါတီအပေါ် ခေါင်းဆောင်မှုပိုင်းကို ဘဘအနေနဲ့ ဝေဖန်ထောက်ပြချင်တာ ရှိပါသလား။**

NLD ဟာ အစတုန်းက တပ်ပေါင်းစုပုံသဏ္ဍာန်ဖြစ်တယ်။ ပါတီတွေအလိုက်လည်း ဝင်ခွင့်ရှိတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းလည်း ဝင်ခွင့်ရှိတယ်။ NLD စထောင်တုန်းက ပါတီဖွဲ့စည်းပုံ ရေးဆွဲတဲ့အထဲမှာ ဘဘလည်း အဓိက အခန်းက ပါခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က တာဝန်ပေးလို့ ၁၉၄၆ ခုနှစ်က ထုတ်တဲ့ ဖဆပလဖွဲ့စည်းပုံကို မှီငြမ်းပြုပြီး ရေးပေးလိုက်တယ်။ NLD မဖြစ်ခင်က အောင် စုတင်ပေ့ါ။ နောက်တော့ ဗိုလ်ချုပ်အောင်ကြီးက ခွဲထွက်သွားတယ်။ တချို့လည်း ဗိုလ်ချုပ်အောင်ကြီး နောက်ကို လိုက်သွားတယ်။ အခုက ဒေါ်အောင်ဆန်းစုကြည် မှားတယ်လို့ ယူဆတဲ့အချက်ကတော့ အဲဒီအချက်ပဲ။ NLD ဟာ အစကတပ်ပေါင်းစုသဏ္ဍာန်ရှိပေမယ့် ပါတီဖြစ်သွားတဲ့ အခါကျတော့ အဖွဲ့အစည်းလိုက် ဝင်ခွင့်မရှိဘူး။ တစ်ဦးချင်းပဲ ဝင်ရမယ်လို့ ဖြစ်သွားတဲ့အခါကျတော့ တစ်နိုင်ငံလုံး၊တစ်မျိုးသားလုံးတိုင်းရင်းသား လူမျိုးပေါင်းစုံနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ အားနည်းသွားတယ်လို့ ယူဆတယ်။

**ဒေါ်အောင်ဆန်းစုကြည် မြန်မာ့နိုင်ငံရေး လမ်းကြောင်းပေါ်မှာ စလျှောက်ဖို့အတွက် ဘဘတို့နဲ့ တိုင်ပင်တဲ့အခါ ဘဘတို့က ဝန်းရံပေးခဲ့တာက ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်အောင်ဆန်းသမီး ဆိုတာကြောင့် ဝန်းရံပေးခဲ့တာလား၊ ဒါမှမဟုတ် သူ့ရဲ့ ကိုယ်ပိုင်အရည်အချင်းကြောင့် ဝန်းရံပေးခဲ့တာလား။**

သူ့ရဲ့ကိုယ်ပိုင်အရည်အချင်းကြောင့် ဝန်းရံပေးခဲ့တာပါ။ ဗိုလ်ချုပ်အောင်ဆန်းသမီးဖြစ်တာကြောင့်ဆိုတာတော့ ဒုတိယတန်း၊ တတိယတန်းလောက်မှာ ရှိမှာပါ။ အဓိကကတော့ သူ့ရဲ့ခေါင်းဆောင်မှု အရည်အချင်းကြောင့် စည်းရုံးရေး စွမ်းရည်ကြောင့် ထောက်ခံပေးခဲ့တာပါ။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးစတင်တွဲလုပ်ခဲ့ပြီးတော့နောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်တွေမှာ ဘဘက ဘာလို့ မပါဝင်တော့တာလဲ။**

ဒါကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ဘဘက NLD စထောင်ကတည်းက ပါဝင်တဲ့သူဖြစ်တယ်။ ဒါပေမဲ့ နေရယူတာတို့ ဘာတို့ကျတော့ ဘဘက ဒေါ်အောင်ဆန်းစုကြည်ကို ပြောတယ်။ CEC အပါအဝင် CC အပါအဝင်ပေ့ါလေ ဘယ်ဟာထဲမှာမှ မထည့်ဖို့ ပြောတယ်။ အဲဒီတော့ သူက ဘာကြောင့်လဲ မေးတော့ ကျွန်တော်က ဒီမိုကရေစီကို တကယ်ယုံကြည်လို့ ဝင်လုပ်တာ။ အပေါ်က ပစ်ချတဲ့စနစ်ကို လက်မခံဘူး၊ မကြိုက်ဘူး။ ရပ်ကွက်ကစပြီးတော့ ညီလာခံတွေမှာ ဝင်ပြီးပြိုင်ပြီးတက်လာမယ်လို့ ပြောတယ်။ အဲဒီအချိန်က ဘဘက ၃၆ လမ်းမှာနေတော့ ကျောက်တံတားမြို့နယ်ပေ့ါ။ ဘဘပါတဲ့ ရပ်ကွက်မှာ ညီလာခံလုပ်တော့ ဘဘက ပြိုင်ဘက်တစ်ယောက်ရှိတယ်။ ဒါပေမဲ့ နိုင်တယ်။ နောက်တော့ မြို့နယ်ဥက္ကဋ္ဌရွေးတော့လည်းနိုင်တယ်။ ဘဘက ကျောက်တံတားမြို့နယ် ရဲ့ NLD ပထမဆုံး ဥက္ကဋ္ဌ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ တစ်ဖက်က ပြဿနာက ဘာရှိတုံးဆိုတော့ ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းမခံရခင် ဦးသုဝေခေါင်းဆောင်တဲ့ဒီမိုကရေစီပါတီရှိတယ်။ အဲဒီအထဲက စီအီးစီမှာပါတဲ့ နှစ်ယောက်၊ သုံးယောက်လောက်က ဘဘကို လာခေါ်တယ်။ သူတို့ပါတီမှာ ခေါင်းဆောင်မှုအင်အားသိပ်နည်းပါတယ်။ အင်အားတောင့်တင်းအောင် ဦးထွေးမြင့်ပါ သူတို့ဆီကိုလာပါလို့ နှစ်ခါသုံးခါလာခေါ်တော့ ဘဘစဉ်းစားပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်ပင်တော့ သူက သွားပါတဲ့။ အဲဒါနဲ့ ဘဘက သဘောအောင်လို့ဆိုပြီး ဒီမိုကရေစီပါတီကို သွားမယ်ဆိုပြီး စာနဲ့ရေးပြီးတင်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း သဘောတူပါသည်လို့ မှတ် ချက်ပေးတယ်။ နောက် ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံရပြီးတဲ့အခါကျတော့ ကျန်နေတာက ဦးအောင်ရွှေတို့ပေ့ါ။ သူတို့က ခေါ်ပြောတယ်။ ဒီမိုကရေစီပါတီက NLD ရဲ့ မဟာမိတ်ပါတီမဟုတ်ဘူး။ အဲဒီတော့ ဦးထွေးမြင့်အနေနဲ့ ဟိုပါတီမှာ ဆက်နေရင်လည်း NLD က ထွက်ပါပေ့ါ။ NLD မှာ ဆက်နေလည်း ဟိုပါတီက ထွက်ပါပေ့ါ။ ဒါပေမဲ့ အတိုချုပ်ကတော့ ဒီစစ်ဗိုလ်ဟောင်းတွေနဲ့က ဆက်ဆံရတာ အဆင်မပြေဘူးလေ။ အဲဒီလို အခြေအနေရောက်တဲ့အခါကျတော့ ဒီစစ်ဗိုလ်တွေနဲ့ ငြင်းလားခုံလား မလုပ်ချင်တဲ့အခါကျတော့ ထွက်လိုက်တယ်။ ထွက်ပြီးနောက်ပိုင်း NLD ကို လူသိရှင်ကြား ဝေဖန်တာတွေ ဘာတွေမလုပ်ဘဲ စောင့်ထိန်းခဲ့ပါတယ်။

**ဘဘနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့နိုင်ငံရေးလမ်းကြောင်းစလျှောက်ခဲ့တုန်းက ဘယ်လိုပုံစံမျိုးနဲ့လျှောက်ခဲ့တာလဲ။**

သူနဲ့ဘဘနဲ့ နှစ်ယောက်တွဲစလုပ်ရှားကတည်းက နားလည်မှုရှိခဲ့တာက နိုင်ငံရေးပါတီထောင်ဖို့မဟုတ်ဘူး။ ကြားလူအနေနဲ့ပေ့ါ အဲဒီလို တရုတ်ပြည်နမူနာယူပြီး တရုတ်ပြည်မှာက People Political consultive confrence ဆိုလားခေါ်တယ်။ အဲဒီလို နိုင်ငံရေးအကြံပေးအဖွဲ့အစည်းမျိုး ထူထောင်ပြီးတော့ ဒီအဖွဲ့က ဥပဒေပြုအာဏာတော့မရှိဘူး။ အကြံပေးပိုင်ခွင့်တော့ ရှိတယ်။ အဲဒီအနေအထားမျိုးဖြစ်ဖို့ စတည်ထောင်ကတည်းက အဲဒီလို သဘောတူညီမှုရှိခဲ့တယ်။

**ရှစ်ဆယ့်ရှစ်မျိုးဆက်တွေနဲ့ ပတ်သက်ပြီးတော့ရော ဘဘ ဘာပြောချင်ပါသလဲ။**

ရှစ်ဆယ့်ရှစ်နဲ့ ပတ်သက်လို့ပြောရရင်တော့ ဒေါ်အောင်ဆန်းစုကြည် ပြန်မလာခင်ပေ့ါ။ စတင်လှုပ်ရှားနေတာ မင်းကိုနိုင်ပဲ။ ကျန်တဲ့သူတွေလည်း ရှိတာပေ့ါ။ ကိုကိုကြီးတို့၊ ဌေးကြွယ်တို့ပေ့ါ။ ဘာပဲပြောပြော သူတို့က လူမှုရေးပဲအခုလုပ်တော့မယ်လို့ ဆိုတယ်။ လူမှုရေးဆိုတာ နိုင်ငံရေးရဲ့အဆက်ပဲ နိုင်ငံရေးခေါင်းဆောင်အချို့ကလည်း သူတို့လူမှုရေးပဲ လုပ်နေတာကို မကျေနပ်ကြဘူး။ ခက်တာက ၈၈ က ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်မယ်ဆိုရင် NLD နဲ့ရော၊ တစည်နဲ့ရော၊ ကြံ့ဖွံ့နဲ့ရော ထိပ်တိုက်တိုးကြမှာ အဓိကကတော့ NLD ရယ်၊ ကြံ့ဖွံ့ရယ် ဒါကအဓိကပဲ။ ဘဘလည်း သူတို့ကို နိုင်ငံရေးထဲမှာ ပါစေချင်တယ်။ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စေချင်တယ်။ ဒါပေမဲ့ NLD နဲ့တော့ ထိပ်တိုက်မတိုးစေချင်ဘူး။ မဲကွဲသွားမယ်။ ဒါပေမဲ့ NLD နဲ့ မဟာမိတ်ဖွဲ့ဖို့ နားလည်ဖို့ဆိုတာလည်း မသေချာမရေရာဘူးဖြစ်နေတယ်။

**ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်ပြီးနောက်ပိုင်းရော ဘဘနဲ့ အဆက်အသွယ်ရှိသေးလား။ ဘဘဆီမှာ နိုင်ငံရေးဆိုင်ရာ အကြံဉာဏ်လာတောင်းတာမျိုးရော ရှိသေးလား။**

အကြံဉာဏ်တောင်းတာတော့မရှိပါဘူး။ ဘဘလည်း NLD က ထွက်ထားတဲ့ အခါကျတော့ အရေးတကြီးကိစ္စ မသွားမဖြစ်တဲ့ကိစ္စကျမှသာ NLD ကိုသွားတယ်။ သွားတဲ့အခါလည်း သူနဲ့ ရုံးမှာတစ်ခါမှ မဆုံခဲ့ဘူး။ ကျန်တဲ့သူတွေနဲ့ပဲ ဆုံတာပေ့ါ။ ပြန်ထွက်လာပြီးနောက်ပိုင်းမှာတော့ ဟိုပွဲ ဒီပွဲတွေလောက်မှာပဲ ဆုံဖြစ်တယ်။ အခုအခြေအနေမှာတော့ သူလည်း အလုပ်အင်မတန်များနေတာပဲ။ သူ့ဆီကတော့ ဘာသံမှမကြားပါဘူး။ အလုပ်များနေတော့ လူနာမေးဘာမေးတော့ မလာပါဘူး။

**စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း သတင်းလွှင့်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ဘေးမှာ ဗကပ ယူဂျီတွေ ဝန်းရံနေတယ်ဆိုတာကရော တကယ်ပဲလားခင်ဗျ။**

ရှိသင့်သလောက်တော့ ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဩဇာပေးနိုင်လောက်အောင်တော့ အင်အားမရှိပါဘူး။ ရှိသလောက်လူတွေကလည်း အဲဒီလောက် ဉာဏ်မရှိပါဘူး။ NLD ရဲ့ အတွင်းစည်းထဲမှာတော့ ဗကပလို့ ယူဆလောက်တဲ့သူ မရှိဘူးလို့ ယူဆတယ်။

**လက်ရှိနိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအပေါ် ဘဘဘာများ ပြောချင်ပါသလဲခင်ဗျ။**

အရေးအကြီးဆုံးကတော့ တပ်မတော်ခေါင်းဆောင်တွေနဲ့ နားလည်မှုရရေးနဲ့ အပေးအယူမျှပြီး ညှိနှိုင်းနေတာမျိုးပေ့ါ။ ဒေါ်အောင်ဆန်းစုကြည်ကလည်း အဲဒီလိုပဲ ကြိုးစားနေတယ်လို့ ယူဆတယ်။ ကာကွယ်ရေးဦးစီးချုပ်ကလည်း ပြောသွားဖူးတာ ရှိတယ်။ တပ်မတော်ရဲ့ ကဏ္ဍကို တဖြည်းဖြည်းနဲ့ လျှော့ချနေတယ်လို့ ပြောသွားတာ ရှိတယ်။ အဲဒါပါပဲ။

**ကျေးဇူးတင်ပါတယ်ခင်ဗျာ။** ။

Technology

7Day NEWS JOURNAL

Vol.12, No.34 • OCTOBER 30 , 2013

# အင်တာနက်ဝိုင်ဖိုင်စနစ်အတွက် အခြေခံအဆောက်အအုံ ၂၀၁၄ မှသာ ဆောက်လုပ်နိုင်မည်

**ဆွေမွန်**

**ရန်ကုန်၊ အောက်တိုဘာ- ၂၆**

အင်တာနက် Wifi စနစ်ကို တစ်နိုင်ငံလုံးတွင် ဝန်ဆောင်မှုပေးနိုင်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများကို သုတေသနပြုလုပ်ပြီး လာရောက်လျှောက်ထားနိုင်ရန် ကြေညာထားသော်လည်း လိုအပ်သည့် အခြေခံ အဆောက်အအုံများကို ၂၀၁၄ ခုနှစ်မှသာ တည်ဆောက်ရန်ရှိကြောင်း သတင်းရရှိသည်။

လက်ရှိတွင် စိတ်ပါဝင်စားသည့် ပြည်တွင်းပြည်ပကုမ္ပဏီများအနေဖြင့် မိမိစိတ်ဝင်စားသည့် ဒေသများကို သုတေသနပြုလုပ်ပြီး လာရောက်လျှောက်ထား နိုင်ရန် ကြေညာထားသော်လည်း စတင်လုပ်ကိုင်ဆောင်ရွက်မည့် အချိန်မှာ ၂၀၁၄ နှစ်ဆန်းပိုင်းမှသာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်တစ်ဦးကပြောသည်။

“နိုဝင်ဘာမှာက Survey လုပ်ပြီး Proposal တင်ခိုင်းတဲ့အဆင့်ပဲရှိသေးတယ်။ ပုံစံအရလည်း မြို့တိုင်း လုပ်ချင်မှ လုပ်လို့ရနိုင်မယ်။ ပြီးရင်စိစစ်တာ၊ ပြီးရင် ဆက်သွယ်ရေးနဲ့ ဘယ်လိုချိတ်ဆက်လုပ်ဆောင်မှာတွေ ညှိနှိုင်းမှုတွေနဲ့ တခြားကိစ္စတွေနဲ့တင် နှစ်လလောက်ကြာနိုင်တယ်။ သေချာတာက ဒီနှစ်ကုန် ရှေ့နှစ်လောက်မှာမှ Infra Structure (အခြေခံအဆောက်အအုံ) ဆောက်နိုင်မယ်ထင်တယ်” ဟု အဆိုပါ အင်ဂျင်နီယာချုပ်က ပြောသည်။

စိတ်ဝင်စားသည့် ဒေသများ၌ သုတေသနပြုလုပ်ရာတွင်လည်း အင်တာနက်ဆက်သွယ်ရရှိနိုင်သည့် နေရာအများစုတွင်သာ စတင်လုပ်ကိုင်ရန် အဆင်ပြေမည်ဖြစ်ပြီး ထိုဒေသရှိ အင်တာနက် အသုံးပြုမှုပမာဏပေါ် မူတည်၍ Wifi စနစ်လာရောက်လျှောက်ထားသည့် ပြည်တွင်းပြည်ပကုမ္ပဏီများအားစိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အကျိုးတူပူးပေါင်းလုပ်ဆောင်ရာတွင် Wifi စနစ်အတွက် လိုအပ်သည့် အင်တာနက် Bandwidth ရရှိမှုအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး Bandwidth တိုးချဲ့ရန်အတွက် ဆောင်ရွက်သွားရန်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

အင်တာနက်ဝန်ဆောင်မှုများကို Broadband Wireless (Wifi) စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်းကို အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် စိတ်ဝင်စားသည့် ပြည်တွင်းပြည်ပကုမ္ပဏီများအနေဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ပုံစံနှင့် ဝန်ဆောင်မှုပေးမည့် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့အား Survay ပြုလုပ်၍ Technical and Business Model Proposal မူကြမ်း နိုဝင်ဘာ ၃၀ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာနသို့ပေးပို့ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

# ပြိုင်ဘက် Apple ကုမ္ပဏီ အခမဲ့ပေးသည့် ဆော့ဖ်ဝဲများကြောင့် မိုက်ကရိုဆော့ဖ်စိုးရိမ်မှုမရှိ



JUSTIN SULLIVAN/AFP

**ဆန်ဖရန်စစ္စကို၊**

**အောက်တိုဘာ- ၂၅**

Apple ကုမ္ပဏီက အသစ်ထုတ်လုပ်လိုက်သော iPad ကိုထုတ်ဖော်ပြသလိုက်ပြီး ယင်းတွင်ပါဝင်သည့် iWork အပါအဝင် ဆော့ဖ်ဝဲများစွာကို အခမဲ့ပေးမည်ဟု ကြေညာလိုက်ပြီး နောက်တစ်ရက် အကြာတွင် မိုက်ကရိုဆော့ဖ်ကုမ္ပဏီက iWork ဆော့ဖ်ဝဲသည် လေးနက်မှုမရှိဘဲ အသုံးပြုရလွယ်ကူခြင်းမရှိဟု ပြောဆိုကာ Apple ကုမ္ပဏီ၏ ဆော့ဖ်ဝဲအခမဲ့ပေးမည့်အစီအစဉ်ကြောင့် စိုးရိမ်မှုမရှိဟုပြောသည်။

မိုက်ကရိုဆော့ဖ် ကုမ္ပဏီ၏ ရောင်းအားအကောင်းဆုံး Office ဆော့ဖ်ဝဲနှင့် အပြိုင် iWork ကို Apple ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။ မိုက်ကရိုဆော့ဖ်ကုမ္ပဏီမှ ထုတ်လုပ်သည့် Surface နှင့် Surface 2 သင်ပုန်းကွန်ပျူတာများသည် ကမ္ဘာ့လူကြိုက်အများဆုံး Office ဆော့ဖ်ဝဲကို အသုံးပြုထားပြီး Apple ကုမ္ပဏီမှထုတ်လုပ်သည့် iPad 2 နှင့် iPad Air တို့ထက်တန်ဖိုးလျော့နည်းကြောင်း မိုက်ကရိုဆော့ဖ် ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဖရန့်ရှောက မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ရေးသားထားသည်။

အဆင့်မြှင့်တင်ထားသော ဆော့ဖ်ဝဲနှင့် ထုတ်ကုန်အများအပြားကို Apple ကုမ္ပဏီက အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ဖော်ပြသခဲ့ပြီး ဗီဒီယိုတည်းဖြတ်ခြင်းမှ သီချင်းများ ရေးစပ်ခြင်းအထိ ဆောင်ရွက်ရန်နှင့် လုပ်ငန်းစီစဉ်တင်ဆက်ရန် ဆောင်ရွက်ခြင်းများအတွက် ရေးဆွဲထားသည့် iWork နှင့် iLife ဆော့ဖ်ဝဲများကို အခမဲ့ပေးမည်ဟု ကြေညာခဲ့သည်။

“အဲဒီဆော့ဖ်ဝဲတွေက မယုံနိုင်လောက်အောင် ပြည့်စုံတဲ့ ဆော့ဖ်ဝဲတွေပါ။ အဲဒီဆော့ဖ်ဝဲတွေနဲ့ ဘာလုပ်နိုင်တယ်ဆိုတာ ကျွန်တော်တို့ အပေါ်ယံဖော်ပြထားရုံလေးရှိပါသေးတယ်” ဟု Apple ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် တင်ကွတ်က ပြောသည်။

*—Ref: AFP*

# ဆီးဂိမ်းအတွက် အင်တာနက်လိုင်းထပ်ချဲ့

**ဆွေမွန်**

**ရန်ကုန်၊ အောက်တိုဘာ- ၂၆**

ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် အင်တာနက်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လက်ရှိသုံးစွဲနေသည့် အင်တာနက် Bandwidth ကိုတိုးချဲ့ရာတွင် နှစ်လအတွင်း 5 Gbps အထိတိုးချဲ့ပြီးဖြစ်သော်လည်း ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာတွင် ကျင်းပမည့် ဆီးဂိမ်းအားကစားပွဲတော်တွင် အင်တာနက်ဝန်ဆောင်မှုပေးရန်အတွက် JICA ၏ အကူအညီဖြင့် အင်တာနက် Bandwidth တိုးချဲ့ခြင်းလုပ်ငန်းများကို လုပ်ဆောင်နေပြီး လက်ရှိတွင် 16.7 Gbps အထိတိုးချဲ့ထားပြီဖြစ်ရာ နိုဝင်ဘာ ၄ ရက်တွင် ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ အင်ဂျင်နီယာချုပ်တစ်ဦးကပြောသည်။

“ပြီးခဲ့တဲ့ ရှစ်လပိုင်းကုန်လောက်ကနေစပြီး အခုထိ နှစ်လအတောအတွင်းကိုပဲ 5Gbps လောက်တိုးချဲ့ထားတယ်။ နောက်လတွေမှာလည်း ထပ်ပြီးတိုးချဲ့ဖို့တွေရှိသေးတယ်”ဟု ၎င်းကပြောသည်။


ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် အင်တာနက် WiFi စနစ်ဝန်ဆောင်မှုအတွက် အားကစားပွဲမတိုင်မီ 20 Gbps အထိတိုးချဲ့သွားရန် ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာဦးကျော်စိုးဝင်းက ပြောကြားထားသည်။

အဆိုပါဆီးဂိမ်းအားကစားပွဲတော်အတွက် အင်တာနက် ဝန်ဆောင်မှုပေးရန် ပစ္စည်းဝယ်ယူပြီး တပ်ဆင်မှုအပိုင်းများကို ဆောင်ရွက်နေပြီး နိုဝင်ဘာတွင် အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း WiFi အခမဲ့ဝန်ဆောင်မှုပေးရန် လုပ်ကိုင်ခွင့်ရထားသည့်ကုမ္ပဏီများထံမှ သတင်းရရှိသည်။ ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ငွေဆောင်အစရှိသည့် နေရာများတွင် အင်တာနက်လိုင်းအခမဲ့ရရှိရန် RedLink ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က ဆောင်ရွက်ပေးရမည်ဖြစ်သည်။

Panasonic

Home Elevator

- အထပ်(၄)ထပ်အမြင့်အထိတပ်ဆင်နိုင်ပြီး လူ(၄)ယောက်အထိ အဆင်ပြေစွာ စီးနင်းလိုက်ပါနိုင်သည်။
- နေရာ အနည်းငယ်ရှိရုံဖြင့်လွယ်ကူစွာ တပ်ဆင်နိုင်သည်။
- ဓါတ်လှေကားစီးနင်းနေစဉ် မီးပျက်သွားပါက ဓါတ်လှေကားတွင် Reserve Battery Auto Landing System အပြင် Manual Rescue Device လည်း ပါဝင်သောကြောင့် မိမိလိုရာအထပ်သို့ စိတ်အေးချမ်းသာစွာဆင်းသက်နိုင်သည်။
- ပါဝါမီတာမလိုဘဲ အိမ်သုံးမီတာဖြင့်သာ အသုံးပြုနိုင်သည်။



ဂျပန်နိုင်ငံ၏ နံပါတ် (၁)

ရောင်းအားအကောင်းဆုံး...

အိမ်သုံး ဓါတ်လှေကား

- သက်ကြီးရွယ်အိုများ၊ လူမမာများအကူမပါဘဲ သက်သောင့်သက်သာ ဆင်းတက်နိုင်သည်။
- စီးနင်းသူများအတွက် ၁၀၀% စိတ်ချလုံခြုံမှုရှိပါသည်။
- လွယ်ကူစွာ အတက်အဆင်းပြုနိုင်သောကြောင့် မိသားစုများ ပိုမိုအချိန်ပေးတွေ့ဆုံနိုင်သည်။
- ပစ္စည်းများလွယ်ကူစွာ အတင်အချ ပြုလုပ်နိုင်ပါသည်။

MADE IN JAPAN

Authorized Distributor:

THAZIN OO Co., Ltd.
No.31, Shan Yeiktha Rd,
Sanchaung T/S, Yangon.
Tel: 01-538 805, 510 228

SHOW ROOM
115 A, Khayaepin Rd, Dagon T/S, Yangon.
Tel: 09-420 255 228, 420 255 229
Email: tzo.homeelevator@gmail.com

# အာဖရိကနိုင်ငံများအတွက်ရည်ရွယ်သည့် SMS မှတစ်ဆင့် ဆောင်းပါးများပေးပို့မည့်ဝန်ဆောင်မှုကို ဝီကီပီဒီးယားစမ်းသပ်

**ဆန်ဖရန်စစ္စကို၊ အောက်တိုဘာ-၂၇**

အာဖရိကတိုက်ရှိမိုဘိုင်းဖုန်းသုံးစွဲသူများအတွက် ရည်ရွယ်ထားသည့် မိုဘိုင်းဖုန်းမက်ဆေ့ချ်ပေးပို့ခြင်းစနစ်(SMS)မှတစ်ဆင့်ဆောင်းပါးများ ပေးပို့သွားမည့် ဝန်ဆောင်မှုတစ်ရပ်ကို ဝီကီပီဒီးယားက စမ်းသပ်မှုစတင်နေသည်။

ကင်ညာနိုင်ငံတွင် စမ်းသပ်နေပြီဖြစ်သည့် ယင်းဝန်ဆောင်မှုကို အွန်လိုင်းစွယ်စုံကျမ်း ဝီကီပီဒီးယားက မိုဘိုင်းဖုန်းကုမ္ပဏီ (Airtel)နှင့်ပူးပေါင်းကာ ကနဦးတွင်အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းဝန်ဆောင်မှုသည် အင်တာနက်အသုံးမပြုနိုင်သူများ လက်ဝယ်သို့ ရောက်ရှိလိမ့်မည်ဟု ဝီကီပီဒီးယားက မျှော်လင့်ထားသည်။ အစမ်းအသုံးပြုမှုကို သုံးလကြာ ရရှိနိုင်မည်ဟု ဝီကီပီဒီးယားဖောင်ဒေးရှင်းအတွက် နည်းပညာတွဲဖက်မန်နေဂျာ ဒန်ဖိုးကပြောသည်။



လက်ရှိအချိန်အထိ ဝီကီပီဒီးယားကို ဖုန်းမှမကြည့်ရှုနိုင်သေးသူ ဘီလီယံပေါင်းများစွာရှိကြောင်း ၎င်းကပြောသည်။ ယင်းဝန်ဆောင်မှုကို ရယူရန် (Wikipedia Zero) ကို ခေါ်ဆိုရမည်ဖြစ်ပြီး ဆောင်းပါးများရှာဖွေရန် လမ်းညွှန်ထားသည့် မက်ဆေ့ချ်တစ်ခု လက်ခံရရှိပြီးနောက် (*515#)ကို ခေါ်ရန်လိုအပ်သည်။

အာဖရိကတွင် တန်ဖိုးနည်းမိုဘိုင်းဖုန်းအသုံးပြုသူ များပြားပြီး လက်ရှိအချိန်တွင် မက်ဆေ့ချ်မှတစ်ဆင့် ငွေလွှဲခြင်းမှာ လူကြိုက်များသည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ယင်းဝန်ဆောင်မှုပေးသော ကုမ္ပဏီတစ်ခုဖြစ်သည့် (MPesa) အသုံးပြုသူများ ကင်ညာတစ်နိုင်ငံတည်းတွင်ပင် ၁၇ သန်းရှိသည်။

အနောက်နိုင်ငံနည်းပညာကုမ္ပဏီများက အာဖရိကတိုက်ကို အနာဂတ်ကြီးထွားလာမည့် ဈေးကွက်အဖြစ် ရှုမြင်ကြသည်။ ဥပမာအားဖြင့် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီသည် ၎င်း၏လက်ရှိဈေးကွက်များအတွင်း ဈေးကွက်တောင်းဆိုမှုပြည့်မီစေရန် ဆောင်ရွက်ပေးနေပြီး အခြေခံပိုကျသော နည်းပညာများ အသုံးပြုသူများအတွက် သင့်လျော်မည့်၎င်း၏ဝန်ဆောင်မှုများ ပေးအပ်ရန် နည်းလမ်းများ ရှာဖွေနေသည်။

ဝီကီပီဒီးယား၏ ကနဦးဆောင်ရွက်မှုများကို နွေးထွေးစွာကြိုဆိုမည်ဟု အာဖရိကနည်းပညာသတင်းဝက်ဘ်ဆိုက် (HumanIPO)၏ အယ်ဒီတာတွမ်ဂျက်ဆင်ကပြောသည်။

—*Ref: BBC*







# ခြင်းလုံးမိုဘိုင်းဂိမ်း ဒီဇင်ဘာတွင် ထွက်မည်

**ဆွေမွန်**
**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ဒီဇင်ဘာတွင်ကျင်းပမည့် ဆီးဂိမ်းအားကစားပြိုင်ပွဲ၌ပါဝင်မည့် ခြင်းလုံးအားကစားနည်းကိုမိုဘိုင်းဖုန်းများတွင် အသုံးပြုကစားနိုင်သည့် မိုဘိုင်းဂိမ်းအဖြစ်စတင် ကစားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ခြင်းလုံးဂိမ်းမှာ မိုဘိုင်းဂိမ်းတစ်ခုအဖြစ် Android နှင့် iOS တို့တွင် ကစားနိုင်မည်ဖြစ်သည်။ Android Version ကို အောက်တိုဘာ ၂၂ ရက်တွင် စတင်အသုံးပြုနိုင်ခဲ့ပြီး iOS Version ကို နိုဝင်ဘာ ၅ ရက်တွင် စတင်ဖြန့်ဖြူးအသုံးပြုနိုင်မည်ဖြစ်ကြောင်း ဖန်တီးထုတ်လုပ်ထားသည့် Total Gameplay Studio မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ခြင်းလုံးဂိမ်း၏ Android Version ကို အောက်တိုဘာ ၂၂ ရက်မှစ၍ Google Play Store၊ www.totalgameplaystudio/chinlone နှင့် www.zwenex.com/chinlone အစရှိသည့် ဝက်ဘ်ဆိုက်များတွင် အခမဲ့ဒေါင်းလုတ်ရယူနိုင်ပြီး iOS Version ကို နိုဝင်ဘာ ၅ ရက်တွင် စတင်၍ ရယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း Total Gameplay Studioမှ သတင်းရရှိသည်။

လက်ရှိမိုဘိုင်းဂိမ်းအဖြစ်ပြုလုပ်ထားသည့် ခြင်းလုံးကစားနည်းမှာ ဝိုင်းခြင်းကစားရသည့် ဂိမ်းအမျိုးအစားဖြစ်ပြီး အင်တာနက်ဖြင့်ချိတ်ဆက်၍ အွန်လိုင်းပေါ်တွင် အမှတ်ပြိုင်ဆိုင်မှုဖြင့်ကစားနိုင်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆိုပါဆီးဂိမ်းခြင်းလုံးဂိမ်းကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့နှင့် အိုလံပစ်ကော်မတီတို့၏ အကူအညီဖြင့် Total Gameplay Studio နှင့် Zwenexses ကုမ္ပဏီတို့ ပူးပေါင်းဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ဆီးဂိမ်းပြိုင်ပွဲကြီးကို ပြက်ရယ်ပြုတဲ့ အားကစားကွင်းသိမ်းယူနေမှုများ

**ဟိန်းထက်အောင်**

**မြန်မာ** နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Sea Games) ဟာ ပြိုင်ပွဲကျင်းပဖို့ရက်ပေါင်း(၅၀)ဝန်းကျင်သာလိုပါတော့တယ်။ ၁၉၆၉ ခုနှစ်မှာ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပွဲ (Sea Games) ကို နောက်ဆုံးအကြိမ်လက်ခံကျင်းပခဲ့ပြီး နှစ်ပေါင်း ၄၄ နှစ်အကြာ ၂၀၁၃ ခုနှစ်ထဲမှာ အခုလိုတစ်ကျော့ပြန်လက်ခံကျင်းပခွင့်ရခဲ့ခြင်းဖြစ်ပါတယ်။ ဒါဟာ ၂၀၁၀ ပြည့်နှစ် မြန်မာ့နွေဦးနိုင်ငံရေးအလှည့်အပြောင်းနဲ့အတူ အားကစားကဏ္ဍကနေ နိုင်ငံတကာနဲ့ပြန်လည်ချိတ်ဆက်နိုင်ခဲ့ခြင်းလို့ ဆိုနိုင်ပါတယ်။

တစ်နည်းအားဖြင့် အားကစားကို အလေ့ဝါသနာထုံကာ မြတ်နိုးတန်ဖိုးထားတဲ့ လူမျိုးရဲ့ စရိုက် သဘာဝနဲ့ အောင်မြင်မှုအစဉ်အလာရှိတဲ့ မြန်မာအားကစားအဆင့်အတန်းကို ဖော်ကျူးပြသရာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲကြီးကို အဆင့်အတန်းမြင့်မြင့်၊ လစ်ကွက်၊ ဟာကွက်မရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူတွေအပါအဝင် ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍကနေ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါတယ်။ သို့သော်လည်း မြန်မာပြည်သူတစ်ရပ်လုံးပါဝင်ဆင်နွှဲကြမယ့် ဒေသတွင်းအားကစားပြိုင်ပွဲကို အရုပ်ဆိုးအကျည်းတန်စေတဲ့အဖြစ်အပျက်တွေက နိုင်ငံတွင်းမှာ ပေါ်ပေါက်လျက်ရှိပါတယ်။ အဲဒါကတော့ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးမှာ မရှိမဖြစ်အရေးပါလှတဲ့ အားကစားဆိုင်ရာအခြေခံအဆောက်အအုံတွေကို လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ပူးပေါင်းကာ လက်လွတ်စပယ် သိမ်းယူနေမှုတွေပဲဖြစ်ပါတယ်။

လူမျိုးတစ်မျိုးရဲ့ လွတ်လပ်မှု၊ ပျော်ရွှင်မှု၊ ကျန်းမာသန်စွမ်းမှု၊ ဉာဏ်ရည်မြင့်မားမှု၊ အားကစားအဆင့်အတန်း တိုးတက်မှုကို အထောက်အကူပေးနိုင်တဲ့ ပြည်သူပိုင်အားကစားကွင်းတွေကို သိမ်းယူခြင်းဟာ ပြည်သူတွေကို ချည့်နဲ့ စေပါတယ်။ နုန့်နဲ့စေပါတယ်။ ဒါ့အပြင်မြန်မာ့အားကစားဖွံ့ဖြိုးမှုကို အဆိုးသံသရာထဲမှာ ကျရောက်စေပါတယ်။ တစ်ခေတ်တစ်ခါက ကမ္ဘာ့အဆင့်ထိ တက်လှမ်းကာ အောင်မြင်မှုရယူနိုင်ခဲ့တဲ့ မြန်မာ့အားကစားအဆင့်အတန်းဟာ လက်ရှိအချိန်မှာတော့ ဒေသတွင်းအဆင့်မှာတောင် ရုန်းကန်နေရတဲ့အဆင့်ကို ရောက်သွားခဲ့ပါပြီ။

ဒီလိုမြန်မာ့အားကစားလောကတစ်ခုလုံး ကျရှုံးရုန်းကန်နေခဲ့ရတာဟာ နိုင်ငံရဲ့ပြည်တွင်းရေး၊ စီးပွားရေး၊ ဆုတ်ယုတ်ကျဆင်းခဲ့ခြင်းရဲ့ ဘေးထွက်ဆိုးကျိုးတွေလည်းဖြစ်ပါတယ်။ ဒါ့အပြင် အားကစားကွင်းရုံတွေ ပျက်စီးလေလွင့်ခြင်း၊ ပြုပြင်ထိန်းသိမ်းနိုင်မှုမရှိခြင်း၊ စီးပွားရေးအသုံးချခံဖြစ်လာခြင်း၊ သိမ်းယူခံရခြင်း၊ အားကစားနည်းအလိုက် လူငယ်မျိုးဆက်သစ်ကစားသမားတွေ ထွက်ပေါ်လာမှုနည်းပါးလာခြင်း အစရှိတဲ့အကျိုးတရားတွေပါဆယ်စုနှစ်များစွာခါးစည်းခံခဲ့ရပြီးလည်းဖြစ်ပါတယ်။

ခုချိန်မှာတော့ တာဝန်သိ၊ တာဝန်ရှိတယ်လို့ယူဆကာ ခံယူချက်တစ်ခုတည်းနဲ့ နိမ့်ကျနေတဲ့ မြန်မာ့အားကစားကို မြှင့်တင်ဖို့ ဦးဆောင်ဦးရွက်ပြုသူတွေ (Stake holders) က ကြိုးပမ်းခဲ့ကြပါတယ်။ ဒါကြောင့် မြန်မာ့အားကစားလောကဟာ အနည်းငယ်လှုပ်ရှားနိုးထလာချိန်လည်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာ ဒေသတွင်းအဆင့်မြင့်အားကစားပြိုင်ပွဲကြီးကိုလည်း လက်ခံကျင်းပဖို့ဖြစ်လာပါတယ်။ ဒီလိုအချိန်၊ ဒီလိုအခင်းအကျင်းတွေနဲ့ တိုက်ဆိုင်စွာ ပြည်သူပိုင်အားကစားကွင်းတွေကို မိမိကိုယ်ကျိုး အတ္တအတွက် သိမ်းယူလိုက်ခြင်းဟာ မြန်မာ့အားကစားကို ရေနစ်ရာဝါးကူထိုးသလိုပါပဲ။ ဒါ့ပြင် ဂုဏ်သိက္ခာကြီးမားတဲ့ နိုင်ငံတကာသိဒေသတွင်း ဆီးဂိမ်းပြိုင်ပွဲကြီးကို ပြက်ရယ်ပြုသလို အရှက်သိက္ခာမဲ့တဲ့ လုပ်ရပ်တွေဖြစ်ပါတယ်။

နိုင်ငံအနှံ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အထိုက်အလျောက်ရှိခဲ့တဲ့ အားကစားကွင်းတွေဟာ ၂၀၀၉ ခုနှစ်အတွင်း မြန်မာနေရှင်နယ်လိဂ်ကလပ်တွေကို ခွဲဝေပေးခဲ့ရပြီး လက်ကျန်အားကစားကွင်းတွေကို နည်းအမျိုးမျိုးနဲ့ သိမ်းယူခဲ့လို့လူငယ်တွေဟာလမ်းမတွေ၊ လမ်းကြိုလမ်းကြားတွေနဲ့ ဘုရားကျောင်း ကန်၊ သာသနိကအဆောက်အအုံတွေအနီးမှာ ဘောလုံးကစားနေရတဲ့အဖြစ်ကို ရောက်မှန်းမသိ ရောက်သွားခဲ့ပါတယ်။ ဒီအထဲမှာ တချို့ငွေကြေးတတ်နိုင်တဲ့ အပျော်တမ်းအသင်းလေးတွေဟာ ကွင်းအသုံးပြုခအနည်းဆုံးကျပ်၅၀,၀၀၀ကနေကျပ် ၁၀၀,၀၀၀ အထိပေးကာကစားနေရပါတယ်။ ဒီလိုငွေကြေးပေးရတာတောင် အမြဲတမ်းအခွင့်အရေးမရနိုင်ပါဘူး။




တခြားသော ကလေးငယ်တွေနဲ့ လူငယ်လူရွယ်တွေဟာ ကစားကွင်းနဲ့ အနားယူအပန်းဖြေစရာ ရှားပါးလာချိန်မှာ သူတို့ရဲ့ တန်ဖိုးရှိလှတဲ့ငယ်ဘဝအချိန်တွေဟာ အင်တာနက်ဆိုင်၊ လက်ဖက်ရည်၊ ဘီယာဆိုင်တွေမှာသာ အချိန် ကုန်နေကြပါတယ်။ ဒါဟာ နိုင်ငံဖွံ့ဖြိုးရေး၊ တိုးတက်ရေးမှာ အရေးကြီးအခန်းကဏ္ဍကနေ ပါဝင်တဲ့ လူငယ်တွေရဲ့အားကို အလဟဿဖြုန်းတီးခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ထုထည်စွမ်းအားကြီးလှတဲ့ လူငယ်တွေကို အားကစားနဲ့ လူမှုပရဟိတလုပ်ငန်းတွေမှာ စိတ်ပါလာအောင် စွဲဆောင်ပေးရမှာ ယနေ့လူကြီးတွေရဲ့ တာဝန်ဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းတွေကိုမိမိဝါသနာပါရာ အလျောက်ဖန်တီးပေးရမှာဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကို နားလည်သဘောပေါက်တဲ့ ပြည်သူတွေက အားကစားကွင်းတွေသိမ်းယူနေမှုတွေကိုကန့်ကွက်တာတွေ၊ ဆန္ဒဖော်ထုတ်တာတွေပြုလုပ်ခဲ့ကြပါတယ်။ ဒီအထဲမှာ ကရင်ပြည်နယ်၊ ဘားအံမြို့မဘောလုံးကွင်းအတွင်းဟိုတယ်တည်ဆောက်နေမှုကို ဒေသခံပြည်သူတွေကတာဝန်အရှိဆုံးသူဖြစ်တဲ့ ကရင်ပြည်နယ် အုပ်ချုပ်ရေးမှူးထံတင်ပြကန့်ကွက်ခဲ့ကြပါတယ်။ သို့သော်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူးဟာ အဲဒီကိစ္စကို ပြေလည်အောင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိတာကြောင့် သမ္မတဆီတိုက်ရိုက်တင်ပြအကူအညီတောင်းမယ်လို့ သိရပါတယ်။ ဒေသခံပြည်သူတွေဟာ ပြည်နယ်အုပ်ချုပ်ရေးမှူးကို သမ္မတကတိုက်ရိုက်ခန့်ထားခြင်းဖြစ်တာကြောင့် ဘာမှဆက်လုပ်လို့မရအောင်ဖြစ်နေတယ်လို့ဆိုပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့၊ တာမွေမြို့နယ်မှာရှိတဲ့ တာမွေရာပြည့်ကွင်းကို ဝင်းခြံခတ်ပြီးအဆောက်အအုံတည်ဆောက်နေမှုကိုလည်း ဒေသခံပြည်သူတွေကအောက်တိုဘာ ၁၃ ရက်မှာ ဆန္ဒဖော်ထုတ်မှုပြုလုပ်ခဲ့တယ်လို့သိရပါတယ်။ ရာပြည့်ကွင်းဟာ သမိုင်းဝင်အားကစားကွင်းဖြစ်ပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းဆိုင်ခန်းတွေပြုလုပ်ခဲ့ရာ အာကစားကွင်းလည်းဖြစ်ပါတယ်။

တာမွေ ရာပြည့်ကွင်း ပြန်လည်ရ ရှိဖို့ဒေသခံပြည်သူတွေဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို စာရေးသားပေးပို့ကန့်ကွက်ခဲ့ပေမယ့်ထူးခြားမှုမရှိတာကြောင့် နိုင်ငံတော်သမ္မတထံ တိုက်ရိုက်တင်ပြသွားမယ်လို့ဆိုပါတယ်။ ဒီလို ဆန္ဒဖော်ထုတ်ခဲ့သူတွေဟာ တစ်ချိန်က နိုင်ငံဂုဏ်ဆောင် အားကစားသမားဟောင်းတွေဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ကွက်နေပြည်သူတွေ၊ ကျောင်းသားတွေ၊ လူငယ်တွေလည်းပါဝင်တယ်လို့သိရပါတယ်။

နောက်ထပ်အားကစားကွင်း၊ ပန်းခြံသိမ်းယူခြင်း၊ သိမ်းယူဖို့ကြံစည်အားထုတ်နေတဲ့ အခြေအနေတွေလည်း ရှိနေပါသေးတယ်။ တောင်ဥက္ကလာပ မြို့နယ်ထဲက ပြည်သူပိုင်အားကစားကွင်းနဲ့ပန်းခြံကိုသိမ်းယူပြီးကြံ့ခိုင်ရေးပါတီအမည်ကိုအကာအကွယ်ယူကာကွန်ဒိုတည်ဆောက်နေမှုဖြစ်ပါတယ်။ ဒီလိုပန်းခြံနဲ့ကစားကွင်းကို သိမ်းယူမှုအပေါ် တောင်ဥက္ကလာပမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဖုန်းမြင့်အောင်ကိုယ်တိုင်မြို့တော်ခန်းမအနီးမှာ ဩဂုတ်လအတွင်း တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်ခဲ့တာလည်း ရှိပါတယ်။ ဒါ့အပြင် မင်္ဂလာတောင်ညွန့်မြို့နယ်ထဲက သိမ်ဖြူအားကစားကွင်းကို သိမ်းယူဖို့ကြံစည်အားထုတ်နေတာကြောင့် ဒေသခံပြည်သူတွေက ကန့်ကွက်နေကြသံလည်းကြားရပါတယ်။

ဆိုရရင် ဒီလို အားကစားကွင်းတွေကို သိမ်းယူနေတာဟာ တစ်နိုင်ငံလုံးအနှံ့ဖြစ်ပေါ်လျက်ရှိပြီး တချို့က ထင်သာမြင်သာ၊ တချို့က တိုးတိုးတိတ်တိတ်ဆိုသလိုဖြစ်ပေါ်လျက်ရှိနေပါတယ်။ တကယ်တော့သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ ဒေသခံပြည်သူတွေ တင်ဆုံးရှုံးနစ်နာနေရတာမဟုတ်ဘဲ အားကစားကိုမြတ်နိုးတန်ဖိုးထားတဲ့ မြန်မာပြည်သူတစ်ရပ်လုံး ဆုံးရှုံးနစ်နာရတာဖြစ်ပါတယ်။ ဒါ့အပြင် အားကစားကွင်းတွေပျက်စီးဆုံးရှုံးရတာဟာ မြန်မာ့အားကစားလောကအတွက်လည်း ဆုံးရှုံးမှု ဖြစ်ပါတယ်။

တကယ်တော့ ဒီလိုအားကစားကွင်းတွေကို ဥပဒေမဲ့သိမ်းယူခြင်းအပေါ် တာဝန်အရှိဆုံးပုဂ္ဂိုလ်က နိုင်ငံတော်သမ္မတဖြစ်ပြီး တာဝန်ခံအဖွဲ့အစည်းက ပြည်ထောင်စုအားကစားဝန်ကြီးဌာနဖြစ်ပါတယ်။ နောက်ထပ်တာဝန်ရှိအဖွဲ့အစည်းက လွှတ်တော်ရေးရာကော်မတီတစ်ခုဖြစ်တဲ့ အားကစား၊ ယဉ်ကျေးမှုနှင့် မီဒီယာရေးရာကော်မတီပဲဖြစ်ပါတယ်။ ပြည်တွင်းမှာ အားကစားကွင်းတွေသိမ်းယူခြင်းအတွက် ဘယ်လိုမှတ်ချက်၊ ဘယ်လိုစကားမှထွက်ပေါ်လာခြင်းမရှိဘဲ ရေငုံနှုတ်ပိတ်ရှိနေတာဟာ ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်နေပါတယ်ဆိုတဲ့ စကားကိုတာဝန်မယူခြင်းလည်းဖြစ်ပါတယ်။

အထက်မှာဆိုခဲ့သလို နိုင်ငံတွင်းမှာ လူတစ်စုကြောင့် အားကစားကွင်းတွေ ကွယ်ပျောက်နေရသလို၊ ဒေသတွင်းမှာ အဆင့်မြင့်ဆုံးအားကစားပြိုင်ပွဲကြီးလက်ခံကျင်းပနေမှုက ဆန့်ကျင်ဘက်ဝိရောဓိအသွင်ဆောင်နေသလိုဖြစ်နေမှာပါ။ ဒီပြိုင်ပွဲကြီးအပေါ် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့စိတ်ဝင်စားမှုက ဘယ်လိုရှိလာမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒါ့အပြင်မြန်မာနိုင်ငံဟာ ၂၀၁၄ခုနှစ်မှာအာဆီယံဥက္ကဋ္ဌနေရာကနေ ဒေသတွင်းအရေးကိစ္စတွေကိုဦးဆောင်ဖြေရှင်းပေးရဦးမှာဖြစ်ပါတယ်။ နိုင်ငံတွင်းမှာဖြစ်ပေါ်နေတဲ့ အငြင်းပွားဖွယ် ပြည်သူတွေလက်မခံတဲ့ အရေးကိစ္စတွေကိုလည်းကျေနပ်လောက်ဖွယ်အခြေအနေမျိုးထိ တာဝန်ယူဖြေရှင်းပေးရဦးမှာဖြစ်ပါတယ်။

ဆိုရရင် နိုင်ငံရဲ့အားကစားကွင်းအရေအတွက်နဲ့အဆင့်အတန်းဟာ ဒေသတွင်းမှာတောင် အောက်ဆုံးအဆင့်မှာရှိပါတယ်။ လက်ရှိ(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြီးရင် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဟာ စင်ကာပူနိုင်ငံမှာ ကျင်းပမှာဖြစ်ပါတယ်။

**စာမျက်နှာ(၃၂)သို့**



BRAND'S
BRAND'S ၏ မိုးရာသီ
အထူးကံစမ်းမဲအစီအစဉ်
ကံထူးရှင်များအမည်စာရင်း
1st Prize
စင်္ကာပူခရီးစဉ် (၃-ညအိပ်၊၄-ရက်) (၃) ဆု
(ဆုတစ်ဆုတွင် လူ၂ဦးလိုက်ပါခွင့်)
အမည် မှတ်ပုံတင် မြို့
၁။ မနင်း ၁၃/ဟပန(နိုင်)၀၀၀၅၆၆ ဟိုပုံး
၂။ ဒေါ်သိန်းရွှေ ၁၂/ဗဟန(နိုင်)၀၇၃၂၆၉ ရန်ကုန်
၃။ ဒေါ်ရီရီချို ၂/လကန(နိုင်)၀၁၉၇၂၀ ရွှေတောင်
2nd Prize
ရွှေတစ်ကျပ်သား (၃) ဆု
အမည် မှတ်ပုံတင် မြို့
၁။ မပိမိစံ ၇/ပမန(နိုင်)၁၁၆၈၂၈ ပြည်
၂။ ဦးမျိုးမြင့် ၁၂/ကမတ(နိုင်)၀၁၉၀၇၂ ရန်ကုန်
၃။ ဒေါ်မြတ်စုသွယ် ၇/အဖန(နိုင်)၀၇၂၀၃၂ ရန်ကုန်
3rd Prize
iPad mini (၃) ဆု
အမည် မှတ်ပုံတင် မြို့
၁။ မစုစုစံ ၁၂/ပဘတ(နိုင်)၀၃၄၅၆၃ ရန်ကုန်
၂။ ဒေါ်သီတာလှိုင် ၁၂/သကတ(နိုင်)၁၂၆၇၄၀ ရန်ကုန်
၃။ ဒေါ်တင်ကြည် EI 00625 ရန်ကုန်
4th Prize
Digital Camera (၁၄) ဆု
အမည် မှတ်ပုံတင် မြို့
၁။ ကေသွယ် ၉/ပမန(နိုင်)၀၀၁၀၅၃ -
၂။ ဒေါ်နွယ်နွယ်စိုး ၇/တငန(နိုင်)၀၁၂၅၄၃ တောင်ငူ
၃။ မသန်းသန်းစိုး ၁၂/သကန(နိုင်)၁၁၀၆၆၃ -
၄။ ဘိဂျိုက် ၂/ကတခ(မြို့)၀၀၁၁၆၃ ရွှေကျင်မြို့
၅။ ဦးဝင်းနိုင် ၁၄/မမန(နိုင်)၁၀၁၈၆၀ ရန်ကုန်
၆။ ဒေါ်ရီရီသိန်း ၁/မကန(နိုင်)၀၉၁၇၇၁ မြစ်ကြီးနား
၇။ ဒေါ်ရီရီချို ၂/လကန(နိုင်)၀၁၉၇၂၀ ရွှေတောင်
၈။ ကိုမင်းချမ်းမြေ့စိုး ၇/ပတတ(နိုင်)၀၇၄၅၁ ပြည်
၉။ ဒေါ်တူးတူး ၉/မမမ(နိုင်)၁၁၀၅၄၈ ရန်ကုန်
၁၀။ ဒေါ်ထားထားအေး ၁၂/ဥကတ(နိုင်)၀၂၅၃၆၃ ရန်ကုန်
၁၁။ ကိုမင်းမင်းထွန်း ၁၄/ပသန(နိုင်)၁၈၄၆၈၁ ပုသိမ်
၁၂။ ဒေါ်လှလှစိန် ၁၂/ပဘတ(နိုင်)၀၂၃၂၅ ရန်ကုန်
၁၃။ ဒေါ်စုစုလဲ့ရည် ၁၂/ပဇတ(နိုင်)၀၂၅၇၀၄ ရန်ကုန်
၁၄။ ဒေါ်စန်းစန်းရီ ၁၂/စခန(နိုင်)၀၂၄၂၃၄ ရန်ကုန်
နှစ်သိမ့်ဆု
3in1 ဘောပင် (၂၀၀) ဆု
အမည် မှတ်ပုံတင် မြို့



BRAND'S ၏ မိုးရာသီအထူးကံစမ်းမဲအစီအစဉ်တွင် ကံစမ်းမဲပေါက်သူများသည်
Pahtama Group ရုံးချုပ် (၇၃/၇၆ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့)
ဖုန်း ၀၁ ၅၆၅၄၉၄၊ ၀၁ ၅၇၃၂၇၅ သို့ လာရောက်ထုတ်ယူနိုင်ပါသည်။

ဂျ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# နှစ်မျိုးတည်းပါ အခုတစ်မျိုးနဲ့ တော်ကြာတစ်မျိုး

ဂျေလှသင်



၂၀၁၄ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးကို ဘရာဇီးနိုင်ငံမှာ ကျင်းပမယ်ဆိုတာ ဘောလုံးဝါသနာအိုးတွေ သိပြီးသားဖြစ်မှာပါ။ အဲဒီပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်တဲ့အသင်းတွေထဲမှာ အင်္ဂလန်အသင်းပါတယ်။ အင်္ဂလန်ဟာ ဘောလုံးနိုင်ငံကြီးပါ။ ကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်အသင်းပါတာကိုမြင်ချင်ကြတဲ့ သူတွေအများကြီးပါ။ ပိုလန်နဲ့ပွဲမှာ နှစ်ဂိုးပြတ်ကစားပြီး ဥရောပဇုန်ရဲ့ အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့တယ်။ အဖွင့်ဂိုးသွင်းခဲ့တာ ရွှန်းနေ။ အင်္ဂလန်အသင်းနဲ့ မန်ယူအသင်းရဲ့ တိုက်စစ်မှူး ရွှန်းနေ။

ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်က ရွှန်းနီသတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တာလေး သွားသတိရမိတယ်။ အရင်မန်ယူအသင်း နည်းပြဖာဂူဆန်က ရွှန်းနေကို တိုက်စစ်နေရာမထားဘဲ ကွင်းလယ်မှာ ဆင်းကစားခိုင်းတယ်။ တိုက်စစ်သမား တိုက်စစ်နေရာမနေရလို့ စိတ်ညစ်ပြီး အသင်းကနေထွက်ခွင့်တောင်းတဲ့အထိ ဖြစ်ခဲ့ရတယ်။ အခုမန်ယူနည်းပြသစ် ဒေးဗစ်မိုယက်စ်ကတော့ ရွှန်းနေကို တိုက်စစ်နေရာမှာ ပြန်ထားခဲ့တယ်။ ရွှန်းနေက "အခုဆိုရင် ကျွန်တော် ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားနေတာကိုခင်ဗျားတို့မြင်တွေ့ရမှာပါ" တဲ့။ အဲဒီလိုကျေနပ် ပျော်ရွှင်နေတဲ့ ရွှန်းနေရဲ့ စိတ်ဟာ အင်္ဂလန်အသင်းခြေစစ်ပွဲအောင်ဖို့အများကြီး အထောက်အကူဖြစ်စေခဲ့ပါတယ်။

ဝါသနာအရ ဘောလုံးကန်နေကြပေမယ့် တိုက်စစ်ကို အားသန်သူ၊ ဘယ်တောင်ပံ၊ ညာတောင်ပံကစားချင်သူ၊ နောက်တန်းကနေကာမယ့်သူ၊ ဂိုးပေါက်ကိုလုံအောင်စောင့်နိုင်သူ အဲဒီလိုသန်ရာသန်ရာ ကစားကြရမှ ခြေစွမ်းပြနိုင်ပြီး ဘောလုံးသမားလည်း နာမည်ကြီး၊ အသင်းလည်း နိုင်ပွဲဆက် အဲဒီလို ရလဒ်ကောင်းတွေ ထွက်နိုင်မှာပေါ့။ မဟုတ်ရင်တော့ ရွှန်းနေလို ခံစားကြရမှာပဲ။

ရွှန်းနေလိုစိတ်ဆင်းရဲနေသူ တစ်ယောက် ကျွန်မတို့နိုင်ငံမှာ ရှိနေပါတယ်။ နေပြည်တော်က ကျောင်းဆရာမလေး ဒေါ်စိုးစိုးခိုင်၊ ရှစ်လေးလုံး ငွေရတုပွဲ သတင်းစာရှင်းလင်းပွဲကို သွားတက်မိလို့ ရမယ်ရှာပြီး အလုပ်ဖြုတ်ခံရတာ။ ဘယ်လို တောင်းပန်းတိုးလျှိုးလို့မှ ကိုမရ။ စည်းကမ်းနဲ့မညီ ခွင့်ယူပြီး ခရီးသွားလို့တဲ့။ ကျောင်းသားမိဘကတိုင်တာလည်းမဟုတ်။ အကျင့်စာရိတ္တပျက်တဲ့ ကိစ္စလည်းမရှိ၊ ပြည်သူပိုင် ဌာနပိုင်ငွေနဲ့ ပစ္စည်းကို အလွဲသုံးစားလုပ်တာမျိုးလည်း မဟုတ်။ စုံစမ်းစစ်ဆေးရေးတို့၊ ကော်မရှင်အဖွဲ့တို့ ဖွဲ့ပြီး စစ်ဆေးမေးမြန်းတာမျိုးလည်း မရှိဘဲ ဝန်ထမ်း တစ်ယောက်ကို ဖြုတ်ပစ်လိုက်တယ်။ ဆရာမလေးက ပြောတယ်။ "ကျွန်မဟာ ၁၀ နှစ်ကျော် ကျောင်းဆရာမ လုပ်လာတဲ့ အတွက် ဒီအလုပ်ကိုပဲ တန်ဖိုးထားပါတယ်။ ကျောင်းသားတွေရှိတဲ့ ပတ်ဝန်းကျင်မှာပဲ ပျော်ပါတယ်" တဲ့။ ဟုတ်တယ်လေ။ ဘွဲ့ရတစ်ယောက် ဘယ်ကုမ္ပဏီမှာလုပ်လုပ် ကျောင်းဆရာမလခထက်သာတဲ့ ဝင်ငွေတော့ရမှာပဲ။ ကျောင်းဆရာမလုပ်မှ ထမင်းဝတာ မဟုတ်ဘူး။ ဒါပေမဲ့ သူမပျော်ဘူး။ သူပျော်တာက ကျောင်းသားတွေကို စာသင်ရတဲ့ ဆရာမဘဝ။

တကယ်တော့ အစိုးရ ဝန်ထမ်းတွေမှာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုတာ ရှိပါတယ်။ အပြစ်လုပ်တဲ့ဝန်ထမ်းအတွက်လည်း ပြစ်မှု၊ ပြစ်ဒဏ်များဆိုတာ ပြဋ္ဌာန်းထားပြီးသားပါ။ စည်းကမ်းမရှိ ခွင့်ယူလို့ အလုပ်ထုတ်ခံရတာ မရှိသလောက် ရှားပါတယ်။ စာနဲ့သတိပေးတာ၊ နှစ်တိုးရပ်တာ၊ ရာထူးတစ်ဆင့်ချတာ၊ နယ်ပြောင်းပစ်တာ။ ပေးစရာအပြစ်တွေမှ အများကြီးပါ။ အဲဒီအဆင့်တွေကို မစဉ်းစားဘဲ ထုတ်ပစ်တယ်ဆိုတာ စည်းကမ်းနဲ့မညီတဲ့ အပြစ်ပေးနည်းပါ။ မတရားပါ။ အခု ဆရာမကလည်း ဒီကိစ္စကို တရားသဖြင့် စဉ်းစားဆုံးဖြတ်ပေးဖို့ ကြေညာချက်ထုတ်တောင်းဆိုထားတယ်ဆိုတော့ အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်ရလိမ့်မယ်။

ဒါပေမဲ့ ထူးဆန်းတယ်နော်။ ဆရာမလေးက သူဟာ မတရားအပြစ်ပေးခံရတာပါဆိုပြီး ပိုင်ရာဆိုင်ရာတွေကို မျက်ရည်ခံထိုးအသနားခံနေတာကိုသာ တုတ်တုတ်မျှ မလှုပ်ကြတာ။ တရားသူကြီးကနေ မတရားသူကြီးဖြစ်နေလို့ ဆန္ဒအပြခံရတာကျတော့ ဖေးဖေးမမ ရှိသားနော်။ ရခိုင်ပြည်နယ် တရားသူကြီး လာဘ်ယူပြီး အာဏာ အလွဲသုံးစား လုပ်နေတာ မကျေနပ်လို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေဆန္ဒထုတ်ဖော်ကြတယ်။ ပြည်နယ်လွှတ်တော်ကနေ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ပြီး စစ်နေတယ်လို့လည်း သိထားတယ်။ ဟော. . အောက်တိုဘာ ၂၃ ရက် ထုတ် မြန်မာ့အလင်း သတင်းစာ နဖူးစည်းမှာ "ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးကို ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်" ဆိုတဲ့သတင်း ဖတ်လိုက်ရတော့ စိတ်ထဲမှာ ဘဝင်မကျချင်ဘူး။

ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် စုံစမ်းရေးကော်မရှင်တွေ ဘာတွေဖွဲ့ပြီး စစ်ဟယ်၊ ဆေးဟယ်လုပ်ပြီး ခါမှ မိမိသဘောဆန္ဒရှိလို့ ထွက်ခွင့်ပြုလိုက်တယ် ဆိုတာကြီးက ဘယ်လိုကြီးလဲ။ ကော်မရှင်ဖွဲ့စစ်လို့ထွက်လာတဲ့ အဖြေက ဘာတဲ့လဲ။ ကော်မရှင်ကများ တစ်ခုခုကို ဖုံးကွယ်ပေးထားသလား။ တကယ်ဆိုဖြစ်သင့်တာက အပြစ်တွေ့တယ်၊ ဘယ်လို အရေးယူလိုက်တယ်။ ဒါမှမဟုတ် အပြစ်မရှိဘူး ဒါပေမဲ့သူ့ဘာသာ နုတ်ထွက်တယ်။ အဲဒီလိုမျိုးတစ်ခုတော့ ပွင့်လင်းမြင်သာစွာ ချပြရမယ်။ ကော်မရှင်ကြီးဖွဲ့ပြီး စစ်ရတာတောင် အပြစ်အနာအဆာမရှိ ခွင့်လွှတ်ပေးနိုင်သေးရင် နေပြည်တော်က ကျောင်းဆရာမလေးကျတော့ ဘယ်လိုစီရင်ထုံးများ သုံးလေသလဲ။ ဒါမှမဟုတ် (၈၈)နဲ့ ကင်းအောင်မနေတဲ့ ဝန်ထမ်းမို့ စံနမူနာပြ ဖြုတ်ပြလေသလား၊ တွေးစရာတွေက တစ်ပုံတစ်ခေါင်းဖြစ်ကုန်ပြီ။

မြန်မာပြည်တစ်လွှား နိုင်ငံ့တာဝန် ထမ်းရွက်နေကြတဲ့ ဝန်ထမ်းတွေအတူတူပဲ မဟုတ်လား။ ရခိုင်မှာဖြစ်ဖြစ်၊ နေပြည်တော်ကဖြစ်ဖြစ်၊ ရန်ကုန်မှာဖြစ်ဖြစ်၊ ရှမ်းပြည်က ဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဥပဒေဆိုတာ တစ်မျိုးတည်းရှိ တစ်မျိုးပဲ ကျင့်သုံးရမှာ။ ကျောင်းဆရာမလည်း ဒီစည်းမျဉ်းအတိုင်း လိုက်နာ၊ တရားသူကြီးလည်း ဒီစည်းကမ်းနဲ့အညီ ကျင့်ကြံ။ ချမှတ်ထားပြီးသား စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်သူကိုလည်း အပြစ်အတိုင်းအရေးယူ၊ အဲဒီလို မဖြစ်သင့်ဘူးလား။

အခုတော့ ဝန်ထမ်းတွေကို အပြစ်ပေးနေတာက တစ်ကျောင်း၊ တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ် ဆန်း။ အခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ ဝန်ထမ်းတွေအတွက် ဥပဒေက ဘယ်နှမျိုးများဖြစ်နေလို့လဲ။ သေချာတယ် တစ်ခုမကရှိနေမှာ။ ဘယ်လောက်များလဲဆိုတာတော့ အမိန့်ချတဲ့သူတွေပဲ သိကြမှာ။ တရားသူကြီးက ဝတ်ရုံအနက်ကြီးခြုံပြီး အလုပ်မလုပ်ရလည်း နေနိုင်တယ်ဆိုပြီး ဖုတ်ဖက်ခါထွက်သွားတယ်။ ဆရာမလေးကတော့ ရွှန်းနေလိုပဲ ဒီနေရာမှ ဒီနေရာ၊ စာမှမသင်ရရင်ဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲလို့ပါဆိုပြီး အမျိုးမျိုးတောင်းပန်နေလေရဲ့။ "ကျန်စစ်သားမင်းကြီးကတော့ အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့" တဲ့။ ကျွန်မတို့စောင့်ကြည့်ကြရအောင်။ အခုခေတ်မှာ ဘယ်သူများ ပေါ်လာနိုင်မလဲ။ အနည်းဆုံးတော့ စကားနှစ်မျိုး မပြောတတ်သူမျိုးပေါ့။

Business

7Day NEWS JOURNAL

Vol.12, No.34 • OCTOBER 30 , 2013



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ပြည်တွင်းလက်ကိုင်ဖုန်းဈေးကွက်အတွက်မြန်မာအစိုးရ ကမ်းလှမ်းခြင်းကိုခံရသော နိုင်ငံခြားဖုန်းကုမ္ပဏီများ

လွန်ခဲ့သည့် တစ်လကျော်က မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးလိုင်စင်လျှောက်ရာတွင် မရလိုက်ကြသည့် ကမ္ဘာကျော် ဖုန်းကုမ္ပဏီကြီးနှစ်ခုဖြစ်သော Vodafone နှင့် Orange ကုမ္ပဏီများက မြန်မာဈေးကွက်သို့ဝင်ရောက်နိုင်ရန် ပြင်ဆင်ကြိုးပမ်းလျက်ရှိသည်။

ထိုကုမ္ပဏီနှစ်ခုသည် မြန်မာအစိုးရပိုင် အမ်ပီတီခေါ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဖိတ်ခေါ်ကမ်းလှမ်းမှုကို ရထားသည့် ဆက်သွယ်ရေးလုပ်ငန်းကုမ္ပဏီအုပ်စုတစ်ခုအနေဖြင့် အမ်ပီတီနှင့် ပူးပေါင်းလုပ်ကိုင်မည်ဖြစ်သည်။

ထိုအစီအစဉ်အရVodafone နှင့် Orange တို့သည် တယ်လီဖုန်းသုံးစွဲသူ တိုင်းပြည်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းပင်မရှိသည့် မြန်မာနိုင်ငံတွင် ဖုန်းသုံးစွဲပိုများလာအောင် ပြုလုပ်ပေးရမည်ဖြစ်၏။

ထို့အပြင် စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီစနစ်ဆီသို့ နိုင်ငံရေးအပြောင်းအလဲကာလတွင် အသွင်ပြောင်းရန်ကြိုးစားနေသည့် အစိုးရပိုင်ကုမ္ပဏီတစ်ခုနှင့် မသေချာ မရေရာသည့် လက်တွဲဖော်ကုမ္ပဏီတစ်ခုအနေဖြင့် ပူးပေါင်းလုပ်ကိုင်သွားရန် ရှိနေပါသည်။

" Orange ကလည်း အနေအထားကောင်းပါတယ်။ Vodafone ကလည်း ငွေကြေးတတ်နိုင်တယ်။ ဒါပေမဲ့ ဒီတစ်ခါလုပ်ရတာက ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်လုပ်ရတာထက်ပိုပြီး အသေးစိတ်လုပ်ရမယ်။ ပိုပြီးတော့ လုပ်ရတာ ပိုရှုပ်ထွေးလိမ့်မယ်" ဟု ရန်ကုန်အခြေစိုက် အကဲခတ်တစ်ဦးက ပြောသည်။

မြန်မာအစိုးရက နိုင်ငံခြားဆက်သွယ်ရေးကုမ္ပဏီများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လုပ်ငန်းခွဲများနှင့် ပုဂ္ဂလိက လုပ်ငန်းသဘောမျိုး အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ကြားကမ်းလှမ်းထားသည်။ ထိုလုပ်ငန်းများက လက်ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်နေသော လုပ်ငန်းများနှင့် သီးခြားစီဖြစ်၏။ ထို့အတွက် Vodafone နှင့် Orange ကုမ္ပဏီတို့သည် စင်ကာပူက Singtel အပါအဝင် အခြားကုမ္ပဏီများနည်းတူ မြန်မာအ

စာမျက်နှာ ၂၈ »

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၇ | ၉၇၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၉ | ၇၈၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၁ | ၁၃၄၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၄ | ၃၁. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၁ | ကျပ် |

၂၀၁၃ အောက်တိုဘာ ၂၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၄၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၇. ၄၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၈၃၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၄၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၂. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၄၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၀၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၀,၆၇၂. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၀၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၄၂၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၇၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၅၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၈၀၁၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၅၁. ၈၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၂၃ |
| ငွေ | အောင်စ | ၂၂. ၄၂ |
| ကြေးနီ | ပေါင် | ၃. ၂၆ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ အောက်တိုဘာ ၂၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013









စာမျက်နှာ ၂၇ မှ

## ပြည်တွင်းလက်ကိုင်ဖုန်းဈေးကွက်အတွက် မြန်မာအစိုးရ ကမ်းလှမ်းခြင်းကိုခံရသော နိုင်ငံခြားဖုန်းကုမ္ပဏီများ

စိုးရ၏ ကမ်းလှမ်းချဉ်းကပ်ခြင်းကိုခံရသည်။

ထို့ကြောင့် မကြာသေးမီကမှ မြန်မာပြည်တွင်းတွင် ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရန် ယှဉ်ပြိုင်ခဲ့ကြသော Vodafone၊ Orange နှင့် Singtel တို့သည် နောက်တစ်ခါလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်ခွင့်ရရေးအတွက် ထပ်မံပြိုင်ဆိုင်ကောင်း ပြိုင်ဆိုင်ရနိုင်သည်။ ပြီးခဲ့သည့် ဆက်သွယ်ရေးလိုင်စင်လုပ်ကိုင်ခွင့်များကိုမူ နော်ဝေးနိုင်ငံမှ တယ်လီနောနှင့် ကာတာမှ အော်ရီဒူးကုမ္ပဏီများရရှိသွားခဲ့သည်။

Vodafone နှင့် Orange ကုမ္ပဏီများကမူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်နှင့်ပတ်သက်ပြီး ပြောကြားရန် ငြင်းဆန်ခဲ့သည်။ Singtel တစ်ခုတည်းကသာ မြန်မာပြည်က ၎င်း၏ လုပ်ငန်းအခွင့်အရေးများအတွက် သူတို့ဆက်လုပ်သွားကြမည်ဟု ပြောကြားခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး ပြောကြားရန် ငြင်းဆန်ခဲ့ပါသည်။

လျှပ်စစ်မီးနှင့် ကျွမ်းကျင်လုပ်သားများ အပါအဝင် အခြေခံအဆောက်အအုံ ညံ့ဖျင်းမပြည့်စုံသည့် မြန်မာနိုင်ငံမှာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးလာမှု၏ စီမံကိန်းတစ်ခုအဖြစ် တယ်လီဖုန်းလိုင်စင်နှစ်ခုအတွက် ယခုနှစ်တွင် နိုင်ငံတကာကုမ္ပဏီများ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ခြင်းက မြန်မာနိုင်ငံသားများအတွက် စိတ်လှုပ်ရှားစရာဖြစ်ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကုမ္ပဏီကြီးများ၏ ဖုန်းလိုင်းများမရှိသည့်အတွက် ဖုန်းဆင်းမ်ကတ်တစ်ခုကိုပင် အမေရိကန်ဒေါ်လာ တစ်ရာကျော်ပေးပြီး ဝယ်ယူနေရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပြင်ပကုမ္ပဏီများ ပူးပေါင်းလုပ်ကိုင်မည့် အစီအစဉ်၏ ရည်မှန်းချက်မှာနိုင်ငံ၏ဆက်သွယ်ရေးကွာဟချက်ကို ကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက်လားဆိုသည်ကတော့ အသေအချာ မသိသေးဟု စောင့်ကြည့်အကဲခတ်သူများက ဆိုသည်။ ဆက်သွယ်လုပ်ကိုင်မည့် နိုင်ငံတကာ ကုမ္ပဏီဘယ်နှခုလောက်ကို အစိုးရက ရှာဖွေနေသည်ကိုလည်း မသိရသလို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ငွေကြေးမည်မျှပံ့ပိုးမည်ဆိုသည်နှင့်ပတ်သက်၍လည်း မည်သည့်ကုမ္ပဏီမှ အသေးစိတ် သိရှိခြင်းမရှိပါ။

"သူတို့လိုချင်နေတာ ငွေကြေးစိုက်ထုတ်မယ့် ကုမ္ပဏီလား၊ နည်းပညာပေးမယ့် ကုမ္ပဏီလား ဆိုတာတောင် သေချာရှင်းရှင်းလင်းလင်း မသိရပါဘူးဗျာ" ဟု အတွင်းလူ တစ်ဦးက ဆိုသည်။

Orange ကုမ္ပဏီကမူ လတ်တလောတွင် အယ်လ်ဂျီးရီးယားနှင့် အီသီယိုပီးယားနိုင်ငံများတွင် အစိုးရတယ်လီဖုန်းကုမ္ပဏီ၏ အော်ပရေတာအဖြစ် ဆောင်ရွက်နေသည့် အတွေ့အကြုံရှိသည်။ မြန်မာအစိုးရ၏ အကြံအစည်နှင့် ရင်းနှီးကျွမ်းဝင်သူ အခြားတစ်ဦးကတော့ မြန်မာအစိုးရသည် ကိုယ်ပိုင် လက်ကိုင်ဖုန်းကွန်ရက်ကို တည်ထောင်ရန် ကြံစည်နေခြင်းဟု ဆိုသည်။

နောက်ထပ်စိုးရိမ်စရာ တစ်ခုမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မြန်မာစစ်တပ် ကျောထောက်နောက်ခံ အမ်အီးစီခေါ် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းနှင့်ပတ်သက်လာနိုင်မှုပင် ဖြစ်သည်။ မြန်မာစီးပွားရေးကော်ပိုရေးရှင်းတွင် ကိုယ်ပိုင် အသေးစား ဆက်သွယ်ရေး ကွန်ရက်ရှိနေပြီး ကြည့်ရသည်မှာ ထိုလုပ်ငန်းကို ချဲ့ထွင်လိုဟန်ရှိသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့်တယ်လီဖုန်းကုမ္ပဏီများကို အကြံပေးနေသည့် Vriens & partners အတိုင်ပင်ခံလုပ်ငန်းမှ အကြီးအကဲ ရိုမိန် ကားလ်လောဒ်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အီပီတီအနေဖြင့် သူ့ကိုယ်ပိုင်ဖုန်းကွန်ရက်ရရှိရန် ကြိုးစားနေစဉ်တွင် သဘောရိုးဖြင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ကွန်ရက်ကို ခဏယာယီယူသုံးခြင်းလား (သို့မဟုတ် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းနှင့် အမ်ပီတီ၏ လုပ်ငန်းကို တစ်စိတ်တစ်ပိုင်း ပါဝင်လုပ်ကိုင်နိုင်မည်လား ဆိုသည်ကို မသိရှိရဟု ဆိုသည်။

"စိတ်ဝင်စားတဲ့ နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ သူတို့ တစ်ခုခုကို မလုပ်ကြခင်မှာ ဒီထက်ပိုရှင်းလင်းတိကျတဲ့ အချက်အလက်တွေ ရလိမ့်မယ်လို့ ကျွန်တာမျှော်လင့်ပါတယ်" ဟု ကားလ်လောဒ်က ပြောဆိုသည်။

**(Financial Time သတင်းစာပါ Micheal Peel နှင့် Daniel Thomas ရေးသားသော Myanmar courts foreign telecoms groups to tap mobile market ဆောင်းပါးကို ထားထားမြင့် ဘာသာပြန်ဆိုသည်။)**



# စနိုးဒန်၊ အမေရိကန်နှင့် သံတမန်ရေးဂယက်များ

ကြည်နေဝင်းမင်း

အမေရိကန် အိမ်ဖြူတော်သည် အောက်တိုဘာ ၂၃ ရက်က ဝါရှင်တန်၏ လူမှုရေးပြက္ခဒိန်တွင် ယခုနှစ်အတွက် အထည်ဝါဆုံး အခမ်းအနားတစ်ရပ် လက်ခံကျင်းပရန် စီစဉ်ထားခဲ့သည်။ ယင်းမှာ အိမ်ဖြူတော်သို့ အလည်အပတ်လာသော အရေးကြီးပုဂ္ဂိုလ်တစ်ဦးကို နိုင်ငံတော်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရေးဖြစ်သည်။

သို့သော် အခမ်းအနားမှာ ဖျက်သိမ်းခြင်းကြုံခဲ့ရသည်။ ယင်းမှာ ဖက်ဒရယ်အစိုးရ၏ ယန္တရားတစ်စိတ်တစ်ပိုင်း ပိတ်သိမ်းရမှု နောက်ဆက်တွဲ သက်ရောက်မှုကြောင့်မဟုတ်ပါ။ သမ္မတအိုဘားမား အရေးတကြီးကိစ္စဖြင့် ခရီးထွက်ရခြင်းကြောင့် အခမ်းအနားဖျက်သိမ်းရခြင်းလည်း မဟုတ်ပါ။ ဂုဏ်သရေရှိဧည့်သည်က အခမ်းအနားကိုတက်ရောက်တော့မည်မဟုတ်ဟု ပြီးခဲ့သည့်လက ကြေညာခဲ့သောကြောင့်ဖြစ်သည်။ ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်မှာ ၎င်း၏ ပုဂ္ဂလိက ဆက်သွယ်ပြောဆိုမှုများကို အမေရိကန်ထောက်လှမ်းရေးအဖွဲ့က တိတ်တဆိတ်စောင့်ကြည့်နေခဲ့သည့်အတွက် သိသိသာသာ စိတ်မချမ်းမသာ ဖြစ်နေသည်မှာ ထင်ရှားသည်။

နိုင်ငံတော်အလည်အပတ်ခရီး ဖျက်သိမ်းလိုက်ခြင်းမှာ မစ္စစ်ဒီလ်မာရူးဆက်ဖ်က ပုဂ္ဂလိကနှင့် အမျိုးသားရေးကန့်ကွက်မှုကို သတိပြုမိစေရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်မဟာမိတ်တစ်ဦးကို အိမ်ဖြူတော်တွင် ကြိုဆိုရေး ပြင်ဆင်မှုများ လုပ်နေရမည့်အစား အောက်တိုဘာ ၂၃ ရက်မှာပင် မစ္စတာ အိုဘားမားသည် နောက်ထပ်ကန်မဟာမိတ်တစ်ဦးထံမှ မကျေမချမ်းပြောဆိုမှုများကို နားထောင်ဖို့ ကြုံလာရသည်။

ဂျာမနီအဓိပတိ မစ္စစ်အန်ဂျလာမာကယ်လ်က အိုဘားမားကို ဖုန်းခေါ်ပြီး ၎င်း၏ပုဂ္ဂလိကမိုဘိုင်းဖုန်းကို ခိုး၍နားထောင်ခံနေခဲ့ရကြောင်း မကျေမနပ်ပြောလာသည်။

သမ္မတ၏ပြောရေးဆိုခွင့်ရှိသူက အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ(NSA)သည်မစ္စစ်မာကယ်လ်၏ဖုန်းကို စောင့်ကြည့်မနေကြောင်းနှင့်နောင်လည်းစောင့်ကြည့်မည်မဟုတ်ဟု မီဒီယာများအား အာမခံပြောကြားပါသည်။ သို့သော် ယခင်က ၎င်း၏ဖုန်းခေါ်ဆိုမှုများကို နားမထောင်ခဲ့ပါဟူ၍ ပြောခွင့်ရပုဂ္ဂိုလ်က မပြောနိုင်ခဲ့။ ထို့အတွက် (NSA)သည် စွပ်စွဲချက်များအပေါ် အပြစ်ရှိသည်ဟု ဝန်ခံနေသယောင် အပြောခံရဖို့ရှိနေသည်။

စနိုးဒန်၏ဂယက်မှာ ပိုမို၍ ဒေါသတကြီး သံတမန်ရေးတန်ပြန်မှုများ ပေါ်ထွက်လာစေခဲ့သည်။ (NSA)ကန်ထရိုက်လုပ်သားဟောင်း အက်ဒဝပ်စနိုးဒန် အမေရိကန်နိုင်ငံမှ ထွက်ခွာသွားချိန်တွင် ယူဆောင်သွားခဲ့သော လျှို့ဝှက် အချက်အလက်များမှာ ကမ္ဘာတစ်ဝန်း သံတမန်ရေးအနှောင့်အယှက်များ ဖြစ်ပေါ်လာစေသည်။

လွန်ခဲ့သော လေးရက်ကလည်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီက အိုဘားမားထံ ဖုန်းခေါ်ဆို၍ ပြင်သစ်နိုင်ငံရေးနှင့် စီးပွားရေးပုဂ္ဂိုလ်များအပေါ် (NSA)က ကျယ်ကျယ်ပြန့်ပြန့် စောင့်ကြည့်ထောက်လှမ်းမှုများ လုပ်ခဲ့သည်ဆိုခြင်းအပေါ် တိုင်ကြားပြောဆိုခဲ့သည်။

မက္ကဆီကိုနိုင်ငံကလည်း ၎င်း၏ လက်ရှိသမ္မတ ပင်ညာနီယက်တိုနှင့် သမ္မတဟောင်း ဖိလစ်ပီကယ်လ်ဒါရွန်တို့အပေါ် ထောက်လှမ်းနေခဲ့ခြင်းအတွက် ကသိကအောက်ဖြစ်နေသည်။ အမေရိကန်နိုင်ငံမှာ ကုလသမဂ္ဂရုံးများနှင့် အီးယူအပေါ် တိတ်တဆိတ် ထောက်လှမ်းနေခဲ့သည်ဟု စွပ်စွဲခံထားရသည်။ နောက်ဆုံးစွပ်စွဲမှုများကို ဗြိတိန်နိုင်ငံ ဂါဒီးယန်းသတင်းစာက ပုံနှိပ်ဖော်ပြခဲ့ရာတွင် ကမ္ဘာ့ခေါင်းဆောင် ၃၅ ဦး၏ ဖုန်းပြောဆိုဆက်သွယ်မှုများ စောင့်ကြည့်ခံနေခဲ့ရသည်ဟုဆိုသည်။

စိတ်မသက်မသာ ဖြစ်နေသော မဟာမိတ်များ၏ ဒေါသတကြီးပြောဆိုမှုအချို့မှာ မိမိနိုင်ငံသားများ၏စိတ်ကျေနပ်မှုအတွက် ဖြစ်သည်ဆိုခြင်းမှာ သံသယရှိစရာမလိုပါ။ ထပ်မံ၍ဆိုရလျှင် မိမိမဟာမိတ်များအပေါ် ပြန်၍သူလျှိုလုပ်နေခြင်းမှာလည်း အမေရိကန်တစ်နိုင်ငံတည်း မဟုတ်နိုင်ပါ။

သို့သော်လည်း ခြေထောက်တက်နင်းခံရသော မိတ်ဆွေများ တစ်နေ့တခြား များပြားလာ၍ စနိုးဒန်ဂယက်မှာ အမေရိကန်နိုင်ငံ၏ သံခင်းတမန်ခင်းကို ရှုပ်ထွေးလာစေရုံသာမက အလေးအနက် ထိခိုက်လာခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီ ယခု သီတင်းပတ်အတွင်း ပါရီမြို့ လေဆိပ်သို့ ဆိုက်ရောက်လာချိန်တွင်၌ပင် ထိုနေ့နံနက် လာမွန်ဒေးသတင်းစာက ဖော်ပြထားသော သူလျှိုလုပ်မှုစွပ်စွဲချက်များနှင့် ရင်ဆိုင်ရသည်။ မစ္စစ်မာကယ်လ်က ကန်သမ္မတကို စိန်ခေါ်ချိန်တွင် အိုဘားမားအစိုးရအရာရှိကြီးနှစ်ဦးမှာ သမိုင်းတွင် အကြီးမားဆုံးကုန်သွယ်ရေး သဘောတူညီမှုဟု ကြွေးကြော်ထားသော အမေရိကန်နှင့် အီးယူကုန်သွယ်ရေးသဘောတူညီမှုကို ညှိနှိုင်းရန် ဘာလင်မြို့၌ ရောက်ရှိနေသည်။

အိုဘားမားအစိုးရအတွက် ဆိုလျှင် ယင်းမှာ လွှင့်ပျံသွားသော သစ်ရွက်ခြောက်များကို လိုက်လံသိမ်းဆည်းရုံသာမကဘဲ သံတမန်ရေးမီးတောက်များကိုလိုက်လံငြှိမ်းသတ်နေရသည့် အခြေအနေဖြစ်ပြီး အပျက်အစီးများမှာလည်း တာရှည်မည့်သဘော ဖြစ်နေသည်။

ဘားရက်အိုဘားမားနှင့် အန်ဂျလာမာကယ်လ်တို့ကြား ပုဂ္ဂလိကဆက်ဆံရေးကို စဉ်းစားကြည့်လျှင် ယင်းဆက်ဆံရေးမှာ ယခုအချိန်အထိ ရင်းရင်းနှီးနှီးပင်ဖြစ်သည်။ "မိတ်ဆွေတွေကြားမှာ သူလျှိုလုပ်တယ်ဆိုတာ မရှိပါဘူး။ အခုဆိုရင် ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရပါတော့မယ်"ဟု ဘရပ်ဆဲလ်မြို့ အီးယူထိပ်သီးဆွေးနွေးပွဲ၌ မစ္စစ်မာကယ်လ်က ပြောကြားသည်။

တကယ်တော့ (NSA)အကြောင်း ထုတ်ဖော်ပြောကြားမှုများကသာ အမေရိကန်၏ သံတမန်ရေးကိုထိခိုက်နေသည်မဟုတ်ပါ။ ယခုသီတင်းပတ်အတွင်း ဂျွန်ကယ်ရီက အီရန်သမ္မတသစ် ဟတ်ဆန်ရိုဟာနီ၏ လိုလိုလားလား အပြုအမူများကို လမ်းဖွင့်ကြိုဆိုခဲ့ခြင်းအတွက် အစ္စရေးနိုင်ငံ၏ စိုးရိမ်ပူပန်မှုများကို ပြေပျောက်ရေး ကြိုးစားနေရသည်။ အရှေ့အလယ်ပိုင်းမှ အမေရိကန်၏အခြားမဟာဗျူဟာမြောက် မဟာမိတ် ဆော်ဒီအာရေးဗီးယားနိုင်ငံကလည်း အီရန်အပေါ် အမေရိကန်က နွေးထွေးလာခြင်းအတွက် စိတ်ပျက်လာခဲ့သည်။

ဆော်ဒီအာရေးဗီးယား၏ အမျက်ဒေါသကို မီးထိုးပေးခဲ့သည်က ဘုရင့်မိသားစုဝင်တစ်ဦးဖြစ်ပြီး ဆော်ဒီထောက်လှမ်းရေးဌာန၏ ဒါရိုက်တာဟောင်းဖြစ်သူ မင်းသားတာကီအယ်လ်ဖိုင်ဆယ်ဖြစ်သည်။ ၎င်းက ယခုသီတင်းပတ်အတွင်း အိုဘားမားအစိုးရ၏ ဆီးရီးယားနိုင်ငံအပေါ် ညည်းတွားချင်စရာမူဝါဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်အဖွဲ့ဝင်သစ်နေရာကိုမရယူဘဲ ပယ်ချခဲ့သော ဆော်ဒီအာရေးဗီးယား၏ ဆုံးဖြတ်ချက်မှာလည်း ကုလသမဂ္ဂကို မဟုတ်ဘဲ အမေရိကန်နိုင်ငံကို သတင်းစကားပါးလိုခြင်းဖြစ်သည်။ ဂျော်ဒန်နှင့် ယူအေအီးနိုင်ငံတို့၏ အလားတူ အပြုသဘောမဆောင်သော တုံ့ပြန်မှုများမှာလည်း ကန်သမ္မတက ဆီးရီးယားပြည်တွင်းစစ်တွင် ခိုင်ခိုင်မာမာတုံ့ပြန်ရေး ပျက်ကွက်မှုနှင့် ဆက်စပ်နေသည်။

ခပ်လှမ်းလှမ်းကို မျှော်ကြည့်လျှင်လည်း အမေရိကန်နိုင်ငံမှာ ၎င်းကိုယ်တိုင်ဖန်တီးသော ပြဿနာများကို ရင်ဆိုင်နေရသည်။ ဝါရှင်တန်က 'အာရှဗဟိုချက်' မူဝါဒကို တခမ်းတနားကြေညာပြီး ၂နှစ်မပြည့်မီမှာပင် ဖက်ဒရယ်အစိုးရယန္တရား ခေတ္တရပ်ဆိုင်းမှုက အိုဘားမားအဖို့ အာရှ-ပစိဖိတ်ခေါင်းဆောင်များ၏ နှစ်စဉ်ပြုလုပ်သော အရေးပါသည့်အစည်းအဝေးကိုမတက်ရောက်နိုင်ခဲ့ဘဲ တရုတ်နိုင်ငံက ဗဟိုစင်မြင့်တွင် နေရာယူဖို့ဖြစ်လာခဲ့သည်။

အီရတ်စစ်ပွဲက သမ္မတဂျော့ချ်ဒဗလျူဘုရှ်အပေါ် ယုံကြည်မှုပျောက်ဆုံးစေခဲ့သလို (NSA)အရှုပ်တော်ပုံက ဘားရက်အိုဘားမားကို ထိခိုက်ခဲ့သည်ဟု ငြင်းခုံဆွေးနွေးခြင်းမှာ ပြင်းထန်လွန်းပါသည်။ ဘုရှ်အစိုးရ၏ အလွန်အကျွံတစ်ကိုယ်တော်ကြဲရေးဝါဒနှင့် ကာလရှည် မဟာမိတ်များ၏ ထင်မြင်ချက်များကို လုံးလုံးလျားလျား ဥပက္ခာပြုခြင်းမှနေ၍ ဥရောပတွင် နက်ရှိုင်းသော နာကြည်းမှုများဖြစ်ပေါ်လာစေခဲ့ပါသည်။


သို့သော် (NSA)အရှုပ်တော်ပုံမှာ ၂၀၀၉ ခုနှစ်က အာဏာရရှိလာချိန်တွင် ပြင်သစ်နိုင်ငံကဲ့သို့ သက်တမ်းရှည်မဟာမိတ်များနှင့် ယိုယွင်းနေသော ဆက်ဆံရေးကို ပြန်လည်ကုစားရေးနှင့် အမေရိကန်၏နိုင်ငံတကာရပ်တည်မှု မူလနေရာသို့ပြန်လည်ရောက်ရှိရေး စိတ်ပိုင်းဖြတ်ခဲ့သော သမ္မတတစ်ဦးအတွက် ကြီးကြီးမားမား မျက်နှာပျက်စရာ ဖြစ်နေသည်။

*—Ref: The Snowden effect on US diplomacy*

7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# 7DAY BOOK REVIEW




## စာပေအင်တာဗျူး

**မောင်ခင်မင်(ဓနုဖြူ)**

တွေ့ဆုံမေးမြန်းသူအသီးသီးက ဆရာမောင်ခင်မင်(ဓနုဖြူ)အား တွေ့ဆုံမေးမြန်းထားသည်များကို စာအုပ်အဖြစ် တစ်စုတစ်စည်းတည်း ထုတ်ဝေလိုက်သည်။ ယခုစာအုပ်တွင်မောင်ခင်မင်(ဓနုဖြူ)၏ မိသားစုဘဝ၊ စာပေဘဝ၊ စာပေအမြင်၊ ဘာသာစကားအမြင်များကို ဖတ်ရှုရမည်ဖြစ်သည်။

"အနားယူပြီးတဲ့နောက်ပိုင်းမှာ တစ်သက်လုံး လုပ်လာခဲ့တဲ့ စာပေကိစ္စတွေ၊ စာပေနဲ့နီးနွယ်တဲ့ အနုပညာကိစ္စတွေ၊ လူမှုရေးကိစ္စတွေကိုတိခနဲဖြစ်ပြီး မစွန့်လွှတ်နိုင်သေးပါဘူး။ အဲဒါတွေဘာမှ မလုပ်ဘဲ နေရင် ကိုယ့်ဘဝဟာ ကိုယ့်အိမ်ထဲ၊ ကိုယ့်မိသားစု ဘောင်ထဲမှာပဲ နစ်မြုပ်နေပြီး ကိုယ့်ရဲ့'ပုဂ္ဂလဝိသေသ'ပျောက်ဆုံးသွားမှာပေါ့။ ကိုယ့်နေရာ ပျောက်ဆုံးသွားမှာပေါ့။ အဲဒီလို ဘဝမျိုး မနေနိုင်ပါဘူး။ 'တိုင်းပြည် နဲ့လူမျိုး အတွက်'ဆိုတဲ့ စကားလုံး ကြီးကြီးတွေလည်း မသုံးချင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့စိတ်အား၊ ဉာဏ်အားကို ကိုယ့်အတွက် ကိုယ့်မိသားစုအတွက် အဲဒီကနေပြီး ကိုယ့်ပတ်ဝန်းကျင် ကိုယ့်ပတ်ဝန်း ကျင်အသိုင်းအဝိုင်းအတွက် အတတ်နိုင်ဆုံးအသုံးချပြီး ဆောင်ရွက်ချင်တဲ့ဘဝမျိုးကို နှစ်သက်ခုံမင်ပါတယ်။ အဲဒီဘဝမျိုးနဲ့ နောက်ဆုံးအချိန်အထိနေသွားမယ်လို့ ရည်ရွယ်ပါတယ်"ဟု အငြိမ်းစား ပါမောက္ခတစ်ဦး၏ ရိုးရှင်းသော ဘဝနေထိုင်မှုဟန်ကို ဖတ်ရှုရပါမည်။ မြန်မာစာပေပညာရှင်တစ်ဦး၏ ပညာရပ်ဆိုင်ရာ အတွေ့အကြုံ အသိအမြင်များကို ဆင်ခြင်တွေးတော နိုင်မည်ဖြစ်ပြီး ဖူးပွင့်ဝေဝေ စာအုပ်တိုက်က တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## စာစီစာကုံးအရေးအသား

**ဦးရဲဝေ(မြန်မာစာ)**

ဦးရဲဝေ(မြန်မာစာ)၏ စာစီစာကုံးအရေးအသား စာအုပ်ထွက် ရှိလာသည်။ စာအုပ်အမည်က ရိုးရှင်းလှသော်လည်း စာအုပ်တွင် ရေးနေကျ အကြောင်းအရာအမျိုးမျိုးကို စာစီစာကုံးအဖြစ် တန်းစီ၍ရေးပြထားခြင်းမဟုတ်ဘဲ မြန်မာစာစီစာကုံးတစ်ပုဒ်ဖြစ်ပေါ်လာရန် ရေးသားတတ်ရန် လမ်းညွှန်ထားသောစာအုပ်ဖြစ်သည်။ တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်ဟူသော စကားအတိုင်းပင် မြန်မာလူမျိုးတို့အဖို့ မြန်မာစာစီစာကုံးတစ်ပုဒ် ရေးသားပါဟုဆိုလျှင် ဖြောင့်ဖြောင့်တန်းတန်း ချောချောမွေ့မွေ့ရေးတတ်ရန် တကယ်တမ်း ခက်ခဲပါမည်။ စာစီစာကုံးဆိုလျှင် အလွတ်ကျက်၍သာ ဖြေဆိုနေကြသော ကျောင်းသား၊ ကျောင်းသူများအတွက် ဦးရဲဝေ (မြန်မာစာ)၏ ဤစာအုပ်က စာစီစာကုံးကို တွေးတတ်၊ရေးတတ်ရန်စနစ်ကျသည့်နည်းလမ်းများဖြင့် အပြည့်အဝ လမ်းညွှန်ပေးပါလိမ့်မည်။

ယခု စာအုပ်တွင် အကြောင်းအရာမျိုးစုံကို ခေါင်းစဉ်ငယ်များခွဲ၍ ရေးသားထားရာ မြန်မာစာ၊ သဒ္ဒါရေးထုံးသာမက စကားပုံများ၊ ဆုံးမစာများ၊ စာအကိုးအကား၊ ကဗျာအကိုးအကားများ၊ ဓမ္မပဒ၊ လောကနီတိ ကောက်နုတ်ချက်များ စသည့်မှတ်ဖွယ်မှတ်ရာများ ထည့်သွင်းဖော်ပြထား၍ မြန်မာစာပေကို အကျွမ်းဝင်လိုသူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် မလွဲမသွေဆောင်ထားရမည့် စာအုပ်တစ်အုပ်ဖြစ်သည်။ စံပယ်ပွင့်စာပေက ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးကျပ် ၁,၅၀၀ ဖြစ်သည်။

## Knowledge ဗဟုသုတ

### ဘောလိဝုဒ်ဆိုတဲ့ အသုံးအနှုန်းရဲ့ ရာဇဝင်

ဘောလိဝုဒ် (Bollywood)ဆိုသော အသုံးအနှုန်းကို အိန္ဒိယရုပ်ရှင်ဟု မှတ်သားနားလည်နေသည်မှာ ကြာပြီဖြစ်သည်။ သို့သော် ဤဝေါဟာရမှာ အမေရိကန်နိုင်ငံမှ ဟောလိဝုဒ် (Hollywood)ကဲ့သို့ အရပ်ဒေသ နေရာ အတည်တကျရှိခြင်းကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းမဟုတ်ဘဲ ရုပ်ရှင်ကားများ၊ ထုတ်လုပ်ရေးကုမ္ပဏီများအပါအဝင် အိန္ဒိယရုပ်ရှင်လောကကို ယေဘုယျရည်ညွှန်းသည်။ သို့သော် ဘုံဘေ (Bombay)(မွမ်ဘိုင်း)အခြေစိုက် အိန္ဒိယရုပ်ရှင်လောကကို အစွဲပြု၍ ယင်းမှ Bo စာလုံးကိုယူကာ (Bolly-wood) ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ဘောလိဝုဒ်ဆိုသော အသုံးမပေါ်မီက အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တား မြို့မှ (Tollygunge)အရပ်တွင် ဘင်္ဂါလီရုပ်ရှင်လုပ်ငန်းများ အခြေစိုက်ရာ နေရာကို တောလိဝုဒ်ဟု ခေါ်ခဲ့ကြသည်မှာ ၁၉၃၂ ခန့်ကဖြစ်သည်။ ထို့နောက်မှ ၁၉၇၀ ပြည့်နှစ်များအတွင်း အိန္ဒိယရုပ်ရှင်လောကကို ကျော်လွန်၍ ကမ္ဘာ့အကြီးမားဆုံး ရုပ်ရှင်လောကဖြစ်လာချိန်မှစ၍ ဘောလိဝုဒ်ဟုတင်စားခေါ်ဝေါ်သည့် အသုံးအနှုန်းမှာ ခေတ်စားလာကာ ယနေ့ဆိုလျှင် အောက်စ်ဖို့ဒ်အင်္ဂလိပ်အဘိဓာန်ထဲ၌ပင် ထိုစကားလုံးရောက်ရှိနေပြီဖြစ်သည်။

*—Ref:Wiki*

## တစ်ပတ်တာကံကြမ္မာ

အောက်တိုဘာ ၃၀ မှ နိုဝင်ဘာ ၅ ရက်အထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လိုရာအောင်မြင်မည်။ ကြန့်ကြာနေသည်များ ပြန်လည်ရရှိမည်။ အခက်အခဲအနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့် နှေးကွေးနေသည့် အလုပ်များ လျင်မြန်စွာ ပြီးမြောက်မည်။ ခရီးသွား၍ကောင်း၏။ လုပ်ငန်းလုပ်၍ အဆင်ပြေမည်။ အကြံသစ်အောင်မြင်မည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ အတူနေအုပ်စု လုပ်ဖော်ကိုင်ဖက် မိတ်ရင်းများနှင့် ပြဿနာဖြစ် လမ်းခွဲရတတ်သည်။ ဘဝတိုးတက်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်မှန်းချက်အောင်မြင်မည်။ လုပ်သမျှထိထိရောက်ရောက်တိုးတက်မည်။ ငွေကြေးကံကောင်းမည်။ စုပေါင်းလုပ်သောလုပ်ငန်းအကျိုးပေးမည်။ မျက်နှာပွင့်လန်းမည်။ ပြောရေးဆိုရေးအောင်မြင်မည်။ အရောင်းအဝယ်လုပ်ငန်းစီးပွားလုပ်သူများ၊ လုပ်ငန်းစီးပွားကြီးများ စနစ်တကျလုပ်၍ အောင်မြင်မည်။ လုပ်ငန်းခွင်မှ သူများအဖို့လည်း လုပ်ငန်းအဆင့်တိုးတက်ခြင်းရှိမည်။ ကျန်းမာရေးအနည်းငယ်ဂရုစိုက်ရမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စာရင်းဇယားအလွန်ရှုပ်သည်။ ကိုယ့်ကိစ္စကိုယ်ဦးစားပေး၍ မရ။ တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် လုပ်နေရသည်များသည်။ သူတစ်ပါးအတွက်သာဖြစ်မည်။ စေတနာဝန်ထမ်းသာဖြစ်နေမည်။ အချိန်ကုန်ငွေကုန်ခံပြီး လုပ်ပေးသလောက် တစ်ပါးသူ၏ ကျေးဇူးတင်ပါသည်ဟု လှည့်မပြောရလောက်အောင် ကြုံမည်။ ငွေကုန်မည်။ အပျက်အစီးအပျက်အယွင်းများမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရွေးချယ်မှုလမ်းကြောင်းမှားယွင်း၍ စိတ်အနှောင့်အယှက်များဖြစ်ရတတ်သည်။ အခွင့်ကောင်းများ ရရှိပြီးမှ လက်တွေ့ဆောင်ရွက်ရာတွင် ထင်သလောက်မဖြစ်သလိုကြုံမည်။ တာဝန်ယူခြင်း၊ အာမခံခြင်းများကို တတ်အားသမျှ ရှောင်သင့်ပါသည်။ ငွေကြေးကိစ္စ လူမှုရေးပြဿနာများကို ရင်ဆိုင်ဖြေရှင်းရမည်။ ထိပ်တိုက်ပြောပါ။ မိမိအားနာလွယ်၊ ယုံလွယ်မှုအပေါ် အခွင့်အရေးယူသူများ တွေ့ရတတ်သည်။ လူယုံမထားရပါနှင့်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်အေးချမ်းသာဖွယ် သတင်းစကားများကြုံမည်။ အလိုရှိရာဆောင်ရွက်နိုင်သည်။ အောင်မြင်မှုနှင့် တက်လမ်းများကို ဖန်တီးနိုင်သော ကာလဖြစ်သည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ထင်ရှားသော အပြောင်းအလဲနှင့် တိုးတက်မှုကြုံမည်။ ကာလအတန်ကြာ နှောင့်နှေးနေသောကိစ္စများ ပြန်လည်အဆင်ပြေသော အနေအထားရှိမည်။ စုပေါင်းလုပ်သော လုပ်ငန်းများ အကျိုးပေးသည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပိတ်နေသည့် လမ်းကြောင်းများ ပြန်ပွင့်မည်။ အခက်အခဲပြဿနာများ ဖြေရှင်းအောင်မြင်မည်။ သူတစ်ပါးအပေါ် စေတနာကောင်းထားခဲ့ခြင်း၏ ကောင်းသောအကျိုး တုံ့ပြန်မှုရမည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ရန်အနှောင့်အယှက်များ ကျော်လွှားနိုင်မည်။ မိမိဆုံးဖြတ်ထားသော ကိစ္စများအပေါ် ပြန်လည်ပြင်ဆင်ခြင်းများ ပြုရမည်။ ဦးတည်ချက်ပြောင်းရမည်။ ပျက်ယွင်းသောကိစ္စများအဆင်ပြေမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြဿနာဟောင်းများ ဖြေရှင်းရမည်။ ငွေမချေးရ။ သူတစ်ပါးအပေါ် လွန်ကဲစွာယုံကြည်ခြင်း၊ လိုက်လျောအားနာခြင်းကြောင့် မလိုလားအပ်သော စိတ်အနှောင့်အယှက်များဖြစ်တတ်သည်။ ရည်မှန်းချက်အောင်မြင်မည်။ ရန်နှင့်ယှဉ်၍ လုပ်ကိုင်ရမည်။ အခက်အခဲအတားအဆီးများစွာကြားမှ တိုးတက်မှုကို ဖန်တီးရမည်။ ဉစ္စာတိုးပွားမည်။ အကြံအောင်မြင်မည်။ အကြွေးတောင်း၍ ကောင်းသည်။ အတိုက်အခံများမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

သတိနှင့်အရာရာဆောင်ရွက်ရမည်။ ကျန်းမာရေးဂရုစိုက်ရမည်။ နေအိမ်တွင် ကျန်းမာရေးအညံ့ ဖျားနာခြင်း တစ်ဦးပြီးတစ်ဦးဖြစ်တတ်သည်။ ဆေးရုံ၊ ဆေးခန်းနှင့်ပတ်သက်သော ကိစ္စများကြုံမည်။ အင်္ဂါနံစက်ပစ္စည်းများအဝင်မတော်။ အပျောက်အရှုအပျက်အစီးများမည်။ အိမ်သို့သူခိုးကပ်တတ်သည်။ စွန့်စားပြီး လုပ်သော ကိစ္စများရှောင်ရမည်။ ပုံမှန်လုပ်ငန်းများကို စနစ်တကျအေးအေးချမ်းချမ်းလုပ်သွားပါ။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လမ်းသစ်ပွင့်မည်။ လုပ်နေသည့်ကိစ္စအပြင် သီးသန့်ထပ်ဆင့်ကံသစ်ပေါ်မည်။ ခရီးသွားရန်ကြုံက ချက်ချင်းသွားပါ။ အရပ်ဝေးမှ အဆက်အသွယ်များနှင့် ပေါင်းစပ်လုပ်ကိုင်၍ အကျိုးရှိမည်။ အရပ်ဝေးမှသူများနှင့် ဆက်ဆံမှုများတွင်လည်း တစ်ပါးသူ ကတိပျက်မှုကြောင့် စိတ်အနှောင့်အယှက်ရှိမည်။ သစ္စာမဲ့သူများနှင့် တွေ့မည်။ အလိုရှိရာဆောင်ရွက် အကျိုးပေးမည်။ အတိုက်အခံရှိမည်။ ပစ္စည်းပျောက်တတ်သည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လိုရာပြည့်စုံမည်။ ရွေးချယ်ရန် အခွင့်အလမ်းများ တစ်မျိုးပြီးတစ်မျိုးပေါ်ထွန်းမည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ ချစ်သူခင်သူ သံယောဇဉ်ရှိသူများနှင့် အယူအဆကွဲပြားခြင်း စကားများအတိုက်အခံများရခြင်းများကြုံမည်။ တစ်ခုထက်ပိုသော လုပ်ငန်းဖြင့် ဝင်ငွေတိုးတက်မည်။ ဆောင်ရွက်သမျှ အောင်မြင်မည်။ ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ကျန်းမာရေးဂရုစိုက်ရမည်။ မျှော်မှန်းထားသည်ကတစ်မျိုး လက်တွေ့တစ်မျိုးကြုံမည်။ စီစဉ်ထားသည့်ကိစ္စများကို ပြောင်းလဲပြီးဆောင်ရွက်ရမည်။ အာမခံခြင်း၊ ကြားဝင်တာဝန်ယူခြင်းများ ရှောင်ပါ။ ပေါ်လာသည့် အခြေအနေများကို ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ဉာဏ်သုံး၍ ဖြေရှင်းသွားပါ။ အသွားအလာဂရုစိုက်ပါ။ သူတစ်ပါးကြောင့်မိမိတွင် ထိခိုက်မှုဖြစ်တတ်သည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိတတ်သည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ထူးခြားသော အတွေ့အကြုံများ တစ်မျိုးပြီးတစ်မျိုးရရှိနိုင်သည်။ အကြံအစည်များ အောင်မြင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်အဆင်ပြေမည်။ ငွေကြေးကိစ္စစကားပြောဆို၍ အဆင်ပြေမည်။ အလုပ်သစ်၊ အကြံသစ်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ စကားအတိုက်အခံများ ပြောရတတ်သည်။ လူမျိုးကွဲအကျိုးပေးမည်။ ပညာအတတ်နှင့်ပတ်သက်ပြီး ဆောင်ရွက်သည်များမှ ထူးခြားသော အကျိုးဆက်ရမည်။

7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# Puzzle&Classified


## 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၅၇)

### အလျားလိုက်

၄။ နေတိုးက ဗုံးခွဲခိုင်းသောနေရာတစ်ခု
၇။ စားသောက်ရေး အခက်ကြုံသူများ နေထိုင်ရာကျွန်း
၈။ လူမည်းပညာရှင်တီထွင်ခဲ့သောအရာ
၁၀။ ဗြိတိန်-မြန်မာ အလုပ်ရုံဆွေးနွေးပွဲကိစ္စ
၁၁။ ဆေးလိပ်သောက်ခွင့်မရှိသော နေရာတစ်နေရာ
၁၂။ နိုင်ငံတော်ရဲ့ သဘာဝအမွေတစ်ခုဟုဆိုသောအရာ

### ဒေါင်လိုက်


၁။ နာမည်ကျော် နိုင်ငံခြားကျေးလက်အဆိုတော်
၂။ 3MDG က လုပ်မည့် ကျန်းမာရေးဝန်ဆောင်မှုတစ်ခု
၃။ အမေရိကန်မှ သဘောထားတင်းမာသောအဖွဲ့
၅။ မြန်မာနှင့် ဗီဇာကြေးကင်းလွတ်ခွင့်ရထားသော နိုင်ငံတစ်နိုင်ငံ
၆။ စမ်းသပ်ထုတ်လွှင့်သော ဝက်ဘ်ဆိုက်
၉။ မြန်မာတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးလုပ်ထားသော ဥရောပနိုင်ငံ



**Smart Dictionary ကံထူးသူ**
၁။ မသဥ္ဇာမောင်၊ ၈/ခမန(နိုင်)၁၈၅၉၂၆
မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၊ ကျောက်ရေတွင်း။

**ကျန်အဖြေမှန်သူများ**
၂။ မဌေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁

### ပဟေဠိ အမှတ်စဉ်(၂၅၆)အဖြေမှန်




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................
**နေရပ်လိပ်စာ** ....................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁-၁၁-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး



**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

## Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ဇေယျာမြင့်မိုရ်စာသင်၊ စာကျက်ဝိုင်း**

မူလတန်းမှ အလယ်တန်းအထိ စနစ်တကျသင်ကြားပေးသည်။ ၉တန်း၊ ၁၀တန်း ဘောဂဗေဒဘာသာအထူးသင်ကြားသည်။

ဖုန်း-၀၉ ၄၃၁၁၈၅၉၀

**သင်ကြားပေးသည်**

၅တန်းမှ ၁၀ တန်းထိ Guide လိုက် သည်။ ကိုကျော်မျိုးဝင်း(ပန်းလှိုင်) (ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံမြို့နယ်အတွင်းသာ)

ဖုန်း-၀၉ ၄၂၂၄၇၁၈၅၅

**Student Guide**

စာကျက်ပျင်းသော ကလေးများအနီးကပ်ကြီးကြပ်၍ စာအတူကျက်၍ အောင်မြင်အောင်သင်ကြားပေးသည်။ (သူငယ်တန်းမှ အဋ္ဌမတန်းအထိ)

ဖုန်း-၀၉ ၄၂၅၃၂၅၈၉၅

**သင်ကြားပေးသည်**

Maths, Chemistry & Physics အမှတ်ကောင်းကောင်းဖြင့် ထူးချွန်လိုသော တပည့်များအတွက် သီးသန့်သင်တန်း။

ဖုန်း-၀၉ ၇၃၁၄၂၀၂၀

**သင်ကြားပေးသည်**

မူလတန်း(အင်္ဂလိပ်စာ)သင်ကြားပေးပါသည်။

ဖုန်း-၀၉၃၁၈၅၅၅၄၈

**သင်ကြားပေးသည်**

LCCI Level 1.2,3 2013 November Series တွင်ဖြေဆိုမည့် သူများအတွက် Study Guide အိမ်အရောက်။

ဖုန်း-၀၉ ၄၃၁၁၀၄၆၃

**သင်ကြားပေးသည်**

မူလတန်းကလေးများအား ဘာသာစုံသင်ကြားပေးပါသည်။ အလယ်တန်းမှ နဝမတန်းတက်ရောက်မည့် ကျောင်းသားများ ကျက်စာ(သို့)ဘာသာစုံ။

ဖုန်း-၀၉ ၇၃၀ ၂၁၃၁၇

**ငှားမည်**

မြေညီ၊ ပေ(၂၂×၆၀)၊ သမိပဋ္ဌာန်လမ်းမပေါ်၊ ကျောက်မြောင်း၊ ကျပ်(၈ သိန်း)။

ဖုန်း-၀၉-၄၂၀၀၇၆၅၂၂

**ငှားမည်**

ရုံးခန်းငှားမည်။ ပြည်လမ်းမအတွင်း၊ ပေ(၄၀×၉၀)၊ 2RC ၊ အခန်း(၃)ခန်း၊ ဟောခန်းတစ်ခန်း၊ စတိုခန်း(၁)၊ ဖုန်း(၂)လုံး၊ ငှားသူပွဲခပေးရန်မလို၊ ညှိနှိုင်းလစာ သိန်း(၃၀)။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ငှားမည်**

ပေ(၁၄×၆၀)၊ မြေညီထပ်ခိုးပါ၊ ပါကေးခင်းပြီး၊ ဖုန်းပါ၊ မဟာသုခလမ်း၊ ရေကျော်။ ကျပ်(နှစ်သိန်းခွဲ)။

ဖုန်း-၀၉-၄၂၀၀၇၆၅၂၂

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝ၊Grade-11,Grade-10 အတွက်တစ်ဘာသာချင်း (သို့) ဘာသာစုံ Guide လုပ်ပေးသည်။

ဖုန်း-၀၉ ၄၂၀၀၇၁၃၀၈

**ငှားမည်**

လေးထောင့်ကန်လမ်းမ ပေ(၃၅×၅၇) လေးလွှာ ရှစ်သိန်း။
သဇင်သစ်မင်းကွန်ဒို (1600 sqft) 1MBR, 2BR,4A/C တစ်ဆယ်သိန်း။

ဖုန်း-၀၉ ၅၀၃၂၁၁၄

**ငှားမည်**

အခန်းကျယ်ငှားမည်။ လေးလွှာ၊ မင်္ဂလာဈေးကားမှတ်တိုင်ရှေ့။

ဖုန်း-၀၉ ၅၀၉၆၇၉၄

**ငှားမည်**

ပေ (၂၀×၆၀)၊ RC (၃ထပ်)၊ (၂၀၅/ခ)၊ ပါရမီလမ်း၊ ၅ ရပ်ကွက်၊ တ/ဥ။

ဖုန်း-၀၉ ၇၃၁၄၀၈၀၇

**ငှားမည်**

မ/ဒဂုံစက်မှုဇုန်အတွင်း၊ ဦးဝိစာရ လမ်းမပေါ်၊ R/C နှစ်ထပ်တိုက်၊ ကားဂိုဒေါင်၊ ရေမီး၊ ကြိုးဖုန်း နှစ်လုံးအစုံပါပြီး ငှားရန်ရှိပါသည်။ ဖုန်း-၀၉ ၇၃၁၂၆၇၆၁

**ရောင်းမည်**

အမှတ်-၁၁၊ လေးလွှာ၊(ခြေရင်း)၊ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ပေ (၁၆×၆၅)၊ ပြင်ဆင်ပြီး သိန်း (၅၅၀)ညှိနှိုင်း။

ဖုန်း-၀၉ ၇၃၁၉၇၇၄၂

**ရောင်းမည်**

သုမင်္ဂလာ လမ်းမကြီးပေါ် YISအနီး (၁၂၀၀)စတုရန်းပေအကျယ် အိပ်ခန်း ၃ ခန်း၊(မာစတာတစ်ခန်း၊ ရိုးရိုးနှစ်ခန်း)။ သဃ်္ဃန်းကျွန်းမြို့နယ်။

ဖုန်း-၀၁ ၅၇၃၈၈၁

**ရောင်းမည်**

မန္တလေး-ပြင်ဦးလွင်ကားလမ်းလေးပြင် စာကျေးရွာအနီးမြေကွက်များ ရောင်းရန်ရှိသည်။

ဖုန်း-၀၉ ၄၄၄၀ ၂၉၅၈၄

**ရောင်းမည်**

ဝေဘာဂီလမ်းမကြီးပေါ် မ/ဥက္ကလာပ ပေ(၂၀×၇၆)၊ ပျဉ်ထောင်သွပ်မိုးရေမီးစုံ၊ 900L။

ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**ရောင်းမည်**

အနီးစခန်း (အောင်ချမ်းသာ) မြေကွက် ပေ(၆၀×၅၅)၊ ရေမီး။ သိန်း-(၁၂၅သိန်း)ညှိနှိုင်း။

ဖုန်း-၀၉ ၃၃၂၉၆၂၂၉

**ရောင်းမည်**

တ/ဥ၊(၁၁) ရပ်ကွက်၊ ရာဇာသင်္ကြန်(၃) လမ်း၊ အမှတ်(၁၃၂/က)၊ ပေ(၂၀×၆၀)၊ နှစ်ထပ် RC၊ ရေမီးစုံ၊ နှစ် ၆၀ ဂရန်၊ အမည်ပေါက်။ သိန်း (၁၂၈၀)ညှိနှိုင်း။

ဖုန်း-၀၉ ၅၁၁၀၉၉၅

**ရောင်းမည်**

အင်းစိန်မြို့နယ်၊ ဘိုးဘွားပိုင်မြေ၊ ပေ(၂၉×၉၀) = သိန်း (၇၅၀) ညှိနှိုင်း။ ပေ(၃၀×၁၀၀)=သိန်း (၆၅၀) ညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀၁၄၂၁၅၆

**ချွေးပေါက်ကျယ်ပျောက်ဆေး**

မျက်နှာပြင်ရှိ ချွေးပေါက်ကျယ်နေမှုကို ကျဉ်းစေပြီး မျက်နှာချောလာစေပါမည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ထူးထက်သာ အမှတ်တံဆိပ်**

အသည်းရောဂါ ဘီပိုးသက်သာ ပျောက်ကင်းဆေးဝယ်ယူရရှိနိုင်ပါပြီ။ အမှတ်-၆၊ အင်းစိန်လမ်း၊ ဘာတာမှတ်တိုင်။

ဖုန်း-၀၉ ၃၁၂၉၃၂၁၉

**ဂစ်တာသင်တန်း**

အောင်ကိုကိုကြီး ဂစ်တာသင်တန်း။ အမှတ်-၈၈(က)၊ငါးလွှာ၊ အထက်သစ်တောလမ်း၊ အလုံစာတိုက်မှတ်တိုင်၊ တိုက်-၈၆ နှင့် ၈၈ ကြားမှဝင်ပါ။

ဖုန်း-၀၁ ၂၁၆၂၀၈

**ရောင်းမည်**

Singapore မှတင်သွင်းသော Used Intel G31 Motherboard နှင့် CPU Core2 E6300/2MB/1066 များ အတွဲလိုက်ရောင်းမည်။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၂၅၀၁၄၆၉၀၈

**ရောင်းမည်**

HTC One (တစ်ပတ်အသုံးပြုပြီးသား) ငါးသိန်းငါးသောင်းကျပ်၊ Silver Color (၁၈လ အာမခံ KMD)မြန်မာစာအသင့်ပါဝင်ပြီး ပွန်းရာစင်းရာလုံးဝမရှိပါ။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၃၁၅၃၃၄၄၄

**လှူဒါန်းနိုင်သည်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ပုပ္ပကန်ကျေးရွာ၌ ဖွင့်လှစ်ထားသည့် "လောကအလင်း"အခမဲ့ဆေးခန်းသို့ လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဖုန်း-၀၉ ၄၀၁၆၄၁၄၈၁

**အမျိုးသားသီးသန့်တိုက်ခန်း**

ရန်ကုန်၊ စမ်းချောင်းမြို့နယ်ရှိ အဆင့်မြင့်တိုက်ခန်းသစ်ကြီးတွင် အတူစုပေါင်းနေထိုင်လိုသော အမျိုးသား (၅) ဦးအလိုရှိသည်။ (တစ်ဦးလျှင် တစ်လ-လေးသောင်းကျပ်)

ဖုန်း-၀၉ ၄၃၁၀၆၅၆၇

**Audit and Aceounting**

လူကြီးမင်းတို့၏လုပ်ငန်းများအတွက် မှန်ကန်တိကျသော အချိန်ပိုင်းစာရင်းလုပ်ငန်းများကိုဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**Horoscoper**

ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ အချစ်ရေးကိစ္စများနှင့် အရောင်းအဝယ် ကိစ္စမှန်သမျှတို့ကို အောင်မြင်အောင် အစွမ်းထက်ယတြာများဖြင့် ဆောင်ရွက်ပေးသည်။

ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**Queen FASHION**

အပ်ချုပ်သင်တန်း(၁) ဖက်ရှင်ဒီဇိုင်းတစ်ဘာသာ(တစ်ပတ်)(၂)အခြေခံမှစ၍ ဘာသာစုံအထူးသင်တန်း (နှစ်လ)။ (ဒေါ်တင့်တင့်)

ဖုန်း-၀၉ ၅၁၃၂၃၇၃

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း (Repeater)သီးသန့် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်အား သင်ကြားပေးသည်။

ဖုန်း-၀၉ ၇၃၁၂၃၀၄၅

**Dr.Soe Zayar Lwin**

Teaching Guide and Study Guide for Matriculation Students(10th Std)


PH: 09 250089689

7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

စာမျက်နှာ(၁၈)မှ

# မြန်မာ့ပင်လယ်ပြင်မှ စွမ်းအင်ကဏ္ဍအောင်မြင်မှုများ

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကြွယ်ဝမှုကို နိုင်ငံတကာက မျက်စိ ကျနေသည်မှာ မဆန်းတော့ပြီ။ လုပ်ကွက်အမှတ်၊ A-6 နှင့် M-2 တို့တွင် တူးဖော်ခဲ့သည့် ရှာဖွေရေးတွင်းများမှလည်း သဘာဝဓာတ်ငွေ့အလားအလာကောင်းများ တွေ့ရှိခဲ့သည်။ မြန်မာ့ပင်လယ်ပြင်၏ လုပ်ကွက်များအနက် သုံးပုံတစ်ပုံခန့်တွင် သေချာသော သဘာဝဓာတ်ငွေ့တည်ရှိမှုကို သိရှိခဲ့ပြီးဖြစ်သည်။ ရခိုင်ကမ်းလွန်ဒေသတွင် ရွှေစီမံကိန်း၊ မုတ္တမကမ်းလွန်ဒေသတွင် ရတနာစီမံကိန်းနှင့် ဇောတိကစီမံကိန်း၊ တနင်္သာရီကမ်းလွန်ဒေသတွင် ရဲတံခွန်စီမံကိန်းများကို မျက်ဝါးထင်ထင်တွေ့မြင်နေကြပြီဖြစ်သည်။ ယခုမုတ္တမကမ်းလွန်ပင်လယ်ပြင်တွင် မကြာတော့သောကာလတွင် အသစ်ထပ်မံပေါ် ပေါက်လာတော့မည့်အောင်သခ်စီမံကိန်းကိုလည်း စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီ တို့ ပူးပေါင်းကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ မကြာမီ



ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ စွမ်းအင်ဖြင့်နိုင်ငံတော်ကိုထူထောင်ရန် ကြိုးစားနေချိန်ဝယ် ကမ်းလွန်ရေတိမ်ပိုင်း၊ ရေနက်ပိုင်းရှာဖွေရေးလုပ်ငန်းများကို နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

လက်ရှိကာလတွင် မြန်မာ့ကမ်းလွန်ပင်လယ်ပြင် ရေတိမ်ပိုင်းလုပ်ကွက်များ၌ နိုင်ငံခြားရေနံကုမ္ပဏီများဖြစ်သော CAL, Daewoo, MPRL, PVEP, TEPM, PTTEP, Petronas အစရှိသည့် ရေနံကုမ္ပဏီများက ရှာဖွေရေး၊ ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၁,၂၀၀ ခန့်နှင့် လေဆီစည် ၁၀,၀၀၀ ခန့် ထွက်ရှိနေပြီး မကြာမီကာလများတွင် ရွှေနှင့် ဇောတိကစီမံကိန်းများက ထုတ်လုပ်မည့်ပမာဏများ တိုးလာပါက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂,၀၀၀ ခန့်အထိ ထုတ်လုပ်လာနိုင်မည်ဟု ခန့်မှန်းထားသည်။ ပြည်တွင်းလိုအပ်ချက်အတွက် အတတ်နိုင်ဆုံးဖြည့် ဆည်းသွားမည်ဖြစ်သလို ပြည်ပသို့လည်း ပို့လွှတ်ကာ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြီးခဲ့သည့် ဇူလိုင်လက ကမ်းလွန်ရေနံလုပ်ကွက် ၃၀ ကို နိုင်ငံတကာ ရေနံကုမ္ပဏီ ၆၀ ခန့်မှ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထားကာ မိမိတို့လုပ်ကိုင်လိုသည့် လုပ်ကွက်များကို စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ လျှောက်ထားတင်ပြရန် စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ အလယ်အလတ်ရေနံကုမ္ပဏီများမှာ ကမ်းလွန်ရေတိမ်ပိုင်း လုပ်ကွက်များကို စိတ်ဝင်စားကြပြီး နိုင်ငံတကာ ရေနံကုမ္ပဏီကြီးများက ရေနက်ပိုင်းလုပ်ကွက်များ၏ အလားအလာကို ပိုမိုမျှော်လင့်ထားကြောင်း သိရပါသည်။ ကမ်းလွန်ရေနံလုပ်ကွက်များအတွက် ပထမဆုံးအကြိမ် နိုင်ငံတကာတင်ဒါခေါ်ယူမှုဖြစ်သည်။ ပွင့်လင်းမြင်သာစွာ အဆိုပြုယှဉ်ပြိုင်မှုမှ အောင်မြင်လာသည့် ရေနံကုမ္ပဏီကြီးများမှာ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် လာမည့်နှစ်များအတွင်း ရှာဖွေရေးလုပ်ငန်းတွေ ဆောင်ရွက်ကြတော့မည်ဖြစ်သည်။ ဤကဲ့သို့ အချိန်အခါမျိုးတွင် ပြည်တွင်းရေနံကုမ္ပဏီများအတွက် နည်းပညာရရှိစေရန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အရေးပေးထားပြီးဖြစ်ရာ အနာဂတ်နိုင်ငံအတွက်ကောင်းမွန်သောရလဒ်များ ရရှိစေရန် တာဝန်ရှိသူအားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အကျိုး သယ်ပိုးနိုင်ကြမည်ဟု မျှော်လင့်ပါသည်။

စာမျက်နှာ(II) မှ

# မင်းဒင်ရဲ့ သက်ခိုင်(၂)

'ဒါဆိုလည်း ခံတပ်သိမ်းတိုက်ပွဲအကြောင်း ဆက်ပါဦးဗျ။ ခင်ဗျားဥစ္စာ ဆတ်တငံ့ငံ့နဲ့'

ကျွန်တော့် တိုက်တွန်းမှုကြောင့် ကိုသက်ခိုင် ဆက်ပြောလေသော မြန်မာတို့၏ ဖူးခက်ခံတပ်သိမ်းတိုက်ပွဲမှာ အောက်ပါအတိုင်း ဖြစ်လေ၏။ 'အဲဒီစာအုပ်မှာ ဖော်ပြထားတာကတော့ ယိုးဒယားတွေဟာ မြန်မာတွေရဲ့ အရှေ့တောင်ပံတိုက်စစ်ကို အောင်မြင်စွာ ခုခံနိုင်ခဲ့သတဲ့။ အဲဒီလိုခုခံကာကွယ်နိုင်ခဲ့သူဟာ ဒုတိယရာမဘုရင်ကိုယ်တိုင်လို့ ဆိုတယ်။ သူဟာ ဖူးခက်ကာကွယ်ရေးအတွက် ဖရာ့ထိုင်းနန်ကို စစ်သူကြီးခန့်ပြီး၊ နခွန်စီထမရတ်နဲ့ ဆွန်ကလာမြို့ဝန်တွေကို စစ်ကူလွှတ်စေတယ်။ စစ်ဦးစီးချုပ် ဖရာ့သောင်ဆာရိသာရဲ့ ရေတပ်ကိုလည်း ချိုင်းရာကိုလွှတ်ပြီး ထလန်ခံတပ်မကျစေဖို့ အားဖြည့်တယ်။ မြောက်ပိုင်းမှာ မြန်မာတပ်တွေကို အောင်နိုင်ပြီး တစ်လအကြာမှာ စစ်သူကြီးဖရာ့ဘုရင်သရာဦးဆောင်တဲ့ ယိုးဒယားတပ်မကြီးဟာ တောင်ပိုင်းကို ချီတက်နိုင်ခဲ့ပြီး ကြည်းရေတပ်ပေါင်းစုမှူးက ယိုးဒယားမင်းမျိုးမင်းနွယ် ဖရာ့ယုံမာရတ်ထိတဲ့။ ကျွန်တော်ကြားဖြတ်ပြောချင်တာက ဘိုးတော်ဘုရားရဲ့ မြန်မာတပ်တွေ ယိုးဒယားမြောက်ပိုင်းစစ်ပွဲတွေမှာ အဲဒီကာလက ယိုးဒယားတပ်တွေကို ဘယ်လိုဘယ်ပုံရှုံးနိမ့်ခဲ့တယ်ဆိုတာ ကျွန်တော်မဖတ်ဖူးသေးဘူး။'

'ဖရာ့ထိုင်နန်ရဲ့တပ် နခွန်စီထမရတ်ကိုရောက်တဲ့အခါ နခွန်မြို့ဝန်ဆီက စစ်သင်္ဘော ၁၇ စီး ချက်ချင်းစစ်ကူရခဲ့ပေမယ့် အဲဒီအချိန်တုန်းက ကိုလန်တာမှာ တပ်စွဲထားတဲ့ မြန်မာ့ရေတပ်ကို မယှဉ်နိုင်သေးဘူးဆိုပဲ။ ထိုင်းအနောက်ဘက်ကမ်းရိုးတန်းရဲ့ အဓိကရေတပ်အင်အားဟာ ကဒက်တဲ့။ ကဒက်မှာရှိတဲ့ မလေးနဲ့ပင်လယ်ဂျစ်ပဆီတွေဟာ ဒေသတွင်းပြိုင်ဘက်ကင်း ရေတပ်သူရဲကောင်းတွေလို့ ဆိုတယ်။ ယိုးဒယားတွေအခက်တွေ့နေတာက ကဒက်ဆူလတန်ဟာ မြန်မာဘုရင့်သစ္စာတော်ခံဖြစ်နေတာပါပဲ။ ဒါကြောင့် ဆွန်ခလာမြို့ဝန်ဟာ ကဒက်မြို့ဝန်ကို မြန်မာတွေနဲ့ ခွဲထုတ်ဖို့ သုံးကြိမ်တိုင်တိုင် လက်ဆောင်ပဏ္ဏာဆက်ခဲ့ရသတဲ့။ လက်ဆောင်ပဏ္ဏာဆိုတာ ဆန်အိတ်အပြည့်တင်ထားတဲ့ သင်္ဘောတွေကို ကဒက်ဆိပ်ကမ်း၊ ထရန်းကို ပို့လိုက်ရတာတဲ့ဗျ။ အဲသလို ပေါ်ပေါ်တင်တင်လာဘ်ထိုးတဲ့အတွက် ဒေသတွင်းမတည်ငြိမ်မှုတွေဖြစ်လာပြီးကဒက်စူလတန်ဟာ ယိုးဒယားမြန်မာစစ်ပွဲထဲကို ဇွတ်အတင်းအဓမ္မပါလာခဲ့ရတယ်လို့ မလေးကဗျာဆရာကဆိုတယ်။'

'ကဒက်စူလတန်ရဲ့ လှေနံနှစ်ဖက်နင်းထားတဲ့ အခြေအနေအပေါ် ဘန်ကောက်နဲ့ နခွန်ရဲ့ကြိုတင်တွက်ဆချက်တွေဟာ မမှားဘူးဆိုပဲ။ နောက်ပိုင်းဖူးခက်တိုက်ပွဲမှာ အဖမ်းခံရတဲ့ မြန်မာတပ်မှူး ဇေယျသူရိယကျော်ရဲ့ အဆိုအရ ကဒက်စူလတန်ဟာ မြန်မာတပ်တွေဆီ လျှို့ဝှက်စာပို့ခဲ့တယ်။ ယိုးဒယားတပ်သား ၃,၀၀၀ ချီတက်လာပြီမို့ သူတို့ကိုနှိမ်နင်းပြီး ဘိုးတော်ဘုရားရဲ့ ဘုန်းတော်ရိပ်အောက်ကို သွတ်သွင်းနိုင်ဖို့ မြန်မာတပ်သား ၆,၀၀၀ စေလွှတ်ပေးဖို့ အကူအညီတောင်းခဲ့တယ်။ ဒါပေမဲ့ ဖူးခက်မှာ ခြေကုပ်ယူနေတဲ့ မြန်မာတပ်တွေ ကဒက်ဘက်ကိုခြေဦးမလှည့်နိုင်တော့တာ သေချာတဲ့အတွက် ကဒက်စူလတန်ဟာ ယိုးဒယားကို တိုက်သင်္ဘော ၂၈ စီး အကူအညီပေးခဲ့တယ်။ ဒီဇာတ်လမ်းကို နှောင်းလူတွေသိခွင့်ရတာကတော့ အဲဒီတိုက်သင်္ဘောအုပ်စုမှာ ပါတဲ့ မလေးကဗျာဆရာရဲ့ လွမ်းမောဖွယ်ကဗျာရှည်ကြီးကြောင့်တဲ့ဗျ။'

ညီလင်းဆက်ကို ကျွန်တော်ပြောခဲ့တဲ့ ထလန်တိုက်ပွဲဖြစ်ပြီး သုံးပတ်အကြာ ၁၈၁၀ ပြည့်နှစ် ဇန်နဝါရီလမှာ စစ်သင်္ဘော ၆၇ စီး၊ တပ်သား ၂,၅၀၀ ပါတဲ့မလေးယိုးဒယားပထမတပ်ပေါင်းစုဟာ ဖူးခက်ကိုရောက်လာခဲ့တယ်။ မြန်မာစစ်သင်္ဘောအများစုဟာ မြောက်ဘက်ပက်ပရာတူးမြောင်းမှာ တပ်စွဲထားပြီး တချို့သင်္ဘောတွေက ကျွန်ဖမ်းထွက်နေကြသတဲ့။ ဘယ်လိုကျွန်မျိုးဖမ်းနေခဲ့သလဲတော့ ကျွန်တော်လည်း မတွေးတတ်ဘူး။ တစ်ခုခုလွဲနေသလိုပဲ။'

'ဆက်ရေးထားတာကတော့ ယိုးဒယား၊ မလေးမဟာမိတ်တပ်ပေါင်းစုဟာမြန်မာကင်းလှည့်တပ်တွေမမြင်အောင် ကဘီးနဲ့ ကိုရိုးရိုင်ကျွန်းကြားမှာရှိတဲ့ အီကောနဂါးဆိပ်ကမ်းမှာ တိတ်တဆိတ်ကမ်းကပ်တယ်။ တာလီဘောင်းသင်္ဘောအုပ်စုက ကပ္ပတိန်ဘီလက်ခ်ကို ရှေ့ပြေးကင်းထောက်ခိုင်းတယ်။ အဲဒီကင်းထောက်အဖွဲ့မှာ ပါသွားတဲ့ မလေးကဗျာဆရာ မှတ်တမ်းတင်ထားတာကတော့ 'ထလန်ခံတပ်ကို မြန်မာတွေအတင်းထိုးစစ်ဆင်နေတယ်။ ကမ်းခြေတစ်လျှောက်လုံးလည်း ဝါးချွန်ဝါးငြောင့်တွေ တင်းကျမ်းပဲ။ ခံတပ်ထဲက လူတွေကတော့ ခုထက်ထိ မာန်တင်း တောင့်ခံထားတုန်း။ ဒါပေမဲ့ မြန်မာတွေဟာ ခံတပ်မြို့တစ်ခုလုံးကို ခြင်ထောင်ထောင်သလို ဝါးချွန်ဝါးငြောင့်တွေဆင်ပြီး သိမ်းတော့မှာမို့ ဘယ်လိုစစ်ကူလာလာ ထလန်ခံတပ်ကျဖို့ မဝေးတော့ဘူး။ အမြောက်သံတွေကို မိုးခြိမ်းသလိုကြားနေရတယ်'လို့ ဆိုတယ်ဗျ။

(ဆက်လက်ဖော်ပြပါမည်။)

## JOKE

### သောက်စရာ

ခရီးသည်တင်လေယာဉ်တစ်စီးပျံသန်းနေစဉ် လေယာဉ်မှာ လေပြင်း တိုက်ခတ်မှုနှင့် ကြုံပြီး ဒယီးဒယိုင်၊ မငြိမ်မသက်လှုပ်ယမ်းနေသည်။ ထိုအချိန်မှာပင် ခရီးသည်များတည်ငြိမ်စေရန် လေယာဉ်မယ်တစ်ဦးက စားသောက်စရာလှည်းကလေးကို တွန်းလာပြီး ပထမဆုံးတွေ့သော အမျိုး သားတစ်ဦးကို "သောက်စရာ တစ်ခုခုများအလိုရှိပါသလားရှင်"ဟု မေးမြန်းရာ အမျိုးသားက "ဟာ၊လိုချင်တာပေါ့"ဟု လေသံခပ်မာမာဖြင့် တုံ့ပြန်လိုက်ပြီး "လေယာဉ်မှူးသောက်ထားတာမျိုး ငါ့ကိုတစ်ခွက်ပေးစမ်းပါ" ဟု သောက်စရာမှာလိုက်သည်။

### သူရဲကောင်းများ

မြို့ငယ်လေးတစ်မြို့တွင် မီးလောင်မှုတစ်ခုဖြစ်ပွားရာ မီးမှာ တဖြည်းဖြည်းကြီးလာရာ မြို့ငယ်လေးမှ မီးသတ်သမားများဖြင့် မလုံလောက်၍ အခြားမြို့နယ်တစ်မြို့နယ်မှ မီးသတ်ကားကို အကူအညီလှမ်းတောင်းရသည်။ အခြားမြို့ငယ်လေးမှ မီးသတ်ကားမှာလည်း မီးလောင်ရာနေရာသို့ အပြင်းရောက်လာခဲ့သည်။ ၎င်းတို့မီးသတ်ယာဉ်မှာ မီးလောင်ရာနေရာအနီးထိ တိုးဝင်သွားရာမီးသတ်သမားများကလည်း အသည်းအသန်ငြိမ်းသတ်ပါတော့သည်။ မီးနှင့်နီးလွန်အားကြီး၍ မီးသတ်ယာဉ်ကို သုတ်ထားသော ဆေးများပင် ကွာလာသည်။ ၎င်းတို့ငြိမ်းသတ်မှုကြောင့် မကြာမီ မီးငြိမ်းသွားသောအခါ ဒေသခံများက ၎င်းတို့၏ ရဲရင့်မှုကို ဆုချရန်ဆုံးဖြတ်လိုက်ပြီး မီးသတ်အဖွဲ့ခေါင်းဆောင်ကို ဒေါ်လာ သုံးထောင်ချီးမြှင့်ရင်း မြို့နယ် ကောင်စီဥက္ကဋ္ဌက "ခင်ဗျားတို့ဒီဆုကြေးငွေကို ဘယ်လိုများအသုံးချကြမလဲ"ဟု မေးမြန်းလိုက်သည်။

ဤတွင် အခြားမြို့နယ်မှ ရောက်လာသော မီးသတ်အဖွဲ့ခေါင်းဆောင်က "အင်း၊ အရင်ဆုံးကျွန်တော်တို့မီးသတ်ယာဉ်ရဲ့ ဘရိတ်စနစ်ကိုပြုပြင်ရမှာပဲဗျာ"ဟုပြန်ပြောလိုက်ပါသည်။

စာမျက်နှာ(၂၃)မှ

# ဆီးဂိမ်းပြိုင်ပွဲကြီးကို ပြက်ရယ်ပြုတဲ့ အားကစားကွင်းသိမ်းယူနေမှုများ

ဒီလိုကျင်းပတဲ့အခါ စင်ကာပူနိုင်ငံဟာ အားကစားအဆောက်အအုံတွေအတွက် အထူးတလည်ပြင်ဆင်စရာမလိုအောင်အဆင်သင့်ရှိနေပါတယ်။ ပရိသတ်ငါးရာကနေ သုံးသောင်းလောက်ထိဆံ့ပြီးပြိုင်ပွဲတွေ အဆင်သင့်ကျင်းပနိုင်တဲ့ကွင်းမျိုးရှစ်ဆယ်နီးပါးရှိပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနပိုင်ကွင်းတွေ၊ အစိုးရနည်းပညာကောလိပ်၊ တက္ကသိုလ်၊ အထက်တန်းနဲ့ ပုဂ္ဂလိကကျောင်းတွေအပါအဝင် နိုင်ငံတစ်ဝန်းမှာ လက်ညှိုးထိုးမလွဲရှိပါတယ်။ ဒီကွင်းတွေဟာ တချို့ကွင်းတွေမှအပ အများပြည်သူလွတ်လပ်စွာဝင်ထွက်ကစားနိုင်တဲ့ ပြည်သူပိုင်ကွင်းတွေဖြစ်ပါတယ်။ တကယ်တော့ စင်ကာပူဟာ ဧရိယာစတုရန်းမိုင်(၇၆၁)မိုင်သာကျယ်ဝန်းပေမယ့် ဧရိယာစတုရန်းမိုင် (၂၆၁၂၂၇)မိုင်ကျယ်ဝန်းပြီး အာဆီယံဒေသတွင်းမှာ ဒုတိယအကြီးဆုံးနိုင်ငံဖြစ်တဲ့မြန်မာနိုင်ငံထက် အားကစားကွင်းတွေပေါများစွာပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာလည်း ပရိသတ်တစ်ထောင်ကနေ ခြောက်သောင်းခွဲထိဆံ့တဲ့ နိုင်ငံတကာအဆင့်မီကွင်းတွေအပြင် ပြည်သူတွေအတွက်သီးခြားပြုလုပ်ပေးထားတဲ့ကွင်းတွေက ဒုနဲ့ဒေးနဲ့ရှိပါတယ်။ ဒီလိုအခြေအနေတွေနဲ့နှိုင်းယှဉ်ရင် မြန်မာ့အားကစားတိုးတက်ရေးဟာဆယ်စုနှစ်များစွာ နောက်ကျကျန်နေရစ်ခဲ့ပြီဖြစ်ပါတယ်။

ဒါ့ကြောင့် ဒေသတွင်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့၊ အားကစားအဆင့်အတန်းမြင့်မားရေးမှာ မရှိမဖြစ်အရေးပါတဲ့ အားကစားအခြေခံအဆောက်အအုံတွေကို အသစ်ပြုပြင်တည်ဆောက်ထားနိုင်ခြင်းမရှိစေကာမူ ရှိရင်းစွဲအားကစားကွင်းတွေပျက်စီးဆုံးရှုံးမသွားဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ အားထုတ်ကြိုးပမ်းဖို့ အချိန်ရောက်နေပြီဖြစ်ကြောင်း တိုက်တွန်းလိုက်ရပါတယ်။

# Environment

7 DAY NEWS JOURNAL

Vol.12, No.34 • OCTOBER 30 , 2013


# လူဆယ်ဦးတွင် ခုနစ်ဦး ထင်း၊ မီးသွေး သုံးစွဲနေဆဲဖြစ်

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ခု ရှိမြို့နယ် နှစ်ဆယ်၌ အစားအစာ ချက်ပြုတ် စားသောက်ရာတွင် ထင်း၊ မီးသွေးကို လူဆယ်ဦးလျှင် ခုနစ်ဦး သုံးစွဲနေကြောင်း စမ်းသပ်သန်း ခေါင်စာရင်း ကောက်ယူမှု အစီအရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါစာရင်းသည်မြစ်ကြီးနား၊ လွိုင်ကော်၊ မြဝတီ၊ ဟားခါး၊ တမူး၊ ထားဝယ်၊ ရွှေကျင်၊ မကွေး၊ ချမ်းအေးသာစံ၊ မိုးကုတ်၊ မော်လမြိုင်၊ ကျိုက်ထို၊ စစ်တွေ၊ ရွှေပြည်သာ၊ လမ်းမတော်၊ ညောင်ရွှေ၊ တာချီလိတ်၊ မူဆယ်၊ မြောင်းမြနှင့် ငပုတောမြို့နယ်တို့ရှိ အိမ်ထောင်စု တစ်သောင်းကျော်ကို မေးမြန်းပြုစုထားခြင်းဖြစ်သည်။

အိမ်ထောင်စု တစ်သောင်းကျော်မှ လူဦးရေငါးသောင်းကျော် အိမ်ထောင်စုနှင့်ပတ်သက်သော မေးခွန်းများမေးမြန်းရာမှ တစ်ဆင့်သိရှိခဲ့ရခြင်းဖြစ်သည်။

ထိုအစီအရင်ခံစာအရ အစားအစာ ချက်ပြုတ်စားသောက်ရာတွင် လူဆယ်ဦးလျှင် လူငါးဦးသည် ထင်းကိုအသုံးပြုပြီး လူနှစ်ဦးမှာ မီးသွေးသုံးစွဲကာ ကျန်လူဦးရေမှာ လျှပ်စစ်မီးကို အသုံးပြုကာ ချက်ပြုတ် စားသောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်းခြောက်ဆယ်ကျော်ရှိသည့် အနက်၄၂သန်းသောပြည်သူများသည် ထင်း၊ မီးသွေးကိုလောင်စာအဖြစ် အဓိကထား သုံးစွဲနေပြီး အိမ်ထောင်စုတစ်စုလျှင် ထင်းလောင်စာ သုံးစွဲမှုသည် တစ်နှစ်လျှင် ပျမ်းမျှ ၂ဒသမ ၅တန်ရှိသည်ဟု Mercy Corps အဖွဲ့က ၂၀၁၂ခုနှစ်တွင်ကောက်ယူထားသည့်မြန်မာစွမ်းအင်လိုအပ်ချက် စာတမ်းအရ သိရသည်။



*ထင်းမီးသွေးဖြင့် ချက်ပြုတ်နေသောအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထင်း၊ မီးသွေးသုံးစွဲသူ ၉၀ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ကျန်သုံးစွဲသူ ၁၀ရာခိုင်နှုန်းမှာ မြို့နေလူထုဖြစ်ကြောင်း စစ်တမ်းအရသိရသည်။

လောင်စာလိုအပ်ချက်သည် ကြီးမားသောပြဿနာဖြစ်သဖြင့် အချိန်မီမဖြေရှင်းပါက သစ်တောပြုန်းတီးမှုမှာလျော့ကျနိုင်ဖွယ်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ပညာရှင်အချို့က မှတ်ချက်ပြုသည်။

တရားမဝင်သစ်ခိုးခုတ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ထင်းလောင်စာ အသုံးပြုခြင်းများကြောင့် မြန်မာနိုင်ငံတွင် နှစ်စဉ်သစ်တောပြုန်းတီးမှု ပမာဏမှာ ဧကငါးသိန်းကျော်ရှိပြီး နိုင်ငံ၏ သုညဒသမ သုံးရာခိုင်နှုန်း ဖြစ်သည်။

# ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ကိုင်ခွင့်ရ ကုမ္ပဏီများ စစ်တမ်းဦးစွာပြုလုပ်ရမည်

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရန် လုပ်ကွက် ၁၆ ကွက် အောင်မြင်သည့် ကုမ္ပဏီ ဆယ်ခုသည်တူးဖော်ရေးလုပ်ငန်းမစတင်မီခြောက်လအတွင်းပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု စစ်တမ်း (Environmental and Social Impact Assessment) လုပ်ဆောင်ရမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

လုပ်ကိုင်ခွင့်ရကုမ္ပဏီ ၁၀ ခုသည် တိုင်းတာခြင်းနှင့် တွင်းတူးဖော်ခြင်းများ မလုပ်မီ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုစစ်တမ်းကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ESIA လုပ်ဆောင်ပြီး မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်က လက်ခံအတည်ပြုပြီးမှ လုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တင်ဒါအောင်မြင်သောကုမ္ပဏီကို ဖိတ်ခေါ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ပအဖွဲ့အစည်းများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့များဖြင့် ESIA လုပ်ငန်းဖော်ဆောင်မည့် အသိပညာပေး ထိပ်သီးအစည်းအဝေးများကိုစွမ်းအင်ဝန်ကြီးဌာနက ဦးစီးပြုလုပ်သွားရန်ရှိကြောင်းလည်း သိရသည်။

"ပတ်ဝန်းကျင် ထိန်းသိမ်းရေးပါမကဘူး။ စီးပွားရေးလုပ်ငန်းရှင်များက လူမှုရေးတာဝန်ယူမှု (CSR)ပါ တာဝန်ယူရမှာပါ" ဟု စွမ်း အင်ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

တင်ဒါအောင်သော ကုမ္ပဏီများသည် ဇီးဖြူတောင်-နန်တော၊ ရမည်းသင်း၊ ပုသိမ်၊ ကျောက်ကြီး-မင်းတုန်း၊ သဲကုန်း-ရွှေဂူ၊ ထန်းတပင်၊ အင်းတော်-ရနန်း၊ တောင်ငူ-ပျဉ်းမနား၊ မော်လမြိုင်၊ မြင်သာ၊ မရမန်၊ အုန်းတွဲ၊ ပိတောက်ပင်-နတ်မီး၊ ပြည်၊ မြန်အောင်၊ ရွှေပြည်သာစသောနေရာများရှိ စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်ထားသည့်လုပ်ကွက်များတွင်တူးဖော်ခွင့်ရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် စီးပွားဖြစ်စီမံကိန်းများသည် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းများလုပ်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေနှင့်ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း စံချိန်စံညွှန်းများမှာ ယခုအချိန်ထိ အစိုးရက တရားဝင်မထုတ်ပြန်သေးချေ။

# ရှားပါးဒီရေတောမျိုးစိတ် မြိုင်ကြီးပင်ကို စင်ကာပူ သစ်တောပညာရှင် လာရောက်လေ့လာမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ရခိုင်ကမ်းရိုးတန်းဒေသတွင် တွေ့ရှိခဲ့သည့် ရှားပါးဒီရေတောမျိုးစိတ်သစ် မြိုင်ကြီးပင် (Brugiera Hainesil) ကို စင်ကာပူနိုင်ငံ သစ်တောပညာရှင်တစ်ဦး လာရောက်လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (ICUN) အသိအမှတ်ပြု ရှားပါးစာရင်းဝင်မြိုင်ကြီးပင်ကို သုတေသနပြုလေ့လာရန် ဒီဇင်ဘာတွင် လာရောက်မည်ဟု ရခိုင်ကမ်းရိုးတန်း လူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများ ပြည်လည်တည်ဆောက်ရေး စီမံကိန်းမန်နေဂျာဦးဝင်းမောင်က ပြောသည်။

"သူက ရှားပါးမျိုးစိတ်ပင်တွေကို သုတေသန လုပ်နေတဲ့ သစ်တောပညာရှင်၊ မြန်မာနိုင်ငံမှာ မြိုင်ကြီးပင်ရှိတယ်ဆိုတာကို ICUN ကနေ ကြားတဲ့အတွက် သုတေသနလာလုပ်မှာ" ဟု ဦးဝင်းမောင်က ပြောသည်။

အဆိုပါ ဒီရေတောမျိုးစိတ်သစ်ကိုယခုနှစ်ဇန်နဝါရီလက ရခိုင်ကမ်းရိုးတန်းဒေသရှိ ဝမ်ပိုက်ကြိုးဝိုင်းနှင့် ဗျိုင်းကျွန်းတို့တွင် တွေ့ရှိခဲ့ပြီး ယင်းနေရာကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနယ်မြေအဖြစ် ထိန်းသိမ်းလျက်ရှိသည်။ မြိုင်ကြီးပင်သည်နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(ICUN) မှ ထုတ်ပြန်ထားသည့် အနီရောင်စာရင်းတွင် မျိုးသုဉ်းလုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဒီရေတောမျိုးစိတ်ဖြစ်သည်။




# Tourism

7DAY NEWS JOURNAL

Vol.12, No.34 • OCTOBER 30 , 2013


# ကယားပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသွား လာရောက်မှု မြင့်တက်လာဟုဆို

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ကရင်နီ တိုးတက်ရေးပါတီနှင့် မြန်မာအစိုးရတို့ကြား အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက်ခွင့်ပြုချက်မလိုဘဲသွားလာခွင့်ပြုခဲ့သည့်ကယားပြည်နယ်သို့ ယခုနှစ်ခရီးသွားရာသီတွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု မြင့်တက်လာကြောင်းဒေသခံများထံမှသတင်းရရှိသည်။

"မနှစ်က ဒီလထဲမှာ တစ်ဖွဲ့ပဲသွားတယ်။ ဒီနှစ်မှာ လေးဖွဲ့လောက်သွားပြီးပြီ။ နိုဝင်ဘာ၊ ဒီဇင်ဘာထဲမှာလည်း လူ ၃၀၊ ၄၀ လောက်သွားဖို့ရှိသေးတယ်"ဟု တောင်ကြီးအခြေစိုက်အင်းလေးဇုန် ခရီးသွားကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဌေးအောင်က ပြောသည်။

ကယားပြည်နယ်၊ လွိုင်ကော်နှင့် ဒီမော့ဆိုမြို့များသို့ အဓိကသွားရောက်ကြပြီး ကမ္ဘာလှည့်ခရီးသွားများမှာ ပဒေါင်လူမျိုးများ၏ လူနေမှုစရိုက်နှင့် သဘာဝအတိုင်းရှိနေသာဒေသန္တရရှုခင်းများ သွားရောက်လေ့လာခြင်း ဖြစ်ကြောင်း ဦးဇော်ဌေးအောင်က ပြောသည်။

ပြင်သစ်၊ ဘယ်လ်ဂျီယမ်နှင့် ဂျာမနီနိုင်ငံများမှ ခရီးသွားများ သွားရောက်ကြပြီး တစ်ညအိပ်နှစ်ရက် ခရီးစဉ်အဖြစ် သွားရောက်လေ့ရှိကြသည်။

ထို့အပြင် ပြီးခဲ့သည့်နှစ်က အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက်ကရင်ပြည်နယ်၊ဘားအံမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လည်ပတ်မှု သိသိသာသာ မြင့်တက်လာခဲ့သည်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ သွားရောက်လည်ပတ်သူများသည် ရှမ်းပြည်နယ်မှတစ်ဆင့် သွားရောက်ရပြီး ယခင်ကသွားရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသွားများသည် ခွင့်ပြုချက်ကြိုတင်ရယူပြီးမှသာ သွားရောက်ခွင့်ရှိခဲ့သည်။



*နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားသည့် ကယန်းအမျိုးသမီးများကို မြင်ရစဉ်* ဓာတ်ပုံ - အောင်ထွန်းလင်း

# ထိုင်း – မြန်မာ ၁၄ ရက်ဗီဇာ ကင်းလွတ်ခွင့် လာမည့်လတွင် သဘောတူ လက်မှတ်ရေးထိုးသွားဖွယ်ရှိ

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ထိုင်း-မြန်မာနှစ်နိုင်ငံအကြား ၁၄ ရက်ခရီးသွားဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို ထိုင်းဝန်ကြီးချုပ်မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးစဉ်အတွင်း သဘောတူညီမှုလက်မှတ်ရေးထိုးသွားဖွယ်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

လေကြောင်းဖြင့် ခရီးသွားလာမည့် ထိုင်းနှင့်မြန်မာခရီးသွားများအား ၁၄ ရက်တာ ဗီဇာကင်းလွတ်ခွင့်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပြုခဲ့ပြီးအောက်တိုဘာ ၂၂ရက်ကထိုင်းအစိုးရဘက်မှ သဘောတူညီခဲ့ကာ လာမည့်နိုဝင်ဘာလအတွင်းနှစ်နိုင်ငံသဘောတူညီမှုလက်မှတ်ရေးထိုးသွားဖွယ်ရှိသည်။

"သဘောတူညီချက်ကလက်မှတ်ထိုးတဲ့နေ့မှာပဲ ချက်ချင်းသက်ရောက်ပါလိမ့်မယ်။ ဒါပေမဲ့ တစ်ဖက်ဖက်က ပြင်ဆင်ဖို့အတွက် အချိန်လိုအပ်တယ်ဆိုရင် ရက် ၃၀၊ ဒါမှမဟုတ် ရက် ၆၀ ဆိုတာမျိုး နှစ်ဖက်သဘောတူညီမှုအရလည်းဖြစ်နိုင်ပါတယ်။သဘောတူညီချက်ရရှိပြီဆိုရင် ဗီဇာလိုအပ်တော့မှာမဟုတ်ပါဘူး"ဟု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်က ပြောသည်။

ထိုင်းအစိုးရက သဘောတူညီလိုက်သော ၁၄ရက်ဗီဇာကင်းလွတ်ခွင့်ကြောင့်နှစ်နိုင်ငံခရီးသွားများသည် ထိုင်းနိုင်ငံရှိ လေဆိပ်ပေါင်း ၂၃ခုမှတစ်ဆင့်နှစ်နိုင်ငံသို့ ဗီဇာကင်းလွတ်ကာသွားလာလည်ပတ်နိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံသည်မြန်မာနိုင်ငံသားများအတွက်ဈေးဝယ်ထွက်လည်ပတ်စရာနှင့် ဆေးကုသမှုများ ပြုလုပ်ရန် သွားလာမှုအများဆုံး အိမ်နီးချင်းနိုင်ငံဖြစ်လာပြီး ထိုင်းနိုင်ငံသားများအတွက်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်အပြီး တံခါးပွင့်လာသော မြန်မာနိုင်ငံတွင် ရွှေတိဂုံစေတီ၊ ကျိုက်ထီးရိုးနှင့် အခြားသာသနိကနယ်မြေများက လာရောက်လည်ပတ်ဖွယ်ရာ နေရာဖြစ်လာသည်။

သို့သော် နယ်စပ်ဖြတ်ကျော်လည်ပတ်သွားလာသူ နှစ်နိုင်ငံသားများအတွက်မူ ဗီဇာလျှောက်ထားရန် လိုအပ်နေဦးမည်ဖြစ်ကြောင်း ထိုင်းအစိုးရတာဝန်ရှိသူများက ၁၄ရက်ဗီဇာကင်းလွတ်ခွင့် သဘောတူညီမှုအပြီး ပြောကြားခဲ့သည်။


**TRADEMARK CAUTION NOTICE**

**ESTRON INTERNATIONAL**, a company organized under the laws of **Singapore** and carrying on business as and having its principal office at 141 Woodlands Industrial Park, E5, E-Terrace, Singapore 757507 is the owner and sole proprietor of the following Trademark:-

ESTRON

Reg. No . 4/8116/2013

Used in respect of :Door closers of metal; door closer [non-electric]; door openers [non-electric]; door springs [non-electric]; door fitting, of metal, door panels of metal; door handles of metal; door stops of metal; hinges for door; fittings of metal for window; locks, bolt [non-electric], for door and windows; fittings for toughened glass door and glass panel; articles of metal incorporating glass for use in buildings; runners of metal for sliding doors; single-panel or multiple-panel door or gate; folding doors or gates; sliding doors or gates; revolving doors; swing doors; all being made of metal; all included in Class 6.

Any unauthorised use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

**Tin Ohnmar Tun & The Law Chambers**
Ph:0973150632
Email: law_chambers@seasiren.com.mm
(For. IPHub Asia Pte Ltd, Singapore)
Dated 30 October,2013.





7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# Cartoon
































7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# “ကျွန်တော်က လွတ်လပ်ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းကို ယုံကြည်တယ်”

## ဆွီဒင်ဝန်ကြီးချုပ် ဖရက်ဒရစ်ရိုင်းဖတ်နဲ့ တွေ့ဆုံခြင်း

ကျော်မျိုး

ဆွီဒင်နိုင်ငံဟာ ကမ္ဘာ့စီးပွားရေးနဲ့ ဥရောပစီးပွားရေးအကျပ်အတည်းတို့ရဲ့ဒဏ်ကို မခံစားခဲ့ရသလိုပြည်သူတွေဟာလည်း ကမ္ဘာ့စစ်တမ်းတွေ၊ ညွှန်းကိန်းတွေမျိုးစုံမှာ ဖော်ပြချက်အရ ပျော်ရွှင်စိတ်ချမ်းသာမှုအရှိဆုံး နိုင်ငံသားတွေဖြစ်တာကို တွေ့ရပါမယ်။ ဒီလိုအခြေအနေတွေရှိနေပေမယ့်လည်း ဆွီဒင်ဟာ လူငယ်ထုအလုပ်လက်မဲ့ပြဿနာ၊ ရွှေ့ပြောင်းနေထိုင်သူများအရေးနဲ့ နိုင်ငံတွင်းမှာ တဖြည်းဖြည်းမြင့်တက်လာနေတဲ့ လက်ယာအစွန်းရောက်တွေရဲ့ ပြဿနာစသဖြင့် စိုးရိမ်စရာတွေနဲ့ ရင်ဆိုင်နေရဆဲပါပဲ။ ဒါကြောင့် ယူရိုသတင်းရဲ့ ဂလိုဘယ်စကားလက်ဆုံ အစီအစဉ်မှာ ဆွီဒင်ဝန်ကြီးချုပ် ဖရက်ဒရစ်ရိုင်းဖတ်နဲ့ ဆွေးနွေးမှုမှ ကောက်နုတ်ချက်တွေကို ပြန်လည်ဖော်ပြပေးလိုက်ရပါတယ်။ မေးမြန်းဆွေးနွေးသူကတော့ ယူရိုသတင်းမှ အစ္စဘယ်လေကူးမား ဖြစ်ပါတယ်။

**ကျွန်မတို့မှာ ရှိထားတဲ့ ဆွီဒင်ဆိုတဲ့ ရုပ်ပုံနဲ့ လက်တွေ့ရုပ်ပုံကြားမှာ တဖြည်းဖြည်းကွဲလွဲမှုတွေ ရှိလာပြီဆိုတာကို ဝန်ကြီးချုပ် သဘောတူပါသလား။**

ကျွန်တော်တို့က ပိုပြီးပြုပြင်ပြောင်းလဲရေးဘက်ကို ဦးတည်တဲ့ စီးပွားရေးတစ်ရပ်ရှိထားပြီး အဲဒါက အခြားသူတွေအတွက်လည်း နမူနာဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ တကယ်လို့ဒီကနေ့ဆွီဒင်ကို ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ဟာ အခြားဥရောပနိုင်ငံတော်တော်များများထက် ပိုမြင့်မားတဲ့တိုးတက်နှုန်းကို ရရှိနိုင်စွမ်းရှိထားခဲ့တယ်ဆိုတာ တွေ့ရပါမယ်။ ကျွန်တော်တို့လည်း ဘဏ္ဍာရေးအကျပ်အတည်းဒဏ်ကိုခံရတာပါပဲ။ ဒါပေမဲ့ တခြားဥရောပနိုင်ငံတွေလောက် မများခဲ့တာပါ။

**ဒီမှာ ကမ္ဘာ့စီးပွားရေးဖိုရမ်လုပ်တော့ သူတို့ရဲ့ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်း စစ်တမ်းမှာဆိုထားတာက ဆွီဒင်ဟာ ကမ္ဘာမှာ ထုတ်လုပ်မှုစွမ်းအား အမြင့်မားဆုံးနဲ့ ယှဉ်ပြိုင်နိုင်စွမ်း အမြင့်မားဆုံး စီးပွားရေးတွေထဲမှာ တစ်ခုဖြစ်တယ်လို့ဆိုတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်တို့နိုင်ငံက လူမှုရေးရာပိုင်းမှာ အခက်အခဲဖြစ်နေတယ်။ လူငယ်အလုပ်လက်မဲ့နှုန်းက အရမ်းမြင့်နေတယ်။ လေးဦးမှာ တစ်ဦးနှုန်းဖြစ်နေတယ်။ ဒီအတွက်ဝန်ကြီးချုပ်က တာဝန်ယူမှာလား။ ဒီဆုံးရှုံးမှုအတွက် ဝန်ကြီးချုပ်တို့ အစိုးရက တာဝန်ယူမှာလား။**

စီးပွားရေးက အလွန်ယှဉ်ပြိုင်မှုကောင်းတဲ့ စီးပွားရေးဘဝကို ပေါင်းစပ်ထားတယ်ဆိုတာ သဘောတူပါတယ်။ ဒါပေမဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်နီးပါး ကျွန်တော်တို့ရဲ့ ပညာရေးရလဒ်တွေ နှေးကွေးနေတာကို ကျွန်တော်တို့မြင်တွေ့ခဲ့ရတယ်။ အတိတ်တုန်းကတော့ ပညာရေးစနစ်ထဲကနေ လူတွေ ဘယ်လိုအသိဉာဏ်မျိုးကိုတကယ်ပဲ ရလိုက်တယ်ဆိုတာကို ကျွန်တော်တို့ သေချာမကြည့်မိခဲ့ကြဘူးလို့ ထင်ပါတယ်။ ခုတော့ ကျွန်တော်တို့ ဒါကိုပြန်ပုံသွင်းနေပါပြီ။

**ဒီလိုအရေးယူဆောင်ရွက်မှုတွေ အသက်ဝင်လာခြင်းရဲ့ အကျိုးသက်ရောက်မှုကို ဘယ်အချိန်မှာ ဝန်ကြီးချုပ်တွေးမိတာပါသလဲ။ ဒီလိုကိန်းဂဏန်းတွေ လျော့ကျလာတာကို ဘယ်အချိန်မှာ ဝန်ကြီးချုပ် စမြင်တာပါလဲ။**

ဒါက ဖြစ်နေပြီးသားလို့ ထင်တယ်ဗျ။ ဒါပေမဲ့ စီးပွားရေးမှာ တိုးတက်မှုကလည်း လိုသေးတယ်မဟုတ်လား။ ဆွီဒင်စီးပွားရေးက ၂၀၁၄ မှာ ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးဖို့မှန်းထားပြီး ဒါက အီးယူထဲမှာ အကောင်းဆုံးလျာထားတဲ့ တိုးတက်နှုန်းပါပဲ။ ဒါပေမဲ့ ဒါက လက်တွေ့ဖြစ်ဖို့ လိုနေဆဲပဲပေါ့။ ပိုကောင်းတဲ့ စီးပွားရေးတိုးတက်နှုန်းနဲ့မှ အလုပ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမှာရှိနေတဲ့ လူငယ်တွေက အလုပ်ရှင်တွေရှာနေတဲ့ ပြီးပြည့်စုံတဲ့ပညာရေးနဲ့ အတွေ့အကြုံလည်းပြည့်ဝတဲ့ အလုပ်သမားမျိုးတွေ မဟုတ်ကြပါဘူး။ ဒီလူငယ်တွေက အလုပ်သမားဈေးကွက်ထဲ လွယ်လွယ်ဝင်သွားနိုင်တယ်။ ဒါပေမဲ့ အတွေ့အကြုံမရှိတော့ အလုပ်ကျတယ်။ ဒါကိုပဲ အခု ကျွန်တော်တို့ လုပ်ဆောင်ဖြေရှင်းနေတာပါ။ ဒီအချက်ကလည်း လူငယ်အလုပ်လက်မဲ့နှုန်း များနေတာကို ရှင်းပြနေတာပေါ့။

**ဆွီဒင်အကြောင်း ကျွန်မတို့မှာရှိထားတဲ့ ပုံရိပ်က မျှတပြီး သည်းခံမှုရှိတဲ့ လူ့အဖွဲ့အစည်းဆိုတဲ့ဟာက မေးခွန်းထုတ်စရာဖြစ်နေပါပြီ။ အပြင်ဘက်ကနေ ကျွန်မတို့ကြည့်လိုက်တဲ့အခါကျတော့ မေလတုန်းက ရွှေ့ပြောင်းအခြေချသူတွေ နေထိုင်ရာ ရပ်ကွက်တွေ ဖုံးပေါက်ကွဲမှုဖြစ်ခဲ့တာ အများစုအတွက် အံ့အားသင့်စရာဖြစ်ခဲ့ပါတယ်။ ဆွီဒင်ဟာ ချက်ချင်းပဲ တစ်ဖက်နဲ့တစ်ဖက် ရန်လိုနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်နေပြီလား။ ကွဲပြားမှုတွေကို ဆွီဒင်မှာ မြင်နေရပါပြီလား။**

တစ်စိတ်တစ်ပိုင်းတော့ရှိမယ်။ ဒါပေမဲ့ ဒါဟာ အသစ်အဆန်းမဟုတ်ပါဘူး။ ၇၀ နှစ်များကစလို့ ကျွန်တော်တို့မှာ လူတွေကြားကွဲ ပြားခြားနားမှုအကြောင်းကို ငြင်းခုံ ဆွေးနွေးလာကြတာပါ။

**ဒါတွေအပြင် အကြမ်းဖက်ဆူပူမှုတွေ ရှိလာတာကတော့ အသစ်ပေါ့။**

ဟုတ်ကဲ့။ ဒီကိစ္စတွေမှာ မြင်နိုင်တာကတော့ အလုပ်လက်မဲ့ဖြစ်ပြီး တစ်ခါတလေမှာလည်း မူးယစ်ဆေးရောင်းဝယ်မှုလို ရာဇဝတ်မှုတွေနဲ့ ပတ်သက်တဲ့ လူငယ်အုပ်စု တစ်ခုက လုပ်တာပါ။ သူတို့ ထဲက တော်တော်များများက ရဲတပ်ဖွဲ့ကို၊ မီးသတ်သမားတွေကို၊ အခြားသူတွေကို အကြမ်းဖက်ရမယ်လို့ ယုံကြည်လက်ခံကြတယ်။ သူတို့ကိုယ်တိုင်လည်းပြဿနာရှိနေတဲ့ သူတွေပါ။ ဒါပေမဲ့ ဖြစ်ခဲ့တဲ့ ဆူပူအုံကြွမှုတွေကို ပြန်ကြည့်ရင် အဲဒီနေရာတွေမှာ နေထိုင်နေတဲ့ သူတွေထဲက ၉၅ ရာခိုင်နှုန်းလောက်က တို့ရပ်ကွက်၊ နေရာတွေကို မဖျက်ဆီးကြနဲ့လို့ ပြောခဲ့တာချည်းပဲဆိုတာ သိသင့်ပါတယ်။

**အချို့ကပြောကြတယ်။ ဆွီဒင်ပုံစံနမူနာဟာ အကန့်အသတ်တွေရှိနေပြီး နိုင်ငံမှာလည်း လူမျိုးချင်းသွေးနှောမှုက အမြင့်ဆုံးအဆင့်ရောက်နေပါပြီ။ ဒါဟာ ၁၅ ရာခိုင်နှုန်းလောက်ရှိပြီး လူတွေကလည်း ပြောနေကြတယ်။ ဆွီဒင်ဟာ ဒီဒဏ်ကို ထပ်ပြီးတောင့်မခံနိုင်ဘူးတဲ့။**

ကျွန်တော်တော့ သဘောမတူပါဘူး။ ကျွန်တော်တို့ဆီမှာ မျိုးဆက်အလိုက် ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချ နေထိုင်သူတွေဟာ ဆွီဒင်လူ့အဖွဲ့အစည်းထဲကို ဝင်ရောက်လာကြပြီး အနာဂတ်အတွက် ဦးတည်တဲ့ လူမျိုးစုစုံပါဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးနေတာပါ။ ၇၀ နှစ်များနဲ့ အဲဒီနောက်ပိုင်းကစလို့ ဝင်လာတဲ့ မျိုးဆက်တွေအနေနဲ့တော့ အလုပ်သမားဈေးကွက်ထဲကို ဝင်ဖို့က အရင်ကလောက် မလွယ်တော့ပါဘူး။ ဒါကလည်း အလုပ်သမားဈေးကွက်ကြီးထွားလာမှုက ရှုပ်ထွေးလာလို့ပါ။ ဒီကို ဝင်လာတဲ့ နိုင်ငံရေးခိုလှုံခွင့်ရသူ တော်တော်များများက ပညာရေးနောက်ခံနည်းနည်းပဲ ရှိပါတယ်။ ဒါပေမဲ့ ဒါကို ဖြေရှင်းနေတယ်လို့ ကျွန်တော်ပြောတာပါ။ ကျောင်းပညာရေးစနစ်ထဲမှာ စာသင်ချိန်တိုးတာ၊ အင်္ဂလိပ်စာ သင်ချိန်တိုးတာတွေ ကိုလုပ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါတွေ ကျွန်တော်တို့ လိုအပ်လို့ပါ။ ကျွန်တော်တို့မှာ ကလေးမွေးဖွားမှုနှုန်း လုံလောက်စွာမရှိလို့ သက်ကြီးရွယ်အိုတွေများတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်လာနေတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဆွီဒင်ကို ရောက်လာပြီး ကျွန်တော်တို့ရဲ့ လူမှုဖူလုံရေးရည် မှန်းချက်တွေကို မြှင့်တင်ပေးနိုင်တဲ့ လူသစ်တွေ ပြောင်းရွှေ့ဝင်ရောက်လာတာကိုလိုအပ်ပါတယ်။

**ဆွီဒင်ဟာ ဆီးရီးယားဒုက္ခသည်တွေကို အပြည့်အဝ ခိုလှုံခွင့်ပေးတဲ့ နိုင်ငံအနည်းငယ်ထဲက တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စက အများကြိုက်အမြင်မှာတော့ ဝန်ကြီးချုပ်ကို ထိခိုက်နိုင်ပါတယ်။ ဒါကိုရော ဝန်ကြီးချုပ် စဉ်းစားထားဖူးပါသလား။**

ဒီနှစ်ထဲမှာဆိုရင် ဆီးရီးယားဒုက္ခသည် ၇,၀၀၀ ကျွန်တော်တို့ဆီ ရောက်လာပါတယ်။ ကျွန်တော်တို့ နိုင်ငံထဲမှာ ဆီးရီးယားမျိုးနွယ်တွေ အများကြီးရှိပြီးသားပါ။ ဆွီဒင်နိုင်ငံရေးစနစ်ထဲမှာ နယ်စပ်တွေပိတ်ထားပြီး ဘယ်သူ့ကိုမှ ပေးမဝင်ဖို့ ပြောတဲ့သူတွေရှိတာပေါ့။ ဒါပေမဲ့ ဒီလူတွေဟာ ဆွီဒင်ပြည်သူအများစုကြီးနဲ့စာရင် ထောက်ခံမှုနည်းနည်းပဲရသေးတဲ့သူတွေပါ။ အများစုကတော့ နိုင်ငံရပ်ခြားကလူတွေ ရွှေ့ပြောင်းဝင်ရောက်လာမှုကိုဖွင့်လှစ်ထားပေးသင့်တယ်ဆိုတဲ့ အယူအဆကို တိုးပြီးလက်ခံလာနေကြတာပါ။

**နော်ဝေးကို ကြည့်လိုက်ရင် ရွှေ့ပြောင်းအခြေချသူတွေကို ဆန့်ကျင်ရေးပါတီက မဲ ၁၆ ရာခိုင်နှုန်းရခဲ့တယ်။ ဒါမျိုး ဆွီဒင်မှာ ဖြစ်လိမ့်မယ်လို့ ဝန်ကြီးချုပ်မထင်ဘူးလား။ လာမယ့်နှစ်မှာ ဝန်ကြီးချုပ်လည်း ရွေးကောက်ပွဲဝင်ပြိုင်ရမယ်ဆိုတော့လေ။**

သူတို့လိုအဖြေမျိုးတွေ ကျွန်တော်တို့ လိုအပ်တယ်လို့ မယုံပါဘူး။ အခြားနိုင်ငံတွေမှာ မြင်ရတဲ့ လုပ်ကိုင်ပုံလမ်းပြမြေပုံမျိုးကိုကျွန်တော် လိုက်နာချင်တယ်လို့လည်း မပြောချင်ပါဘူး။ အဲဒီလိုဆိုရင် ကိုယ်ယုံကြည်တာထက်ပိုပြီး တစ်ခုခုကို ကျွန်တော်ပြောနေရမှာပေါ့။ ကျွန်တော်က လွတ်လပ်ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းကို ယုံကြည်တယ်။ ဘာသာတရားမျိုးစုံကိုးကွယ်ကြတဲ့လူတွေဟာ အတူတကွ နေနိုင်တယ်လို့ ကျွန်တော်ယုံတယ်။ အဲဒီလို လူ့အဖွဲ့အစည်းမျိုးဖြစ်အောင် လုပ်နိုင်တယ်လို့လည်း ယုံကြည်ပါတယ်။

**ဝန်ကြီးချုပ်ဟာ ဥရောပကော်မရှင်ဥက္ကဋ္ဌနေရာကို အနာဂတ်မှာ ရလာဖို့ရော စိတ်မဝင်စားဘူးလား။ ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဝင်အရွေး ချယ်မခံတော့ဘူးလား။**

ဟင့်အင်း။ ကျွန်တော်က စက်တင်ဘာမှာ တတိယအကြိမ်ရွေးကောက်ပွဲနိုင်ဖို့ကြိုးစားနေပါတယ်။ ဒါကြောင့် ဥရောပကော်မရှင်ဥက္ကဋ္ဌနေရာ ဝင်ပြိုင်ဖို့ကိစ္စကို ပေါင်းပြီးမလုပ်နိုင်ပါဘူး။

*—Ref: Swedish PM: no immigration backlash, no EU president and no tweets: 15 October. Euronews.*



7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013



Leader's Profile

# ဓာတုလက်နက် ပိတ်ပင်တားဆီးရေးအဖွဲ့ (OPCW) ညွှန်ကြားရေးမှူးချုပ် အာမက်အူဇမ်ကူ

ရဲမင်း

မစ္စတာအာမက်အူဇမ်ကူသည် ဘဝတစ်လျှောက်လုံး သံတမန် အလုပ်လုပ်ကိုင်ခဲ့သော တူရကီသံတမန်တစ်ဦးဖြစ်ပြီး ဓာတုလက်နက်များ ပိတ်ပင်တားဆီးရေးအဖွဲ့ (OPCW) ၏ လက်ရှိညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

အူဇမ်ကူကို ၁၉၅၁ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်က တူရကီနိုင်ငံ အန်ကာရာမြို့တွင် မွေးဖွားခဲ့သည်။ အန်ကာရာ တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး နိုင်ငံရေးသိပ္ပံဌာန၊ နိုင်ငံခြားဆက်ဆံရေးအထူးပြုဘွဲ့ ရရှိခဲ့သည်။

အူဇမ်ကူသည် ဘွဲ့ရရှိပြီးချိန်တွင် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန၌ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၉၇၉ မှ ၁၉၈၂ ခုနှစ်အထိ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ တူရကီသံရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၁၉၈၂ မှ ၁၉၈၄ ခုနှစ်အထိ ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ ကောင်စစ်ဝန်ရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင်မူ မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး) ဆိုင်ရာ တူရကီကိုယ်စားလှယ်ရုံးတွင် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် အာမက်အူဇမ်ကူသည် နေတိုးအဖွဲ့၏ နိုင်ငံရေးညွှန်ကြားမှု ဦးစီးဌာနသို့ ပြောင်းရွှေ့ကာ ၁၉၉၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းတွင် မစ္စတာအူဇမ်ကူသည် စစ်အေးခေတ်ကုန်ဆုံးပြီးနောက် နေတိုးအဖွဲ့၏ ငြိမ်းချမ်းရေးလက်လွှဲမှုအစီအစဉ်တွင် ပါဝင်လုပ်ဆောင်ခဲ့ပြီး ဆိုဗီယက်ယူနီယံဒေသဟောင်းများသို့ ကျယ်ကျယ်ပြန့်ပြန့်သွားရောက်ခဲ့သည်။

ထို့နောက် မစ္စတာအူဇမ်ကူသည် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဖွံ့ဖြိုးရေးဌာနတွင် ၁၉၉၆ မှ ၁၉၉၉ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ မှ ၂၀၀၂ ခုနှစ်အထိ အစ္စရေးနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် အာမက်အူ ဇမ်ကူသည် တူရကီနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်တော်အဖြစ် နေတိုးကောင်စီတွင် တာဝန်ယူ လုပ်ကိုင်ခဲ့သည်။ နိုင်ငံရေးဆိုင်ရာ တူရကီဒုတိယနိုင်ငံခြားရေးတာဝန်ခံအဖြစ်လည်း လုပ်ကိုင်ခဲ့သည်။

မစ္စတာအူဇမ်ကူသည် သံတမန်တစ်ဦးပီပီ နိုင်ငံတကာ အတွေ့အကြုံများပြားပြီး နေတိုးကောင်စီတွင် တူရကီနိုင်ငံကို ကိုယ်စားပြုခဲ့သလို လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်၊ ကုလသမဂ္ဂနှင့် ဂျီနီဗာမြို့ရှိ အခြားနိုင်ငံတကာ အဖွဲ့အစည်းများတွင်လည်း ပါဝင်လုပ်ကိုင်ခဲ့သည်။

မစ္စတာ အာမက်အူဇမ်ကူအား ဓာတုလက်နက်များ ဖျက်သိမ်းရေးအဖွဲ့ (OPCW) အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်ရေးကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ သက်ဆိုင်သူနိုင်ငံများ (၁၄) ကြိမ်မြောက် ကွန်ဖရင့်တွင် အတည်ပြုခဲ့ပြီး ၂၀၁၀ ဇူလိုင် ၂၅ ရက်တွင် ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များ ဖျက်သိမ်းရေး တာဝန်အပ်နှင်းခံရပြီး ကုလသမဂ္ဂနှင့် ပူးပေါင်း၍ ဆီးရီးယားဓာတုလက်နက်များ ဖျက်သိမ်းရေးကို (OPCW) အဖွဲ့က ကြီးကြပ်ခဲ့ရပြီး ၂၀၁၃ ခုနှစ်အတွက် ယင်းအဖွဲ့သည် ငြိမ်းချမ်းရေးနိုဗယ်ဆု ရရှိခဲ့သည်။

မစ္စတာ အာမက်အူဇမ်ကူသည် ၂၀၁၀ ဇွန် ၂၆ ရက်က လက်နက်ထိန်းချုပ်ရေးနှင့် လက်နက်ဖျက်သိမ်းရေး တစ်သက်တာအောင်မြင်မှုအတွက် ဂျီနီဗာ သံတမန်ရေးနှင့်နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်က ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ခဲ့သည်။

မစ္စတာအာမက်အူကမ်ဇူသည် ဇနီးသည် အီစီးလ်အူကမ်ဇူနှင့် သမီးတစ်ဦး ထွန်းကားထားသည်။

*—Ref: Wikipedia*

# ဆီးရီးယားသို့ အကူအညီပေးရေး လုံခြုံရေးကောင်စီ ဖိအားပေးဆောင်ရွက်ရန် ကုလအကူအညီပေးရေးအကြီးအကဲ တောင်းဆို

**ကုလသမဂ္ဂ၊ အောက်တိုဘာ-၂၅**

လူပေါင်း ၂ ဒသမ ၅ သန်းကျော်မည်သည့်အကူအညီမှမရဘဲ နေထိုင်နေရသည်မှာ တစ်နှစ်နီးပါးကြာမြင့်ပြီဖြစ်သော ဆီးရီးယားနိုင်ငံတွင် အကူအညီလိုအပ်နေသော နေရာအများအပြားသို့ဝင်ရောက်ခွင့်ရရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ကုလသမဂ္ဂအကူအညီပေးရေး အကြီးအကဲ ဗလာရီအေမို့စ်က အောက်တိုဘာ ၂၅ ရက်တွင် တောင်းဆိုလိုက်သည်။



ဆီးရီးယားနိုင်ငံတွင်ဖြစ်ပွားနေသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် တားဆီးပိတ်ဆို့မှု အများအပြားကြောင့် အကူအညီပေးရေးလုပ်ငန်းများ ကြန့်ကြာခဲ့ရသည်။ ၂ နှစ်ခွဲ ကြာမြင့်ပြီဖြစ်သော ဆီးရီးယားပြည်တွင်းစစ်ကြောင့် လူပေါင်းတစ်သိန်းကျော် သေဆုံးခဲ့ပြီး ၂ ဒသမ ၁ သန်းခန့် ထွက်ပြေးနေရသည်။ လပေါင်းများစွာကြာ ဆွေးနွေးခဲ့ကြပြီးနောက် အဖွဲ့ဝင် ၁၅ နိုင်ငံ ပါဝင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဥပဒေနှောင်ဖွဲ့မှုကင်းသည့် ကြေညာချက်တစ်ရပ်ကို အောက်တိုဘာ ၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး လူသားချင်းစာနာထောက်ထားရေး အကူအညီများ တိုးမြှင့်ပေးအပ်ရန် တိုက်တွန်းခဲ့သည်။

“ရက်စက်မှုတွေ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ရပ်တန့်စေဖို့လိုအပ်တဲ့လုပ်ဆောင်မှုတွေ လုပ်ကြဖို့မိမိတို့ရဲ့ဩဇာအာဏာ သုံးပြီး ဆောင်ရွက်ကြဖို့ လုံခြုံရေးကောင်စီဝင်နိုင်ငံ အားလုံးကို ကျွန်မတိုက်တွန်းပါတယ်”ဟု မစ္စစ်အေမို့စ်ကပြောသည်။

ယခုကိစ္စမှာ အချိန်လု၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း လုံခြုံရေးကောင်စီ၏ ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် သီတင်းသုံးပတ်ကြာပြီဖြစ်သော်လည်း တင်ပြစရာအပြောင်းအလဲမရှိသလောက်ဖြစ်ကြောင်း၊ အကူအညီပေးရေး ချင့်ချိန်စဉ်းစားနေကြစဉ် လူအများ မလိုအပ်ဘဲ ဆက်လက်သေဆုံးနေမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆီးရီးယားဓာတုလက်နက်များ ဖျက်ဆီးရေး ဆုံးဖြတ်ချက်ချရန် အနောက်နိုင်ငံများနှင့် ရုရှားအစိုးရကြား အချိန်ကြာမြင့်စွာ သံတမန်ရေး ဆွေးနွေးပြီးနောက် သီတင်းတစ်ပတ်မပြည့်မီ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဝင်ရောက်ခွင့်ပြုရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

*—Ref: Reuters*

# စနိုးဒန်ဖော်ထုတ်မှုများ အမေရိကန်လျှို့ဝှက်သတင်း ပေါက်ကြားမှုများတွင် အဆိုးရွားဆုံးဖြစ်

**ဝါရှင်တန်၊ အောက်တိုဘာ-၂၆**

အက်ဒဝပ်စနိုးဒန်ထံမှ လျှို့ဝှက်သတင်းပေါက်ကြားမှုများမှာ အမေရိကန်အစိုးရ၏ ရန်သူတော်များကို အကူအညီရရှိစေခဲ့ပြီး အမေရိကန်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး ထိပ်တန်းလျှို့ဝှက်သတင်းချိုးဖောက်မှုဖြစ်ကြောင်း ကန်ဗဟိုထောက်လှမ်းရေးနံပါတ် (၂)အရာရှိဟောင်းတစ်ဦးက ပြောကြားသည်။



(CIA)လက်ထောက်ဒါရိုက်တာနှင့် ယာယီညွှန်ကြားရေးမှူး မိုက်ကယ်မော်ရယ်က စနိုးဒန်၏ ထုတ်ဖော်ပြောကြားချက်များကြောင့်ဖြစ်နိုင်ခြေရှိသော အကြမ်းဖက်ခြိမ်းခြောက်မှု ခြေရာခံရေး ကြိုးပမ်းမှုများကို ပျက်စီးစေခဲ့ကြောင်း (CBS)ရုပ်သံအစီအစဉ်တစ်ခုတွင် ပြောသည်။

“အက်ဒဝပ်စနိုးဒန် လုပ်ခဲ့တဲ့ကိစ္စကြောင့် အမေရိကန်နိုင်ငံသားတွေအတွက် အန္တရာယ်ပိုရှိစေပါတယ်။ အကြောင်းကတော့ အကြမ်းဖက်သမားတွေက ပေါက်ကြားမှုတွေကနေ ပိုပြီးသတိထားလာကြမယ်။ ကျွန်တော်တို့လည်း ရစရာရှိတဲ့ ထောက်လှမ်းရေး သတင်းတွေရမှာ မဟုတ်တော့ဘူး” ဟု (CIA)တွင် ၃၃ နှစ်ကြာ တာဝန်ထမ်းဆောင်ပြီး မကြာမီက အနားယူခဲ့သူ မစ္စတာမော်ရယ်က ပြောကြားသည်။

စနိုးဒန်က အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ကြားဖြတ်နားထောင်မှုများနှင့် အခြားလျှို့ဝှက်ထောက်လှမ်းမှုများအပေါ် စိုးရိမ်သူ၊ ခရာမှုတ်သတိပေးသူအဖြစ် မိမိကိုယ်ကို ပုံဖော်သော်လည်း ၎င်းမှာ တိုင်းပြည်အပေါ် သစ္စာဖောက်သူဖြစ်ကြောင်း (CIA) ဒုတိယအကြီးအကဲဟောင်းက ပြောသည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# တရုတ် – အာဆီယံ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် အဆင့်မြှင့်တင် လက်မှတ်ရေးထိုးနိုင်ရေး မကြာမီဆွေးနွေးမည်

**ဘေဂျင်း၊အောက်တိုဘာ–၂၅**

တရုတ်နိုင်ငံနှင့် အာဆီယံတို့သည် တရုတ်–အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် ကို အဆင့်မြှင့်တင်ကာ လက်မှတ် ရေးထိုးနိုင်ရေးအတွက် မကြာမီ ဆွေးနွေးပွဲများ ပြုလုပ်သွားမည် ဖြစ်သည်။

တရုတ်နိုင်ငံတွင် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ဆွေးနွေး ပွဲအပြီးတွင် တရုတ်ကူးသန်းရောင်း ဝယ်ရေးကြီး ကောက်ဟူချန်းက "တရုတ်နဲ့ အာဆီယံဟာ မကြာမီ အချိန်အတွင်းမှာ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် ကို လက်တွေ့ကျကျ အဆင့်မြှင့် တင်ဖို့ ဆွေးနွေးမှုတွေ စတင်တော့ မှာပါ"ဟု သတင်းထောက်များ အား ပြောသည်။ ၎င်းက ဆွေးနွေး ပွဲများသည် အရည်အသွေးပိုမြင့် မားသည့် ပြီးပြည့်စုံသည့် သဘော တူညီချက်တစ်ရပ်ရရန် ရည်ရွယ် ထားကြောင်းဆိုသည်။ ထိုင်းလက် ထောက်ဝန်ကြီးချုပ်နှင့် ကုန်သွယ် ရေးဝန်ကြီး ဘွန်ဆောင်ပိုင်ဆန် ကလည်း "တာဝန်ရှိသူတွေဟာ အသေးစိတ်အချက်တွေကို နိုဝင် ဘာလဆန်းပိုင်းမှာ ဘန်ကောက် မှာလုပ်မယ့် တရုတ်–အာဆီယံ ပူးတွဲကော်မတီ အစည်းအဝေးမှာ နောက်ထပ်ဆွေးနွေးသွားမှာပါ" ဟု ပြောသည်။

အာဆီယံကိုယ်စားလှယ်များ သည် ယခုအပတ်အတွင်း တရုတ် နိုင်ငံသို့ အလည်အပတ်ရောက်ရှိ လာကာ ချန်ဒူး၊ ရှန်ဟိုင်းနှင့် ဘေ ဂျင်းမြို့တော်များသို့ သွားရောက်ခဲ့ ပြီး တရုတ်ဒေသခံအာဏာပိုင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ ဆုံကာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန် သွယ်ရေးအခွင့်အလမ်းများ ဆွေး နွေးခဲ့ကြသည်။ ယခုနှစ်သည် တရုတ်–အာဆီယံ မဟာဗျူဟာအ ဆင့် မိတ်ဖက်ဆက်ဆံရေး တည် ထောင်သည့် (၁၀)နှစ်မြောက်နှစ် လည်းဖြစ်သည်။ တရုတ်နိုင်ငံ သည် အရှေ့တောင်အာရှနှင့် ဆက်ဆံရေးများ တိုးချဲ့ခဲ့ပြီး သမ္မတ စီကျင်းပင်ကိုယ်တိုင်လည်း မကြာ မီက အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံများသို့နိုင်ငံတော်ခရီးစဉ်များ သွားရောက်လည်ပတ်ခဲ့သည်။

*—Ref: ANN/Chinadaily*

# စားသုံးသူများ၏ အခွင့်အရေးများ ပိုမိုတိုးမြှင့်ပေးထားသည့် စားသုံးသူကာကွယ်ရေးဥပဒေသစ် တရုတ်နိုင်ငံတွင် ပြဋ္ဌာန်း



XINHUA

**ရှန်ဟိုင်း၊အောက်တိုဘာ–၂၅**

တရုတ်နိုင်ငံ၏ ထိပ်တန်းအာဏာ ပိုင်အဖွဲ့ဖြစ်သော နိုင်ငံတော်စက် မှုနှင့် ကုန်သွယ်ရေးအုပ်ချုပ်မှု အာ ဏာပိုင်အဖွဲ့ (SAIC)သည် နှစ် ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံး အကြိမ်အဖြစ် နိုင်ငံ၏ စားသုံးသူ ကာကွယ်ရေးဥပဒေကိုအသစ်ပြင် ဆင်မွမ်းမံကာပြဋ္ဌာန်းလိုက်သည်။

အသစ်မွမ်းမံလိုက်သည့် ဥပ ဒေတွင် စားသုံးသူများ၏ အခွင့် အရေးများကိုပိုမိုတိုးမြှင့်ကာကွယ် ပေးထားပြီး အင်တာနက်မှ ဈေး ဝယ်ခြင်းနှင့် ဈေးဝယ်သူများကိုလွဲ မှားစေသည့် စီးပွားရေးလုပ်ငန်း များအား ပိုပြင်းထန်စွာအပြစ်ပေး မည့် အချက်များပါဝင်သည်။ တရုတ်နိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကုမ္ပဏီကြီးများဖြစ် သော အက်ပဲလ်၊ စတားဘက် စသည့်ကုမ္ပဏီများကို စည်းကမ်း ဖောက်မှုများကြောင့် အပြစ်ပေးခံ ခဲ့သည်။ ဆမ်ဆောင်းသည်လည်း နိုင်ငံပိုင်ရုပ်သံတွင် ကြော်ငြာရာ၌ ကုမ္ပဏီ၏ ဟန်းဆက်များပြင်ဆင် ရေးမူဝါဒများကြောင့် စားသုံးသူ များ၏ ဝေဖန်မှုကို ခံခဲ့ရပြီးနောက် တောင်းပန်ရမည်ဖြစ်သည်။ (SAIC) ၏အဆိုအရ တရုတ်နိုင်ငံတွင် ၂၀၁၀မှ ၂၀၁၂အတွင်း အရည်အ သွေးမပြည့်ဝသော ကုန်ပစ္စည်း များ ယွမ်ငွေ ၃ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၆၂၄ ဒသမ ၇၉ သန်း) ဖိုးခန့်ကို ပြည်တွင်းစားသုံးသူများ အတွက် ရောင်းချခဲ့သည်။

၁၉၉၃ ၌ ပထမဆုံးထုတ်ပြန် ခဲ့သည့် စားသုံးသူကာကွယ်ရေး ဥပဒေကို ပြင်ဆင်ထားသည့် ဥပ ဒေသစ်တွင် ကုန်ပစ္စည်းထုတ်လုပ် သူများအနေဖြင့် စားသုံးသူများ အတွက် ပေးဆောင်ရမည့် လျော် ကြေးပမာဏကိုလည်း တိုးမြှင့် ထားပြီး ဥပဒေချိုးဖောက်သည့် ထုတ်လုပ်သူများအတွက် ဒဏ် ကြေးများကိုလည်း မြှင့်တင်ထား သည်။ ကုန်ပစ္စည်းအတုများ ကြောင့် စားသုံးသူများတွင် ထိခိုက် ဒဏ်ရာရမှုနှင့် သေဆုံးမှုများဖြစ် ပေါ်ခဲ့ပါက ထိခိုက်ပျက်စီးမှုပမာ ဏ၏ သုံးဆကိုလျော်ကြေးပေးရန် သတ်မှတ်ထားသည်။ ထို့အပြင် လု တန်းစားပေါင်းစုံမှ စားသုံးသူများ ကို ကိုယ်စားပြုမည့် စားသုံးသူကာ ကွယ်ရေး အသင်းတစ်ရပ်ကို လည်း ဖွဲ့စည်းမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် နည်းပညာ တိုးတက်လာမှုနှင့်အတူ စားသုံးသူ များကြား အင်တာနက်မှ ဈေးဝယ် ခြင်းလည်း တိုးပွားလာပြီး ၂၀၁၂ တွင် အွန်လိုင်းမှ ဈေးဝယ်မှုပမာ ဏမှာ ယွမ် ၁ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၂၁၃ ဒသမ ၇၅ ဘီလီယံ) ဖိုးရှိကြောင်း သတင်းတွင်ဖော်ပြ ထားသည်။

*—Ref: Reuters*






7DAY NEWS JOURNAL

# Entertainment

Vol.12, No.34 • OCTOBER 30 , 2013


## ‘လူပျိုလှည့်တေး’ ဆိုတော့မယ့် ဘန်နီဖြိုးနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

၂၀၀၈ ခုနှစ်မှစတင်ကာဂီတလောကသို့ရောက်ရှိခဲ့ပြီး ပထမဆုံးတစ်ကိုယ်တော်ခွေ ‘ချစ်တယ်ဟုတ်’ စီးရီးမထွက်ရှိမီအချိန်ကတည်းက အွန်လိုင်းမှတစ်ဆင့် ပရိသတ်အား ပေးမှုရရှိခဲ့သူမှာ လူငယ်အဆိုတော်ဘန်နီဖြိုးဖြစ်သည်။ တစ်ကိုယ်တော်ခွေတွင်သာမက အတွဲခွေများတွင်ပါဝင်သီဆိုသည့် သီချင်းများကိုလည်း ပရိသတ်အား ပေးမှုရရှိခဲ့ပြီး ဒီဇင်ဘာ ၁ ရက်တွင် ၎င်း၏ ဒုတိယတစ်ကိုယ်တော်စီးရီး ‘လူပျိုလှည့်တေး’ ကို ပရိသတ်များထံ ထပ်မံပို့ဆောင်ပေးတော့မည်ဖြစ်သည်။ ယင်းစီးရီးစတင်ဖြန့်ချိရာတွင်ပရိသတ်များစိတ်ဝင်စားမည့်အစီအစဉ်များပြုလုပ်ထားသည့် ဘန်နီဖြိုး ကို ယင်းအစီအစဉ်များနှင့် ၎င်းရှေ့ဆက်မည့် အနုပညာများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။



ဓာတ်ပုံ-နစ်ကီ

**မကြာခင်ထွက်တော့မယ့် ဒုတိယတစ်ကိုယ်တော်စီးရီး ‘လူပျိုလှည့်တေး’ အကြောင်းပြောပြပေးပါဦး။**

‘လူပျိုလှည့်တေး’ က လာမယ့် ဒီဇင်ဘာ ၁ ရက်မှာထွက်ပါမယ်။ အဲဒီနေ့ညနေ Junction Square မှာ ပရိုမိုးရှင်းပွဲလုပ်မယ်။ လက်မှတ်ထိုးမယ်။ သီချင်းတွေဆိုမယ်။ ဒါကတော့ ထုံးစံအတိုင်းပေ့ါ။ ထူးထူးခြားခြားအနေနဲ့က ဒီအခွေအတွက် Limited Edition ကို နိုဝင်ဘာ ၁ ရက်နေ့ကစပြီး ကျွန်တော့်ရဲ့ Fan Page အစစ်မှာ Pre Order စပြီးလက်ခံပါမယ်။ နောက်ပြီးဖုန်းနဲ့ စာနဲ့မှာတဲ့လူတွေကိုလည်း လက်ခံပေးမယ်။ အဲဒီမှာ မှာထားတဲ့လူတွေဆီကို ဒီဇင်ဘာ ၁ ရက်နေ့မှာ အိမ်အရောက်ပို့ပေးမယ်။ ပရိုမိုးရှင်းပွဲနေ့မှာလည်း ရောင်းပါဦးမယ်။

**စာ(၄၁)သို့**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## နှုတ်ထွက်စကားကို အမြဲတမ်းတန်ဖိုးထားတယ်ဆိုတဲ့ ထိုင်းရော့ခ်ဂီတအဖွဲ့ Carabao နှင့် တွေ့ဆုံခြင်း

**ကြူကြူဟာန်**

ဒေါ်အောင်ဆန်းစုကြည်အကြောင်း ဂုဏ်ပြုရေးသား သီဆိုခဲ့သဖြင့် မြန်မာပြည် ပြည်ဝင်ခွင့် အ ပိတ်ခံခဲ့ရသော နာမည်ကျော် ထိုင်းရော့ခ်တီးဝိုင်း Carabao သည် ဆီးဂိမ်းပြိုင်ပွဲ အကြိုလှုံ့ဆော်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ Carabaoအဖွဲ့သည် ထိုင်းနိုင်ငံရေး လူမှုစီးပွားရေး ဒီမိုကရေစီအရေးများကို ဖွဲ့ဆိုရေးသားသီဆိုခဲ့၍ ၁၉၈၀ ကျော်ကာလက ထိုင်းအစိုးရ၏ ပိတ်ခြင်းခံခဲ့ရသည်။ မြန်မာပြည်သို့ရောက်ရှိလာသော Carabao အဖွဲ့ကို အောက်တိုဘာ ၂၁ ရက် ဖျော်ဖြေပွဲမပြုလုပ်မီ အဖွဲ့ဝင် Mr. Yuenyong Opakul(Aed Carabao ) အား မေးမြန်းထားသည်များမှ အချို့ကို ဖော်ပြလိုက်ပါသည်။

**လေယာဉ်ပေါ်က ဆင်းဆင်းချင်း မြန်မာပြည်ကို မြင်တွေ့ရတဲ့အ ချိန်မှာ ရင်ထဲမှာ ဘယ်လိုခံစားခဲ့ရလဲ။**

ဒီကို လာရတာ အရမ်းပျော်ပါတယ်။ တစ်ခါမှမလာဘူးပါဘူးတဲ့။

**ပြည်တွင်းမှာ ဗုံးပေါက်ကွဲမှုတွေကြောင့် Carabao အဖွဲ့ မြန်မာပြည်လာရမှာကို တွေဝေနေခဲ့သေးလား။**

ဗုံးပေါက်တာကို ကြောက်လည်းမကြောက်ပါဘူး။ တွေလည်း မတွေဝေပါဘူး။ ဒီလိုမျိုးဖြစ်နေတာ ထိုင်းနိုင်ငံ တောင်ပိုင်းမှာ ရှိးနေပါပြီ။

**ဒေါ်အောင်ဆန်းစုကြည် အကြောင်း ရေးဖွဲ့သီဆိုခဲ့လို့ မြန်မာပြည် ပြည်ဝင်ခွင့် အပိတ်ခံခဲ့ရတဲ့အချိန်မှာ မြန်မာအစိုးရအပေါ် ဘယ်လိုထင်မြင်မိခဲ့ပါသလဲ။**

အဲဒီအချိန်တုန်းက သီချင်းရေးခဲ့တာက ကျွန်တော်တို့ ထိုင်းနိုင်ငံမှာလည်း လှုပ်ရှားမှုတွေ ရှိခဲ့တယ်။ ဒီမှာလည်း အဲဒီလို လှုပ်ရှားမှုတွေ ရှိတဲ့အခါကျတော့ ထိုင်းဘက်ကို ရောက်သွားတဲ့ ကျောင်းသူ၊ ကျောင်းသားတွေ စသည်ဖြင့် တွေ့ရတဲ့အခါ ခံစားရလို့ တတ်နိုင်တဲ့ဘက်ကနေ ပံ့ပိုးတဲ့အနေနဲ့ ရေးခဲ့တာပါ။ အစိုးရအပေါ် ဘယ်လိုမြင်လဲဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု မရှိဘူးဆိုတာတော့ ရှိနိုင်တာပဲ။ လှုပ်ရှားတဲ့သူတွေက တောင်းဆိုတာရှိတဲ့အတွက် အစိုးရနဲ့ နားလည်မှု လွဲတာတွေ မတူညီတာတွေက အမြဲတမ်းရှိနေမှာပါပဲ။

**Carabao အဖွဲ့ မလာခင်လေးမှာပဲ ဒေါ်အောင်ဆန်းစုကြည်က ဥရောပလေးနိုင်ငံ ခရီးသွားနေတော့ မတွေ့လိုက်ရဘူးဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဘာပြောချင်ပါသလဲ။**

ဒေါ်အောင်ဆန်းစုကြည် ထိုင်းကို သွားတုန်းကလည်း ကျွန်တော် အင်္ဂလန်မှာ ဖျော်ဖြေပွဲသွားနေတဲ့အတွက်မတွေ့လိုက်ရပါဘူး။ ဒီကိုလာတဲ့အချိန်မှာ သူ့ကို တွေ့ရမယ်လို့ မျှော်လင့်တာပေ့ါ။ အဲဒီလို သွားနေတာနဲ့ကြုံတော့ စိတ်မကောင်းပါဘူး။ ဝမ်းလည်းနည်းတယ်။ ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ။ မှာချင်တာနံပါတ်တစ်က ကိုယ်တိုင် ကျန်းမာရေး ဂရုစိုက်ဖို့ နိုင်ငံနဲ့ ပြည်သူတို့ရဲ့ ကောင်းကျိုးကို ဒီထက်ပိုပြီး သယ်ပိုးနိုင်ဖို့ ဆုတောင်းတဲ့ အကြောင်း နောက်ပြီးတော့ လူတိုင်းမှာ ချစ်သူမုန်းသူတော့ ရှိကြမှာပဲ။ ဒီထက်ပိုပြီးတော့ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ လိုရာခရီး ရောက်အောင် လှမ်းနိုင်ဖို့အတွက် ဆုတောင်းပါတယ်။

**နှစ် ၂၀ ကျော်ထိ အဖွဲ့ဝင်အင်အားများများနဲ့ ဒီနေ့ထိ ရပ်တည်နေနိုင်တဲ့ လျှို့ဝှက်ချက်က ဘာများပါလဲ။**

ဘာလဲဆိုတော့ နှုတ်ကထွက်တဲ့ စကားကို အမြဲတန်းဖိုးထားပါတယ်။ ကတိတစ်ခုကို ပြောပြီးရင် လုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**







7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013



# ပထမဆုံးအကြိမ် အခမဲ့တစ်ကိုယ်တော် ဖျော်ဖြေပွဲကျင်းပမယ့် Crayon Pop အဖွဲ့

**ဆိုးလ်၊ အောက်တိုဘာ-၂၅**

တောင်ကိုရီးယားပေါ့ပ်အဆိုရှင်များအဖွဲ့ Crayon Pop သည် အောက်တိုဘာ ၃၀ ရက် ည ၉ နာရီခွဲတွင် ဆိုးလ်မြို့ရှိ ‘1st POPCON IN SEOUL’ အခမဲ့ဖျော်ဖြေပွဲတစ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ၎င်းတို့၏ အေဂျင်စီ Chrome Entertainment က ပြောကြားသည်။

Crayon Pop အဖွဲ့အပေါ်ထားရှိသော ပရိသတ်များ၏ မေတ္တာကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ယခုကဲ့သို့ FOC ဖျော်ဖြေပွဲ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် Crayon Pop အဖွဲ့၏ သီဆိုဖျော်ဖြေမှုကို ပရိသတ်အများ နှစ်သက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း အဆိုပါ အေဂျင်စီက ပြောကြားသည်။

“ 1st POPCON IN SEOUL ’ဖျော်ဖြေပွဲသည် Crayon Pop အဖွဲ့အတွက် ပထမဆုံးအကြိမ် တစ်ကိုယ်တော်ဖျော်ဖြေပွဲဖြစ်ပြီး အဆိုပါဖျော်ဖြေပွဲတွင် ၎င်းတို့၏ နာမည်ကျော် သီချင်းများဖြစ်သော ‘Saturday Night’၊ ‘Dancing Queen’၊ ‘Bing Bing’ နှင့် ‘Bar Bar’ သီချင်းများဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်သည်။

အောက်တိုဘာ ၃၀ ရက် ဖျော်ဖြေပွဲတွင် Bumkey ၊ MYNAME ၊ 100 % နှင့် The SEEYA ကေပေါ့ပ်အဖွဲ့များလည်း အထူးဧည့်သည်တော်များအဖြစ် ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။ ယင်းနေ့ ဖျော်ဖြေပွဲကိုနိုဝင်ဘာ ၁၂ ရက်တွင် MBC ရုပ်သံလိုင်း၏ ညတေးဂီတ အစီအစဉ်မှ ထုတ်လွှင့်တင်ဆက်မည်ဖြစ်သည်။ *Ref: Ten Asia*

# ပရိသတ်ရင်းနှီးပြီးသော ABBA အဖွဲ့၏ သီချင်းများဖျော်ဖြေပွဲ ပြုလုပ်မည်

**ဇွဲညက်**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ကမ္ဘာကျော် ABBA အဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာ ဖျော်ဖြေပွဲများကို ယင်းအဖွဲ့နှင့် ပုံစံတူဖျော်ဖြေပေးသော The Music of ABBA by Arrival from Sweden ဖျော်ဖြေပွဲကိုနိုဝင်ဘာ ၃၀ရက်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဟု စီစဉ်သူ ဦးပီးပေါ်ကပြောသည်။

Arrival from Sweden အဖွဲ့သည် ABBA အဖွဲ့၏ ဂီတများကို ABBA အဖွဲ့၏ ပုံစံအတိုင်း ဖျော်ဖြေသည့် အဖွဲ့တစ်ခုဖြစ်ပြီး ၁၉၉၅ ခုနှစ်မှ စတင်ခဲ့ကာ ယခုအချိန်အထိ နိုင်ငံပေါင်း ၅၀ ကျော်တွင် ဖျော်ဖြေပွဲများ ကျင်းပနိုင်ခဲ့သည့်အဖွဲ့ဖြစ်သည်။

“ဒီ Band ကို ရွေးချယ်တာက ဟိုအရင်ကတည်းက ABBA ကို လူတိုင်းသိကြတယ်။ အခုခေတ်အထိ ABBA ကို သိကြသေးတယ်။ သူတို့သီချင်းတွေက မြန်မာသံနဲ့ လုံးဝမစိမ်းတဲ့ သီချင်းတွေ”ဟု ပွဲစီစဉ်သည့် ဦးပီးပေါ်က ပြောသည်။

ဖျော်ဖြေပွဲကိုနိုဝင်ဘာ ၃၀ရက်တွင်ပြုလုပ်မည်ဖြစ်သောကြောင့် နိုဝင်ဘာ ဒုတိယပတ်အတွင်းမှ လက်မှတ်များရောင်းချမည်ဖြစ်ပြီး လက်မှတ်စျေးနှုန်းကိုလည်း ပရိသတ်များအတွက် သင့်လျော်မည့်စျေးနှုန်းဖြစ်မည်ဟု ဦးပီးပေါ်က ပြောသည်။

“ဒီစျေးနှုန်းနဲ့ဆိုရင် ရှုံးမယ်လို့ထင်တဲ့စျေးနဲ့ ရောင်းပေးမှာပါ။ ဒါပေမဲ့ ပရိသတ်ရဲ့ အားပေးမှုနဲ့အရင်းတော့ ပြန်ရမယ်လို့ ထင်ပါတယ်”ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာကျော်ဖျော်ဖြေရေးအဖွဲ့များ၏ ဖျော်ဖြေပွဲများ ကျင်းပခဲ့ရာ Micheal Learns to Rock အဖွဲ့မှာမူ ဝင်ကြေးမြင့်မားမှုကြောင့် ပရိသတ်နည်းပါးခဲ့ပြီး Air Supply အဖွဲ့မှာ ရန်ပုံငွေပွဲဖြစ်သည့်အပြင် မြန်မာနိုင်ငံမှ နာမည်ကြီးအနုပညာရှင်များ၏ ဖျော်ဖြေပွဲစျေးနှုန်းနှင့်အညီ သတ်မှတ်ခဲ့သောကြောင့် အားပေးမှုရရှိခဲ့သည်။






7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013



စာ(၃၉)မှ

# ဘန်နီဖြိုးနှင့်တွေ့ဆုံခြင်း

ပရိုမိုးရှင်းပွဲနေ့မှာလည်း ရောင်းပါဦးမယ်။ လောလောဆယ်တော့ Limited Edition အတွက် အယောက်တစ်ရာသတ်မှတ်ထားတယ်။ ဈေးနှုန်းကတော့အထဲမှာထည့်ပေးမယ့် ပစ္စည်းတွေရဲ့တန်ဖိုးကို တွက်ပြီးရင်တော့ ကြေညာပေးမှာပါ။ ပရိုမိုးရှင်းပွဲကိုလာတဲ့ ပရိသတ်တွေအတွက်လည်း ပထမခွေတုန်းကလိုပဲ အမှတ်တရပစ္စည်းပေးဖို့ အစီအစဉ်လည်းရှိပါတယ်။

**အခွေနာမည်ကို 'လူပျိုလှည့်တေး' လို့ ဘာကြောင့်ပေးဖြစ်သွားတာလဲ။**

လူပျိုလှည့်တေးက အခုခွေထဲမှာပါမယ့် သီချင်းတစ်ပုဒ်ရဲ့နာမည်ပါ။ ပထမခွေကတည်းက ထည့်မယ်ဆိုပြီးလုပ်ထားတာ။ အဲဒီတုန်းက သီချင်းကိုရေးသားထားတာ သီချင်းနဲ့လိုက်မယ့် Music Style ကိုစဉ်းစားလို့မရဘူး။ ကိုယ့်ဟာကိုယ် တီးကြည့်တော့လည်း အဆင်မပြေဘူး။ အခုကျမှ တတယ်တီးတတ်တဲ့ Professional Artist တွေနဲ့ Music ပရိုဂျူဆာတွေဖြစ်တဲ့ ကိုကြီးကျော်တို့ရဲ့လက်စွမ်းတွေနဲ့ တီးဖြစ်ပြီးဒီအခွေမှာထည့်ဖြစ်တာ။ အခွေနာမည်ပေးတော့လည်း ဒီသီချင်းကိုပဲရွေးဖြစ်တယ်။ သီချင်းက နာမည်အတိုင်းပါပဲ၊ ကောင်မလေးအိမ်ရှေ့မှာ ဂစ်တာတီးပြီး လူပျိုလှည့်တဲ့အကြောင်းပါ။

**'လူပျိုလှည့်တေး'က 'ချစ်တယ်ဟုတ်'နဲ့ သီချင်းပုံစံနဲ့စာရင် ပြောင်းလဲထားတာတွေရှိလား။**

အများကြီးပြောင်းသွားတယ်။ တချို့ဟာတွေကျတော့လည်း ကျွန်တော်ဆိုနေကျပုံစံလေးကို နည်းနည်း Upgrade ဖြစ်သွားမယ်။ တစ်ခါမှဆိုလေ့ဆိုထမရှိတဲ့ ပုံစံလုံးဝပြောင်းထားတာတွေလည်းပါမယ်။ ဆိုတဲ့ဟန်မပြောင်းပေမယ့် Music စတိုင်ပြောင်းထားတာတွေပါမယ်။ သူငယ်ချင်းတွေကို ပြီးသလောက်ဖွင့်ပြတော့ သူတို့က တော်တော်ပြောင်းတယ်လို့ပြောတယ်။

**အခုခွေထဲမှာကိုယ်တိုင်ရေးတဲ့ သီချင်းတွေပဲပါမှာလား။ သီချင်းတွေအကုန်လုံးက ကိုယ်ပိုင်သံစဉ်တွေပဲလား။**

များသောအားဖြင့်ကတော့ ကိုယ်တိုင်ရေးတာတွေချည်းပါပဲ။ စိုင်းစိုင်းရေးပေးထားတဲ့ တစ်ပုဒ်ပါမယ်။ မသီရိဆွေနဲ့ ဆိုထားတဲ့ တစ်ပုဒ်ပါမယ်။ နောက်ပြီး နိုဝင်ဘာ၂၄က ဝေယံမင်းသူနဲ့ နှစ်ယောက်ပေါင်းပြီး ရေးထားတဲ့တစ်ပုဒ်ပါမယ်။ ကျန်တာတွေကတော့ ကိုယ်တိုင်ရေးတာတွေပါပဲ။ ရက်ပ်တွေကတော့ Featuring တွေသူ့ဟာ သူရေးကြတယ်။ တစ်ခွေလုံးကိုတော့ ကိုယ်ပိုင်သံစဉ်တွေချည်းပါပဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း ကိုယ်ပိုင်သံစဉ်ရေးရတာကို ပိုပြီးအားသန်တယ်။

**အသက်အရွယ်ကိုလိုက်ပြီး ကြိုက်တဲ့ Music ပုံစံကပြောင်းတက်တော့ ဘန်နီဖြိုးအနေနဲ့ အခုချိန်မှာ ဘယ်လိုသီချင်းပုံစံတွေလုပ်ဖြစ်နေလဲ။**

အခုလက်ရှိအချိန်မှာ နားလည်းနားထောင်တယ်၊ ကြိုက်လည်းကြိုက်တယ်၊ ကိုယ်တိုင်လုပ်ဖို့အာသီသဖြစ်နေတာကတော့ Pop Jazz ဘက်ကိုသွားနေတယ်။ Jazz Note တွေနဲ့ Piano ကို အခုန်လေးတွေတီးပြီး England Mood အဲဒီလိုမျိုးလုပ်ဖြစ်တာများတယ်။ Dance Music ကို အရမ်းကြီးစူးစူးနစ်နစ်မလုပ်ဖြစ်ဘူး။ ကြိုက်တာကကြိုက်တယ်။ သာမန် Dance Music ထက် နည်းနည်းထွင်ထားတဲ့ဟာတွေကိုပိုကြိုက်တယ်။ ဒါပေမဲ့အဲဒီလိုထွင်တာတွေကြတော့လည်း သီချင်းပုံစံလုပ်လို့မကောင်းတော့ Pop Jazz နဲ့ R&B ကို Tempo က လေးတွေနဲ့လုပ်ဖြစ်တယ်။

**မွေးနေ့မှာ ပရိသတ်ဆီကို အမှတ်တရလက်ဆောင်အနေနဲ့ပေးခဲ့တဲ့ သီချင်းသုံးပုဒ်ကိုရော 'လူပျိုလှည့်တေး'ထဲမှာ ထည့်သုံးဖို့အစီအစဉ်ရှိလား။**

Audio ခွေမှာတော့ အဲဒီသီချင်းသုံးပုဒ်မပါဘူး။ ဒါပေမဲ့ ဗီစီဒီကျရင်တော့ Bonus Track အနေနဲ့ထည့်ပေးဖို့အစီအစဉ်ရှိတယ်။

**'ချစ်တယ်ဟုတ်'တုန်းက ပရိသတ်အားပေးမှုရခဲ့တော့ ဒုတိယခွေအပေါ်မှာရော ဘယ်လောက်မျှော်လင့်ထားလဲ။**

သိဘူးဗျ။ အခွေကလည်း မထွက်သေးတော့ အဲဒီလိုမျိုး မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ပထမခွေနဲ့ ဒုတိယခွေကိုယှဉ်ကြည့်တဲ့အခါမှာ ဒီအခွေကိုအရမ်းအားရတယ်။ ကိုယ့်ဟာကိုယ် အားရနေတာနဲ့ တင်ကျေနပ်တယ်။ ဒီအခွေပေါက်သည်ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ ကိုယ်အကောင်းဆုံးလုပ်နိုင်တယ်။ ကိုယ်လုပ်ထားတဲ့ အလုပ်ကို အရင်ထက်သာတယ်၊ အရင်ထက်ပိုကောင်းလာတယ်။ ကိုယ့်ကိုယ်ကိုယ် အရင်ထက်တိုးတက်လာတယ်လို့ယုံကြည်တဲ့ အတွက်ကျေနပ်တယ်။

**စန္ဒီမြင့်လွင်ကိုရေးပေးထားတဲ့ ချစ်နေတုန်းပဲသီချင်းကို ဖျော်ဖြေပွဲတစ်ခုမှာနှစ်ယောက်ပြန်ဆိုထားပြီး ဒီသီချင်းကို နှစ်ယောက်စလုံးက ခွေအသစ်တွေမှာထည့်ဖို့ လုနေကြတယ်ဆိုတော့ အဲဒီသီချင်းကိုရော ဒီခွေမှာထည့်ဖို့အစီအစဉ်ရှိလား။**

အဲဒီသီချင်းကို အခုထက်ထိလုနေတုန်းပဲ။ ဒါပေမဲ့ ကျွန်တော့်အခွေမှာပါမယ်ဆိုရင် နောက်ခွေမှပါဖြစ်မယ်။ ဒီအခွေမှာက သီချင်းလည်းပြည့်သွားပြီဆိုတော့ နောက်ထပ်တစ်ခွေကို ထူးထူးခြားခြားစီစဉ်ထားတာ တစ်ခုလည်းရှိတယ်။ တတိယခွေကိုတော့ အင်္ဂလိပ်သီချင်းတွေချည်းပဲထွက်ဖို့ ရည်ရွယ်ထားတယ်။ စတုတ္ထခွေက စုံတွဲခွေလုပ်ဖြစ်မယ်ဆိုရင် အဲဒီမှာသုံးဖြစ်မယ်ထင်တယ်။ ချစ်နေတုန်းပဲက အခုချိန်မှာလည်း ဒီးဒီအရမ်းပေါက်ပြီး ဆိုနေရတုန်းပဲဆိုတော့ ဒီသီချင်းက ဒီးဒီဆိုဖို့အချိန်တွေအများကြီးကျန်ပါသေးတယ်။ နောက်မှ ကျွန်တော်တို့နှစ်ယောက်ထပ်ပြီးဆိုတာပေါ့။

**သီချင်းတွေရေးပြီး အဲဒီသီချင်းထဲမှာပါတဲ့အကြောင်းအရာတွေက ခိုက်တယ်လို့ယုံကြည်ကြသူတွေလည်းရှိတော့ ဘန်နီဖြိုးအနေနဲ့ရောယုံကြည်မှုရှိလား။ ကိုယ်တွေ့ရောကြုံဖူးလား။**

ခိုက်တယ်၊ မခိုက်ဘူးဆိုတာက တချို့တွေအတွက်ဟုတ်ရင်လည်းဟုတ်မှာပေါ့။ တစ်ခါတလေကျလည်း တိုက်ဆိုင်သွားတာမျိုးပေါ့။ ကျွန်တော်ဆိုရင်လည်း တစ်ခါတလေအသည်းကွဲသီချင်းရေးပြီး အသည်းကွဲတာမျိုးရှိခဲ့တာပဲ။ သီချင်းတစ်ပုဒ်က နိမိတ်ကောင်းတယ်၊ မကောင်းဘူးဆိုတာကတော့ လူတစ်ယောက်ချင်းစီရဲ့ အတွေးအခေါ်တွေ၊ ဘဝပုံစံတွေနဲ့ဆိုင်မယ်ထင်တယ်။

**ရွှေအက်ဖ်အမ်(၄)နှစ်ပြည့်ခွေမှာ ရဲရင့်အောင်နဲ့နှစ်ယောက်တွဲပြီး အဲလက်စ်ရဲ့ မ မချစ်လို့မဖြစ်ကို ဆိုထားတော့ အရင်ကပေါက်ခဲ့တဲ့ သီချင်းကိုပြန်ဆိုရတာ ဘယ်လောက်တာဝန်ကြီးလဲ။**

မ မချစ်လို့မဖြစ်က အရင်ကတည်းက ကျွန်တော်အရမ်းကြိုက်ခဲ့တဲ့ သီချင်းဆိုတော့ အခွေထဲမှာထည့်မယ်ဆိုပြီးစဉ်းစားနေတဲ့အချိန်မှာ ရွှေအက်ဖ်အမ်(၄)နှစ်ပြည့်ဆိုရမယ်ဆိုတော့ နောက်ထပ်သီချင်းထပ်မလုပ်ဖြစ်ဘဲ ဒီသီချင်းကိုထည့်ဖြစ်တာ။ နှစ်ယောက်လုံးကခုမှ သီချင်းတွေစလုပ်ပြီး ဘာမှဝါလည်းရှိသေးတာမဟုတ်ဘူး။ အရင်ကတည်းက အရမ်းပေါက်ထားတဲ့သီချင်းကိုဖျက်တယ်လို့အပြောခံရမှာစိုးတယ်။ ပထမ ကျွန်တော်က မယ်လိုဒီဆိုမယ်၊ ရဲရင့်အောင်က ရက်ပ်ဆိုမယ်ဆိုပြီးသူလည်းရေးလို့မရဘူးတဲ့။ သူလည်း အရမ်းကြိုက်ခဲ့တဲ့သီချင်းဆိုတော့ အဲဒီအပေါ်မှာ ကျော်အောင်မရေးနိုင်ဘူးဆိုပြီးနောက်ဆုံးအတိုလေးမရရအောင်ရေးပြီးဆိုဖြစ်တာ။ သီချင်းဟောင်းဆိုတော့ နှစ်ယောက်လုံးစိတ်ပူတယ်ဗျ။

**ခုနှစ်ထဲမှာ နိုင်ငံတကာဖျော်ဖြေပွဲတွေလည်း မြန်မာနိုင်ငံမှာလုပ်နေပြီဆိုတော့ မြန်မာနိုင်ငံက အနုပညာရှင်တွေအနေနဲ့ ပိုပြီးကြိုးစားဖို့လိုမယ်လို့ထင်လား။**

နိုင်ငံတကာဖျော်ဖြေပွဲတွေလာလုပ်လုပ်၊ မလုပ်လုပ်ကြိုးစားဖို့ကတော့လိုအပ်တာပဲ။ ဘယ်မှာပဲယှဉ်ကြည့် ယှဉ်ကြည့် နိုင်ငံခြားဖျော်ဖြေပွဲတွေသွားဆိုရတဲ့အခါကျရင်လည်း အားမရဘူး။ ဖြစ်စေချင်တာက World Tour ဆိုရင်လည်း မြန်မာပြည်ကအဆိုတော်ဆိုပြီး နိုင်ငံတကာပရိသတ်တွေကလာကြည့်ရတဲ့ဖျော်ဖြေပွဲမျိုးဖြစ်စေချင်တယ်။ ကျွန်တော်လည်း တတ်နိုင်သမျှကြိုးစားပါမယ်။ အကုန်လုံးကိုလည်း ဒီထက်ပိုပြီးဖြစ်စေချင်တယ်။ ကျွန်တော်တို့ဆီက အနုပညာရှင်တွေက ကတ်သီးကတ်သတ်လိုက်စဉ်းစားမယ်ဆိုရင်သူများ ထက်တော်တဲ့လူတွေ။ ဘာဖြစ်လို့လဲဆိုတော့ ဘာမှမရှိတဲ့အချိန် ပစ္စည်းပစ္စယမပြည့်စုံတဲ့အချိန်၊ စတူဒီယိုပစ္စည်းတွေမပြည့်စုံတဲ့အချိန်မှာလည်း မဖြစ်ဖြစ်အောင်ဆိုတာ။ တီးလုံးတွေတီးတဲ့အခါမှာလည်း Demo Version တွေနဲ့ ဒေါင်းလုတ်တွေချပြီး Trial Version တွေနဲ့လည်းရအောင်တီးတာပဲ။ အသံမမှန်တဲ့ဟာတွေလည်း ရအောင်ချိန်ပြီးတီးတာပဲ။ အဲဒီလိုမျိုးတောင်လုပ်နိုင်တဲ့ လူတွေကအရည်အသွေးကောင်းတဲ့ ပစ္စည်းတွေတကယ့် Pratice Trai-ningတွေနဲ့လုပ်မယ်ဆိုမဖြစ်နိုင်စရာမရှိဘူးလို့ထင်ပါတယ်။

**သီချင်းဗီစီဒီ၊ အမ်တီဗီတွေမှာ သရုပ်ဆောင်အဖြစ်ပါဝင်ဖြစ်တော့ သရုပ်ဆောင်အနေနဲ့ ဇာတ်ကားရိုက်ဖို့အစီအစဉ်ရှိလား။**

သရုပ်ဆောင်ဘက်ကို အဲဒီလောက်အထိလုပ်ဖို့မရှိဘူးဗျ။ ကျွန်တော်ကိုယ်တိုင်ကလည်း သရဲကားတို့၊ လူသတ်ကားတို့လိုမျိုးကာရိုက်တာဆန်းဆန်းမှကြိုက်တာ။ ရိုက်မယ်ဆိုရင်လည်း မျက်နှာကပြောင်နေကျဆိုတော့ ကိုယ့်လူတွေနဲ့ရိုက်တာကောင်းမယ်ထင်တယ်။ သူများတွေနဲ့ဆိုရင် ရှက်ပြီး၊ ကြောက်ပြီး ကသောင်းကနင်းတွေဖြစ်ကုန်မှာ။ Still With Me တုန်းကတောင် မဖွေးတို့နဲ့သိနေလို့ ရိုက်ရဲတာ။ မဟုတ်ရင် မင်းသမီးတွေကိုကြည့်တောင်ကြည့်ရဲမှာမဟုတ်ဘူး။ ရှက်တယ်ဗျ။ ငယ်ငယ်ကတည်းက ယောကျ်ားလေးကျောင်းတက်ခဲ့တော့ မိန်းမတွေကိုကြောက်တယ်ဗျ။ မိန်းမဆိုလို့ ကျောင်းမှာဆရာမပဲရှိတာ။

**အချစ်ရေးနဲ့ပတ်သက်ပြီး ပရိသတ်ကို ပွင့်ပွင့်လင်းလင်းအသိပေးထားတာဆိုတော့ ဘယ်အချိန်မှာ အိမ်ထောင်ပြုမယ်လို့ စဉ်းစားထားလဲ။**

အိမ်ထောင်ပြုဖို့က ငယ်ပါသေးတယ်ဗျာ။ အခုမှ(၂၁)နှစ်ဆိုတော့ နောင်ဆယ်နှစ်လောက်မှပေါ့။ စိုင်းစိုင်းတောင်ခုထက်ထိမှ မယူသေးတာ။

**ပရိသတ်ကို 7Day Newsက တစ်ဆင့်စကားလက်ဆောင်ပြောပေးပါဦး။**

ကျွန်တော့်ရဲ့ လူပျိုလှည့်တေးကို လူပျိုအလှည့်ခံပြီးနားထောင်ပေးကြပါ။ လူဆိုတာငယ်ငယ်ကတည်းက ကိုယ်ကြိုက်တဲ့ပစ္စည်းသူများကိုပြချင်တာ၊ ကြွားချင်တာ။ ကလေးတုန်းကဆိုအရုပ်အသစ်ဝယ်ထားတယ်ပေါ့။ ခုကိုယ့်ဟာကိုယ် အားရကျေနပ်တဲ့သီချင်းလေးတွေ၊ ကျွန်တော်အသစ်လုပ်ထားတဲ့သီချင်းတွေ ပရိသတ်ကိုကြွားချင်ပါတယ်။ ကျွန်တော်ကြွားတာကိုနားမငြီးဘဲနားထောင်ပေးပါ။ နားစိမ်းနေမယ့်သီချင်းမျိုးတွေပါခဲ့ရင်လည်း နားလည်ပေးပါ။ နားထောင်ပေးပါ။

# အောက်စ်ဖို့ဒ် ကျောင်းသားသမဂ္ဂမှာ မိန့်ခွန်းပြောခဲ့တဲ့ ဂျွန်မေယာ

**လန်ဒန်၊ အောက်တိုဘာ-၂၅**

အမေရိကန် တေးရေးတေးဆို ဂျွန်မေယာသည် အောက်တိုဘာ ၂၅ ရက်တွင် ဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားသမဂ္ဂအစည်းအဝေး၌ တစ်နာရီခွဲကြာ မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုတော်ဂျွန်မေယာသည် နာမည်ကျော် အောက်စ်ဖို့တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအား ၎င်း၏ဘဝနှင့် အလုပ်အကိုင်အကြောင်း ပြောကြားခဲ့ပြီး ၎င်း၏အတွေ့အကြုံများကို အခြေခံ၍ ကျောင်းသားကျောင်းသူများအား အကြံဉာဏ်များပေးခဲ့သည်။

ဂျွန်မေယာဟောပြောပွဲသို့ တက်ရောက်ခဲ့သောအောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းသူကျောင်းသားများသည် ၎င်းတို့ကျောင်းသို့ ဂျွန်မေယာလာရောက်လည်ပတ်မှုအပေါ် စိတ်လှုပ်ရှားကြောင်းကို တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။ ထိပ်တန်းတက္ကသိုလ်၌ စာပေလေ့လာရခြင်းသည် ဂျွန်မေယာနှင့်တွေ့ဆုံပြီးနောက်တွင်ပို၍ အသက်ဝင်လာခဲ့သည်ဟု ကျောင်းသူတစ်ဦးက ပြောကြားခဲ့သည်။

ရော့ခ်အဆိုတော် ဂျွန်မေယာကလည်း ၎င်းအား အောက်စ်ဖို့ဒ်ကျောင်းသားသမဂ္ဂ၌ စကားပြောရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းကို တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

*—Ref: Hollywood Buzz*

**အိုဘီဒီစနစ်(OBD System) ပါသော မော်ဒယ်မြင့်ကားများအတွက်**
**ကွန်ပြူတာ ထိန်းချုပ်မှု စနစ်သင်တန်း**

- Sensors, Computer နှင့် Actuators များ ချိတ်ဆက်ဆောင်ရွက်ပုံ
- Mechanical, Electrical,Electronic နှင့် Computer အခြေခံများ
- Modern Automotive Technology ($8^{th}$ Edition) သင်ရိုး
- Scan Toolများနှင့် Software များအသုံးပြုပုံ၊Wiring Diagramဖတ်ရှုအသုံးပြုပုံနှင့်စစ်ဆေးပြုပြင်နည်းများ

အမှတ်စဉ်(၃၃) (၃၄) (၃၅)ကို
၂၀၁၃/နိုဝင်ဘာလ(၁)
ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

အပတ်စဉ် စနေနေ့တိုင်း အကြိုမိတ်ဆက်(အခမဲ့)သင်တန်းရှိသည်။ လစဉ်တန်းခွဲသစ်များရှိသည်။
အဆောင်စီစဉ်ပေးသည်။ Scan Tool အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းပေးသည်။

**Engine Doctor Engineering**
ဖုန်း-၀၉ ၄၂၁၁၄၄၄၉၅၊ ၉၆၊ ၉၇
အမှတ်(၁၀၂) မြေညီထပ်၊ (၅၂)လမ်း၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်**

သံဝေဇနီယနှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ ကမ္ဘာသဝမ္မ နယူးဒေလီ အာဂရာ တပ်ချ်မဟာ နေရာများသို့ ( ၁၄ည / ၁၅ ရက် ) ခရီးစဉ် **950 USD + ၅၀၀၀ဝိ/-**
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ ည / ၈ ရက် ) ခရီးစဉ် **850 USD + ၅၀၀၀ဝိ/-**

(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ် ပုံမှန် ထွက်ခွါနေပြီဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နိုးဆော်အပ်ပါသည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင့်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း - 09 402 64 8989, 09 5300305

Vol.12, No.34 • OCTOBER 30 , 2013




နေပြည်တော်ဇေယျာသီရိအားကစားကွင်းတွင် ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေသည့် ရိုးရာခြင်းလုံးသရုပ်ပြအဖွဲ့

ဓာတ်ပုံ - ခြင်းလုံးအဖွဲ့ချုပ်

# ဆီးဂိမ်းဖွင့်ပွဲအခမ်းအနား ခြင်းလုံးသရုပ်ပြအစီအစဉ်တွင် အသက်အငယ်ဆုံးငါးနှစ်အထိ ပါဝင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ- ၂၈**

နေပြည်တော်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ဖွင့်ပွဲ အခမ်းအနားတွင် ပါဝင်တင်ဆက်မည့် မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြအစီအစဉ်တွင် အသက် ငါးနှစ်မှ အသက် (၄၅)နှစ်ကြား လူအင်အားနှစ်ရာကျော် ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမှာ မြန်မာ့ရိုးရာ ခြင်းလုံး သရုပ်ပြအစီအစဉ်ကို “တို့မြန်မာခြင်းလုံး” ခေါင်းစဉ်နဲ့ အချိန်ခုနစ်မိနစ်ခန့် ပါဝင်ပြသဖျော်ဖြေမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ လူဦးရေ ၂၂၂ ဦးပါဝင်မှာဖြစ်ပြီး ပြီးခဲ့တဲ့ ဇူလိုင်လလောက်တည်းက စတင်လေ့ကျင့်နေခြင်း ဖြစ်ပါတယ်။ အောက်တိုဘာ ၃၁ ရက်က စတင်ပြီး နောက်ဆုံးအဆင့် စုစည်းလေ့ကျင့်မှုကို နေပြည်တော်မှာ ဆီးဂိမ်းပြိုင်ပွဲအထိ သွားရောက်ပြုလုပ်တော့မှာ ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ခြင်းလုံး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးရဲအောင်က ပြောသည်။

ဆီးဂိမ်းဖွင့်ပွဲအခမ်းအနား၌ပါဝင်မည့် အဆိုပါ ရိုးရာခြင်းလုံး သရုပ်ပြအစီအစဉ်အတွက် စိတ်ဝင်စားသည့် ပါဝင်လိုသူများကို ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသား ၁၇၆ ဦး၊ အမျိုးသမီး ၄၆ ဦး ရွေးချယ်ကာ အဖွဲ့ချုပ်နည်းပြဆရာများက လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။

၎င်းရိုးရာခြင်းလုံး သရုပ်ပြအဖွဲ့အနေဖြင့် ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်းက နေပြည်တော်၌ နှစ်ကြိမ်(စုစုပေါင်း ၂၂ ရက်) စုစည်းလေ့ကျင့်ခဲ့မှု ပြုလုပ်ခဲ့ပြီး နောက်ပိုင်းတွင် ရန်ကုန်နှင့် မန္တလေးအဖွဲ့ချုပ်များ၌ လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်ခဲ့သည်။

အသက်အငယ်ဆုံး ငါးနှစ်မှ အသက်အကြီးဆုံး ၄၅ နှစ်အထိ ပါဝင်သည့် အဆိုပါ ရိုးရာခြင်းလုံး သရုပ်ပြအဖွဲ့တွင် ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနား၊ ရောဝတီ၊ တောင်ငူ၊ နေပြည်တော်၊ ဘားအံဒေသတို့မှ ဝါသနာရှင်များပါဝင်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

“ရိုးရာခြင်းလုံး သရုပ်ပြအဖွဲ့အနေဖြင့် ဖွင့်ပွဲအခမ်းအနားမှာ ရရှိတဲ့အချိန်က သိပ်မများတော့ ခြင်းလုံးအလှပြတော့ အကုန်ပြသနိုင်မှာ မဟုတ်ပါဘူး။ ရှေးခေတ် မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြကွက်တွေတော့ ထည့်သွင်းပြသသွားမှာပါ” ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။

၂၀၁၃ ဆီးဂိမ်းဖွင့်ပွဲ အခမ်းအနားတွင် အင်အားနှစ်ရာကျော် ပါဝင်မည့် ရိုးရာခြင်းလုံး သရုပ်ပြအဖွဲ့အနေဖြင့် ကွင်းအတွင်း တင်ဆက်ရမည်ဖြစ်ပြီး လက်ရွေးစင် ခြင်းလုံးအလှပြအဖွဲ့ သုံးဖွဲ့သည်လည်း ဖျော်ဖြေရေးစင်မြင့်ပေါ်၌ တစ်ပြိုင်နက် တင်ဆက်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ လာမည့်ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင် (ဆီးဂိမ်း)ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၌ ကပြတင်ဆက်ဖျော်ဖြေမှုအပိုင်း၌ လူအင်အားတစ်သောင်းကျော်ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း အဓိကတာဝန်ယူဆောင်ရွက်နေသည့် ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

# မြန်မာ့ရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲ စင်ကာပူတွင် ပထမဆုံးအကြိမ် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ- ၂၈**

မြန်မာ့ရိုးရာလက်ဝှေ့သမား ဆယ်ဦးပါဝင်ယှဉ်ပြိုင်မည့် ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲတစ်ရပ်ကို စင်ကာပူနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံမှ နာမည်ရလူငယ်မျိုးဆက်သစ်များ၏ ငါးချီအထူးစိန်ခေါ်ပွဲ ငါးပွဲထည့်သွင်းကျင်းပမည့် အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်ကို လာမည့်နိုဝင်ဘာ ၁၀ ရက်တွင် စင်ကာပူနိုင်ငံရှိ Yio Chu Kaung အားကစားရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပွဲစီစဉ်သည့် ဦးအောင်နိုင်မိုးက ပြောသည်။

“မြန်မာ့ရိုးရာလက်ဝှေ့အားကစားကို ပြည်ပအထိ ထိုးဖောက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ စီစဉ်ဖြစ်တာပါ။ အရင်က ပြည်တွင်းက ရိုးရာလက်ဝှေ့သမားတွေ အနေနဲ့ ပြည်ပက လက်ဝှေ့သမားတွေနဲ့ သွားရောက်ယှဉ်ပြိုင်ဖူးတာ ရှိပါတယ်။ ဒါပေမဲ့ မြန်မာ့ရိုးရာလက်ဝှေ့သမားတွေပဲ ပြည်ပမှာ ပြိုင်ပွဲကျင်းပဖြစ်တာကတော့ စင်ကာပူမှာလုပ်မယ့် ဒီပြိုင်ပွဲက ပထမဆုံးဖြစ်ပါတယ်” ဟု ဦးအောင်နိုင်မိုးက ပြောသည်။

စင်ကာပူနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ ယှဉ်ပြိုင်ကြမည့် တွဲဆိုင်းများမှာ ချင်းလေးနှင့် စောသဲဦး၊ ရဲမြတ်အောင်နှင့် အားမာန်၊ လှစ်လှစ်လေးနှင့် ဖိုးလပြည့်၊ ရန်တိုင်းကျော်နှင့် စောအယ်လေး၊ ထွန်းထွန်းနှင့် ရဲရင့်ဖြစ်ကြောင်း သိရှိရသည်။

“စီစဉ်ထားတဲ့ တွဲဆိုင်းတွေထဲမှာ ထွန်းထွန်းတစ်ဦးကလွဲရင် ကျန်လက်ဝှေ့သမားတွေက အသက်(၂၀)နှစ်ဝန်းကျင် လူငယ်မျိုးဆက်သစ်တွေ ဖြစ်ပါတယ်။ လက်ရည်ညီပြီး အကြိတ်အနယ် ဖြစ်နိုင်မယ့် လက်ဝှေ့သမားတွေကို တွဲဆိုင်းစီစဉ်ပေးထားခြင်း ဖြစ်ပါတယ်” ဟု ပွဲစီစဉ်သူက ဆိုသည်။

အဆိုပါပြိုင်ပွဲအတွက် လက်မှတ်နှုန်းထားအဖြစ် တစ်စောင်လျှင် စင်ကာပူဒေါ်လာ နှစ်ဆယ် သတ်မှတ်ထားကြောင်းနှင့် စင်ကာပူနိုင်ငံရောက်မြန်မာပရိသတ်များအပြင် နိုင်ငံခြားသားပရိသတ်များအတွက် ရည်ရွယ်၍ ၎င်းပွဲစဉ်ကို စီစဉ်ခြင်းဖြစ်ကြောင်း ဦးအောင်နိုင်မိုးက ပြောသည်။




ဝိဘာဝတီ HOSPITAL โรงพยาบาลวิภาวดี

www.vibhavadimyanmar.com

JCI အသိအမှတ်ပြု နိုင်ငံတကာအဆင့်မီ ဝိဘာဝတီဆေးရုံကြီး (ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့)

အရိုးအဆစ် နှင့် ကျောရိုးမကြီးဆိုင်ရာ ခွဲစိတ်ကုသမှုဌာန (Bone & Spine Department ) မှ

နောက်ဆုံးပေါ် အရိုးအတွင်းကြည့် မှန်ပြောင်းမှတဆင့် လေဆာဖြင့် အဏုစိတ်ခွဲစိတ်ကုသမှုကြောင့် နာကျင်မှု နည်းပါးခြင်း ၊ ခွဲစိတ်ချိန် နှင့် အနာကျက်ချိန်မြန်ဆန်ခြင်း စသောအကျိုးကျေးဇူးများဖြင့် . .

• ကျောရိုးမကြီးဆိုင်ရာ အဏုစိတ် ခွဲစိတ်မှုများ • ခြေထောက်၊ ခြေကျင်းဝတ်၊ ပခုံး ၊ လက်ဆိုင်ရာ အဏုစိတ် ခွဲစိတ်မှုများ

• အရိုးအဆစ်များ အစားထိုး လဲလှယ်ခြင်း (ဒူးခေါင်း၊ တင်ပဆုံ ရိုး) • အရိုးကျိုးခြင်းဆိုင်ရာ ပုံမှန် ပြန်ဖြစ်ရန်ခက်ခဲသော ကုသမှုများအတွက် အဏုစိတ်ခွဲစိတ်မှုများ • ခေတ်မီနည်းပညာသုံး ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာပြည် ရုံးချုပ် ။ ။ အမှတ် (၂၁၄- ပထပ်-ညာ) ၊ ဝေဇယန္တာလမ်းမကြီး ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။ Ph/ Fax : ၀၉-၇၃၁-၃၈၀၅၃ ၊

Hot line: ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ Email : vibhavadimyanmar@gmail.com မြစ်ကြီးနား ကိုယ်စားလှယ် - မနီလာကျော် - Ph : ၀၉-၂၄၀-၂၀၄၃


OMRON
သင်၏သွေးချိုဆီးချိုပမာဏကိုလွယ်ကူလျင်မြန်စွာတိုင်းတာပေးမည့်
'အွမ်ရွန်' သွေးချိုဆီးချိုတိုင်းကိရိယာ
တိကျမှန်ကန်ခြင်း
မြန်ဆန်ခြင်း
အသုံးပြုရလွယ်ကူခြင်း
OMRON
Blood Glucose Monitoring System
HEA-232
Accurate
Fast
Ease of use
• Fast measurement time 5 seconds
• Small amount of blood sample required
• Memory 14 readings
ရိုးရှင်းလွယ်ကူသော တိုင်းတာနည်းအဆင့်များ
အဆင့် (၁)
အဆင့် (၂)
Blood Glucose Test Strip
✓ ၅ စက္ကန့်အတွင်းသွေးချိုပမာဏကို လျင်မြန်စွာသိနိုင်ခြင်း
✓ သွေးစက်အနည်းငယ်သာ ဖောက်ရန်လိုအပ်ခြင်း
✓ "၁၄ကြိမ်" အထိတိုင်းတာချက်များကို မှတ်သားထားခြင်း
အသေးစိတ်သိရှိလိုပါက
Market Expansion Services by www.dksh.com
DKSH
DKSH Services Ltd.
All for Healthcare


SOLO®
COLLECTION
Hot Line - 09-73192104
WHEREVER YOU GO SOLO WILL FOLLOW

7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013


TAL COHEN/ EPA

# အာဆင်နယ် – လီဗာပူး၊ ပါးမား – ဂျူဗင်တပ် ပွဲကောင်းတွေနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေပွဲတွေမှာ ပရီးမီးယားလိဂ် ချယ်လ်ဆီး၊ မန်ယူတို့ရဲ့ အဝေးကွင်းပွဲတွေနဲ့ ရှုံးပွဲမရှိ ခြေစွမ်းနဲ့ လိဂ်ကို ဦးဆောင်နေတဲ့ အာဆင်နယ်-လီဗာပူးပွဲကို ကြည့်ရမှာ ဖြစ်ပါတယ်။ စီးရီးအေမှာတော့ ထိပ်သီးအသင်းများဖြစ်တဲ့ ရိုးမား၊ ဂျူဗင်တပ်၊ အင်တာ သုံးသင်းစလုံး အဝေးကွင်းပွဲတွေ ကစားရမှာဖြစ်ပြီး လာလီဂါမှာ ဘာကာ၊ အက်သလက်တီကိုမက်ဒရစ်တို့ အိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်လို့ ဇယားမှာရပ်တည်မှုတွေ ပြောင်းဖို့ မရှိသလောက်ပါပဲ။

**ပရီးမီးယားလိဂ်**

**၂၊ နိုဝင်ဘာ၊ စနေ**

**နယူးကာဆယ်-ချယ်လ်ဆီး**

**ယမန်နှစ်ရလဒ် ၃-၂**

အိမ်ကွင်းရလဒ်ပိုင်း မကောင်းတဲ့ နယူးကာဆယ်ကို ချယ်လ်ဆီးတို့ အဝေးကွင်းနိုင်ပွဲရနိုင်ပါတယ်။ ချယ်လ်ဆီး ဂိုးနည်းနိုင်ပြီး အများဆုံးရရင် နှစ်ဂိုးပါပဲ။

**ဖူလ်ဟမ်-မန်ယူ**

**ယမန်နှစ်ရလဒ် ၀-၁**

ဖူလ်ဟမ်အိမ်ကွင်းမှာ ဒုက္ခပေးနိုင်ပါတယ်။ မန်ယူတို့ တိုက်စစ်ပိုင်းမှာ ဗန်ပါစီ၊ ရွန်းနေတို့ကို အားကိုးရပေမယ့် ဂိုးပေးရနိုင်ပြီး အပြန်အလှန် သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားနိုင်တယ်။ သရေဖြစ်နိုင်ခြေလည်း အနည်းငယ်ရှိနေပါတယ်။

**၃၊ နိုဝင်ဘာ၊ တနင်္ဂနွေ**

**အာဆင်နယ်-လီဗာပူး**

**ယမန်နှစ်ရလဒ် ၂-၂**

အာဆင်နယ်ခြေစွမ်းအကောင်းဆုံးအဆင့်ကို ရောက်လာနေပြီး လီဗာပူးကလည်း တိုက်စစ်မှာ ဆွာရက်ဇ်၊ စတာရစ်ချ် အတွဲပိုမိလာလို့ ဖွင့်ကစားပြီး သွင်းဂိုးများနိုင်တဲ့ပွဲပါ။ အာဆင်နယ်ဘက်က တစ်ဂိုးအသာလောက်ရနိုင်တယ်။ သရေဖြစ်နိုင်ခြေလည်းရှိတယ်။

**စီးရီးအေ**

**၂၊ နိုဝင်ဘာ၊ စနေ**

**ပါးမား-ဂျူဗင်တပ်**

**ယမန်နှစ်ရလဒ် ၁-၁**

ပါးမားတို့ ဂျူဗီနဲ့တွေ့တိုင်း အိမ်ကွင်းရလဒ်ကောင်းပါတယ်။ ဂျူဗီက ရလဒ်ပိုင်း ပိုကောင်းခဲ့ပြီး နောက်ဆုံးစီးရီးအေအဝေးကွင်း နှစ်ပွဲဆက်တိုက်နိုင်ထားပါတယ်။ ဂျူဗင်တပ်ဘက်က နှစ်ဂိုးလောက်ရနိုင်တယ်။

**၃၊ နိုဝင်ဘာ၊ တနင်္ဂနွေ**

**အူဒီးနီးစ်-အင်တာမီလန်**

**ယမန်နှစ်ရလဒ် ၃-၀**

အိမ်ရှင် အူဒီးနီးစ်တို့ နိုင်ဖို့ မလွယ်ပါဘူး။ အင်တာတို့ ဗီရိုနာကို အိမ်ကွင်းခြေစွမ်းပြနိုင်ခဲ့ပြီး ဂိုးသွင်းအားကောင်းခဲ့တယ်။ အဝေးကွင်းဖြစ်တာကြောင့် အင်တာ နောက်တန်း ပေးဂိုးအချို့ရှိနိုင်ပြီး အင်တာ ကပ်နိုင်ဖို့များပါတယ်။

**၄၊ နိုဝင်ဘာ၊ တနင်္လာ**

**တိုရီနို-ရိုးမား**

**ယမန်နှစ်ရလဒ် ၁-၂**

တိုရီနိုအိမ်ကွင်းမှာ အင်တာကို သရေပွဲရခဲ့ပေမယ့် ရိုးမားကို နိုင်ဖို့တော့ မလွယ်ပါဘူး။ ရိုးမားပဲ နှစ်ဂိုးလောက် အနည်းဆုံးရနိုင်တဲ့ ပွဲဖြစ်ပါတယ်။

**လာလီဂါ**

**၂၊ နိုဝင်ဘာ၊ စနေ**

**ဘာစီလိုနာ-အက်စပန်ညို**

**ယမန်နှစ်ရလဒ် ၄-၀**

ဘာကာတို့ အိမ်ကွင်းမှာ နိုင်ပွဲရမှာပါ။ သွင်းဂိုးများနိုင်ပြီး အနည်းဆုံးနှစ်ဂိုးလောက် ရပါလိမ့်မယ်။

**၃၊ နိုဝင်ဘာ၊ တနင်္ဂနွေ**

**ဗယ်လီကာနို-ရီးရဲလ်မက်ဒရစ်**

**ယမန်နှစ်ရလဒ် ၀-၂**

ရီးရဲလ်တို့ဘန်ဇီးမားကိုတိုက်စစ်မှာ ပုံမှန်ထားကစားရင် အဖွင့်ဂိုးအရင်ရနိုင်တယ်။ ဗယ်လီကာနို နောက်ဆုံးပွဲစဉ်တွေမှာ ပေးဂိုးများနေတယ်။ ရီးရဲလ်နှစ်ဂိုးအသာနဲ့ နိုင်ခြေများတယ်။

**အက်သလက် - ဘီလ်ဘာအို**

**ယမန်နှစ်ရလဒ် ၄-၀**

အက်သလက်တီကိုပဲ ဇယားကိုဦးဆောင်ဖို့အနိုင်ကန်သွားမယ့် ပွဲပါ။ အက်သလက်အိမ်ကွင်းမှာ ဘီလ်ဘာအို သရေရဖို့တောင် မလွယ်ပါဘူး။







## Telenor Myanmar မှမြန်မာပြည်သူများအတွက် နိုင်ငံတဝှမ်းမိုဘိုင်းကွန်ယက်ဖြန့်ကျက်ရန် ပေးအပ်ထားသောကတိအား အကောင်အထည်ဖော်ရာတွင် ပါဝင်လိုသည့် ဒေသခံကျွမ်းကျင်သူများနှင့် စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်သူများကိုအလုပ်ခန့်ထားလိုပါသည်။

### Telenor Myanmar ၏မိုဘိုင်းဆက်သွယ်ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများအား လွယ်ကူစွာ အသုံးပြုနိုင်စေမည့် ဖြန့်ချိရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လိုသောကျွမ်းကျင်သူများကို ရှာဖွေနေပါသည်။

မြန်မာ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အပံ့ပေးရန်နှင့် Telenor Myanmar ၏ လုပ်ငန်းများ မှတဆင့် စီးပွားရေး ပတ်ဝန်းကျင်ကောင်း ပေါ်ပေါက်လာစေရန် ရည်ရွယ်ကာ စီမံခန့်ခွဲမှုအဆင့်နှင့် တွဲဖက်အဆင့်ကျွမ်းကျင်သူများကိုရှာဖွေနေပါသည်။ မြန်မာပြည်သူအားလုံး ဆီသို့ မိုဘိုင်းဆက်သွယ်ရေး ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပို့ဆောင်မည့် တနိုင်ငံလုံးဆိုင်ရာ ဖြန့်ချိရေး ကွန်ယက်တည်ဆောက်မှုအား စီမံခန့်ခွဲရာတွင် ပါဝင်လုပ်ကိုင် ရမည် ဖြစ်ပါသည်။

**အရောင်းမန်နေဂျာ (Sales Manager)** :တရားဝင်ဖြန့်ချိသူများအတွက် အဓိကဆက်သွယ်သူ ဖြစ်လာမည် ဖြစ်ပြီး၊ ဖြန့်ချိရေးကွန်ယက် ကောင်းမွန်စွာလည်ပတ်စေရန်၊ လုပ်ကိုင်မှုရလဒ် အလုံးစုံအား စီမံခန့်ခွဲ အုပ်ချုပ်ရမည်ဖြစ်ပါသည်။

#### အဓိကတာဝန်များနှင့် လိုအပ်သောအရည်အချင်းများ

- တရားဝင်ဖြန့်ချိသူများ၏လုပ်ဆောင်မှုနှင့်ကျွမ်းကျင်မှုဆိုင်ရာကြီးကြပ်စီမံရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ရန်၊
- သတ်မှတ်ထားသောဒေသများအတွင်း ဖြန့်ဖြူးရောင်းချမှု တိုးချဲ့ရေးအတွက် ဖြန့်ချိသူများ စွမ်းရည်တိုးမြှင့်မှု အစီအစဉ်များအား ကြီးကြပ်ရန်၊
- ဖြန့်ချိသူများ၏ဆောင်ရွက်မှုများကိုလုပ်ငန်းစံနှုန်းနှင့် စာချုပ်ပါအချက်အလက်များကို အခြေခံကာ အဆင့်အတန်းသတ်မှတ်ရန်၊
- ဖြန့်ချိသူဖြစ်လာနိုင်သူများအားဖော်ထုတ်ရွေးချယ်ရန်၊
- လုပ်ငန်းတိုးတက်ရေးနှင့် ကုန်ကျစားရိတ်လျှော့ချနိုင်မည့် အခွင့်အလမ်းများကိုအခြားဌာန၊ အဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ဖော်ထုတ်ရန်၊

#### လိုအပ်သောအရည်အချင်းများ

- အရောင်းနှင့်ဖြန့်ချိရေးလုပ်ငန်းအတွေ့အကြုံ ၈နှစ်နှင့် အထက်၊
- FMCG ဖြန့်ချိရေးအတွေ့အကြုံရှိသူဦးစားပေးပါမည်၊
- တိုင်းနှင့်ပြည်နယ်များအတွင်း ဖြန့်ချိရောင်းချသူများအားစီမံခန့်ခွဲမှုအတွေ့အကြုံရှိရပါမည်၊
- ဒေသခံဈေးကွက်အား ကောင်းစွာနားလည်သူဖြစ်ရပါမည်၊

**ဒေသခံအရောင်းအရာရှိ (Area Sales Executive)** : ဖြန့်ချိသူများလုပ်ငန်းကျွမ်းကျင်ရန်နှင့် လုပ်ငန်းရလဒ်ကောင်းရန် နည်းလမ်းရှာဖွေခြင်း၊ သင်တန်းပေးခြင်း နှင့် လုပ်ကိုင်နိုင်စွမ်းကို အမြင့်ဆုံး မြှင့်တင်ပေးခြင်း တို့အား အထောက်အပံ့ပေးရန်၊

#### အဓိကတာဝန်များနှင့် လိုအပ်သောအရည်အချင်းများ

- တရားဝင်ဖြန့်ချိသူများ၏ လုပ်ဆောင်မှုနှင့်ကျွမ်းကျင်မှုဆိုင်ရာ ကြီးကြပ်စီမံရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ရန်၊
- ဖြန့်ဖြူးရေးလမ်းကြောင်းများစတင်ရန် နှင့် စာချုပ်စီမံခန့်ခွဲမှုများဆောင်ရွက်ရန်၊
- ဖြန့်ချိသူရှာဖွေရေးအရာရှိငယ် (Distributor Sales Executive)နှင့် အခြားအဖွဲ့ဝင်များ ရှာဖွေခန့်ထားရာတွင် ပံ့ပိုးရန်၊
- ဖြန့်ဖြူးရေးလမ်းကြောင်းများအဆင်ပြေချောမွေ့စေရန် ကော့ပူရိတ်မူဝါဒနှင့် သဘောတူညီမှုများအားအစဉ်လိုက်နာမှုရှိစေရန်၊ ဖြန့်ချိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊
- ကုန်ပစ္စည်းနှင့် ဈေးကွက်ရဲ့လွှင့်ရေးဆိုင်ရာပစ္စည်းများစာရင်းတိကျမှုရှိရန် ဖြန့်ချိသူများ၏ အသေးစိတ်စာရင်းနှင့် ဝယ်ယူမှုလုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်၊
- ဖြန့်ချိသူများ၏ လုပ်ကိုင်မှုနှင့် သက်ဆိုင်ရာဒေသ၏လုပ်ကိုင်မှုဆိုင်ရာအဓိကစံနှုန်း(KPIs)ပြည့်မှီစေရန်၊
- ဖြန့်ချိသူဖြစ်လာနိုင်သူများအားဖော်ထုတ်ရွေးချယ်ရန်၊

#### လိုအပ်သောအရည်အချင်းများ

- အရောင်းနှင့်ဖြန့်ချိရေးလုပ်ငန်းအတွေ့အကြုံ ၃နှစ်နှင့် အထက်၊
- FMCG ဖြန့်ချိရေးအတွေ့အကြုံရှိသူဦးစားပေးပါမည်၊
- ဒေသခံဈေးကွက်အားကောင်းစွာနားလည်သူဖြစ်ရပါမည်၊

### Telenor Myanmar ၏မြန်မာပြည်သူတရပ်လုံးအားဆက်သွယ်ချိတ်ဆက်ပေးရန် ပေးအပ်ထားသော ကတိအား အကောင်အထည်ဖော်ရာတွင်ကူညီနိုင်မည့်ဒေသခံပြည်သူဆက်ဆံရေးကျွမ်းကျင်သူများအား လိုအပ်လျက်ရှိပါသည်။

Telenor Myanmar သည် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ခေတ်မီတိုးတက်စေရေး အထောက်အကူပေးရန်နှင့် ပြည်သူတရပ်လုံးရေရှည်အကျိုးဖြစ်ထွန်းစေရန် ပေးအပ်ထားသော ကတိအား အကောင်အထည်ဖော်ရန် ရည်စူးထားပါသည်၊ ထိုရည်စူးချက်၏ တစ်စိတ်တဒေသအနေနှင့် အလွယ်တကူ အသုံးပြုနိုင်ပြီး ဈေးနှုန်း သင့်တင့်ကာ ဒေသခံများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော၊ ထပ်ဆောင်းဝန်ဆောင်မှုများပါဝင်သော မိုဘိုင်း ဆက်သွယ်ရေး နိုင်ငံတဝှမ်းလုံးရှိ ပြည်သူများထံသို့ ရောက်ရှိစေရန် ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် တက်ကြွစွာ ပူးပေါင်းလုပ်ကိုင်ပါမည်။

**ဌာနေဆက်သွယ်ရေးအရာရှိ (State Liaison Officer)** : တစ်နိုင်ငံလုံးဆိုင်ရာTelenor Myanmar ဆက်သွယ်ရေး ကွန်ယက်ဖြန့်ကျက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံအနှံ့ရှိဒေသခံများနှင့် နီးကပ်စွာထိတွေ့လုပ်ကိုင်ရန်၊

#### အဓိကတာဝန်များနှင့် လိုအပ်သောအရည်အချင်းများ

- ဒေသအခြေအနေ နှင့် အပြောင်းအလဲများအားကောင်းမွန်စွာနားလည်မှုရှိရန်၊
- သက်ဆိုင်ရာဒေသခံဘာသာစကားကျွမ်းကျင်မှုရှိရန်၊
- ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် ဆက်သွယ် လုပ်ကိုင်နိုင်မှုရှိပြီးခိုင်မာသောဆက်ဆံရေးရှိရန်၊
- Telenor Myanmar ၏ အခြားဒေသဆိုင်ရာဆက်စပ်လုပ်ငန်းများအားညှိနှိုင်းဆောင်ရွက်ရန်၊
- ဒေသခံများနှင့် အစဉ်ဆက်သွယ်လုပ်ကိုင်ရန်၊
- ကျန်းမာရေးဘေးကင်းရေးလုံခြုံရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(HSSE) ပုံမှန် လေ့လာရန်နှင့် သတင်းပို့ရန်၊
- ဒေသဆိုင်ရာအခြေအနေယဉ်ကျေးမှုနှင့် ဈေးကွက်သတင်းများအားအကြံပေးရန်၊
- Telenor Myanmar ပြင်ဆင်မှုများတွင် နည်းပညာ နှင့် ဈေးကွက်ဆိုင်ရာဌာနများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ကိုင်ရန်၊

### Telenor Myanmar မှအောက်ပါဒေသများအတွက်ဌာနေဆက်သွယ်ရေးအရာရှိများ (State Liaison Officers) ခန့်ထားလိုပါသည်။

- ကချင်ပြည်နယ်
- ရှမ်းပြည်နယ်မြောက်ပိုင်း
- ရှမ်းပြည်နယ်တောင်ပိုင်း
- ကယားပြည်နယ်
- ကရင်ပြည်နယ်
- မွန်ပြည်နယ်
- ချင်းပြည်နယ်
- တနင်္သာရီတိုင်းဒေသကြီး

ဝန်ထမ်းများအတွင်း မတူကွဲပြားမှုရှိခြင်းအား Telenor Myanmar မှကြိုဆိုသောကြောင့် မည်သူမဆိုလျှောက်ထားနိုင်ပါသည်။
လျှောက်ထားလိုသူများအနေဖြင့် hr.myanmar@telenor.com ထံ အီးမေးလ်မှတဆင့် CV ပေးပို့ရပါမည်။ www.telenor.com/myanmar မှာလည်းလေ့လာနိုင်ပါသည်။

လျှောက်ထားသူအားလုံးအား Telenor Myanmar မှကျေးဇူးအထူးတင်ရှိပါသည်။
သို့သော်ပဏာမအဆင့်ရွေးချယ်ခြင်းခံရသူများကိုသာပြန်လည်ဆက်သွယ်မည်ဖြစ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# ဖူကူရှီးမားနျူကလီးယားစက်ရုံပြဿနာ ထိရောက်စွာဖြေရှင်းရန် ဂျပန်နျူကလီးယားအာဏာပိုင်အဖွဲ့ တိုက်တွန်း

**တိုကျို၊ အောက်တိုဘာ-၂၈**

ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေဒီယိုသတ္တိကြွရေများ ယိုစိမ့်နေသောကြောင့် လာမည့်လများအတွင်း အန္တရာယ်ပိုများလာနိုင်ကြောင်း၊ ဂျပန်နိုင်ငံ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က သတိပေးထားစဉ် ယင်းပြဿနာကို ဖြေရှင်းရန် ပွင့်လင်းမြင်သာစွာနှင့် ထိထိရောက်ရောက် ဆောင်ရွက်ရန် ဂျပန်နျူကလီးယားအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ရှူနီချီတာနာကာက တိုက်တွန်းလိုက်သည်။

လာမည့် လတွင် စတင်ဆောင်ရွက်မည်ဖြစ်သော နျူကလီးယားစက်ရုံ အအေးပေးကန်မှ အသုံးပြုနေသည့် နျူကလီးယားလောင်စာချောင်းများကို ဖယ်ရှားရန် အစီအစဉ်မှာ ခက်ခဲရှုပ်ထွေးသည့် အလုပ်တစ်ခုဖြစ်ကြောင်း ဂျပန်နျူကလီးယားအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ရှူနီချီတာနာကာက တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီ TEPCO ဥက္ကဋ္ဌ နာအိုမီဟီရိုစီအား ပြောကြားသည်။

ပြုပြင်ပြောင်းလဲမှုများကိုပွင့်လင်းမြင်သာစွာနှင့် ထိထိရောက်ရောက် ဆောင်ရွက်ရန် မစ္စတာတာကာနာက မစ္စတာဟီရိုစီကို တိုက်တွန်းလိုက်ပြီး မလွယ်ကူမှုများကို လျှော့ချနိုင်မည့် ရေရှည်အစီအစဉ်တစ်ရပ် ဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

၂၀၁၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ဆူနာမီကြောင့်ပျက်စီးသွားခဲ့သည့် အအေးပေးစနစ်များကြောင့် ဓာတ်ပေါင်းဖိုယိုစိမ့်မှုနှင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းပျက်စီးမှုများကို ရှင်းလင်းရန် TEPCO ကုမ္ပဏီက ကြိုးစားနေရသည်။

စက်ရုံပျက်စီးသွားစဉ်ကတည်းက ဓာတ်ပေါင်းဖိုများကို အအေးပေးရန် အသုံးပြုခဲ့သည့် ရေများ (သို့မဟုတ်) ရေဒီယိုသတ္တိကြွမှုရှိသောပစ္စည်းများကြောင့် ညစ်ညမ်းသွားသော ရေတန်ချိန်ပေါင်းများစွာကို ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်ကမ်းရိုးတန်းရှိ ဖူကူရှီးမားစက်ရုံရှိ သိုလှောင်ကန်ကြီးများအတွင်း သိုလှောင်ထားသည်။

ယင်းစက်ရုံတွင် ရေဒီယိုသတ္တိကြွမှုအဆင့်ကို လျှော့ချရန် TEPCO ကုမ္ပဏီက ပိုမိုကြိုးစားရမည်ဖြစ်ကြောင်း၊ ဤသို့ဆိုလျှင် လေးလံသော အကာအကွယ်ဝတ်စုံများမပါဘဲ အလုပ်သမားများ ပိုမိုလွတ်လပ်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း မစ္စတာတာနာကာက ပြောကြားသည်။—*Ref: AFP*

# ပါတီဟောင်းကို ဘာလူစကိုနီ ပြန်လည်အသက်သွင်းသော်လည်း ဇဟိုလက်ယာနိုင်ငံရေးသမားများ ကွဲပြားနေ

**မီလန်၊အောက်တိုဘာ-၂၅**

အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီက လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကဒင်းနှင့်အတူနိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည့် ပါတီကို အောက်တိုဘာ ၂၅ ရက်တွင် ပြန်လည်အသက်သွင်းလိုက်သော်လည်း ယင်းလုပ်ရပ်ကြောင့် အီတလီနိုင်ငံ၏ ဇဟိုလက်ယာနိုင်ငံရေးကို နက်ရှိုင်းစွာကွဲပြားသွားစေသည်။

ဇဟိုလက်ယာပါတီကို ပြည်သူ့လွတ်မြောက်ရေးပါတီ (PDL) ဟု ၂၀၀၇ ခုနှစ်ကတည်းက ခေါ်ဝေါ်ခဲ့သော်လည်း ခေါင်းဆောင်ပိုင်း အစည်းအဝေးက ပါတီနာမည်ကို ဖော်ဇာအီတာလီယာ (Go Italy)အမည်သို့ ပြန်ပြောင်းရန် မဲခွဲဆုံးဖြတ်လိုက်သည်။

(PDL)ပါတီ ဆောင်ရွက်ခဲ့သည့်အတိုင်း ပြန်လည်ရှင်သန်လာခဲ့သော ပါတီက ဝန်ကြီးချုပ်အင်းနရစ်လက်တာ၏ အစိုးရကို ထောက်ခံသွားမည်ဟု ဘာလူစကိုနီက ပြောသည်။

သို့သော် ယင်းလုပ်ရပ်ကြောင့် ၎င်း၏နောက်လိုက်များကြားသဘောထားကွဲလွဲမှုဖြစ်ပေါ်စေခဲ့သည်။ (PDL)ပါတီ အတွင်းရေးမှူး အန်ဂျယ်လီနိုအယ်လ်ဖာနိုနှင့် အခြားဇဟိုလက်ယာအစိုးရဝန်ကြီး လေးဦးတို့က ယင်းခေါင်းဆောင်ပိုင်း အစည်းအဝေးကို သပိတ်မှောက်ခဲ့ကြသည်။

ဖော်ဇာအီတာလီယာပါတီ ပြန်လည်ပေါ်ပေါက်လာခြင်းမှာ အယ်လ်ဖာနိုနှင့် အလယ်အလတ်သဘောထားရှိသူများကိုဖယ်ထားရန်နှင့် သဘောထားတင်းမာသူများဘက်သို့ အလေးသာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူများကပြောသည်။

(PDL)ပါတီ ဖျက်သိမ်းပြီး ဖော်ဇာအီတာလီယာပါတီ ပြန်လည်မွေးဖွားခြင်းကို တရားဝင်အတည်ပြုရန် အဖွဲ့ဝင် ၈၀၀ ခန့်ပါဝင်သော (PDL)ပါတီ၏ အမျိုးသားကောင်စီသည် ဒီဇင်ဘာ ၈ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။

ယင်းပါတီအမည်မှာ အသက် (၇၇)နှစ်ရှိပြီဖြစ်သည့် ဘီလီယံနာမီဒီယာသူဌေးကြီး ဘာလူစကိုနီ နိုင်ငံရေးလောကသို့ ၁၉၉၄ ခုနှစ်အတွင်း ဝင်ရောက်စဉ်က ပါတီ၏အမည်ဖြစ်သည်။ မစ္စတာလက်တာ၏ အစိုးရပြိုကွဲစေရန် ဖိအားပေးနေသည့် သဘောထားတင်းမာသူများနှင့် အစိုးရကို ထောက်ခံသည့် အယ်လ်ဖာနိုကဲ့သို့ သဘောထားပျော့ပျောင်းသူများကြား တင်းမာမှုကြီးထွားလာစဉ် ဇဟိုလက်ယာနိုင်ငံရေးသမားများ ကွဲပြားရန် နီးစပ်လာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

—*Ref: Reuters*

# ဘန်ကောက်မြို့တော်အနီးတွင် မက်သဖက်တမင်းဆေးလုံး ၅ ဒသမ ၃ သန်းခန့် စံချိန်တင် ဖမ်းဆီးရမိ

**ဘန်ကောက်၊အောက်တိုဘာ-၂၅**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်အနီးပြည်နယ်တစ်ခုတွင် စိတ်ကြွဆေးတစ်မျိုးဖြစ်သည့်မက်သဖက်တမင်းဆေးလုံးပေါင်း ၅ ဒသမ ၃ သန်းခန့်ကိုစံချိန်တင်အဖြစ်ရှာဖွေသိမ်းဆည်းမိခဲ့သည်။

ထိုင်းရဲတပ်ဖွဲ့သည်မြို့တော်အနောက်မြောက်ပိုင်းရှိ နုန်သာဘူရီပြည်နယ်ပက်ခ်ရက်ခရိုင်ယာမှ နေအိမ်တစ်ခုတွင် ထိုင်းလူငယ်နှစ်ဦးနှင့် အမည်မသိ မွန်းလူမျိုးတစ်ဦးထံမှ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ သိမ်းဆည်းရမိခဲ့သော ဆေးလုံးအရေအတွက်မှာ ထိုင်းမြို့တော်ပြင်ပတွင် သိမ်းဆည်းရမိသမျှ စံချိန်တင်အရေအတွက်ဖြစ်ခဲ့သည်။

ထို မူးယစ်ဆေးဝါးများကို ထိုင်းနယ်စပ် မြန်မာနိုင်ငံအတွင်းမှ ရှမ်းပြည်နယ်တွင် ထုတ်လုပ်သည်ဟုယူဆနေကြပြီးထိုဆေးဝါးများကို မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံမြောက်ပိုင်းသို့ တင်သွင်းပြီး ဘန်ကောက်မြို့အနီးသို့ ယူဆောင်ရန် ကြိုးစားခြင်းဖြစ်နိုင်ကြောင်း ဆိုသည်။

ထိုင်းနိုင်ငံတွင် ယခင်က ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများတွင် အများဆုံးပမာဏမှာ နိုင်ငံမြောက်ပိုင်းဒေသ၌ သန်းနှင့်ချီသည့် ဆေးလုံးများ ဖမ်းမိဖူးသည့် စံချိန် ဖြစ်သော်လည်း ယခုတစ်ကြိမ်မှာ မြို့တော်ဘန်ကောက်အနီး အများဆုံးစံချိန်တင် ဖမ်းမိခဲ့ခြင်းဖြစ်သည်။

—*Ref: Xinhua*

**နောက်ကျောဖုံး မှ**

## ဆမ်ဆောင်းနှင့်အပြိုင် LG ကုမ္ပဏီက မျက်နှာပြင်ကွေးစမတ်ဖုန်း ထုတ်ဖော်ပြသ

G-Flexစမတ်ဖုန်းတွင်Quad-core Snap dragon 800 အမျိုးအစား ပရိုဆက်ဆာကို အသုံးပြုထားသည်။ LG ကုမ္ပဏီထုတ် G2 စမတ်ဖုန်းကဲ့သို့ပင် ပါဝါနှင့် အသံအတိုးအကျယ်ခလုတ်ကို ကျောဘက်တွင် တပ်ဆင်ထုတ်လုပ်ထားပြီး Andriod Jellybean 4.2.2 ကို အသုံးပြုထားသည်။

ဆမ်ဆောင်းနှင့် အက်ပဲလ်ကုမ္ပဏီများကဲ့သို့ ကုမ္ပဏီကြီးများကို ယှဉ်ပြိုင်ရန်ကြိုးစားရုန်းကန်နေရသည့်ကုမ္ပဏီငယ်များအနက် LG ကုမ္ပဏီလည်း တစ်ခုအပါအဝင်ဖြစ်သည်။

အက်ပဲလ်ကုမ္ပဏီကလည်း မျက်နှာပြင်အခွက် ဖြစ်ဖွယ်ရှိသည့် စမတ်ဖုန်းအသစ်တစ်မျိုး ထုတ်လုပ်ရန် ကြိုးစားနေကြောင်း နည်းပညာလေ့လာသူများနှင့် သတင်းဌာနများကဖော်ပြသော်လည်း ယင်းကုမ္ပဏီက ယခုအစီအစဉ်နှင့်ပတ်သက်၍ မည်သို့မျှပြောကြားခြင်းမရှိသေးပေ။—*Ref: Reuters*




စိမ့်ရေလိုအေး အမောလည်းပြေ
ရှောက်သံပုရာ အချိုရည်
Sprite
၃၀၀* ကျပ်
မြန်မာပြည်တွင် ဂုဏ်ယူစွာဖြင့် စတင်ထုတ်လုပ်နေပါသည်။
*ဆိုင်တိုင်းတွင် ဤဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Sprite is a registered trademark of The Coca-Cola Company. ©2013 The Coca-Cola Company.

7 DAY NEWS JOURNAL

# International

Vol.12, No.34 • OCTOBER 30 , 2013

## ဆမ်ဆောင်းနှင့်အပြိုင် LG ကုမ္ပဏီက မျက်နှာပြင်ကွေးစမတ်ဖုန်း ထုတ်ဖော်ပြသ

**ဆိုးလ်၊ အောက်တိုဘာ-၂၈**

တောင်ကိုရီးယားနိုင်ငံမှ LG ကုမ္ပဏီသည် စမတ်ဖုန်းဈေးကွက်အတွင်း ၎င်းထက်ပိုကြီးသော ပြိုင်ဘက် ဆမ်ဆောင်းကုမ္ပဏီကို အမီလိုက်နိုင်ရန် ကြိုးစားမှုတစ်ခုအဖြစ် မျက်နှာပြင်ကွေးညွတ်သည့်စမတ်ဖုန်းအသစ်တစ်မျိုးကို အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ဖော်ပြသလိုက်သည်။

ဆမ်ဆောင်းကုမ္ပဏီက ယခုလအစောပိုင်းတွင် မျက်နှာပြင် ဘေးတစ်ဖက်မှတစ်ဖက်အတွင်း ပိုင်းကိုကွေးထားသည့် ကမ္ဘာ့ပထမဆုံးမျက်နှာပြင်ခွက် စမတ်ဖုန်း Galaxy Note ကို ထုတ်လုပ်ခဲ့သည်။ LG ကုမ္ပဏီက အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ဖော်ပြသခဲ့သည့် စမတ်ဖုန်းမှာ မျက်နှာပြင်ကို အလျားလိုက်အတွင်းဘက်သို့ ကွေးညွတ်ထားသည့် ဖုန်းဖြစ်ပြီး ခြောက်လက်မအကျယ်ရှိကာ လာမည့်လအတွင်း တောင်ကိုရီးယားနိုင်ငံတွင် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း LG ကုမ္ပဏီက ပြောသည်။

LG ကုမ္ပဏီက နောက်ဆုံး ထုတ်လုပ်လိုက်သည့် မျက်နှာပြင်ခွက် စမတ်ဖုန်း G Flex ၏ အထူမှာ ၇ ဒသမ ၉ မီလီမီတာမှ ၈ ဒသမ ၇ မီလီမီတာကြား အထူရှိပြီး အလေးချိန် ၁၇၇ ဂရမ်ရှိကာ အတွင်း ပိုင်းမှတ်ဉာဏ် 2GB ပါရှိသည်။

ကင်မရာမှာ 13MP ရှိပြီး ဘက်ထရီမှာ 3500mAh ဘက်ထရီအ ခွက်အမျိုးအစားဖြစ်သည်။ G Flex ၏ ကျောဘက်မျက်နှာပြင်အဖုံး ခြစ်ရာများကို မိနစ်ပိုင်းအတွင်း ပျောက်သွားစေရန် တီထွင်ထားသည်။

စာမျက်နှာ ၄၆ »



*LG Electronics ကုမ္ပဏီက အောက်တိုဘာ ၂၈ ရက်က ထုတ်ပြန်လိုက်သော စမတ်ဖုန်း အသစ် G-Flex ဓာတ်ပုံကို တွေ့ရစဉ်*

LG ELECTRONICS/AFP

## ကန်ထောက်လှမ်းရေးဌာန တစ်လအတွင်း ဖုန်းခေါ် ဆိုမှုအကြိမ်ရေ သန်း ၆၀ ကို စောင့်ကြည့်ခဲ့ဟု စပိန်သတင်းစာဖော်ပြ

**မက်ဒရစ်၊ အောက်တိုဘာ-၂၈**

အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA)သည် မကြာသေးမီကာလက တစ်လအတွင်း ဖုန်းခေါ်ဆိုမှုပေါင်း သန်း ၆၀ ကို စောင့်ကြည့်ခဲ့ကြောင်း စပိန်သတင်းစာတစ်စောင်က NSA ဝန်ထမ်းဟောင်း စနိုးဒန်ထံမှရရှိသော စာရွက်စာတမ်းများကို ကိုးကား၍ ဖော်ပြသည်။

NSA ဌာနက ဖုန်းနံပါတ်များ၊ ခေါ်ဆိုသူနှင့် ဖြေကြားသူတို့၏ နေရာဌာနများကို မှတ်သားခဲ့သော်လည်း ပြောဆိုသော အကြောင်းအရာကို မှတ်သားမထားဟု အယ်လ်မွန်ဒိုသတင်းစာက ရေးသားဖော်ပြသည်။

အီးယူပါလီမန်ကိုယ်စားလှယ်များ ဝါရှင်တန်သို့ သွားရောက်၍ အစည်းအဝေးများ ဆက်တိုက်ကျင်းပရန် ပြင်ဆင်နေစဉ် ယခုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ ဥရောပပါလီမန် အရပ်သားလွတ်လပ်ခွင့်ကော်မတီ အရာရှိများသည် အမေရိကန်လွှတ်တော်အမတ်များနှင့် ဆွေးနွေးကြမည်ဖြစ်ပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားကာ သတင်းအချက်အလက်များလည်း စုဆောင်းကြမည်ဖြစ်သည်။

စပိန်အစိုးရကမူ ယခုအချိန်အထိ (NSA)က ၎င်းတို့နိုင်ငံသားများအပေါ် သူလျှိုလုပ်ခဲ့သည်လားဆိုသည်ကို သတိမပြုမိကြောင်း ပြောသည်။ ထို့အပြင် သူလျှိုမလုပ်ရေးအတွက် သဘောတူညီချက်ရရှိရန် အီးယူ ၂၈ နိုင်ငံအား ဂျာမနီအစိုးရက တိုက်တွန်းပြောကြားမှုများကို စပိန်အစိုးရက ငြင်းဆန်ခဲ့သည်။ *—Ref: BBC/Reuters*




MANDEL NGAN/AFP

*အောက်တိုဘာ ၂၆ ရက်က ဝါရှင်တန်ဒီစီ၌ပြုလုပ်သော အစိုးရစောင့်ကြည့်ထောက်လှမ်းရေးအစီအစဉ်အပေါ် ကန့်ကွက်ဆန္ဒပြပွဲတွင် ပါးစပ်ကို တိပ်ကပ်၍ ပါဝင်ဆန္ဒပြနေသူတစ်ဦး*

## ပြင်သစ်ပီးဂျက်ကားကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံရန် တရုတ်ဒေါင်ဖန်းကုမ္ပဏီ စဉ်းစားနေ

**ရှန်ဟိုင်း၊ အောက်တိုဘာ-၂၈**

တရုတ် ဒေါင်ဖန်းကားကုမ္ပဏီသည် ပြင်သစ် (PSA)ပီးဂျက်စီထရွန်ကားကုမ္ပဏီ၌ ရင်းနှီးမြှုပ်နှံရန် စဉ်းစားဆဲဖြစ်သည်ဟု ဒေါင်ဖန်း ထိပ်တန်းအလုပ်အမှုဆောင်တစ်ဦးက ပြောကြားသည်။ ပီးဂျက်နှင့် ဒေါင်ဖန်းကားကုမ္ပဏီနှစ်ခု ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ချုပ်ဆိုရန်မှာ အချိန်အတော်ကြာဦးမည်ဟု အဆိုပါ အလုပ်အမှုဆောင်က အရိပ်အမြွက်ပြောကြားသည်။

ပြင်သစ် ပီးဂျက်စီထရွန် (Peugeot Citroen)ကားကုမ္ပဏီသည် တရုတ်ဒေါင်ဖန်း (Dong-feng) ကားကုမ္ပဏီနှင့် ပြင်သစ်အစိုးရတို့ထံမှ ယူရိုငွေသုံးဘီလီယံ ရင်းနှီးမြှုပ်နှံမှုကို ယခုနှစ်အကုန်တွင်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ သို့ရာတွင် ပြီးခဲ့သောသီတင်းပတ်က ရှန်ဟိုင်းမြို့၌ ပြုလုပ်သည့် အစည်းအဝေးပွဲတွင် ဒေါင်ဖန်းကုမ္ပဏီ၏ အထွေထွေမန်နေဂျာက ၎င်းတို့ကုမ္ပဏီအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အလျင်မလိုကြောင်းနှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိမှသာလျှင် ရင်းနှီးမြှုပ်နှံလိုကြောင်း ပြောကြားသည်။



REUTERS

(PSA)ပီးဂျက်ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်တွင် ယူရိုငွေငါးဘီလီယံ အသားတင် အရှုံးပေါ်ခဲ့သောကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ စိုးရိမ်မိသည်ဟုလည်း ဒေါင်ဖန်းအထွေထွေမန်နေဂျာက ပြောကြားသည်။ ဒေါင်ဖန်းကုမ္ပဏီသည် ပီးဂျက်ကုမ္ပဏီတွင် ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ ပါဝင်ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ပြင်သစ်ပီးဂျက်ကုမ္ပဏီအပြင် တရုတ်နိုင်ငံတွင် နစ်ဆန်းကားကုမ္ပဏီနှင့် ဟွန်ဒါကားကုမ္ပဏီတို့နှင့်လည်း အကျိုးတူပူးတွဲလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ *—Ref: Reuters*



# ချွေးနဲ့ အတွေးအတွက် အနည်းဆုံးဈေး

မောင်သာချို

(တစ်)


ကျွန်တော့်ရပ်ကွက်ကလေး၏ လမ်းထိပ်တစ်နေရာ၌ တက္ကစီကားလေး လေး၊ ငါး၊ ခြောက်စီး စုပေါင်းဂိတ်ထိုးထားသည့် ထမင်းဆိုင်ကလေးတစ်ဆိုင်ရှိပါသည်။ သည်ဂိတ်က တက္ကစီကား အများစုမှာ ကျွန်တော့်လက်စွဲတော် များပင်ဖြစ်ပါသည်။ ကျွန်တော်သွားလိုရာခရီးကို သူတို့နှင့်အတူ သွားရင်းလာရင်းက သူတို့ဘဝများကို တစ်စွန်းတစ်စဆိုသလို သိခွင့်ရပါသည်။ အားလုံးလိုလို အညာသားတွေချည်း။

တစ်ယောက်က မကွေးက။ တစ်ယောက်က နတ်မောက်က။ နောက်တစ်ယောက်က ရေနံချောင်းက။ နောက်ထပ်တစ်ယောက်က နွားထိုးကြီးက။ သူတို့ဘာဖြစ်လို့ ရန်ကုန်ရောက်လာကြသလဲဆိုသည်ကို လူတိုင်းကို ကျွန်တော်မေးကြည့်ဖူးပါသည်။ လွယ်လွယ်ပြောရလျှင်အညာမှာထမင်းမဝလို့ဆိုတာပဲဖြစ်ပါသည်။

ရွာမှာလယ်ပိုင်၊ ယာပိုင်မရှိသူအများစုတို့လုပ်လေ့ရှိသော အလုပ်က ပေါင်းလိုက်ခြင်းပဲဖြစ်ပါသည်။ ကိုယ့်ထမင်းကိုယ်စား တစ်နေ့တစ်ထောင်တဲ့။ ပေါက်တို့၊ မြိုင်တို့၊ ပခုက္ကူတို့၊ ပုလဲတို့ဘက်က တချို့တချို့သော ရွာတွေမှာက တစ်နေ့တစ်ထောင့်ငါးရာတဲ့။ နံနက်လင်းသည်နှင့်နှမ်းခင်းတွေထဲ၊ ပဲခင်းတွေထဲ ဆင်းကြကာ ပေါင်းပင်ကလေးများကိုရှင်းလင်းပစ်ကြရခြင်းဖြစ်ပါသည်။ ဒါကိုသူတို့က ပေါင်းလိုက်သည်၊ ပေါင်းထိုးသည် စသည်ဖြင့် ခေါ်ကြခြင်းဖြစ်ပါသည်။

တစ်နေ့ တစ်ထောင်ဆိုတော့ ကျွန်တော်အသက်ရှူရကျပ်သွားတာ အမှန်ပါ။ သူတို့က ကျွန်တော့်ထက်ပိုပြီး အသက်ရှူရကျပ်ကြပေမပေါ့။ ကျပ်လို့လည်း မြို့ပေါ်တက်လာပြီး တက္ကစီမောင်းနေကြတဲ့ ဥစ္စာ။

တစ်နေ့ငွေတစ်ထောင်နှင့် ထမင်းဘယ်လိုစားကြမလဲဆိုသည့် မေးခွန်းကို လူတိုင်းလူတိုင်း ဖြေဆိုရန် ခက်ခဲကြလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ သို့သော် သူတို့ခက်ခဲစွာပဲ အညာမှာ အသက်ကိုမသေရုံကလေးမွေးခဲ့ကြပြီး ရန်ကုန်ကို တက်လာခဲ့ကြကာ ကျန်ခဲ့သူတွေက အသက်ကို မသေရုံ ဆက်မွေးနေကြရဆဲဖြစ်




ပါသည်။

အညာသားတွေသာမကပါ။ ကျိုက်တောနယ်ကျေးရွာက လူအများစုတို့လည်း ရန်ကုန်လိုမြို့ကြီးတွေရှိရာဆီသို့ တက်လာကြပြီး ကားမောင်းကြ၊ ဆိုက်ကားနင်းကြ၊ဈေးရောင်းကြ၊ပန်းရန်လုပ်ကြ၊ အုတ်သယ်ကြ၊ မြေဖို့ကြ၊ စက်ရုံ၊ အလုပ်ရုံတွေထဲ ဝင်လုပ်ကြနှင့် ဖြစ်ပါသည်။

“ပေါင်းလိုက်တာ တစ်နေ့ တစ်ထောင်ဆိုတာကလည်း အလုပ်အမြဲမရှိဘူး ဆရာရဲ့။ နှမ်းတွေ၊ ပဲတွေ သိမ်းပြီးရင် ငုတ်တုတ်”

ချောက်ချားဖွယ်ရာ လူမှုဘဝရှုမျှော်ခင်းကြီးပဲဖြစ်ပါသည်။

(နှစ်)

ရန်ကုန်လိုစားကျက်ခင်းကလည်း မြက်ပေါလှသည်တော့မဟုတ်ပါ။

အထည်ချုပ်စက်ရုံတွေဘက်၊ ဖိနပ်စက်ရုံတွေဘက်ဆီက ဆန္ဒဖော်ထုတ်ကြသည့်သတင်းတွေကို ကျွန်တော်တို့ဖတ်ရကြားရပါသည်။ အလုပ်သမားကလေးတို့ တောင်းဆိုတာကို ကြည့်ပြီး ကျွန်တော်ရင်နင့်ရပါသည်။ တစ်နာရီကို လုပ်အားခ ၁၀၀ ကျပ်ပေးရေးတဲ့။ မူလက ၇၅ ကျပ်ပဲရလို့တဲ့။ တစ်နာရီကို ကျပ် ၁၀၀ဆိုတော့ ၁၀ နာရီလုပ်မှ ငွေ၁,၀၀၀ ရမယ့်အနေအထားပေါ့။ သြော်. . . သည့်အတွက် တိုက်ပွဲဝင်နေကြရရှာတာပါတဲ့။ တစ်နာရီကို ကျပ် ၁၀၀ တိတိတန်သူမြန်မာနိုင်ငံတော်သားဖြစ်ရေးတိုက်ပွဲ။

(သုံး)

တစ်ခါတစ်ခါပရဟိတကိစ္စများဆောင်ရွက်ရင်းက ကိုယ်ထူကိုယ်ထ ဘကကျောင်းများ၊ သီလရှင်ကျောင်းများ ရှိရာဆီ ကျွန်တော်ရောက်သွားတတ်ပါသည်။ ပဲခူးတိုင်းအတွင်းရှိဘကကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်နေသည့် ဆရာမသုံးယောက်ကို လစာကိစ္စ ကျွန်တော်မေးကြည့်တော့ကျပ် ၅,၀၀၀ တဲ့။ ကျွန်တော် မသေချာမည်စိုးသဖြင့် ထပ်မေးရပါသည်။ ဟုတ်ပါသည်။ တစ်လလုံးလုံးစာ သင်ပါမှ ချီးမြှင့်ငွေ ကျပ် ၅,၀၀၀ တိတိပါ။ ရန်ကုန်မြို့ လှိုင်သာယာထဲရှိ ဘကကျောင်း ကလေးကမူ ဆရာမတစ်ယောက်လစာငွေတစ်သောင်းခွဲ။ တစ်နေ့ကိုငါးရာကျပ်။ ကားခတောင်မှ ပေးဖို့ အနိုင်နိုင်။ သူတို့ဘဝစားဝတ်နေရေး ဘယ်လိုများ ဖြေရှင်းနေကြသလဲဆိုတာ စဉ်းစားရင်းရူးသွားလောက်ပါရဲ့။

ကျွန်တော်ပြောချင်တာက အလုပ်နဲ့ လုပ်အားခရဲ့ ပြဿနာပါ။

(လေး)

လွှတ်တော်အတွင်း၌ အခြေခံလုပ်အားခအနိမ့်ဆုံးမည်မျှ သတ်မှတ်မည်နည်းဆိုသည့် ကိစ္စဆွေးနွေးပြီဆိုသော အသံများကြားလာရသည်မှာ ကောင်းမွန်သောလက္ခဏာဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဒေသတွင်း အာဆီယံ ၁၀ နိုင်ငံ၌ပင်လျှင် ဝင်ငွေအနည်းဆုံးနိုင်ငံဖြစ်ပါသည်။ အများဆုံးက ဘရူနိုင်းနိုင်ငံဖြစ်ပါသည်။ နိုင်ငံသား တစ်ယောက်တစ်နှစ်တွင် ဝင်ငွေအမေရိကန်ဒေါ်လာမည်မျှရှိသည်ကို အောက်ပါ ကိန်းဂဏန်းများ၌ တွေ့နိုင်ပါသည်။

| | |
|---|---|
| ၁။ ဘရူနိုင်း | - ၅၀၇၉၀ |
| ၂။ စင်ကာပူ | - ၄၉၇၅၄ |
| ၃။ မလေးရှား | -၁၃,၃၈၅ |
| ၄။ ထိုင်း | -၇,၉၀၇ |
| ၅။ အင်ဒိုနီးရှား | -၃,၇၂၈ |
| ၆။ ဖိလစ်ပိုင် | - ၃,၃၈၃ |
| ၇။ လာအို | - ၂,၀၅၄ |
| ၈။ ကမ္ဘောဒီးယား | -၁,၈၁၈ |
| ၉။ ဗီယက်နမ် | -၁,၅၈၉ |
| ၁၀ မြန်မာ | -၁,၀၄၀ |

အထက်ပါစာရင်းဇယားကို ကြည့်ရုံမျှနှင့် မြန်မာ့အခြေအနေကို သိသာနိုင်ပါသည်။ အမျိုးသားတစ်ဦးချင်းဝင်ငွေအနည်းဆုံးနိုင်ငံ။

ပြည်တွင်းဝင်ငွေနိမ့်ကျလို့ ပေလားမသိ။ ပြည်ပကလည်း မြန်မာလုပ်သားကို ဈေးနှိမ်ပါသည်။ ဆိုကြပါစို့. . . ထိုင်းနိုင်ငံ။ ထိုင်း၌ မည်သည့်အလုပ်သမားကို မဆို အခြေခံလစာ တစ်နေ့ဘတ် ၃၀၀ ပေးရန် ဥပဒေပြဋ္ဌာန်းထားပါသည်။ တစ်ဘတ်ကို မြန်မာငွေကျပ် ၃၀ ဖြစ်ရာ တစ်နေ့ ၉,၀၀၀ ကျပ်ဆိုသည့်သဘော။ သို့သော်ထိုင်းကမြန်မာကိုထိုနှုန်း မပေးကြကြောင်း ထိုင်းရှိပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းကထုတ်ပြန်လာပါသည်။ မြန်မာ့လုပ်အားခက ဈေးမရှိပါဘူးဆိုသည့်သဘော။

(ငါး)

ဆရာဖေမြင့်၏ ဆောင်းပါးတစ်ပုဒ်၌ မဟတ္တမဂန္ဒီကို လွှမ်းမိုးထားသည့် စာအုပ်များအကြောင်းပါဝင်ရာဂျွန်ရပ်စကင်း(John Ruskin)၏စာအုပ်တစ်အုပ်လည်း ပါဝင်ပါသည်။ unto this last (နောက်ဆုံးလူတိုင်အောင်) ဟူသည့်စာအုပ်။

စပျစ်ခြံပိုင်ရှင်က နံနက်လင်းကတည်းက အလုပ်လာလုပ်နေသည့် အလုပ်သမားကို ငွေတစ်ပြားပေးသည်။ ထို့နောက် ညနေစောင်းတော့မှ အလုပ်လိုက်ရှာရင်း စပျစ်ခြံထဲသို့ ရောက်လာသည့် အလုပ်သမားကိုလည်း ငွေ တစ်ပြားပေးသည်။ ယင်းကို နံနက်လင်းကတည်းက အလုပ်လာလုပ်သည့် လူက မကျေမနပ်ဖြစ်ရာ စပျစ်ခြံပိုင်ရှင်က အလုပ်လုပ်ချိန်မတူသည့် လူနှစ်ယောက်ကို တစ်ပြားစီပေးခြင်းမှာ လုပ်အားချင်းအတူတူဖြစ်၍ ပေးသည့် သဘောမျိုးမဟုတ်ဘဲ အခြေခံအားဖြင့် ငွေတစ်ပြားရှိမှ လူတစ်ယောက်တစ်နေ့တာ အသက်ရှင်နိုင်သည့် အတွက် ညနေစောင်းမှ စပျစ်ခြံသို့ ရောက်လာသည့်ထိုလူအသက်ရှင်နိုင်ရန်တစ်ပြားပေးခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်ဟုဆိုပါသည်။

ယင်းကို Living Wage ဟုခေါ်သည်ဟုဆိုပါသည်။ အသက်ရှင်သန်နေထိုင်နိုင်လောက်သောလုပ်ခဟုဆိုကြပါစို့။

လူတို့အလုပ်လုပ်ကြသောအခါ အခြေခံအားဖြင့် အခြေခံလစာငွေသည် ထိုလူအသက်ရှင်သန်နေထိုင်ဖို့ လုံလောက်သည်အထိ ပေးထားရန် လိုအပ်ပါသည်။ စားဖို့၊ နေဖို့၊ ဝတ်ဖို့၊ အနားယူဖို့၊ ပညာသင်ဖို့၊ ဆေးကုသဖို့၊ စုဆောင်းဖို့ မလုံလောက်လေသောအခါ လူ့အဖွဲ့အစည်းက ကသောင်းကနင်းဖြစ်တတ်စမြဲဖြစ်ပါသည်။

အလုပ်လုပ်သည့် ကျွန်တော်တို့ နိုင်ငံသားများ လုပ်ခလစာအနည်းဆုံးမည်၍ မည်မျှရသင့်သလဲဆိုသည့် ကိစ္စကို နိုင်ငံတော်က အသေအချာချမှတ်ပြဋ္ဌာန်းသင့်သည်မှာအချိန်တောင်မှ လင့်ခဲ့ပါပြီ။ ။

7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# မင်းဒင်ရဲ့ သက်ခိုင် (၂)

**မင်းဒင်**



(ယခင်အပတ်မှ အဆက်)

**အခန်း(၆)**
**ထလန်ခံတပ်ရှာပုံတော်**

၂၀၁၃ ခုနှစ်။ ထိုင်းနိုင်ငံဖူးခက်မြို့။

ကိုသက်ခိုင်။ ။(ထ)ရူးဝါးဆိပ်ကမ်းဆိုတာ မစ္စတာ‘ဥ’သိသလားဗျ

ဥ။ ။(ထ)ရူးဝါးဆိုတာ အနုစာရီအနားတစ်ဝိုက်နယ်မြေကို ခေါ်တာလေ

ကိုသက်ခိုင်။ ။ကျွန်တော်ဆိုလိုတာ ထလန်ခံတပ်ကို ဗမာတွေသိမ်းနိုင်ဖို့ ဗမာတိုက်လှေတွေကမ်းကပ်ခဲ့တဲ့(ထ)ရူးဝါးဆိပ်ကမ်းကိုပြောတာ။ ယိုးဒယားမြန်မာစစ်သမိုင်း မှတ်တမ်းတွေအရ ဖူးခက်မြို့ကို ဗမာဘုရင့်တပ်တွေ ရောက်လာတိုင်း (ထ)ရူးဝါးဆိပ်ကမ်းမှာကမ်းကပ်တယ်လို့ဆိုတယ်ဗျ။ ယိုးဒယားတပ်တွေဟာ မလေးရှားနဲ့ မဟာမိတ်ဖွဲ့ပြီး ဗမာတပ်တွေကို ခံတိုက်တဲ့ ရာမူးအငူတိုက်ပွဲဆိုတာ အင်မတန်ကြီးကျယ်တဲ့ တိုက်ပွဲကြီးပဲလေ

ဥ။ ။ကျွန်တော်တို့ ယိုးဒယားတွေက မလေးရှားနဲ့ အဆင်မပြေတာများတယ်ဗျ။ ယိုးဒယား၊ မလေးရှားနဲ့ မဟာမိတ်ဖွဲ့ပြီး ဗမာတွေကို တိုက်ခဲ့တယ်လို့ ဗမာ့သမိုင်းမှာ ရေးထားလေရော့သလား

ကိုသက်ခိုင်။ ။ဗမာစစ်သမိုင်းမှာ ဖူးခက်တိုက်ပွဲအကြောင်းကို ဖော်ပြထားတာ မရှိသလောက်ပါပဲ။ အခု ကျွန်တော်ရည်ညွှန်းနေတဲ့ စာအုပ်က စကော့တလန်လူမျိုးတစ်ယောက်ရေးထာတာပါ

ဥ။ ။ အဲဒီသမိုင်းစာအုပ်ဟာ ကျိုးကြောင်းဆီလျော်တယ်လို့ ဆိုနိုင်သလား မစ္စတာသက်

ကိုသက်ခိုင်။ ။ဒီစာအုပ်ထဲမှာ ဖော်ပြထားတဲ့ အချက်အားလုံးဟာ မှန်တယ်လို့ မဆိုသာပေမယ့် ထလန်ခံတပ်တိုက်ပွဲမှာ မလေးရှားနဲ့ ယိုးဒယားမဟာမိတ်ဖွဲ့ပြီး ဗမာတပ်တွေကို တိုက်ခဲ့တယ်ဆိုတာမျိုး၊ ထင်ရှားမြင်သာတဲ့အချက်ကတော့ မလွဲလောက်ဘူး။ သမိုင်းမှတ်တမ်းရှေ့နောက် အစဉ်အဆက်တွေနဲ့လည်း ကိုက်ညီနေတယ်ဗျ။

ဖူးခက်မြို့မဆီမှ ဖူးခက်လေဆိပ်သို့သွားရာ လမ်းမကြီးပေါ်တွင် တရိပ်ရိပ်ပြေးနေသော တိုယိုတာဗီဂိုးကားပေါ်၌ ကိုသက်ခိုင်နှင့် မစ္စတာ ‘ဥ’စကားအချီအချ၊ အမေးအဖြေလုပ်နေကြခြင်းဖြစ်လေသည်။ မြန်မာလိုပြောဆိုနေကြခြင်းတော့မဟုတ်။ အင်္ဂလိပ်၊ ထိုင်းဘာသာတို့ဖြင့် သူတို့ပြောဆိုချက်များကို သိသာရန် ကျွန်တော်က မြန်မာမှုပြုထားခြင်းဖြစ်၏။

ကိုသက်ခိုင် တစ်ယောက် မည်သည့် စိတ်ကူးပေါက်လေသည်မသိ။ ဖြန်းစားကြီး အနုစာဝါရီဘက် ခေတ္တသွားမည်ဆိုကာ ကျွန်တော့်ကို အဖော်စပ်သဖြင့် ထုံးစံအတိုင်း ဘုမသိ၊ ဘမသိ ဒယဉ့်တိုက် လိုက်ပါခဲ့ရခြင်းပင်။ သည်တစ်ကြိမ်တော့ ကိုသက်ခိုင်၏ ယိုးဒယားလူမျိုးမိတ်ဆွေဖြစ်သူ မစ္စတာ‘ဥ’ကျွန်တော်တို့နှင့် အတူပါလာသည်။

‘ဥ’၏ အမည်ရင်းမှာ ‘ချင်နာပက် အင်သရာနွန်’ဖြစ်သည်။ ‘ဥ’၏ ဇနီး‘ယင်း’မှာ ဖူးခက်တိုယိုတာကား အရောင်းပြခန်းမှ အအောင်မြင်ဆုံး အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး သူတို့တစ်မိသားစုလုံးနှင့် ကိုသက်ခိုင် အလွန်ခင်မင်ရင်းနှီးသည်ဆို၏။ ဥသည် ဩစတြေးလျနိုင်ငံတွင် အနုပညာဆိုင်ရာ ဒီပလိုမာရခဲ့သူဖြစ်ပြီး ဥမိခင်မှာ ပါလီမန်အမတ်ဖြစ်သဖြင့် ဖူးခက်မြို့တွင် လူကုံထံအသိုင်းအဝိုင်းဟု ဆိုနိုင်သည်။ မည်သို့သော အကြောင်းကြောင့်ဟု ကျွန်တော် မခန့်မှန်းနိုင်သော်လည်း ‘ဥ’သည် ကိုသက်ခိုင်အား အထင်ကြီးလေးစားနေသည့် အမူအရာမှာမူ အလွန်ထင်ရှား၏။

အနုစာဝါရီအဝိုင်းအနီးရှိ ဖူးခက်သမိုင်းပြတိုက်ဆီသို့ ကားကွေ့ဝင်လိုက်ရင်း ‘ကိုမင်းဒင်၊ ဟိုစာအုပ်ကြီးကို အဆင်သင့်ယူခဲ့စမ်းပါဗျာ’ဟူသော ကိုသက်ခိုင်၏ လမ်းညွှန်ချက်ကြောင့် ကိုသက်ခိုင်၏ ရည်ရွယ်ချက်ကို ကျွန်တော် အနည်းငယ်ရိပ်စားမိလာသည်။ ပြတိုက်ဝင်ကြေးမှာ တစ်ယောက်လျှင် ဘတ်တစ်ရာနှုန်းဖြစ်သော်ငြား ခင်းကျင်းပြသထားသော ပစ္စည်းများမှာ အားရစရာမရှိလှချေ။ ကိုသက်ခိုင်ကား ပြတိုက်တွင်းမှ ရှိသမျှအထောက်အထားများကို စေ့စေ့စပ်စပ်လေ့လာနေ၏။ အင်္ဂလိပ်၊ ထိုင်းဘာသာတို့ဖြင့် ရေးသားထားသော မှတ်တမ်းဟောင်းတို့ကို စိတ်ဝင်တစားဖတ်ရှုနေ၏။

ယိုးဒယားပြည်ကြီးကား စီးပွားရေးအရ စည်ပင်ဝပြောနေသော်ငြား သမိုင်းမှတ်တမ်းတို့ကို တန်ဖိုးထားရကောင်းမှန်းသိသည့် လူမျိုးမဟုတ်ကြောင်း ဤပြတိုက်က သက်သေခံလျက်ရှိသည်။ ပြတိုက်တွင်း ဝင်ကြည့်သူ ထိုင်းလူမျိုးမရှိသလောက်ပင်။ ထို့အတူ နိုင်ငံတကာညေ့်သည်တို့ စိတ်ဝင်တစားဖြစ်အောင် ရှာဖွေစုဆောင်းပြသနိုင်ခြင်းလည်းမရှိချေ။ အကယ်၍သာ ပြည့်စုံသော ဖူးခက်သမိုင်းကို ဖော်ပြထားမည်ဆိုပါလျှင် ကျွန်တော်တို့ ဘေးလောင်းတော်၊ ဘိုးလောင်းတော် မြန်မာဘုရင်များ၏ တန်ခိုးရှိန်စော်အာနုဘော်စက်ဝန်းသည်လည်း ဒွန်တွဲပါဝင်တည်ရှိနေပေလိမ့်မည်။ ဤအချက်ကြောင့်ပင် ဖူးခက်သမိုင်းကို ယိုးဒယားလူမျိုးတို့ မတူးဆွကြလေသလော။

ကျွန်တော်က စကော့လူမျိုး သမိုင်း ဆရာစာအုပ်ထူကြီးကို ကိုင်ရင်း အတွေးမျိုးစုံပွားနေချိန်တွင် ကိုသက်ခိုင်ကား ‘ဥ’နှင့်စကားလက်ဆုံကျလျက်ရှိသည်။ စကားလက်ဆုံဟုဆိုခြင်းထက် ကိုသက်ခိုင်၏ နှိုက်နှိုက်ချွတ်ချွတ် မေးခွန်းများကို ‘ဥ’ တစ်ယောက်ချွေးထွက်အောင်ပြန်ဖြေနေရသည်ဆိုလျှင် ပို၍မှန်ပါမည်။ ပြတိုက်မှအထွက် (ထ)ရူးဝါးဆိပ်ကမ်းဆီသို့ သွားရာလမ်းတစ် လျှောက်တွင်လည်းကောင်း၊ (ထ) ရူးဝါးဆိပ်ကမ်းမှ တုန်ဆိုင်းတောင်သို့သွားရာလမ်းတစ်လျှောက်တွင် လည်းကောင်း ကိုသက်ခိုင်တစ်ယောက် စက်သေနတ်ပစ်သလို မေးခွန်းများတရစပ်မေးနေပြန်သည်။

‘(ထ)ရူးဝါးဆိပ်ကမ်းနဲ့ တုန်ဆိုင်းတောင် ဘယ်လောက်ဝေးတုံး ‘ဥ”

‘အတိအကျတော့ မပြောတတ်ဘူး။ ဘာကြောင့်သိချင်တာပါလိမ့်’

‘ဒီလိုဗျ။ ဗမာတပ်တွေရဲ့ တိုက်လှေတွေဟာ(ထ)ရူးဝါးဆိပ်ကမ်းမှာကပ်တယ်။ နောက် ‘တုန်ဆိုင်းရေတံခွန်’ရှိတဲ့ တုန်ဆိုင်းတောင်ပေါ်ကို အမြောက်တွေဆွဲတင်တယ်။ တုန်ဆိုင်းတောင်ပေါ်ကနေ ထလန်ခံတပ်ဆီကို အမြောက်တွေနဲ့ လှမ်းပစ်တယ်။ တချို့တပ်တွေက ဝါးညှောင့်တွေ လှည်းလိုဆင်ပြီး ခံတပ်ကို ချဉ်းကပ်တယ်။ ဒါနဲ့ ထလန်ခံတပ်နေရာ အတိအကျကို ခင်ဗျားသိသလား’

‘နှစ်တိုင်းအောင်ပွဲ ကျင်းပနေတဲ့ ထလန်မီးပွိုင့်အလွန် ညာဘက်ကွေ့နားက ကွက်လပ်ကြီးကတော့ ထလန်ခံတပ်လို့ ပြောကြတာပဲ’

‘မဟုတ်သေးဘူးဗျ။ ထလန်ခံတပ်ထဲကို တုန်ဆိုင်း တောင်ပေါ်ကနေ အမြောက်နဲ့လှမ်းထုနိုင်တယ်ဆိုတော့ လွန်ခဲ့တဲ့ အနှစ်နှစ်ရာက ဗမာစစ်တပ်အသုံးပြုခဲ့တဲ့ အမြောက်တွေဟာ ခန့်မှန်းခြေ လေးငါးမိုင်အကွာအဝေးကို ပစ်နိုင်သလားဆိုတာ ထည့်စဉ်းစားသင့်တယ်။ နောက်ကျွန်တော်စိတ်အဝင်စားဆုံးအချက်က ထလန်ခံတပ်ဟာ ဗမာစစ်တပ်တွေ အကြိမ်ကြိမ် စီးနင်းတိုက်ခိုက်ခဲ့ပါလျက်နဲ့ အလွယ်တကူမကျခဲ့ဘူး။ ဒီခံတပ်ကို ဘယ်သူတွေ ဘယ်လိုနည်းပညာတွေနဲ့ တည်ဆောက်ခဲ့သလဲ။ အဲဒီခေတ်က ဖူးခက်ဝန်းကျင်ကို ပေါ်တူဂီ၊ ဒတ်ချ်၊ အင်္ဂလိပ်တွေအကုန်ရောက်နေပြီမို့ သူတို့ဆီက ခံတပ်တည်ဆောက်နည်းပညာတွေကို ယိုးဒယားတွေရခဲ့သလား’

‘ကျွန်တော်လည်း ဖူးခက်ချက်မြုပ်ပဲဗျ။ ခွန်သက်ခိုင်ပြောတဲ့ အကြောင်းတွေ ကျွန်တော်တစ်ခါမှ မကြားဖူးတာအမှန်ပဲ’

‘ဖူးခက်ပင်လယ်ပြင်ထဲမှာ ယိုးဒယား မဟာမိတ်တပ်တွေနဲ့ ဗမာစစ်တပ်တွေဟာ တိုက်လှေတွေ ထောင်ချီအသုံးပြုပြီး ကြီးမားပြင်းထန်တဲ့ ရေကြောင်းတိုက်ပွဲကြီးတွေ ဆင်နွှဲခဲ့ကြတယ်။ အဲဒီခေတ်က ယိုးဒယားတိုက်လှေတွေကို ဘယ်မှာ တွေ့နိုင်တုံးဗျ’

‘ကျွန်တော်က သမိုင်းသုတေသီမှ မဟုတ်တာ ဘယ်လိုသိမှာတုံး’

‘ဒီအချက်လောက်ကို သိဖို့ သမိုင်းပညာရှင်ဖြစ်မှ မဟုတ်ပါဘူးဗျာ’

‘နေဦးဗျ။ ခွန်သက်ခိုင်ရ။ ကျွန်တော့်ဘိုးဘွားတွေ ပြောစကားအရ အခုခေတ်နိုင်ငံခြားသားတွေနဲ့ စည်ကားနေတဲ့ပါတောင်၊ ကရွန်း၊ ကတ၊ ကမလာ ကမ်းခြေတွေဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက တောကြီးမျက်မည်းတွေလို့ဆိုတယ်။ ဖူးခက်မြို့ဝန်ရုံးစိုက်တာက ထလန်မြို့ဟောင်းတဲ့။ ထလန်မြို့ကို တည်ထောင်တုန်းက မြို့ကိုကာကွယ်နိုင်အောင် လူတွေကိုသတ်ပြီး အိုးကြီးတွေထဲမှာထည့်၊ မြို့လေးထောင့်မှာ အဲဒီအိုးတွေ မြှုပ်ထားသတဲ့။ ရှေးအယူအဆဆိုပါတော့’

စကားတပြောပြောနှင့်ပင် တုန်ဆိုင်းရေတံခွန်မှအပြန် ထလန်ခံတပ်ဟောင်းဟု ယိုးဒယားအများစု လက်ခံထားသည့် မြေကွက်လပ်ကြီးဆီသို့လည်း ကျွန်တော်တို့ရောက်ရှိခဲ့ပြန်သည်။ ခံတပ်ဟောင်းဟု ဆိုကြသည့် ကျယ်ဝန်းသော မြေကွက်လပ်ကြီးမှနေ၍ စိမ်းညို့နေသောတောင်တန်းကြီးများကို အဝေးမှာလှမ်းမြင်နေရသည် ခံတပ်ဟောင်းဟုတ်၊ မဟုတ် စူးစမ်းနိုင်ရန် အထောက်အထားဟူ၍ အဆောက်အအုံဟောင်း၊ အုတ်ရိုးအုတ်ခံဟောင်း ဘာဆိုဘာမျှမရှိ။ ရေကြည်သော ချောင်းငယ်တစ်ခုကို ဖြတ်ကျော်ဆောက်လုပ်ထားသည့် ခနော်ခနဲ့ သစ်သားတံတားငယ်တစ်စင်းနှင့် ထန်းပင်ခပ်အုပ်အုပ်တို့မှလွဲ၍ နတ္ထိ။

ကိုသက်ခိုင်ကား တောင်တန်းများကို နောက်ခံပြုနေသည့် ထန်းတောအုပ်ကို ဓာတ်ပုံတဖျပ်ဖျပ်ရိုက်နေသည်။ ထလန်ခံတပ်ဟောင်း ကွင်းပြင်အနီးတွင်တည်ရှိသော ဖူးခက်သူရဲကောင်း အနုစာဝါရီညီအစ်မ၏ နတ်ကွန်းကို စပ်စုနေသည်။ ထိုနတ်ကွန်းတွင် အနုစာဝါရီညီအစ်မ၏ ရုပ်တုငယ်ကလေးများကို တွေ့ရလေရာ ထိုရုပ်တုတို့ကိုဝတ်စားဆင်ယင်ထားပုံမှာ မလေးရှားမွတ်ဆလင်အမျိုးသမီးများ၏ ပုံစံအတိုင်းဖြစ်သည်ကို သတိပြုမိသည်။ ထိုနေ့က ကိုသက်ခိုင်တစ်ယောက် ညနေမှောင်ရီပျိုးချိန်အထိ ထလန်နယ်မြေအနီးတစ်ဝိုက်တွင် အလုပ်ရှုပ်နေခဲ့ခြင်းမှာ ထလန်ခံတပ်ဟောင်းရှာပုံတော်ခရီးပေတကား။ တစ်နေ့တစ်ရက်၊ တစ်ဦးတစ်ဖွဲ့မျှပင် စူးစမ်းနိုင်လောက်သော ခြင်းရာမဟုတ်လေရာ ကိုသက်ခိုင်ကား နိုင်ငံတကာ သမိုင်းပညာရှင်များနှင့် ချိတ်ဆက်စူးစမ်းဦးမည်ဟု ကြုံးဝါးနေပြန်ချေသည်။

မစ္စတာဥတစ်ယောက် ထလန်၊ လိုတပ် (Lotus)ကုန်တိုက်မှာ ကျန်ရစ်ခဲ့သည်ဖြစ်၍ အပြန်လမ်းတွင် ကျွန်တော်နှင့် ကိုသက်ခိုင် ကားပေါ်မှာ စကားဆက်ဖြစ်ကြသည်။

‘ဒါနဲ့ခင်ဗျားညီလင်းဆက်ကိုပြောတဲ့ ထလန်တိုက်ပွဲမှာ ထလန်ခံတပ်ထဲက ဖူးခက်သားတွေ ကြောက်ဒူးတုန်နေတာနဲ့ အဆုံးသတ်ထားတော့ မြန်မာတွေက ခံတပ်ကို သိမ်းနိုင်ရောလားဗျာ’

‘မသိမ်းနိုင်သေးဘူးဗျ။ စာရေးသူဟာ ယိုးဒယားတွေရဲ့ ခံစစ်ကိုလည်း ရေးပြထားသေးတယ်’

**စာမျက်နှာ (၃၂)သို့**

# ပြည်တွင်းဘဏ်များတွင် တစ်ရက်လျှင် နိုင်ငံခြားငွေလည်ပတ်သုံးစွဲမှု ဒေါ်လာသန်း ၁၀၀ ခန့်ရှိ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၂၈**

ပြည်တွင်းဘဏ်များတွင် တစ်ရက်လျှင် နိုင်ငံခြားငွေ အရောင်းအဝယ်ပြုလုပ်ကာ လည်ပတ်သုံးစွဲမှု ပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၁၀၀ နီးပါးရှိနေကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သတင်းရရှိသည်။

လည်ပတ်သုံးစွဲသော နိုင်ငံခြားငွေများမှာ အမေရိကန်ဒေါ်လာဖြစ်ပြီး ၉၀ ရာခိုင်နှုန်းရှိသည်။ ဒုတိယအများဆုံးမှာ စင်ကာပူဒေါ်လာဖြစ်ပြီး ၇ မှ ၁၀ ရာခိုင်နှုန်းရှိကာ ယူရိုငွေကြေးသည် ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းနီးပါးသာရှိကြောင်း သတင်းရရှိသည်။

နေ့စဉ်နိုင်ငံခြားငွေ လည်ပတ်မှုတွင် ပုဂ္ဂလိက ဘဏ် ၂၂ ခု၏ လည်ပတ်မှုသည် ဒေါ်လာသန်း ၅၀ နီးပါးရှိပြီး အစိုးရဘဏ်သုံးခု၏ လည်ပတ်မှုသည် ဒေါ်လာသန်း ၅၀ ခန့်ရှိကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုငွေကြေးလည်ပတ်မှုသည် ပုဂ္ဂလိကဘဏ်များကို ငွေလဲကောင်တာများနှင့် နိုင်ငံခြားငွေ အလုံးအရင်းဖြင့် ရောင်းဝယ်ခွင့်ပြုပြီးနောက်တွင် ဖြစ်ပေါ်လာသော ကိန်းဂဏန်းများဖြစ်သည်။



*ဘဏ်တစ်ခုအတွင်း လည်ပတ်လျက်ရှိသော အမေရိကန်ဒေါ်လာများ* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပုဂ္ဂလိကဘဏ်များကို ၂၀၁၁ ခုနှစ် စက်တင်ဘာမှစကာ ငွေလဲကောင်တာများ ဖွင့်ခွင့်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာတွင် နိုင်ငံခြားငွေအလုံးအရင်းဖြင့် ရောင်းဝယ်ခွင့်များ ပြုပေးခဲ့ကြောင်း ဗဟိုဘဏ် တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့် နှစ်က မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၃ ဘီလီယံထိရှိခဲ့သည်။

ဘဏ်များတွင် နိုင်ငံခြားငွေလည်ပတ်မှု ပိုမိုအဆင်ပြေစေရန် ယခုနှစ်ဩဂုတ်လတွင် Interbank Market ကိုလည်း ခွင့်ပြုပေးခဲ့သည်။ သို့သော် ယင်းဈေးကွက်သည် လက်ရှိကာလတွင် လည်ပတ်မှု မရှိသလောက် နည်းသွားပြီဖြစ်ကြောင်း ဗဟိုဘဏ်တာဝန်ရှိသူက ပြောသည်။

Interbank market စတင်ပြီး နှစ်ပတ်ခန့်တွင် ယင်းဈေးကွက်၏ ငွေကြေးလည်ပတ်မှုသည် တစ်ရက်လျှင် ဒေါ်လာ နှစ်သန်းနီးပါးထိ ရှိခဲ့သည်။

# စိုက်သိပ္ပံကျောင်းသားများအား စပ်မျိုးစပါးထုတ်လုပ်နည်း သင်ပေးမည်

**သန်းထူး**

**နေပြည်တော်၊**

**အောက်တိုဘာ-၂၈**

စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ပညာသင်ယူလျက်ရှိသော ကျောင်းသူကျောင်းသားများအား စပ်မျိုးစပါးထုတ်လုပ်သည့် နည်းပညာများ သင်ကြားပေးသွားရန်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာရဲတင့်ထွန်းကပြောကြားသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စိုက်သိပ္ပံများရှိ ပညာသင်နှစ်သုံးနှစ်(အတန်းသုံးတန်း) အနက်နောက်ဆုံးနှစ်ကျောင်းသူကျောင်းသားများကို အဓိကသင်ကြားပေးသွားဖွယ်ရှိကာ အတန်းအားလုံးတွင် ကျောင်းသားဦးရေထောင်ဂဏန်းရှိကြောင်း သိရသည်။

"လူသားအရင်းအမြစ်ဖွံ့ဖြိုးအောင်နဲ့ ဝန်ထမ်းဖြစ်လာမယ့်သူတွေကို လုပ်ငန်းခွင်ထဲမှာ ရှိတဲ့ နည်းပညာတွေသိအောင်၊ ဝန်ထမ်းအရည်အသွေး တိုးမြှင့်အောင်ပေါ့"ဟု ဒေါက်တာရဲတင့်ထွန်းက ရှင်းလင်းပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် သီးနှံအထွက်တိုးရေးအတွက် အရည်အသွေးမြင့်အထွက်နှုန်းကောင်းစပ်မျိုးများ ထုတ်လုပ်ဖြန့်ဖြူးမှုကျယ်ပြန့်လာရန် အထက်ပါအစီအစဉ်မျိုးများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လာရန်လည်း ကြိုးစားလျက်ရှိသည်။

လက်ရှိတွင် မကွေးတိုင်းဒေသကြီး မင်းဘူး၊ မကွေးခရိုင်အတွင်းရှိ စိုက်ပျိုးပညာပေးရေးဝန်မ်းများကိုလည်း စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းအတွက် သင်တန်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စပါးမျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်သည့် ဧရိယာမှာ စုစုပေါင်းဧရိယာ၏ တစ်ဆယ်ရာခိုင်နှုန်းခန့်သာရှိကြောင်း နိုင်ငံတကာ အဖွဲ့အစည်းများက သုံးသပ်ထားသည်။


## ပီတိပြည့်စုံ ကုမ္ပဏီလီမိတက်
PZ Manufacturing & Logistics

အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊
ဖုန်း - ၀၉ ၄၂၁၀ ၄၁၄၆၃

(၁) Assistant Production Manager ကျား (၂) ဦး
- BE / B-Tech / A.G.T.I / B.Sc ဘွဲ့တစ်ခုခုရရှိထားပြီး စက်ရုံလုပ်ငန်း Manufacturing Field တွင် စီမံခန့်ခွဲထုတ်လုပ်နိုင်မှု အတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက် ရှိရပါမည်၊
- အသက် (၃၀) မှ (၃၅) နှစ် အတွင်း ဖြစ်ပြီး ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်၊
- မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်စက်မှုဇုံတွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊

(၂) Machine Operator ကျား (၂) ဦး
- G.T.C (သို့) B-Tech (သို့) A.G.T.I (Mechanical or Electrical) ဘွဲ့ ရရှိထားပြီး in-line filling machine & packaging machine များကို စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်၊
- Fresh Graduate (သို့) လုပ်ငန်းအတွေ့အကြုံမရှိသေးသောသူများအား အစမ်းခန့် (၃)လကာလတွင် လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါသည်၊
- အသက် (၂၀ ) မှ (၃၀) အတွင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်စက်မှုဇုံတွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊

(၃) Delivery Man ကျား (၂) ဦး
- ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင် (ဃ)၊ အတွေ့အကြုံ (၃) နှစ်ရှိရမည်၊
- အသက် (၂၅-၃၅) နှစ်၊ ကျန်းမာရေးကောင်းမွန်ရမည်၊
- အိမ်ထောင်မရှိသူဖြစ်ပြီး လုပ်ငန်းတွင်အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရမည်၊

(၄) Forklift Driver ကျား (၁) ဦး
- ယာဉ်မောင်းလိုင်စင်ရှိပြီး အတွေ့အကြုံ (၃)နှစ်ရှိသူ၊ မြောက်ဥက္ကလာ နှင့် မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်သူ များ ဦးစားပေးမည်၊

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ပုံစံအပြည့်အစုံကို (၁၅.၁၁.၁၃) ရက်နေ့နောက်ဆုံးထား၍ အထက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်၊



OPENS NEXT WEEK! နောက်တစ်ပတ်တွင် ကျင်းပမည်

MYANFOOD'13 MYANMAR'S NO. 1 INTERNATIONAL FOOD & DRINKS SHOW
MYANHOTEL'13 MYANMAR'S NO.1 INTERNATIONAL HOSPITALITY INDUSTRY SHOW

6 - 8 NOV 2013 • TATMADAW HALL, YANGON • Opening Hours: 9.00am-5.00pm

MYANMAR'S BIGGEST INT'L HOSPITALITY, FOOD & DRINKS INDUSTRY EXHIBITION

မြန်မာ့ အကြီးကျယ်အခမ်းနားဆုံး
စားသောက်ကုန် နှင့် ဟိုတယ်ဂန်ဆောင်မှုဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲကြီး



- Meet over 300 exhibitors from 18 countries
- Source for new supplies and solutions
- Attend ice cream making, barista & cocktail demonstrations
- Learn cake making and decorations from master chefs
- Experience the latest wines at the wine talks & tasting
- Get tips on the latest cooking techniques
- Network with thousands of fellow HORECA and food service industry professionals
- Be updated on the latest industry trends

Pavilions from USA, Korea, China, Malaysia, Singapore and Thailand

Organised by:
AMB Events Group
(+603) 4041 9889
(+603) 2770 5301
darren@ambexpo.com

AMB Events Myanmar Rep. Office
09420138301
+95-1- 254765
aye@ambexpo.com

AMB EVENTS GROUP

www.myanhotel.com www.myanfood.com

7 DAY NEWS JOURNAL
Vol.12, No.34 • OCTOBER 30 , 2013

# ကန်ထောက်လှမ်းရေး သူလျှိုပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဝါရှင်တန်တွင် ချီတက်ဆန္ဒပြ

**ဝါရှင်တန်၊အောက်တိုဘာ-၂၇**

အမေရိကန်အစိုးရ၏ အွန်လိုင်းမှ သူလျှိုလုပ်ခြင်းကို ကန့်ကွက်ဆန္ဒပြရန် အမေရိကန် ဝါရှင်တန်မြို့တွင် လူပေါင်းများစွာ လွှတ်တော်အဆောက်အအုံဆီ ချီတက်ဆန္ဒပြခဲ့ကြသည်။ အစိုးရ၏ ထောက်လှမ်းရေးအစီအစဉ်ကျယ်ပြန့်ပုံကို သူလျှိုအေဂျင်စီလုပ်သားဟောင်း အက်ဒဝပ်စနိုးဒန်က ယခုနှစ်အတွင်း စတင်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ထောက်လှမ်းရေးအစီအစဉ်ကို ကန့်ကွက်ကြသူများက "လူထုအပေါ် သူလျှိုလုပ်ခြင်းရပ်ဆိုင်းပါ" "ကျေးဇူးတင်ပါတယ် အက်ဒဝပ်စနိုးဒန်" "အစ်ကိုကြီး ပလတ်ဖြုတ်ထားလိုက်ပါ" စသော ကြွေးကြော်စာတန်းများ ကိုင်ဆောင်ခဲ့ကြသည်။




JONATHAN ERNST/REUTERS
*ဝါရှင်တန်မြို့ လွှတ်တော်အဆောက်အအုံအနီး ကန်အမျိုးသားထောက်လှမ်းရေးအေဂျင်စီစောင့်ကြည့်မှုအစီအစဉ်ကို ကန့်ကွက်ဆန္ဒပြနေစဉ်*

ယင်းလူထုချီတက်ပွဲတွင် ပါဝင်သူ အရေအတွက်အပေါ် ခန့်မှန်းရာ၌ အမျိုးမျိုးကွဲပြားနေပြီး စည်းရုံးသူများက လူနှစ်ထောင်ကျော်ပါဝင်သည်ဟု ပြောသည်။ လွှတ်တော်ရဲတပ်ဖွဲ့ကမူ ဆန္ဒပြသူအရေအတွက်ကို ထုတ်ပြန်ပြောကြားလေ့မရှိဟု အကြောင်းပြန်ကြားခဲ့သည်။

အမေရိကန်နိုင်ငံသားများအပေါ် တရားမဝင်အစိုးရသူလျှိုလုပ်မှုဟု ဆန္ဒပြသူများကဆိုသော ကန့်ကွက်ပွဲတွင် နိုင်ငံရေးအလွှာအသီးသီးမှ အဖွဲ့ဝင်များပါဝင်ပြီး ကွန်ဆာဗေးတစ် (Tea Party) အဖွဲ့ဝင်များနှင့်အတူ လစ်ဘရယ်များ၊ ပုဂ္ဂလိကလွတ်လပ်မှုတောင်းဆိုသူများ ပါဝင်ခဲ့သည်။

ယခု ကန့်ကွက်ချီတက်ပွဲကို "ကျွန်တော်တို့ကို စောင့်ကြည့်တာရပ်ဆိုင်းပါ" (Stop Watching Us) အဖွဲ့က စည်းရုံးခဲ့ခြင်းဖြစ်ပြီး ယင်းတွင် လူထုဘက်က ရပ်တည်သောအဖွဲ့များ၊ ကုမ္ပဏီများ (Occupy Wall Street NYC) အစရှိသော အဖွဲ့များ ပါဝင်ခဲ့သည်။

*—Ref: Reuters*

# ရေပေါ် အချက်အလက်ဌာနတစ်ခု ဂူးဂဲလ်ကုမ္ပဏီ တည်ဆောက်နေ

**ဆန်ဖရန်စစ္စကို၊ အောက်တိုဘာ-၂၇**

ဆန်ဖရန်စစ္စကိုပင်လယ်အော်တွင် ရောမရေပေါ်အဆောက်အအုံတစ်ခု ထွက်ပေါ်လာပြီး ယင်းမှာ ဂူးဂဲလ်ကုမ္ပဏီက တည်ဆောက်နေသည့် အချက်အလက်သိုမှီးရေးစင်တာ (Data Center) ဖြစ်မည်ဟု သံသယရှိကြောင်း နည်းပညာဝက်ဘ်ဆိုက် CNET က ဖော်ပြသည်။

လေးထပ်အဆောက်အအုံတစ်ခုကဲ့သို့ အမြင့်ရှိပြီး ခေတ်မီကုန်ပစ္စည်း ကွန်တိန်နာအထပ်လိုက်ဖြင့် ဆောက်လုပ်ထားသည့် ရောမရေပေါ်အဆောက်အအုံကို ဒေသခံများက လျှို့ဝှက်စီမံကိန်းတစ်ခုအဖြစ် ရည်ညွှန်းကြပြီး လူအများမြင်နိုင်သော နေရာတွင် ယင်းအဆောက်အအုံကြီးကို ဂူးဂဲလ်ကုမ္ပဏီက ဆောက်လုပ်နေခြင်းဖြစ်ကြောင်း လုံခြုံရေးတင်းကျပ်ထားကြောင်း (CNET) က ဖော်ပြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘောလုံးများနှင့် လေယာဉ်ငယ်များမှတစ်ဆင့် အင်တာနက်ဝန်ဆောင်မှုပေးရန် ကြိုးစားခြင်းကဲ့သို့ မမျှော်လင့်နိုင်သော ထူးဆန်းသည့် ဆောင်ရွက်မှုများ အပါအဝင် စျေးသက်သာသော အအေးပေးစနစ်များနှင့် နေရာများစွာတွင် ဂူးဂဲလ်ကုမ္ပဏီက အင်တာနက်ထုတ်လွှင့်ရေးစခန်းများတည်ဆောက်ခဲ့သည့်သမိုင်းကြောင်းရှိကြောင်း (CNET) က ဖော်ပြသည်။

ယင်းရေမျောအဆောက်အအုံသည် ဆန်ဖရန်စစ္စကိုပင်လယ်အော်ရှိ အုတ်ကလန်နှင့် ဆန်ဖရန်စစ္စကိုကြား ကျွန်းတုတစ်ခုဖြစ်သော (Treasure) ကျွန်းအနီးတည်ရှိပြီး အရှည်ပေ ၂၅၀ အကျယ် ၇၂ ပေနှင့် ၁၆ ပေ အမြင့်ရှိသည်ဟု (CNET) က ဖော်ပြသည်။

အမေရိကန်ရေတပ်က ပိုင်ဆိုင်ပြီး ဆန်ဖရန်စစ္စကိုမြို့က ငှားရမ်းထားသည့် (Treasure) ကျွန်းတွင် လုပ်ငန်းစဉ်များရှိကြောင်း ဂူးဂဲလ်ကုမ္ပဏီက အတည်ပြုပြောကြားခြင်း မရှိသော်လည်း ယင်းအဆောက်အအုံပေါ်တွင် ဖြစ်ပေါ်နေသည့်ကိစ္စ၏ နောက်ကွယ်တွင် ဂူးဂဲလ်ကုမ္ပဏီပါဝင်ကြောင်း လုံလောက်သည်ထက် ပိုမိုသောသက်သေများက ဖော်ပြနေသည်ဟု (CNET) က ရေးသားထားသည်။

*—Ref: AFP*

# တရုတ် H7N9 ကြက်ငှက်တုပ်ကွေး ထပ်မံဖြစ်ပွားမှုများ ဆောင်းရာသီတွင် ကူးစက်နိုင်မှုဖြစ်နိုင်ခြေရှိ

**လန်ဒန်၊အောက်တိုဘာ-၂၇**

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် H7N9 ကြက်ငှက်တုပ်ကွေးရောဂါပိုး ကူးစက်ခံရသူများ ထပ်မံတွေ့ရှိရခြင်းသည် လာမည့်ဆောင်းရာသီတွင် ကူးစက်ရောဂါဖြစ်ပွားမှုများ ထပ်မံကျရောက်နိုင်ခြေရှိနေသည်ကို အချက်ပြနေသည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

H7N9 ကြက်ငှက်တုပ်ကွေးရောဂါသည် ယခုနှစ်ဆန်းပိုင်းတွင်မှ စတင်ဖြစ်ပေါ်လာခဲ့ပြီး လူ ၁၃၅ ဦး ကူးစက်ခံရ၍ ၄၅ ဦးခန့် သေဆုံးခဲ့သည်။ တရုတ်နိုင်ငံ နွေရာသီကာလတွင် H7N9 ရောဂါပိုးကူးစက်ခံရမှု လျော့ကျသွားခဲ့သော်လည်း အောက်တိုဘာလတွင် အသက်(၃၅)နှစ်နှင့် အသက် (၆၇) နှစ်အရွယ် အမျိုးသားနှစ်ဦး ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ထိုသို့ H7N9 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူများကို စစ်ဆေးတွေ့ရှိခြင်းဖြင့် ၂၀၁၃ ခုနှစ် ဆောင်းရာသီတွင် ယင်းဗိုင်းရပ်စ်ပိုး ထပ်မံပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ယခုနှစ် ဆောင်းရာသီအတွက် အန္တရာယ်အလားအလာကိုနိမိတ်ပြနေကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။ နွေရာသီလများအတွင်း ရောဂါပိုးကူးစက်ခံရသူဦးရေမှာ ကျဆင်းခဲ့သော်လည်း H7N9 ၏ ခြိမ်းခြောက်မှုမှာ ပျောက်ကွယ်ခြင်းမရှိဟု ကမ္ဘာတစ်ဝန်းရှိ တုပ်ကွေးကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

အဆိုပါကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်ငှက်များမှတစ်ဆင့် လူများသို့ ကူးစက်နိုင်သည်သာမက လူအချင်းချင်းလည်း ကူးစက်နိုင်သည်ဟုပြီးခဲ့သည့်ဩဂုတ်လက ဗြိတိန်ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည်။ အောက်တိုဘာလတွင် အသစ်ထပ်မံတွေ့ရှိသော H7N9 ရောဂါပိုးကူးစက်ခံထားရသူ အသက်(၃၅)နှစ်အရွယ် အမျိုးသားသည် ကြက်ငှက်များနှင့် ထိတွေ့မှုမရှိခဲ့သော်လည်း ရောဂါပိုးကူးစက်ခံရသည့်အခြေအနေမှာ ပြင်းထန်သည်ဟု သိရသည်။

ယခုလအတွင်းမှာပင် အသက် (၆၇)နှစ်အရွယ် အမျိုးသားတစ်ဦးသည် H7N9 ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည်ဟု တွေ့ရှိခဲ့သည်။ H7N9 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုအခြေအနေများကို ပို၍သေချာစေရန် လူသားများနှင့် တိရစ္ဆာန်များကို တိုးမြှင့်စောင့်ကြည့်ရမည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးများ လုပ်ဆောင်ရန် လှုံ့ဆော်ပေးခြင်းနှင့် ကြက်ဘဲစျေးများကို ပိတ်ထားခြင်းဖြင့် H7N9 ရောဂါပိုး ကူးစက်ခံရမှုနှင့် သေဆုံးမှုများကို လျှော့ချနိုင်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

*—Ref: Reuters*

# အဆင့်ပိုမြင့်သော ယူရေနီယမ်သန့်စင်မှု အီရန်ရပ်တန့်လိုက်ပြီဆိုခြင်းကို အစ္စရေးမယုံကြည်

**ဂျေရုဆလင်၊အောက်တိုဘာ-၂၇**

အဆင့်ပိုမြင့်သော ယူရေနီယမ်သန့်စင်မှုကို အီရန်အစိုးရက ရပ်ဆိုင်းလိုက်ပြီဆိုသော သတင်းများအပေါ် အစ္စရေးအစိုးရက အောက်တိုဘာ ၂၆ ရက်တွင်ပယ်ချလိုက်ပြီး အီရန်နျူကလီးယားအစီအစဉ်ကို ဖျက်သိမ်းပစ်ရမည်ဟု ပြောသည်။

အီရန်နိုင်ငံ၏ ဆေးဘက်ဆိုင်ရာ သုတေသနဓာတ်ပေါင်းဖိုအတွက် လိုအပ်သည့် ၂၀ ရာခိုင်နှုန်းသန့်စင်ပြီးယူရေနီယမ်လောင်စာများကို အီရန်နိုင်ငံက ပိုင်ဆိုင်ထားပြီးဖြစ်၍ အရပ်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော ငါးရာခိုင်နှုန်းနှင့်အထက် သန့်စင်ခြင်းလုပ်ငန်းကို အီရန်နိုင်ငံက ရပ်ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း အီရန်လွှတ်တော်အမျိုးသားလုံခြုံရေးကော်မတီထိပ်တန်းအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သို့သော် ၂၀ ရာခိုင်နှုန်းသန့်စင်မှုမှ နျူကလီးယားထိပ်ဖူးထုတ်လုပ်ရန် လိုအပ်သည့် ၉၀ ရာခိုင်နှုန်းအထိ သန့်စင်ရေးမှာ နည်းပညာအဆင့် အနည်းငယ်သာ လိုအပ်တော့သဖြင့် ၂၀ ရာခိုင်နှုန်းအထိ သန့်စင်မှုမှာ ထိရှလွယ်သောအကြောင်းအရာဖြစ်ပြီး ယူရေနီယမ် ၂၀ ရာခိုင်နှုန်းအထိ သန့်စင်မှုကို အီရန်အစိုးရက ရပ်ဆိုင်းလိုက်ပြီဆိုခြင်းကို အတည်မပြုရသေးဟု ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေးအဖွဲ့မှ တရားဝင်အသိအမှတ်ပြုထားသော သံတမန်များက ပြောသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက် ထုတ်လုပ်နိုင်စွမ်းရရှိသွားမည်ကို အစ္စရေးနိုင်ငံက စိုးရိမ်နေပြီး နျူကလီးယားလက်နက်ရရှိခြင်းမှ ကာကွယ်ရန် အီရန်အစိုးရကို အစ္စရေးအစိုးရက တိုက်ခိုက်နိုင်ကြောင်း အရိပ်အမြွက်မျှ ပြောကြားခဲ့သည်။ သို့သော် အီရန်အစိုးရက ၎င်း၏နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းမှုအတွက်သာဖြစ်ကြောင်း ပြောကြားထားသည်။

အီရန်အစိုးရနှင့် နျူကလီးယားအငြင်းပွားမှုအတွက် သံတမန်ရေးဖြေရှင်းချက်တစ်ရပ် ရရှိရန် ကြိုးစားနေသော အနောက်အင်အားကြီးနိုင်ငံများက အီရန်အစိုးရ၏ ယူရေနီယမ်သန့်စင်နေခြင်းကို ရပ်တန့်စေလိုကြသည်။

*—Ref: Reuters*

# ကျန်းမာရေးစောင့်ရှောက်မှု အစိုးရဝက်ဘ်ဆိုက် နိုဝင်ဘာလကုန်တွင် စတင်လည်ပတ်မည်ဟု အိမ်ဖြူတော်ပြောကြား

**ဝါရှင်တန်၊အောက်တိုဘာ-၂၇**

အမေရိကန်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှု အစိုးရဝက်ဘ်ဆိုက် HealthCare.gov သည် ဒီဇင်ဘာလတွင် ကောင်းမွန်စွာလည်ပတ်နိုင်လိမ့်မည်ဖြစ်ကြောင်း အိမ်ဖြူတော်အကြံပေးအရာရှိက ပြောကြားသည်။

(QSSI) အစိုးရကန်ထရိုက်တာကို ဝက်ဘ်ဆိုက်ပြဿနာများအား စောင့်ကြည့်စစ်ဆေးရန် ခန့်အပ်ထားကြောင်းနှင့် (QSSI) အဖွဲ့သည် အဆိုပါ ဝက်ဘ်ဆိုက်ကို နိုဝင်ဘာ ၃၀ ရက်တွင် အပြည့်အဝအသုံးချနိုင်ရေး ပြုလုပ်ပေးထားလိမ့်မည်ဖြစ်ကြောင်း အိမ်ဖြူတော်စီးပွားရေးအကြံပေးအရာရှိ ဂျက်ဖ်ဇင့်စ်က ပြောကြားသည်။

အမေရိကန်နိုင်ငံသားများအနေဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်သက်ရောက်မှုရှိမည့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ လက်ခံရရှိနိုင်ရန် ဒီဇင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ဖက်ဒရယ်ကျန်းမာရေးအစီအစဉ်တွင် စာရင်းသွင်းရမည်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အစိုးရဝက်ဘ်ဆိုက်ကို အောက်တိုဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော်လည်း အသုံးပြုသူများအနေဖြင့် အခက်အခဲများရှိခဲ့သည်ဟု သိရသည်။

*—Ref: UPI*

# အနုပညာရှင်များ ပရိသတ်ကို အကြွေးမဆပ်ရသေးပါ

အေးသူစံ၊ ကြူကြူဟန်၊ ဖွဲ့ဉာဏ်



ဗီဒီယိုဇာတ်လမ်းထုတ်လုပ်သူများသည် လောလောဆယ်တွင် သရဲ၊ တစ္ဆေဇာတ်ကားများ အများဆုံးရိုက်ကူးနေကြသည်

ဓာတ်ပုံ- ကျော်ဇင်သန်း

ဆင်ဆာတားဆီးပိတ်ဆို့ခံထားရခြင်းကြောင့် အနုပညာ ထုတ်ကုန်များ မတောက်ပြောင်နိုင်ကြောင်း ထပ်တလဲလဲ ပြောကြားမှုများ ၂၀၁၁ နှစ်ကုန်တွင် ရပ်တန့်သွားခဲ့ပါသည်။ ဖန်တီးမှု အသစ်များ မျှော်မှန်းသလောက် မရရှိသောစောင့်ကြည့်သူတို့၏ ဝေဖန်သံများ ညံလာပြန်သောအခါ မြန်မာ့ရုပ်ရှင် အဆင့်အတန်း တိုးတက်မလာခြင်းအတွက် ခေတ်မီ စက်ပစ္စည်းကိရိယာ မပြည့်စုံမှုနှင့် ငွေကြေးရင်းနှီးမြှုပ်နှံသူ ရှားပါးခြင်းဆိုသည့် စကားလုံးများက ရှေ့တန်းရောက်လာပြန်သည်။

သို့သော်ယင်းအချက်များက မြန်မာ့ရုပ်ရှင်တိုးတက်မလာခြင်းအတွက် အတားအဆီး အစစ်အမှန်မဟုတ်ကြောင်း ယနေ့သက်ရှိထင်ရှားစိတ်ဝင်စားဖွယ် ဇာတ်လမ်းများကငြင်းဆန်နေပါသည်။

KNU ဗဟို အလုပ်အမှုဆောင် ဖဒိုမန်းငြိမ်းမောင် ကိုကိုးကျွန်းက ထွက်ပြေးလွတ်မြောက်သွားသည့်အကြောင်း ရိုက်ချင်ပါသလား။ သက်ရှိထင်ရှား ဖဒိုမန်းငြိမ်းမောင်ထံတွင် အနီးကပ်လေ့လာရိုက်ကူးနိုင်ပါသည်။ ကမ္ဘာကျော် ပါပီလွန်နှင့် Cast Away လောက်တော့ ဖဒိုမန်းငြိမ်းမောင်ဖြစ်ရပ်က ကျော်ဖြတ်သွားနိုင်သည့် ကမ္ဘာကျော်နိုင်ဖွယ် ဇာတ်လမ်းတစ်ခုဖြစ်ကြောင်းဇာဂနာက မချင့်မရဲဖြစ်စွာ ပြောကြားသည်။

၈၈ အရေးတော်ပုံက မွေးထုတ်လိုက်သည့်ဘဝပေါင်းများစွာ ယခုပြင်ပကမ္ဘာတွင် သက်ရှိထင်ရှားရှိနေပါသေးသည်။ မြောက်ပိုင်းကျောင်းသားများအကြောင်း ရိုက်လိုပါက ဖြေဆိုလိုသည့် အရေးတော်ပုံကျောင်းသားဟောင်းကြီးများ ပြည်တွင်းတွင် ထင်ထင်ပေါ်ပေါ် ရပ်တည်လှုပ်ရှားနေပါသည်။

လက်ရှိနိုင်ငံတစ်ဝန်း ခြိမ်းခြောက်ခံနေရသည့်လယ်ယာမြေဆုံးရှုံးမှုပြဿနာအကြောင်း ရိုက်ပြလိုပါသလား။ ဆက်တင်အကြီးကြီးနှင့် စတူဒီယိုအကြီးကြီးများ ဆောက်၍ ရိုက်ရန်မလိုပါ။ လယ်သမားကြီးများနှင့် ဒွေးရောယှက်တင်ဆွေးနွေးမေးမြန်းလိုက်ရုံနှင့် ပင် အစိုးရပုဂ္ဂိုလ်မင်းတို့ထံ ထိရောက်သော သတင်းစကား ပါးလိုက်နိုင်ပါသည်။

အချက်အလက်များစုဆောင်း၍ အသေအချာစနစ်တကျ ရိုက်ကူးပါက ကမ္ဘာသို့ တင်ပို့နိုင်သော ဇာတ်လမ်းပေါင်းများစွာမှာ ရိုက်ကူးမကုန်နိုင်အောင် များပြားလွန်းလှသည်။

ခက်သည်က ယနေ့မြန်မာ့ရုပ်ရှင်သည် လူသားများအပေါ် အနုပညာလွှမ်းမိုးမှု အားကြီးလွန်းသည့် အချက်ကို အသုံးမချနိုင်ဘဲ မြန်မာ့လူမှုအသိုင်းအဝိုင်း၏ အတွေးအခေါ်ပိုင်းကိုပြုပြင်ပြောင်းလဲပစ်နိုင်သည့် ထိရောက်အားကောင်းသော သတင်းစကားပါးနိုင်သည့် ဇာတ်ကားမျိုး မထွက်ပေါ်နိုင်သေးခြင်းပင်ဖြစ်သည်။

ရုပ်ရှင်ကားတိုင်းက သတင်းစကားပေး နိုင်မည် မဟုတ်သော်လည်းသမိုင်းတွင်သည့်ဇာတ်ကားတိုင်းကတော့ ပရိသတ်ကို အနုပညာပြောင်မြောက်မှုတစ်ခုတည်းမဟုတ်ဘဲ တွေးတောစရာ၊ သင်ခန်းစာယူစရာ တစ်ခုခု ကြီးကြီးမားမား ရှိကြောင်း ဇာတ်ညွှန်းဆရာ ဦးရဲနိုင်မိုးက ပြောသည်။

ရုပ်ရှင်ကားတိုင်းတွင်ကောင်းမွန်သည့် မက်ဆေ့ချ်ပေးကိုပေးရမည်ဆိုသည့် ပုံသေနည်းမှာ မဖြစ်သင့်သော်လည်း ရုပ်ရှင်ထဲက မြင်ရ၊ ကြားရသည့် အတွေးအခေါ်တစ်ခုသည်လည်း မက်ဆေ့ချ်ဖြစ်နိုင်ကြောင်း၊ အချို့မက်ဆေ့ချ်များမှာ ဖန်တီးသူက ပေးသော်လည်း ခံစားသူက မရိပ်မိ၊ မရရှိခြင်းများလည်းရှိကြောင်း ဒါရိုက်တာ ရီဇော်က ပြောကြားသည်။

"ဒီတိုင်းပြည်မှာ ရုပ်ရှင်ဗီဒီယိုဖန်တီးသူနဲ့ ခံစားသူပြည်သူတွေက အပြန်အလှန် ဖျက်ဆီးနေကြတာ။ ဖန်တီးသူက အပေါစားဖန်တီးတယ်။ အဲဒီအတွက် အပေါစားကို စွဲလမ်းလာတဲ့ ပြည်သူဟာ အပေါစားပဲကြည့်ချင်တော့တယ်။ ကြည့်တဲ့သူအကြိုက်လိုက်ပြီး ဖန်တီးသူကလည်း အပေါစားပဲ ဖန်တီးတော့ အပြန်အလှန် ဖျက်ဆီးသလိုဖြစ်နေတယ်" ဟု ဦးရဲနိုင်မိုးက ပြောသည်။

ယနေ့ အချို့သော မြန်မာဗီဒီယို ဇာတ်ကားများတွင် ခါးအောက်ပိုင်းပြက်လုံးများ၊ လိင်အသားပေးပြကွက်များ၊ အယူလွဲမှားစေသည့် တင်ပြမှုများကို ရိုက်ကူးထားခြင်းကြောင့် မြန်မာဇာတ်ကားကို မိမိ၏ကလေးများအား ကြည့်ရှုခွင့်ပြုရန်ပင် စိုးရိမ်နေသည့် မိဘများရှိနေကြသည်။ ထို့ပြင် အင်မတန်မှထိရှလွယ်သော လူမျိုးရေး၊ ဘာသာရေး ထိခိုက်သည့် အသုံးအနှုန်းများကိုပင် ဟာသလုပ်ထည့်ရိုက်လိုက်သောကြောင့် လူသိရှင်ကြားပြန်လည်ဖြေရှင်းတောင်းပန်ရမှုများက ရေနစ်နေသည့် မြန်မာ့ရုပ်ရှင်ကို ဝါး ကူထိုးနှစ်သလို ဖြစ်နေပြန်ပါသည်။

ထို့ပြင် မြန်မာအနုပညာရှင် အချို့ သုံးနှုန်းလေ့ရှိသည့် စကားတစ်ခွန်းက အနုပညာရှင်များသည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ရန်မလိုဟု ယူဆထားခြင်းပင်ဖြစ်သည်။

"နိုင်ငံရေးနဲ့မပတ်သက်ချင်ဘူးလို့ မပြောကြပါနဲ့။ ဟောလိဝုဒ်က မက်ဒေမွန်တို့ ဘောလုံးကွင်းထဲဆင်းပြီး ဘောလုံးကန်မနေဘူး။ ဒါပေမဲ့ သူတို့သမိုင်းရှိတယ်။ နိုင်ငံတကာမှာ Good Shephard လို စီအိုင်အေထောက်လှမ်းရေးတစ်ယောက်ကို ဘယ်လိုမွေးထုတ်လဲဆိုတဲ့ ဇာတ်ကားမျိုး၊ သတင်းစာလွတ်လပ်ခွင့်အတွက် Nothing But The Truth လိုကားမျိုး၊ အမေရိကမှာ ဝက်ဝက်ကွဲအောင်မြင်နေတဲ့ West Wing လို ရုပ်သံစီးရီးဟာ လူငယ်တွေ နိုင်ငံရေးကို စိတ်ဝင်စားလာစေဖို့ ရိုက်တဲ့ဇာတ်ကားတွေပါ" ဟု ဇာဂနာက ပြောသည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်းသည် တိုးတက်မလာခြင်းမှာ အချက်သုံးချက်ကြောင့် ဖြစ်သည်။ တရားခံရှာသည့်အကျင့်ကို မပြင်ခြင်း၊ ပေါ်ပင်လုပ်သည့်အကျင့်ကို မပြင်ခြင်းနှင့် စာမဖတ်မလေ့လာသည့် ဓလေ့ကို မပြင်ခြင်းတို့ဖြစ်ကြောင်း ဇာဂနာက ပြောသည်။

"စတူဒီယိုမရှိလို့၊ စက်မရှိလို့၊ ရုပ်ရှင်ရုံမရှိလို့၊ ဆင်ဆာမူဝါဒစသဖြင့် ပြောလေ့ရှိတယ်။ ကိုယ့်ကိုယ်ကိုယ် ဝမ်းစာဖြည့်ဖို့၊ ပရိသတ်လိုအင် ဖြည့်ဆည်းဖို့ ဒါတွေအားမထုတ်ဘူး။ အစိုးရက ပိုက်ဆံချေးပေးဖို့၊ အစိုးရက အရင်းအနှီးထုတ်ပေးဖို့တစာစာပြောနေမယ့်အစားကိုယ့်အချင်းချင်း တိုင်တိုင်ပင်ပင်နဲ့ အရည်အသွေးတက်အောင် Brain Storming ဦးနှောက်မုန်တိုင်းဆင်ကြပါလို့ တိုက်တွန်းချင်တယ်" ဟုဇာဂနာ က ပြောသည်။

သင်ယူလေ့လာစရာ နည်းပါး၍ အပျော်ကြည့်ဇာတ်ကားများသာ နေရာရနေခြင်းက မည်သည့်နိုင်ငံတွင်မှ မရှိသည့် ဗီဒီယိုဇာတ်ကားဈေးကွက် ရှိနေပြီး ရေစီးကြောင်းထဲက ပရိသတ်များအကြိုက်ကိုသာ လိုက်လျောနေခြင်း၊ Industry ထဲရှိ လူအားလုံးနီးပါးမှာ ပရော်ဖက်ရှင်နယ်ကျကျ မလုပ်နိုင်ခြင်းတို့ကြောင့်ဟု ၂၀၁၃ ခုနှစ် လွတ်လပ်ခြင်းအနုပညာ ရုပ်ရှင်ပွဲတော်တွင် ပရိသတ်အကြိုက်ဆုံးဆု ရရှိခဲ့သည့် Film Maker ကိုထွန်းထွန်းအေးက ပြောသည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်း တိုးတက်ဖို့အတွက် စက်ပစ္စည်းကိရိယာ မစုံလင်ခြင်းက အဓိကမကျဘဲ ဖန်တီးမှုကသာ အဓိကကျသည်ဟု သူက လက်ခံထားသည်။

" Hardware ပိုင်းမပြည့်စုံဘူးဆိုတာတော့ ကျွန်တော်လက်မခံဘူး။ အခု MTV တွေ ရိုက်နေတဲ့ကို အာကာတို့လို မျိုးဆက်သစ်တွေတောင် DSLR ကင်မရာနဲ့ နိုင်ငံတကာအဆင့်မီ ရိုက်ပြသွားနိုင်တယ်။ အဓိက အချက်ကတော့ ဒီရုပ်ရှင် Industry မှာ ပါဝင်ပတ်သက်သူတိုင်းက ပရိုမကျတာပဲ။ သရုပ်ဆောင်အဖြစ် အောင်မြင်လာရင် ဒါရိုက်တာဖြစ်ချင်တယ်။ တချို့ ဇာတ်ညွှန်းမရှိဘဲ တန်းပြီးတည်းဖြတ်တယ်။ ပြီးတော့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှုမရှိကြဘူး" ဟု ၎င်းကပြောကြားသည်။

ရုပ်ရှင်သည် ကြီးမားသော အနုပညာနှင့် အတွေးအခေါ်ကို ပေါင်းစပ်ထားသည့် အရာတစ်ခုဖြစ်ပြီး နိုင်ငံတကာတွင် နိုင်ငံရေးအရဖြစ်စေ၊ အတွေးအခေါ် အရဖြစ်စေ လူ့အဖွဲ့အစည်းကို ဦးဆောင်နိုင်သည်။ ခေတ်၏ အတွေးအခေါ်ကိုလည်း ထင်ဟပ်ပြသသည်။ ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်များလည်း ဂရုတစိုက်ကြည့်ဖို့လိုအပ်သလို ကိုယ့်ရဲ့လုပ်ရပ်နှင့်ပြည်သူတို့၏ မျက်ရည်တွေကို ပြန်လည်သုံးသပ် သင်ခန်းစာယူနိုင်မည်ဖြစ်ကြောင်း ဦးရဲနိုင်မိုးက ပြောသည်။

နိုင်ငံတကာ ရုပ်ရှင်သရုပ်ဆောင်အများစုမှာ မိမိတို့လောကအတွင်းပြန်လည်ရင်းနှီးမြှုပ်နှံလေ့ရှိသော်လည်း မြန်မာ့ရုပ်ရှင်လောကတွင်တော့ ရုပ်ရှင်လုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု မထက်သန်လှကြပေ။

ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတစ်ခုတွင် ပြည်ပအနုပညာရှင်တစ်ဦးကမြန်မာတွင် နာမည်ကြီးမင်းသား၊ မင်းသမီး၊ ဒါရိုက်တာများ ရုပ်ရှင်လုပ်ငန်းတွင် မည်မျှပြန်လည်ရင်းနှီးမြှုပ်နှံပါသလဲဟု မေးမြန်းခံခဲ့ရဖူးကြောင်းပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောကြားသည်။

"ကျွန်တော်တို့ဘက်က ပြန်ဖြေစရာ မရှိခဲ့ပါဘူး။ မင်းသား၊ မင်းသမီးကအစ ဒါရိုက်တာအလယ် ဇာတ်ပို့ဇာတ်ရံအဆုံး ကိုယ့်လုပ်ငန်းကို ဘယ်လောက်တန်ဖိုးထားပြီး လုပ်နေလဲဆိုတာ အားလုံး ဝိုင်းစဉ်းစားရမယ့်အချက်ပဲ" ဟု ၎င်းကပြောကြားသည်။

ယနေ့မြန်မာရုပ်ရှင်အဆင့်အတန်းကို ဒါရိုက်တာကြည်စိုးထွန်းက လိုတိုရှင်းစကားတစ်ခွန်းတည်းဖြင့် ပုံဖော်ပြပါသည်။

"အချိန်မပေးတာနဲ့ ပိုက်ဆံနောက်ကို လိုက်နေကြတာပါပဲ"

ဖန်တီးမှု အားနည်းခြင်း၊ ပရော်ဖက်ရှင်နယ် မကျခြင်း စသည့် မြန်မာ့ရုပ်ရှင်အဆင့်ကို ဆွဲချနေသော အကြောင်းအရာကို ကုစားရန်မှာ သေချာအချိန်ပေး၍ ငွေနောက်မလိုက်မိဘဲ အနုပညာကို ဖန်တီးပါဟု ၎င်းက လိုရင်းတိုရှင်း အကြံပြုသည်။

ဆင်ဆာ ဖြေလျှော့မှုရှိပါသည်ဆိုသော်လည်း အဓိကအချက်ဖြစ်သည့် နိုင်ငံရေး၊ ဒို့တာဝန်အရေးသုံးပါးတို့ကို ထိပါး၍ မရနိုင်သည့် အချက်များရှိနေဆဲကြောင့် အမှန်တရား၊ သမိုင်းနှင့်ဖြစ်ရပ်မှန်ကို ရိုက်ပြရန်မှာလည်း မြန်မာဒါရိုက်တာများတွင် အခက်အခဲရှိပါကြောင်း ဒါရိုက်တာ ရီဇော်က ပြောကြားသည်။

"ခိုးကူးတွေကလည်း ခိုးဖြန့်တော့ အရှုံးမခံနိုင်တဲ့ ထုတ်လုပ်သူတွေက အရည်အသွေးခပ်ညံ့ညံ့ပဲ ထုတ်လုပ်ကြတယ်။ ပြီးတော့ ငွေပြန်ရှာနိုင်မယ့် ရုပ်ရှင်ရုံထဲမှာ ခံပြည့်မယ့်ကားမျိုးပဲ ထုတ်လုပ်သူတွေက ရိုက်ကြတော့တယ်" ဟု ၎င်းကဆိုသည်။

ငွေနှင့်ကျော်ကြားမှုကို ဦးထိပ်ထားသော လောကတွင်း ဈေးကွက်ဦးဆောင်သူမင်းသားကိုသာ ငွေကြေးတိုးမြှင့်ပေးသွားခြင်းရှိပြီး ထုတ်လုပ်မှုပိုင်းတွင် ငွေကြေးထပ်မံစိုက်ထုတ်နိုင်ခြင်း မရှိခြင်းနှင့် ဆင်ဆာဖြေလျှော့လိုက်သော်လည်း ခေါက်ရိုးကျိုးနေသည့် လောကသားအားလုံးမှာ အဆန်းထွင်ရိုက်ရန် သတ္တိနည်းနေသေးကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောကြားသည်။

အချပ်ပို ၂ »

# အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယခုထိ ဩဇာရှိတုန်းလား

**အောင်သူရ၊ အိမြူလွင်၊ ရန်မျိုးနိုင်**

လွန်ခဲ့သောလပေါင်း ၃၁ လက အငြိမ်းစားယူသွားခဲ့သူတစ်ဦး၏ မကြာမီကပြောစကားတစ်ခွန်းကြောင့်နိုင်ငံရေးစိတ်ဝင်စားသည့် ပြည်သူများကြား ဂယက်ရိုက်သွားခဲ့သည်။

သာမန်အငြိမ်းစားတစ်ဦးပြောလျှင်ထိုသို့ မဖြစ်နိုင်သော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း)ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြောစကားကြောင့် သာယခုလိုဂယက်ရိုက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းကျွတ်ကာလတွင်ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်မိသားစုသည်အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သွားရောက်ဂါရဝပြုခဲ့သည်။

ထိုသို့သွားရောက်ဂါရဝပြုစဉ် အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေက "မြန်မာနိုင်ငံရဲ့တိုးတက်ပြောင်းလဲမှုဖြစ်ပေါ်နေမှုကို ဘေးကစိတ်ဝင်တစား စောင့်ကြည့်တဲ့သဘောရှိတယ်။ မဖြစ်သင့်တာတွေမဖြစ်ပေါ်ဖို့အတွက်လည်း သူ့မှာစိုးရိမ်စိတ်တွေရှိခဲ့တယ်" ဟု ဦးရွှေမန်းကတစ်ဆင့်ပြောကြားခဲ့သည်။

ထိုကဲ့သို့ပြောဆိုလာသည့်အတွက် လက်ရှိအစိုးရနှင့်တပ်မတော်အပေါ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)အနေဖြင့် ဩဇာသက်ရောက်မှုရှိနေသေးသလားဆိုသည့်သံသယမှာလည်း နိုင်ငံရေးစိတ်ဝင်စားသူများကြားကြီးထွားလာခဲ့သည်။ ထို့ကြောင့်နိုင်ငံရေးစိတ်ဝင်စားသူများနှင့် ပြည်သူများအကြားဝေဖန်ပြောဆိုမှုများ၊ စိုးရိမ်ပူပန်မှုများရှိလာသည့် အသံများကြားလာရသည်။

ပြည်ခိုင်ဖြိုးပါတီဗဟိုကော်မတီအဖွဲ့ဝင်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီအတွင်းရေးမှူးဖြစ်သူ ဦးအေးမောက်ကမူ ဦးသန်းရွှေအနေဖြင့်ပါဝင်ပတ်သက်နေသည်ဟု မထင်ကြောင်းသူ၏ထင်မြင်ချက်ကိုပြောကြားသည်။

"လွှတ်တော်ထဲမှာတော့ ၁၀၀ရာခိုင်နှုန်းပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တယ်။ ဝေဖန်နိုင်တယ်။ တကယ်လို့သာ နောက်ကရှိနေသေးတယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌတို့၊ ဘာတို့ကနည်းနည်းတော့တွန့်မှာပေါ့"ဟုဦးအေးမောက်က ဥပမာပေး၍ ပြောဆိုသည်။



*အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေအိန္ဒိယနိုင်ငံတွင် ဂန္ဒီ၏ဂူဗိမာန်သို့ သွားရောက်စဉ်*

Prakash SINGH/ AFP

ဦးအေးမောက်နည်းတူအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်အမတ် ဦးမင်းသူကလည်း အငြိမ်းစား ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ပါဝင်ပတ်သက်မှု လုံးဝမရှိတော့ကြောင်း ထောက်ခံ ပြောဆိုသည်။

"တကယ်တော့သွားနေတဲ့ လမ်းကြောင်းကရှင်းပါတယ်။လူထုဆန္ဒအတိုင်းသွားနေတယ်" ဟု ဦးမင်းသူကဆိုသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ၂၀၁၀ အငြိမ်းစားမယူမီ တပ်မတော်ခေါင်းဆောင်များအား ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့တက်လာသည့်အချိန်မှစ၍ နိုင်ငံရေးတွင် ဝင်ရောက်မစွက်ဖက်ရန်မှာကြားခဲ့ကြောင်း တပ်မတော်အရာရှိဟောင်းတစ်ဦးကပြောသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)အနေဖြင့် လက်ရှိအခြေအနေတွင် ဝင်ရောက်လာပါကလည်း လွှတ်တော်တွင် ၎င်းပြောသည့်အတိုင်းဖြစ်မည် မဟုတ်တော့ကြောင်းတပ်မတော်အရာရှိဟောင်းတစ်ဦးဖြစ်ခဲ့သူအမျိုးသားလွှတ်တော်အမတ် ဦးလှဆွေက သုံးသပ်သည်။

အငြိမ်းစားယူပြီးသည့်နောက်ပိုင်း တရုတ်နိုင်ငံမှကြွချီလာသောဗုဒ္ဓစွယ်တော်အတွက် အလှူငွေထည့်ဝင်ခြင်း၊ ပျဉ်းမနားမြို့ရှိ သာသနာ့ဗိမာန်နှင့်သံဃာ့ဆေးရုံတို့အား ငွေကြေးလှူဒါန်းသည် သတင်းများသာ ထွက်ပေါ်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် အငြိမ်းစားယူပြီးသည့်အချိန်မှစ၍ နေပြည်တော်ရှိ A1 အိမ်တော်တွင် နေထိုင်လျက်ရှိပြီး စာဖတ်နေကြောင်း ပြည်ခိုင်ဖြိုးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦးက ပြီးခဲ့သည် နှစ်ကုန်ပိုင်းတွင် မီဒီယာများသို့ ပြောကြားသည်။

စာဖတ်နေသော အသက် ၈၀ ရှိနေပြီဖြစ်သည့် အငြိမ်းစားဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဦးဌေးဦးနှင့် ဦးအောင်သောင်းတို့ ယခုနှစ်လယ်ပိုင်း၌ သွားရောက်တွေ့ဆုံခဲ့သော်လည်း ထိုတွေ့ဆုံမှုနှင့် ပတ်သက်၍ မည်သည့် အကြောင်းအရာမှ ပြန်လည် ပြောကြားခြင်းမရှိခဲ့ပေ။

အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် အစိုးရနှင့် ဝန်ကြီးဌာနများအပေါ် နိုင်ငံရေးအရ ပတ်သက်မှု မရှိသော်လည်း လက်ရှိတပ်မတော်ခေါင်းဆောင်များကမူ အချို့သော အကြောင်းအရာများ၌ ဦးသန်းရွှေထံမှ အကြံဉာဏ်ရယူတာမျိုးရှိ နိုင်ကြောင်းမြန်မာ့အရေးကျွမ်းကျင်သူ ကမ္ဘာကျော်သတင်းစာဆရာ ဘာတေးလ်လင့်တနာက သုံးသပ်သည်။ အထူးသဖြင့် နိုင်ငံလုံခြုံရေးနှင့်ပတ်သက်သောကိစ္စများတွင် ဦးသန်းရွှေထံမှအကြံဉာဏ်တောင်းခံနိုင်ကြောင်း မြန်မာ့အရေးအတွက်ဘာတေးလ်လင့်တနာကဆိုသည်။

ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့တွင်တပ်မတော်သားကိုယ်စားလှယ်များကရွေးချယ်တင်မြှောက်ခဲ့သော ဒုတိယသမ္မတသီဟသူရ ဦးတင်အောင်မြင့်ဦးအနားယူသွားသဖြင့်ထိုနေရာတွင်ပြန်လည်ရွေးချယ်ရန် လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အကြံဉာဏ်တောင်းခံခဲ့ကြောင်းသတင်းများ ထွက်ပေါ်ခဲ့ ဖူးသည်။

ထိုအချိန်ကလစ်လပ်သွားသော ဒုသမ္မတနေရာတွင်ရန်ကုန်တိုင်းဝန်ကြီးချုပ်ဦးမြင့်ဆွေအား တပ်မတော်ကိုယ်စားလှယ်များက အဆိုပြုခဲ့သော်လည်းဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့်မကိုက်ညီသဖြင့် ပယ်ဖျက်ခြင်းခံခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပြီးနောက်မြန်မာ့တပ်မတော်ကို နှစ်ပေါင်းများစွာအုပ်ချုပ်ခဲ့သူမှာ ဦးနေဝင်းနှင့်ဦးသန်းရွှေနှစ်ဦးသာရှိခဲ့ပြီး နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာတပ်မတော်အကြီးအကဲအဖြစ်ဆက်တိုက်တာဝန်ယူခဲ့ကာ တပ်မတော်ကိုအသုံးပြု၍ တိုင်းပြည်ကို စိတ်တိုင်းကျအုပ်ချုပ်ခဲ့ကြသည်။

ထို့ကြောင့်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)အနေဖြင့် တပ်မတော်ကိုနှစ်ပေါင်းနှစ်ဆယ်ကျော်အုပ်ချုပ်လာခဲ့သဖြင့် တပ်မတော်အပေါ် ယခုအချိန်ထိ သူ၏အရှိန်အဝါရှိနေသေးကြောင်း ဝန်ကြီးချုပ်ဟောင်း ဦးကျော်ငြိမ်း၏ သားနိုင်ငံရေးလေ့လာသူဦးဘိုဘိုကျော်ငြိမ်းက သုံးသပ်သည်။

"ယနေ့မြန်မာစစ်တပ်ဟာ ဦး သန်းရွှေရဲ့စစ်တပ်၊ တစ်ချိန်က ဗိုလ်ချုပ်နေဝင်းရဲ့စစ်တပ်လိုပဲ ပြောင်းလဲလာတဲ့အားလုံးက သူ့လူတွေချည်းပဲ"ဟု ဦးဘိုဘိုကျော်ငြိမ်းကဆိုသည်။

ထိုကဲ့သို့တပ်မတော်အပေါ်တွင် တစ်စုံတစ်ရာဩဇာသက်ရောက်မှုရှိနေသည်ဟု သဘောထားမှတ်ချက်ပေးသကဲ့သို့နိုင်ငံရေးတွင်လည်း ပတ်သက်မှုများရှိနေကြောင်း မှတ်ချက်ပေးသူများလည်းရှိသည်။

"တိုက်ရိုက်ပတ်သက်မှုလား၊ သွယ်ဝိုက်ပတ်သက်မှုလားဆိုတာကတော့ အတိအကျပြောဖို့ခက်တယ်။သူရဦးရွှေမန်းပြောစကားအရသူဟာ မြန်မာနိုင်ငံရေးအပေါ် အတော်စိတ်ဝင်စားမှုရှိနေတာကိုတွေ့ရတယ်"ဟုနိုင်ငံရေးလေ့လာသူဒေါက်တာရန်မျိုးသိမ်းက ဆိုသည်။

ထိုကဲ့သို့ စိတ်ဝင်စားမှုနောက်တွင် အကြံပေးခြင်းများ၊ ထင်မြင်ချက်ပေးခြင်းများနှင့် အစိုးရအကြီးအကဲများနှင့်တပ်မတော်အကြီးအကဲများအားခေါ်ယူတွေ့ဆုံစကားပြောခြင်းများရှိနိုင်သည်ဟုထင်မြင်ယူဆကြောင်း ဒေါက်တာရန်မျိုးသိမ်းကသုံးသပ်သည်။

လက်ရှိမြန်မာ့နိုင်ငံရေးတွင် ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်၍ အသစ်ပြန်လည်ရေးဆွဲရန်နှင့် ပြန်လည်ပြင်ဆင်ရန်ဟူ၍ အငြင်းပွားလျက်ရှိနေပြီး ထိုအခြေအနေနှင့်ပတ်သက်၍လည်းနိုင်ငံရေးလေ့လာသူများကြားအငြင်းပွားလျက်ရှိသည်။

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဆွေးနွေးမှုများမှာလည်း စိုးရိမ်မှုများရှိနေချိန်ဖြစ်သည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများဆက်လက်ဆွေးနွေးနိုင်ရန်နှင့်ခိုင်မာသည့်အပစ်အခတ်ရပ်စဲရေးများဖြစ်ပေါ်ရန် အစိုးရကတင်ပြထားသောတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလက်မခံနိုင်ပါကငြိမ်းချမ်းရေးလုပ်ငန်းများဆက်လက်လုပ်ဆောင်ရန်ခက်ခဲမည့်အနေအထားဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA)ဌာနချုပ်ရှိရာလိုင်ဇာမြို့၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှခေါင်းဆောင်များသည် အောက်တိုဘာ ၂၉ရက်မှစတင်ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ကြောင့် ဦးသန်းရွှေပြောဆိုသောစိုးရိမ်သည့်အနေအထားမှာဖွဲ့စည်းပုံအသစ်ရေးဆွဲရေးနှင့် ၂၀၁၅ရွေးကောက်ပွဲတွင်ပြည်ခိုင်ဖြိုးပါတီအကြီးအကျယ်ရှုံးနိမ့် နိုင်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူအချို့ကဆိုသည်။

"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ အဆီအငေါ်မတည့်မှာ၊ သမ္မတနေရာကိုပြည်ခိုင်ဖြိုးဒါမှမဟုတ်တပ်မတော်ကိုယ်စားလှယ်ထိန်းမထားနိုင်မှာ၊ ပြည်ခိုင်ဖြိုးပါတီထဲမှာအောက်နဲ့အထက်သဘောထားကွဲလွဲလာမှာစတာတွေနဲ့ဆက်စပ်ကောင်းဆက်စပ်နိုင်ပါတယ်"ဟု ဒေါက်တာရန်မျိုးသိမ်းကသုံးသပ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)အနေဖြင့် သူအုပ်ချုပ်ခဲ့သည့်ကာလအတွင်း သူလုပ်ဆောင်မည့်လုပ်ငန်းများကို ကြိုတင်ချပြလေ့မရှိဘဲ မှန်းဆရန်ခက်ခဲပြီး ဗျူဟာကျွမ်းကျင်သူဖြစ်သည်။

"ဦးသန်းရွှေကဘယ်တော့မှ သူ့အကွက်ကို မပြဘူး။ မြွေလိုပဲ ခြေမမြင်ရဘူး။ တစ်ခါတလေကျရင် သတင်းအမှားတွေထုတ်ပေးလိုက်တာရှိတယ်"ဟု ဦးဘိုဘိုကျော်ငြိမ်း ကဆိုသည်။

လက်ရှိ မြန်မာ့နိုင်ငံရေးအနေအထားသည် ဦးသန်းရွှေဖြစ်စေလိုသောအနေအထားမှာရှိပြီး လွှတ်တော်ထဲတွင် တပ်မတော်သားကိုယ်စားလှယ် ၂၅ရာခိုင်နှုန်းထားခဲ့ခြင်းသည်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင်ခက်ခဲရန်နှင့် ၎င်းအတွက်အာမခံချက်ရရှိရန်ဖြစ်ကြောင်းနိုင်ငံရေးလေ့လာသူများကပြောသည်။

အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့်အစိုးရအဖွဲ့အစည်းနှင့်နိုင်ငံရေးတွင် ဝင်ရောက်ပတ်သက်မှုမရှိသည့်တိုင် သူ၏အရှိန်အဝါမှာလက်ရှိအစိုးရအဖွဲ့နှင့် တပ်မတော်အပေါ် ရှိနေသေးသည်ဟု သုံးသပ်မှုများရှိသည်။

မြန်မာ့နိုင်ငံရေးတွင်တပ်မတော်အပေါ်ဩဇာကြီးမားခဲ့သည့် ဦးနေဝင်းမှာလည်း ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သွားသည့်တိုင် တပ်မတော်အပေါ် အာဏာရှိခဲ့သည်။ထို့ကြောင့် ၁၉၈၈ခုနှစ်တွင် ဦးနေဝင်းအရှိန်ကြောင့် တပ်မတော်မှ အာဏာသိမ်းနိုင်ခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်သည်။

အလားတူဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)မှာလည်းတပ်မတော်အကြီးအကဲအဖြစ်နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာ အုပ်ချုပ်လာသည့်အတွက် လက်ရှိမြန်မာ့တပ်မတော်အပေါ် အရှိန်အဝါရှိနေခြင်းမှာ မထူးဆန်းပေ။ "ဟိတ်ဆိုတာနဲ့အားလုံးက အလေးပြုပြီးတန်းစီပြီးသားပဲ"ဟု ဦးဘိုဘိုကျော်ငြိမ်းက ဦးသန်းရွှေ၏အရှိန်အဝါအပေါ် သုံးသပ်သည်။

## အယ်ဒီတာ့အာဘော်

# နိုင်ငံနှင့် လူမျိုးအတွက် တာဝန်ကျေပါစေ

ယနေ့ မှစ၍ နိုဝင်ဘာ ၁ ရက်အထိ သုံးရက်တာကာလမှာမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးခရီးအတွက်အရေးကြီးဆုံးရက်များတွင် ပါဝင်နေပါသည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ဌာနချုပ်ရှိရာ လိုင်ဇာမြို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ညီလာခံကို အောက်တိုဘာ ၃၀ မှ နိုဝင်ဘာ ၁ ရက် အထိ ကျင်းပမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၉) ဖွဲ့တက်ရောက်မည့်အဆိုပါညီလာခံကိုတစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သဘောထားကို ဆွေးနွေးဆုံး ဖြတ်ကြမည်ဖြစ်သည်။

လွတ်လပ်ရေးနှင့် ဖွားဖက်တော်အဖြစ်ပါလာသော တိုင်းရင်းသားအချင်းချင်း တိုက်ခိုက်ကြသောစစ်ပွဲများကြောင့် မြန်မာနိုင်ငံမှာ ကမ္ဘာပေါ်တွင် ပြည်တွင်းစစ်အရှည်ကြာဆုံးနိုင်ငံဟုမကောင်းသောဂုဏ်ပုဒ်ကြီးကိုယနေ့တိုင် ရရှိနေသည်။ တိုင်းရင်းသားညီအစ်ကိုချင်း တိုက်ခဲ့၊ တိုက်နေသော စစ်ပွဲများကြောင့် တိုင်းပြည်ဖွံ့ဖြိုးရေးနောက်ကျခဲ့ရပြီးနိုင်ငံသားကောင်းများစွာကြွေလွင့်ခဲ့ရသည်။ အမျိုးသမီးကောင်းများစွာ မုဆိုးမဖြစ်ရသလိုကလေးငယ်များစွာပညာကောင်းစွာမသင်နိုင်ဘဲအနာဂတ်ရိုက်ချိုးခံခဲ့ရသလို နိုင်ငံဘဏ္ဍာနှင့် သယံဇာတများစွာလည်း ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

ပြည်တွင်းစစ် သက်တမ်းနှစ်ပေါင်း ၆၀ ကျော်လာသော ယနေ့ကာလတွင် ငြိမ်းချမ်းရေးအလင်းရောင်ကို ခပ်ရေးရေးမြင်လာရပြီ။ သမ္မတဦးသိန်းစိန်အစိုးရက အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီး ကေအိုင်အို၊ ကေအိုင်အေနှင့်သာ အပစ်အခတ်ရပ်သဘောတူညီမှုရရန် ကျန်တော့သည်။ သို့သော် အစိုးရနှင့် ကေအိုင်အိုငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပိုမိုပြုလုပ်လာပြီးနောက် အစိုးရက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘော တူညီချက်တွင် ပါဝင်ရန် ဖိတ်ခေါ်သည့်အတွက် ကေအိုင်အိုက ယခုညီလာခံကျင်းပခွင့်ကို ဦးစွာတင်ပြပြီး ညီလာခံကျင်းပနေခြင်းဖြစ်သည်။

ထို့ကြောင့် ယခုညီလာခံမှာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သဘောထားကို ဆွေးနွေးဆုံးဖြတ်မည်ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေး ခရီးအတွက် အရေးကြီးလှသည်။ ညီလာခံမှ ရလဒ်ကောင်းပြီး တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရပြီဆိုလျှင်တော့ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ပြီဖြစ်သည်။ အဆိုပါအခြေအနေရောက်လျှင်မူ ပြည်သူများအားလုံးလိုလားတောင့်တသော ငြိမ်းချမ်းရေးရရန် အခြေအနေကောင်းသွားပြီဟု ဆိုရပါမည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအတွက်လည်း ပြည်သူအားလုံးလိုလားသော ငြိမ်းချမ်းရေးအတွက် ဉာဏ်ပညာကြီးစွာ၊ တာဝန်ယူမှုရှိစွာ၊ အမြင်ကျယ်စွာ၊ ရင့်ကျက်စွာ၊ အပြန်အလှန်ယုံကြည် လေးစားမှုတို့ဖြင့် ရလဒ်ကောင်းများ ထွက်ပေါ်အောင် ကြိုးပမ်းရန် တိုက်တွန်းအပ်ပါသည်။

အစိုးရနှင့် တပ်မတော်အနေဖြင့်လည်းလက်ရှိ အခြေအနေကောင်းကို လက်လွှတ်မခံဘဲ အစိုးရအဆက်ဆက်မရဖူးသောထာဝရငြိမ်းချမ်းရေးကိုအပြန်အလှန်ယုံကြည်မှု၊စိတ်ရှည်သည်းခံမှု၊ အမြင်ကျယ်မှု၊ ရင့်ကျက်မှုတို့ဖြင့် ရယူနိုင်ရန် တိုက်တွန်းအပ်ပါသည်။ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက်ထာဝရငြိမ်းချမ်းရေးရယူနိုင်မှသာ သမိုင်းတွင် နိုင်ငံနှင့် လူမျိုးအတွက် တာဝန်ကျေသူများအဖြစ် မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

ဂျာနယ်မျက်နှာဖုံးမှ

## နေတိုးဖမ်းမိရေး ဆုငွေထုတ်ရန်မရှိ

**ငြိမ်းချမ်း**

**ရန်ကုန်၊ အောက်တိုဘာ- ၂၈**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်နေမှုများကို ဟန့်တားစေရန်အတွက်ရန်ကုန်၊မန္တလေး၊တောင်ငူဗုံးပေါက်ကွဲမှုများကို စေခိုင်းပြီး စစ်ကိုင်းမြို့ နှစ်နေရာတွင် ကိုယ်တိုင်ဗုံးထောင်ဖောက်ခွဲခဲ့သူလွတ်မြောက်နေသော တရားခံ နေတိုးအားမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆုငွေထုတ်ပြီး ဖမ်းဆီးရန် အစီအစဉ်မရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ်ရုံးမှ အဆင့်မြင့် ရဲအရာရှိတစ်ဦးက ပြောသည်။

"ဗုံးပေါက်ကွဲမှုစေခိုင်းသူနေတိုးကိုဆုငွေထုတ်ပြီးဖမ်းဆီးဖို့ခုလောလောဆယ် အစီအစဉ်မရှိသေးပါဘူး" ဟု နေပြည်တော်ရှိမြန်မာနိုင်ငံရဲချုပ်ရုံးမှ အဆင့်မြင့်ရဲအရာရှိတစ်ဦးက ပြောသည်။

ဗုံးဖောက်ခွဲမှုများတွင် အဓိကတာဝန်ရှိသူနေတိုး(ခ)စောရွှေတိုးကို အမြန်ဆုံးဖမ်းဆီးရမိရန်အတွက် ၎င်း၏ ကိုယ်ရေးအချက်အလက်များကို နိုင်ငံတကာရဲတပ်ဖွဲ့နှင့် အာဆီယံ ရဲတပ်ဖွဲ့များသို့ ပေးပို့ထားကြောင်း ၎င်းကပြောကြားသည်။

နေတိုးမှာ ကုန်သည်ကြီးများဟိုတယ် ပေါက်ကွဲမှုအပါအဝင်၊ မန္တလေး၊ တောင်ငူဗုံးပေါက်ကွဲမှုများကိုနောက်ကွယ်မှ ခိုင်းစေခဲ့သူဖြစ်ပြီး စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်နှင့် ရွှေပြည့်စုံတည်းခိုခန်း ဗုံးပေါက်ခွဲမှုများတွင် ကိုယ်တိုင် ဗုံးထောင်ဖောက်ခွဲခဲ့သူဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းကအောက်တိုဘာ၁၈ရက်တွင် ပြောကြားထားသည်။ ၎င်းမှာ ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ဒေသဆိုင်ရာ ဌာနစီးပွားရေးကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး အမြန်ဆုံးဖမ်းဆီးနိုင်ရေးအတွက် မြန်မာအစိုးရနှင့် ပူးပေါင်းကူညီသွားမည်ဟု ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်က နေတိုးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြောကြားထားသည်။

"မြန်မာနိုင်ငံမှာ တရားခံတစ်ယောက်ကို အလိုရှိသည်ဆိုပြီး ဆုငွေထုတ်တာမျိုးပြုလုပ်လေ့မရှိသေးပါဘူး" ဟုမြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုရဲမှူးကြီးမင်းအောင်ကပြောသည်။

"သူတို့မလိုအပ်လို့ ဆုငွေထုတ်ပြီး မဖမ်းတာနေမှာပါ။ ဥပဒေလည်း မရှိပါဘူး။ ပြီးခဲ့တဲ့နှစ်နှစ်လောက်တုန်းက ဗုံးဖောက်ခွဲတဲ့ တရားခံကို ဆုငွေထုတ်ဖူးပါတယ်။ ခု တရားခံကို နိုင်ငံတကာအင်တာပိုရဲတပ်ဖွဲ့တွေဆီလည်း အကြောင်းကြားထားလို့ ဆုငွေမထုတ်တာ နေမှာပါ" ဟု နေပြည်တော်ရှိတရားလွှတ်တော်ရှေ့နေတစ်ဦးက ပြောသည်။

နေတိုးသည်အောက်တိုဘာ ၄ ရက်က ရန်ကုန်မြို့သို့ရောက်ရှိလာပြီး အိုလံပစ်ဟိုတယ်တွင် တည်းခိုကာအောက်တိုဘာ၅ရက်တွင် ချောင်းသာသို့ သွားရောက်ခဲ့သည်။ အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်မြို့သို့ ပြန်ရောက်လာပြီးအောက်တိုဘာ၇ရက်တွင် မန္တလေးသို့ သွားရောက်ခဲ့ကာ အောက်တိုဘာ ၁၅ ရက်တွင် စစ်ကိုင်းမြို့ နေရာနှစ်ခုတွင်ဗုံးဖောက်ခွဲခဲ့သည်ဟု ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ နေတိုးသည် အောက်တိုဘာ ၁၅ ရက်မှစ၍ ခြေရာပျောက်နေပြီး နှစ်ပတ်ကြာသည့်တိုင်အောက်တိုဘာ ၂၉ ရက်အထိ ဖမ်းဆီးရမိခြင်း မရှိသေးပေ။

အောက်တိုဘာ ၁၁ ရက်က တောင်ငူမြို့ ချမ်းမြေ့တည်းခိုခန်း ဗုံးပေါက်ကွဲမှုမှစတင်၍ ရန်ကုန်ကုန်သည်ကြီးများဟိုတယ်ပေါက်ကွဲမှုနှင့် မန္တလေး၊စစ်ကိုင်းမြို့များတွင် ဗုံးပေါက်ကွဲ၊ တွေ့ရှိမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုခြောက်ကြိမ်နှင့် ရှင်းလင်းရမှုလေးကြိမ်ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဖြစ်ရပ်များကြောင့် သုံးဦးသေဆုံးပြီး အမေရိကန်နိုင်ငံသူတစ်ဦး အပါအဝင် လေးဦးဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ် ဗုံးပေါက်ကွဲမှုအတွက် ဖမ်းဆီးစစ်ဆေးနေသည့် စောမြင့်လွင်အပါအဝင် ပူးပေါင်းပါဝင်သည်ဟု သံသယရှိသူ အမျိုးသားရှစ်ဦးကို ပေါက်ကွဲစေတတ်သော ပစ္စည်းများဆိုင်ရာ ဥပဒေပုဒ်မ (၃) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

အချပ်ပို H မှ

## အနုပညာရှင်များ ပရိသတ်ကို အကြွေးမဆပ်ရသေးပါ

"ရဲတစ်ယောက်လူသတ်မှုဖြစ်တာမျိုး၊ တရားသူကြီး လာဘ်စားလို့မိသားစုဘဝပျက်သွားတာမျိုး၊ ဒါမျိုးတွေကို ရိုက်ရင်ပြဿနာဖြစ်လာရင် ထုတ်လုပ်သူငွေရှင်က အဲဒီဒဏ်ကို မခံနိုင်ဘူး။ ဒါကြောင့် ထုတ်လုပ်သူတွေ သတ္တိနည်းတယ်" ဟု၎င်းကပြောကြားသည်။

အချို့ထုတ်လုပ်သူများဆိုလျှင်ဇာတ်လမ်းရွေးချယ်ကတည်းက ပရိသတ်အကြိုက်လိုက်၍ ဇာတ်လမ်းရွေးချယ်ခြင်းကြောင့် ရေလိုက်လွဲနေကြကြောင်း လူမင်းက ဆိုသည်။

"ငွေကြေးအပေါ် အခြေခံတဲ့ ရာခိုင်နှုန်းက တဖြည်းဖြည်းကြီးလာတော့ကျန်တဲ့ဘက်က အရည်အသွေးရာခိုင်နှုန်းက လျော့သွားတာပေါ့" ဟု ၎င်းကပြောသည်။

အပြောင်းမြောက်ဆုံး အနုပညာများသည် အမှောင်မိုက်ဆုံး အချိန်တွင် ဖန်တီးခဲ့ခြင်းဖြစ်ပြီး အာဏာရှင်စနစ်က ဖိနှိပ်လေ၊ အနုပညာက ပိုမိုပြောင်မြောက်လေဖြစ်ကြောင်း ဦးရဲနိုင်မိုးက ပြောသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်ငါးနှစ်အတွင်း အာဏာရှင်အောက်ရောက်ရှိခဲ့သည့် ၁၉၆၂ မှ ၁၉၈၈ ခုနှစ်အချိန်ကာလအတွင်း ရိုက်ကူးခဲ့သည့် အဖြူအမည်း ဇာတ်ကားများကို ယနေ့ထိ မြန်မာပြည်သူများက မက်မက်စက်စက်ကြည့်နေခြင်းကပင် ဦးရဲနိုင်မိုး၏စကားကို မှန်ကန်ကြောင်း သက်သေပြနေသကဲ့သို့ ရှိပါသည်။

"ဥပမာ စာပေမှာဆို စစ်အစိုးရက နှစ်ငါးဆယ်လုံး ပိတ်ဆို့ထားတဲ့ကြားမှ အင်မတန်ပြောင်မြောက်တဲ့ စာပေတွေ ထွက်လာခဲ့တယ်။ ရုပ်ရှင်မှာတော့ ပြီးခဲ့တဲ့ နှစ် ၃၀ အတွင်း မင်းသားတွေ တစ်ယောက်ပြီးတစ်ယောက်သာ တက်လာတယ်။ ကျသွားတယ်။ သူတို့ ငွေထုပ်တွေပိုက်ပြီး ယူသွားတယ်။ ဒီလောကအတွက် ရင်းနှီးမြှုပ်နှံမှု တစ်ခုမှမရှိဘူး" ဟု ဦးရဲနိုင်မိုးက ပြောသည်။

ရုပ်ရှင်ကြည့် ဝါသနာပါသူ အသက် ၅၀ ကျော်အရွယ် ပရိသတ်တစ်ဦးကလည်း ရှေးခေတ် ဇာတ်ကားများသည် ဇာတ်လမ်း၊ ဇာတ်ကွက်ပြည့်စုံစွာ ရိုက်ကူးလေ့ရှိသောကြောင့်ကြည့်ရှုရသည်မှာ အဆင်ပြေပြီး သင်ခန်းစာယူသင့်သည့်အကြောင်းအရာများ ပါဝင်သော်လည်း ယခုခေတ်ဇာတ်ကားများမှာမူ ပေါ့ပြက်ပြက်နိုင်လာကြောင်း သူ၏အမြင်ကို ပြောသည်။

ရင်းနှီးမြှုပ်နှံမှုပြုခဲ့ပါသည်ဆိုသည့် အနုပညာရှင်အချို့ မှာလည်း ငွေနှင့် ကျော်ကြားမှုကိုသာ ဦးထိပ်ထားသည့် မြန်မာ့ရုပ်ရှင်လောကယဉ်ကျေးမှုအတွင်း ကြာရှည်ရပ်တည်နိုင်ခြင်းမရှိခဲ့ပေ။

မြင့်မားသော တောင်ကြားတစ်နေရာတွင်ညပ်နေသောလက်ကိုပြန်ထုတ်နိုင်ဖို့ နာရီ ပေါင်း ၁၂၇ နာရီကြိုးစားအား ထုတ်ပုံကို မင်းသားတစ်ဦးတည်း သုံးပြီး ဒါရိုက်တာ ဒန်နီယယ်ဘွိုင်း က ၂၀၁၁ ခုနှစ်တွင် ကမ္ဘာသို့ ရိုက်ပြလိုက်ရာ အလွန်အောင်မြင်ခဲ့ပါသည်။

ကုန်ကျစရိတ် အနည်းငယ်မျှဖြင့် အီရတ်စစ်ပွဲကို အခြေခံသည့် Zero Dark 30 ဇာတ်ကားမှာလည်း ကမ္ဘာတစ်ဝန်းအောင်မြင်ခဲ့ပါသည်။

ယင်းဇာတ်ကားများသည် ကုန်ကျစရိတ်နှင့် ခေတ်မီနည်းပညာများက အဓိကမကျဘဲ အနုပညာဖန်တီးမှု အားကောင်းခြင်းကြောင့် ရှေ့တန်းရောက်ခဲ့သော ဇာတ်ကားများသာဖြစ်သည်။

"နိုင်ငံခြားကားတွေကြည့်ရတာ သရုပ်ဆောင်တွေက သူတို့ ဇာတ်ရုပ်ကိုအသက်ဝင်နေတယ်။ မြန်မာကားတွေထဲမှာ တချို့ကားတွေက ဇာတ်ကောင်စရိုက်နဲ့ မလိုက်ချင်ဘူး။ အဲဒီဇာတ်ကောင်လို့လည်းမထင်ရဘူး။ အပြင် ကလိုပဲဖြစ်နေတယ်။ ပန်းမြိုင်လယ်က ဥယျာဉ်မှူးတို့၊ နေကျောက်ခဲတို့လို ကားတွေ နောက်ပိုင်း အနုပညာအရ ကျန်ရစ်တဲ့ ကားတွေ ရှားသွားတယ်" ဟုပြည်တွင်းပြည်ပရုပ်ရှင်ဇာတ်ကားများပုံမှန်ကြည့်ရှုသူပရိသတ်တစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံတွင်လည်း အထူးပြုလုပ်ချက်များ၊ ကင်မရာအကောင်းစားကြီးများ၊ အထူးအဆန်းစက်ကိရိယာများ၊ ငွေကြေးကုန်ကျစရိတ်ကြီးကြီးမားမားမလိုအပ်ဘဲ ရိုက်ပြနိုင်သည့် ဇာတ်လမ်းမြောက်မြားစွာရှိနေပါသည်။

ကျိန်းသေအောင်မြင်မည့်ဆိုသော ဇာတ်လမ်းတစ်ပုဒ်အကြောင်းကိုမူ ဒါရိုက်တာမောင်သူရတစ်ဖြစ်လဲ ဇာဂနာက အကြံပြုပါသည်။

ယင်းဇာတ်လမ်းသည် မကြာသေးမီနှစ်များအတွင်းက အမှန်တကယ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ တွဲဖက်မှတ်မိနေသော လက်ဆတ်သည့် အကြောင်းအရာလည်း ဖြစ်ပါသည်။

"ဂျွန်ဝီလီယမ်ယက်တောအကြောင်း ရိုက်ကြည့်ကြပါလားဗျာ"